www.burmeseclassic.com

# ပျိုး

ပန်းတော်ကျမဟေသီ



www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ–၀၀၆၆၆) (ဖျူးစာပေ)
အမှတ် – ၅၂၀(က)၊ အခန်း (၄)လွှာ
(၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျော်ရှင် (မြ–၀၀၃၂၈) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ တော/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်
အတွင်းဖလင်
ကိုဇင်ဦးနှင့်ညီများ
ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ
တန်ဖိုး – ၁၀၀ ကျပ်၊ အုပ်ရေ – ၅၀၀
ဖြန့်ချိရေး
ဖျူးစာပေ
ဖုန်း ၅၀၃၀၁၀၀၆၊ ဖုန်း ၂၅၄၁၂၀၈၈၀၊ ၀၁ ၈၅၀၀၈၅၆

၈၉၅ • ၈၃
ဖျူး
ပန်တော်ကျူမဟောသီ
ဖျူးစာပေ၊ ၂၀၁၅။
၂၅၆ – စာ၊ ၁၂ x ၁၈ စင်တီ။
(၁) ပန်တော်ကျူမဟောသီ

BURMESE CLASSIC

## အခန်း (၁)

"ဟား ဒါ မြန်မာပြည်လား။ ငါ မြန်မာပြည်ကို ပြန်ရောက်လာပြီလား"

ဆယ်နှစ်ကျော်ကြာမှ ပြန်ခြေချဖြစ်သော အမိမြန်မာပြည်ကြီးက သူ့ကိုလွမ်းမောစွာ ကြိုနေခဲ့သလား။ ဟင့်အင်း။

သူကတော့ နာကြည်းစွာ ခြေချဖြစ်တာပါ။ အမုန်းအငြိုး အာဃာတတို့နှင့် အမိမြန်မာပြည်ကြီးကနေ ထွက်သွားခဲ့ရပြီး ဆယ်နှစ်ကျော်မှ ပြန်ရောက်လာခဲ့သော်လည်း ထိုအတိတ်ကို သူ အခုချိန်ထိ မမေ့နိုင်သေးပေ။ ဆယ်နှစ်ဆိုသောကာလမတိုင်မီက သွေးသစ်ဥာဏ်သစ်ဆိုသည့်ကောင်ရဲ့ဘဝက ယခုလက်ရှိအခြေအနေနှင့် လုံးဝတခြားစီ။

ဆိုးလိုင်အိမ်ပိုင်ရေမြို့မြို့ ကြွားဝါရော အခြေအရုံ ဂုဏ်ဓနဘာဆို ဘာမှမရှိသည့် အခြေခံလူတန်းစားဆိုသည့် ဆင်းရဲသားတစ်ယောက်။ ဒုက္ခကြီးစွာ ခံကျန် ကွမ်းကျန်စား ကပ္ပိယလုပ်ပြီး ပညာသင်ခဲ့ရတာ။



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား အခု ငါ့ကိုလာကြည့်စမ်း၊ ယမင်းယုသွင်"

ကိုယ့်ကိုကိုယ် ထက်အောက်စုန်ချည်ငံ့ပြီး တဟားဟား အော်ရယ်ကာ သဘောတွေကျပြီး နာကြည်းစွာရေရွတ်လိုက်မိသည့်နာမည်က ယမင်းယုသွင်။ ယုလို့ သူ အမြတ်တနိုး ခေါ်ခဲ့ဖူးသည့် ချစ်သူ။

အလှတွေ ခနတွေဆင့်ကာ ဂုဏ်ဝင့်ထည်နေသော ချစ်သူကို မထိရက်မကိုင်ရက် မခြွေရက် တန်ဖိုးထားကာ ချစ်ခဲ့ဖူးသည်။ ဒါပေမဲ့ သူ့ကိုတော့ အလေအလွင့် အမှိုက်သရိုက်လို တန်ဖိုးမဲ့စွာ စွန့်ပစ်ခံခဲ့ရသည်။

"မင်းကိုမုန်းတယ်၊ မင်းကိုရွံတယ်၊ နာကြည်းတယ် ယမင်းယုသွင်"

ဒါ အခုမှဖြစ်ပေါ်လာသည့်စိတ်ဆန္ဒမဟုတ်။ လွန်ခဲ့သည့် ဆယ်နှစ်တာကာလတစ်ခုတည်းက ဒီအမုန်းတွေ ဒီနာကြည်းမှုတွေကြောင့် မြန်မာပြည်ကြီးကိုပါ သူ စွန့်ခွာခဲ့တာ။ အခု သူ ဘာလို့ပြန်ရောက်လာရတာလဲ။

"သွေးသစ်ဉာဏ် ဟိုတ်ကောင် ဉာဏ်ကြီး ငါတို့ဒီမှာ"

"ဖိုးဉာဏ် ဟိုတ်ကောင်ကြီး"

ဆူဆူညံညံ အသံများကြောင့် အမိမြန်မာပြည်ပေါ် ခြေစုံရပ်ကာ လွင့်ပျံ့နေသော သူ့ရဲ့စိတ်တွေက ချက်ချင်းစုစည်းမိသွားပြီး အသံကြားရာဆီ လှည့်ကြည့်ကာ လက်ဝှေ့ရမ်းပြလိုက်သည်။

"ကိုဖေယျာ စိုးကျော်"

သုံးယောက်သား လက်ချင်းရိုက် ပခုံးချင်းတိုက်ကာ နှုတ်ဆက်လိုက်ကြ၏။

"လေယာဉ်ချိန်က ဆယ်မိနစ်လောက်တောင် စောသားပဲကွ၊ ငါတို့က နည်းနည်းစောသေးတယ်ဆိုပြီး အပြင်မှာပဲရပ်နေကြတာ"

"ရာသီဥတုသာယာနေတယ်လေဗျာ၊ ပြင်ပဗဟုသုတ မလေ့လာ





ဘဲ ခင်များတို့စာအုပ်ကြီးအတိုင်း ရွှေနေလို့ နောက်ကျကျန်ခဲ့ကြတာ"

"ဟုတ်ပါတယ်ကွာ မင်းပြောလည်း ခံရမှာပဲ၊ ငါတို့ဦးနှောက်တွေက မင်းလောက်မပြေးလို့ အခြေအနေတွေ အရမ်းကွာခြားသွားတာ လက်ခံပါတယ်"

"ကဲ ဟိုတယ်မှာ စားရင်းသောက်ရင်းနဲ့မှ ဆက်မယ်လေ၊ ဒီအတောအတွင်း မင်းရောက်တာနဲ့ အားလုံးအဆင်သင့်ဖြစ်အောင် လုပ်ရတာ ပင်ပန်းတယ်ကွ၊ အဲဒီအတွက် မင်းသိတတ်ဖို့တော့လိုတယ်"

"အေးပါကွာ မင်းနဲ့ကိုဖေယျာရဲ့ကြိုးစားမှုတွေကို ငါ အသိအမှတ်ပြုပါတယ်၊ ငါနေဖို့ အိမ်၊ ငါလုပ်ငန်းလုပ်မယ့် အဆောက်အဦးအားလုံး ငါ စိတ်တိုင်းကျတယ်၊ အဲဒီအတွက် ကျေးဇူးတင်တယ်"

"အေး ကျေးဇူးတင်ရင် အခု ကျေးဇူးဆပ်"

"မောင်းကွာ"

သူ ဟိုနိုင်ငံကနေ တင်ပို့လိုက်သည့်ကားက ဒီနိုင်ငံမှာ ငါးဦးပြည့်အောင် စီးဖူးသေးမည်မထင်။ သူ့ကားကို စိုးကျော်က ထိပ်တန်းစာရင်းဝင် ဟိုတယ်ကြီးတစ်ခုထဲ မောင်းဝင်သွား၏။ မြန်မာငွေဘယ်လိုရှင်းလို့မရတာကိုလည်း စိုးကျော်တို့ စီစဉ်ထားပြီးဖြစ်သည်။

"သီးသန့်ရှယ်ခန်းထဲမှာ ဘိုကင်လုပ်ထားပြီးသား။ အစားအသောက်တွေ အားလုံးအဆင်သင့်ရောက်လာလိမ့်မယ်"

"မင်းတို့အရှည်အချင်းကို ယုံကြည်ပြီးသားပါ၊ ဒါကြောင့် မင်းတို့ကို တစ်နှစ်ကြိုလွှတ်ပြီး စိတ်ချလက်ချ ငါနေနေခဲ့တာပေါ့"

"ဒါပေမဲ့ကွာ ငါတို့က အခုထိ သူများအနိုင်ခံဘဝပါပဲ၊ မင်းကတော့ အရှည်အချင်းအစွမ်းအစ ကံဉာဏ်ဝီရိယ ကြိုးစားမှုအားလုံး ပြည့်စုံ



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



နေတဲ့အတွက် ငါတို့နဲ့နှိုင်းယှဉ်လို့မရအောင်ကို ကွာခြားသွားတယ်၊ ဟိုကို ရောက်ခါစ ဘဝတွေကို ပြန်တွေးကြည့်ရင် ငါတို့အတူတူ ဘယ်လောက်တောင် ပင်ပန်းခဲ့ရလဲ"

"ပြန်တွေးကြည့်ရုံနဲ့တောင် ပင်ပန်းခဲ့တဲ့အချိန်တွေက ငါ့အတွက် ပိုပြီး တန်ဖိုးရှိခဲ့တာ ငါဘယ်တော့မှ မမေ့ဘူး။ ငါ ဘာကြောင့် အဲဒီလောက်ထိ ပင်ပန်းခံခဲ့လဲ ကြိုးစားခဲ့ရလဲ၊ ဒီအခြေအနေထိမဟုတ်တောင် ယမင်းယုသွင် ငါ့ကိုစွန့်ပစ်ခဲ့တဲ့အတွက် နောင်တရလောက်အောင် ငါ ချမ်းသာချင်ခဲ့လို့ပဲ"

"မင်း အခုထိ ယမင်းယုသွင်ကို မမေ့သေးဘူးလား"

"ဟင့်အင်း တစ်သက်စာ ဒဏ်ရာတွေပေးလိုက်တဲ့သူကို နာကြည်းမုန်းတီးမှုတွေနဲ့ သတိရနေမှာ၊ အစွန့်ပစ်ခံယောကျ်ားတစ်ယောက်ရဲ့ မာနမခံချင်စိတ်၊ အဲဒါတွေကို သူ သိကိုသိရမယ်"

"သူ အဲဒီလူချမ်းသာ အသက်ကြီးကြီးအဘိုးကြီးနဲ့ ပေါင်းသင်းနေတုန်းလို့ မင်းထင်နေလား"

"ငါတွေးထားသလို အဲဒီအဘိုးကြီးအတွက် ကလေးတွေအများကြီး မွေးပေးပြီး စည်းစိမ်ချမ်းသာအပြည့်နဲ့ သူ ပျော်နေမှာပါ"

"အငယ်အနှောင်းဘဝက အဲဒီလောက် ပျော်စရာကောင်းလိမ့်မယ်လို့ မင်းတွေးနေတာ အံ့ဩစရာပဲ"

"အဲဒီဘဝကို သူ ခုံခုံမင်မင် ပစ်ဝင်သွားခဲ့တာ ငါ့လိုချစ်သူတစ်ယောက်ကို ထားခဲ့ရတာ သူ အားနာရမှန်းမသိခဲ့ဘူး။ မတူမတန်လို့ အစတည်းက ငါ့အချစ်ကို အသိအမှတ်မပြုခဲ့ရင် ငါလက်ခံတယ်၊ သစ်စိမ်းချိုးချိုးပြီး အသည်းခွဲခဲ့ရုံလောက်ဆိုရင်လည်း ငါ ဖြေသာသေးတယ်၊ ဒါပေမဲ့





သူက မြန်မာနိုင်ငံရဲ့အချမ်းသာဆုံးစာရင်းဝင် သူဌေးကြီးကို လက်ထပ်သွားခဲ့တာ၊ ငါ့လိုကောင်က ဘယ်တော့မှ ဘယ်လိုနည်းနဲ့မှ လူမွေးသူမွေးပြောင်မယ့်ကောင်မဟုတ်ဘူးဆိုပြီး ထားခဲ့တာ- အဲဒီအဘိုးကြီးပိုင်တဲ့ဥစ္စာနေတွေ ငွေတွေမက်လို့ သူ့မှာမိန်းမတစ်ယောက်ရဲ့အရှက်သိက္ခာ ကိုယ်ကျင့်တရားဆိုတာတွေ လုံးဝမရှိဘူး"

"အဲဒီလောက်ကြီးမပြောပါနဲ့ကွာ သူ့မှာလည်း"

"မင်းတို့သူ့အကြောင်း ဘယ်လောက်သိလို့ သူ့ဘက်က ဝင်ကာကွယ်တာလဲ"

သွေးသစ်ဥာဏ် လေသံပြင်းထန်မာဆတ်သွား၍ ကိုဖေယျာနှင့်စိုးကျော် ပခုံးတွန့်ကာ ခဏမျှ ငြိမ်သွားကြသည်။ အာရုံပြောင်းအောင် စားပွဲပေါ်ရောက်လာသည့် အကောင်းစားအရက်ပုလင်းကိုဖွင့်၍ တစ်ခွက်စီထည့်ကာ သွေးသစ်ဥာဏ်ရှေ့ တိုးပေးလိုက်၏။

သွေးသစ်ဥာဏ်က ငွပ်ခနဲ မော့သောက်ချပြီး ချိုစုံအမြည်းလေးကို လျှာပေါ်မှာ အရသာခံကာ ခပ်ပြုံးပြုံးလုပ်၍

"ဒီလိုဘဝ ဒီလိုအရသာတွေနဲ့ရင်းနှီးဖို့ ငါ့ဘက်က ပေးဆပ်ခဲ့ရတာတွေ မင်းတို့အသိဆုံးပါ၊ မအိပ်မစားမနား။ ယမင်းယုသွင်ကို နာကြည်းစိတ်မျှ ငါ့ဘဝဖြစ်ကိုဖြစ်ရမယ်ဆိုပြီး ဘဝတစ်ခုလုံး ငါ အနာခံပြီး ကြိုးစားခဲ့တာ"

"တစ်ခုတော့ ငါပြောချင်တယ်၊ မင်းရဲ့အဲဒီလို ကြိုးစားမှုတွေဟာ မြန်မာပြည်မှာဆိုရင် အရာထင်မှာမဟုတ်ဘူး။ ပညာတွေ ဘယ်လောက်တတ်တတ် ဘယ်လောက်ပဲကြိုးစားမှုတွေရှိရှိ မင်းမှာနောက်ခံအင်အား ရင်းနှီးမြှုပ်နှံမှုအဆက်အသွယ်ကောင်းမရှိဘဲ ဒီလိုနေရာ ဘယ်တော့မှ မရောက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ အမှန်ပဲ ဥာဏ်ကြီး။ အခု မင်းကို မွေးစားသားလို သဘောထားလိုက်တဲ့သူဌေးက မင်းရဲ့ကြိုးစားမှု သစ္စာရှိမှုတွေကို အချိန်အကြာကြီးလေ့လာစောင့်ကြည့်နေခဲ့တာ၊ သူတို့နိုင်ငံခြားသားလုပ်ငန်းရှင်တွေက ရိုးသားကြိုးစား သစ္စာရှိတဲ့ဝန်ထမ်းတွေကို ဘဝတစ်ခုလုံးပြောင်းလဲသွားအောင် အလုပ်သမားဝန်ထမ်းဘဝက လွတ်မြောက်အောင် မြှောက်စားမြှောက် ပေးမယ်ဆိုတဲ့ စိတ်စေတနာတွေ ရှိကြတယ်၊ အဲဒါကြောင့် ငါတို့ အလုပ်အတူတူလုပ်ကြတဲ့ ဝန်ထမ်းချင်းအတူတူ မင်းရဲ့ရိုးသားမှု မဆုတ်မနစ် ကြိုးစားမှု ဇွဲနဲ့ယနဲ့သည်းခံမှု၊ ဖြစ်မြောက်ချင်လွန်းတဲ့စိတ်ဓာတ်၊ အဲဒါတွေကို အသိအမှတ်ပြုခံလိုက်ရတာပဲ၊ တကယ်ကို ငါတို့ မင်းကိုအားကျမိပါတယ် ဥာဏ်ကြီး"

"မင်းတို့ အဲဒီလို ချီးကျူးနေတော့ ငါဘယ်လိုနေရမှန်းတောင် မသိတော့ဘူး။ ဒါပေမဲ့ ဒီလိုအခြေအနေနဲ့ မြန်မာပြည်ကိုပြန်လာခွင့်ရတာ ဖိုးကိုယ်ငါ ကျေနပ်အားရမိတယ်၊ ငါ ထွက်လာခဲ့ရတုန်းက အခြေအနေနဲ့ အခု ပြန်ရောက်လာတဲ့အခြေအနေ၊ ဟား အချိန်တွေက မြန်လွန်းတယ်၊ တိုတောင်းလွန်းတယ်လို့တောင် ထင်မိတယ်"

"ဟုတ်တောင် အချိန်တွေက ဒီလောက်တောင် ကြာသွားပြီနော်"

ကိုဖေယျာက လက်ခေါက်ချောင်းထောင်ပြ၏။ စိုးကျော်က အရက်သောက်ကာ အမြည်းဖတ်တွေနှိုက်စားပြီးမှ

"ဘဝဆိုတာ အချိုးအကွေ့ အတက်အဆင်း မြန်လွန်းလို့ အံ့သြစရာတော့ ကောင်းလွန်းတယ်၊ ဒါပေမဲ့ မင်းကပဲ အံ့သြစရာကောင်းတာပါ။ ငါတို့က ဘာမှ ထူးထူးခြားခြားကြီး ပြောင်းလဲသွားတာမဟုတ်တဲ့အတွက် ဘာမှသိပ်အံ့သြစရာမကောင်းပါဘူး။ ငါတို့ကလည်း ငါတို့ပဲလေ၊ မိဘမွေးချင်း





ကို နည်းနည်းပါးပါးထောက်ပံ့ပြီး ကျန်တာကို ကေတီဗွီတွေ ကလပ်တွေ ကစားကွင်းတွေမှာ သွားဖြုန်းလိုက်စားလိုက် သောက်လိုက်သုံးလိုက် ဖြုန်းလိုက်ဆိုတော့ လုပ်ငန်းရှင်တွေက ဒီကောင်တွေကြီးပွားချင်လို့ နိုင်ငံခြားလာအလုပ်လုပ်တာ မဟုတ်ဘူးဆိုပြီး မျက်စိဆံပင်မွေးတောင် ရှုဦးမယ်၊ သူတို့တွေကို ရိုးသားကြိုးစားတဲ့သူကို မြှောက်စားမြှောက်ပေးရမှာ ဝန်မလေးပေမယ့် ငါတို့လို လူမျိုးတွေကို အထင်သေးရှုံ့ချချင်တယ်ကွ"

"ဟုတ်တယ် မင်းက မင်းယုံကြည်စိတ်ချရတဲ့သူငယ်ချင်းတွေပါဆိုလို့ ငါတို့ကို မင်းအတွက် ဝန်ထမ်းကောင်းဖြစ်အောင် ကြိုးစားကြည့်ဆိုပြီး မြန်မာပြည်ရုံးခွဲကို တာဝန်ပေးလိုက်တာ၊ အဲဒီအတွက်လည်း မင်းကိုကျေးဇူးတင်တယ်၊ ငါတို့အလိုသာဆိုရင် မစုမိမဆောင်းမိတာနဲ့ မြန်မာပြည်ကို ဘယ်တော့မှ ပြန်ရမှာမဟုတ်ဘူး။ ကဲ အခု မြန်မာပြည်မှာ ငါတို့သုံးယောက် ပြန်ဆုံတဲ့အထိမ်းအမှတ်နဲ့ ချီးယားစ်"

"ချီးယားစ် သွေးသစ်ဥာဏ် အောင်မြင်ပါစေ"

"အားလုံးပျော်ရွှင်ပါစေ"

လုပ်ငန်းရှင်သူဌေးကြီးအဖြစ်နှင့် ပြန်ရောက်လာသော သွေးသစ်ဥာဏ်က အခုချိန်မှာတော့ အရှိန်အဝါ အာဏာပါဝါတွေမရှိဘဲ ပကတိလူငယ်လေးတစ်ယောက်လို ရိုးသားဖြူစင်လွတ်လပ်မှုများနှင့် ပျော်ပါးလျက်ရှိသည်။ စားလိုက်သောက်လိုက် အရှိန်တွေရလာခဲ့ပြီး အတိတ်က နာကြည်းစရာတွေကိုပါ ခဏမျှ မေ့သွားဟန်ရှိ၏။

ဘဝဟာ နေ့ညရာသီဥတု အရောင်အသွေးတွေအတိုင်း ပြောင်းလဲခဲ့သည်ရှိသော်။

■ ■ ■



www.burmeseclassic.com

## အခန်း (၂)

"ငါ့လုပ်ငန်းအတွက် မင်းတို့က သူ့ရာထူးအလိုက် အင်တာဗျူး ရွေးချယ်ပြီးပြီဆိုတော့ ငါက ဘာလုပ်ရမှာလဲ"

"မင်းက လက်မှတ်ထိုးပြီး ဝန်ထမ်းခန့်အပ်ဖို့လိုမှာပေါ့၊ ငါတို့က သူတို့ရဲ့ကျွမ်းကျင်တတ်မြောက်မှု၊ လုပ်သက်အတွေ့အကြုံကို သေချာစမ်းသပ် လက်တွေ့အင်တာဗျူးပြီးမှ ရာထူးအလိုက် လစာနဲ့ အစမ်းခန့်ကာလတွေ မင်းပြောတဲ့အတိုင်းလုပ်ပြီးသွားပြီဆိုပေမယ့် မင်းက အလုပ်ရှင်သူဌေးအနေနဲ့ လက်မှတ်ထိုးပြီး အလုပ်ခန့်ရမှာ မင်းတာဝန်ပဲလေ မဟုတ်ဘူးလား"

"အေးပါ မင်းတို့တာဝန်ကျေပါတယ်၊ ဒါပေမဲ့ သေချာရော အင်တာဗျူးထားရဲ့လား။ အလုပ်ကုန်ပစ္စည်းဆိုတာ တခြားကုန်ပစ္စည်းတွေကို ရောင်းသလို လွယ်ကူတဲ့အလုပ်မျိုးမဟုတ်ဘူး။ ပညာရော သမ္မာရော အတွေ့အကြုံနဲ့ဆက်ဆံရေး ပြေပြစ်မှုရော အားလုံးအရေးကြီးတယ်၊ ကိုရီးယားအလုပ်ကုန်ပစ္စည်းတွေကို လူတွေအများဆုံး စိတ်ဝင်စားကြတယ်ဆိုလည်း မားကက်





တင်းမကောင်းရင် မအောင်မြင်နိုင်ဘူး။ လုပ်ငန်းတစ်ခုအောင်မြင်ဖို့ဆိုတာ ဘက်စုံအဆင်ပြေနေမှဖြစ်မှာ"

"အဲဒါတွေအားလုံးက ငါတို့ဟိုမှာ လုပ်လာတုန်းက သဘော ပေါက်ပြီးသားပါ။ ဟိုကသူဌေးရဲ့စေ့စပ်သေချာမှုတွေကြောင့် အဲဒီကုမ္ပဏီက နိုင်ငံပေါင်းမြောက်များစွာကို ထိုးဖောက်အောင်မြင်ခဲ့တာ ငါတို့သိပါတယ်၊ တစ်ပတ်တစ်ခါ တစ်လတစ်ခါ ဝန်ထမ်းတွေကို အစည်းအဝေးခေါ်တယ်၊ ညဘက်မှာ ဒင်နာနဲ့ဧည့်ခံပြီး ပါတီသဘောစည်းရုံးတယ်၊ ပျော်ရွှင်အောင် လုပ်ပေးတယ်၊ အလုပ်ကုန်ထုတ်တဲ့စက်ရုံက ဝန်ထမ်းတွေနဲ့ ရင်းနှီးနိုင်းတယ်၊ ပညာမျှဝေနိုင်းတယ်၊ သူတတ်တဲ့ပညာ ကိုယ်လည်းတတ်ရမယ်၊ ကိုယ်တတ်တဲ့ပညာ သူလည်းတတ်ရမယ်၊ အဲဒါတွေကြောင့် အဲဒီသူဌေး ဝန်ထမ်းကောင်းတွေမွေးနိုင်ခဲ့တာ"

ကိုဗေယျာပြောတာ သွေးသစ်ဥာဏ် လက်မြောက်တီး၍ ထောက်ခံလိုက်၏။

"မှန်တယ် ဒယ်ဒီက အမေရိကန်နိုင်ငံသား။ ဒါပေမဲ့ ကိုရီးယား အလုပ်ကုန်ပစ္စည်းထုတ်လုပ်တာနဲ့ အောင်မြင်သွားတယ်၊ သူ့ရဲ့စိတ်ရှည်မှု သည်းခံမှု ကြိုးစားလေ့လာမှု၊ ဗီရိယ လုံ့လစိုက်ထုတ်မှုတွေကြောင့် အောင်မြင်မှုကို ရေရှည်ထိန်းသိမ်းနိုင်တယ်၊ ကိုရီးယားမှာစက်ရုံတည်ပြီး နိုင်ငံပေါင်း အများကြီးကို ဖြန့်ဖြူးထိန်းချုပ်ထားနိုင်တယ်ဆိုတာ နည်းတဲ့အောင်မြင်မှုလား။ သူကလည်း သူ့နိုင်ငံမှာ ကမ္ဘာ့အချမ်းသာဆုံးစာရင်းဝင်ထဲမှာ ပါချင်နေတာ၊ အဲဒါကြောင့် သူ အခုချိန်ထိ ကြိုးစားနေတုန်းပဲ"

"မင်းကို ဒီလိုပိုင်ဆိုင်မှုတွေ ခွဲဝေပေးလိုက်တော့ သူ့အတွက် လျော့မသွားဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ရွှေသွားသလားဆိုတာထက် သူ့ကိုဘယ်လောက်ထိ တိုးပွားအောင်လုပ်ပေးခဲ့တဲ့လူလဲဆိုတာကို သူက အရင်ကြည့်တာ၊ သူ့ကိုဝေယံဆ သောက်လုပ်ပေးတဲ့လူကို သူက တစ်ဆလောက်ပြန်ပြီး အကျိုးပြုလိုက်ရတာ သူ ဆုံးရှုံးနစ်နာသွားတာမှမဟုတ်တဲ့၊ သူ့အကျိုးအမြတ်ကိုယ့်အကျိုးအမြတ် ကြည့်တဲ့လူရှိလို့ ဒယ်ဒီက အောင်မြင်တဲ့စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ယောက် ဖြစ်နေတာပေါ့"

"အေးကွာ ဘာပဲဖြစ်ဖြစ် မင်းက တကယ်ကံကောင်းသွားပါပြီ၊ ဘဝပေးပြီး ငါတို့ကို မမေ့မလျော့တဲ့အတွက်လည်း မင်းကိုကျေးဇူးတင်တယ်၊ မြန်မာပြည်မှာလုပ်ပြီး နိုင်ငံခြားလုပ်ခလစာမျိုး ဘယ်ကုမ္ပဏီကပေးမှာလဲ၊ အေး တစ်ခုတော့ ကြိုပြောထားဦးမယ်နော်"

"ဘာလဲ"

သွေးသစ်ဥာဏ် မေးငေါ့ကာ ပြန်မေးတော့ ကိုဖေယျာနှင့်စိုးကျော် မျက်လုံးချင်းဆုံ မျက်ခုံးပင့်သွားကာ

"ဘာကိစ္စဘယ်လိုအကြောင်းပဲရှိရှိ ငါတို့ကို အလုပ်မဖြုတ်ပါဘူးလို့ ကတိပေးရမယ်"

"ငါက ဘာလို့ အဲဒီကတိပေးရမှာလဲ ပြောပါဦး၊ မင်းတို့က ငါ့လုပ်ငန်း အကျိုးစီးပွားပျက်စီးအောင်လုပ်နေလည်း ငါက ဒီအတိုင်းကြည့်နေပြီး အလုပ်မဖြုတ်ဘဲ ထားရမှာလား"

"မင်းအလုပ်အကျိုးစီးပွားတော့ ပျက်စီးအောင်လုပ်မလားကွ၊ တစ်နှစ်ကျော်လောက် ဒီမှာကြိုရောက်နေပြီး မင်းပိုသမှုငွေတွေ ဘာတစ်ခုမှ အလွဲသုံးစားမလုပ်ဘဲ မင်းအဆင်သင့်ရုံးထိုင်လို့ရအောင် စီစဉ်ထားတဲ့လူတွေကို မင်း အဲဒီလိုစကားမျိုး ပြောရသလား"





"မသိဘူးလေ မင်းတို့က ဘာလုပ်မယ်မှန်းမသိဘဲ အကျပ်ကိုင်ချင်တဲ့အထာမျိုး ပြောနေကြတာကို"

"ဒါကတော့ ဒီလိုရှိတယ်လေကွာ၊ မင်းဘက်က ဘာအကြောင်းကိစ္စရှိရှိ ငါတို့ကို အထင်မလွဲဖို့ တစ်မျိုးထင်မသွားဖို့ပါ"

"ဘာတွေဖြစ်လာနိုင်လို့ ခင်ဗျားတို့ ဘာတွေပြောနေကြတာလဲ ကိုဖေယျာ"

"အင်း အဲဒီလိုကွာ ဒီနေ့အလုပ်ခန့်တဲ့အကြောင်း မင်းလက်မှတ်ထိုးဆုံးဖြတ်ရမှာမဟုတ်လား"

"အေးလေ အဲဒါကြောင့် ရုံးကိုလာတာ၊ အခု ကိုးနာရီထိုးတော့မယ်၊ အဲဒီလူတွေရောက်တော့မယ်ဆိုရင် ငါ့ရုံးခန်းထဲကို တစ်ယောက်ဆီ နံပါတ်အစဉ်အတိုင်း လွှတ်လိုက်တော့"

"အေး လွှတ်မှာပါ၊ ဒါပေမဲ့ ငါတို့ပြောတဲ့စကား မဆုံးသေးဘူး၊ မင်းနားထောင်ဦး"

"ခင်ဗျားတို့ ဆုံးဖြတ်ချက်ချတာ နားထောင်ရအောင် ခင်ဗျားတို့က သူဌေးလား၊ ကျွန်တော်က သူဌေးလား"

"မင်း အဲဒီလိုအောက်ခြေလွတ်စကားတော့ မပြောနဲ့ကွာ"

"ဘာ"

"အဲ အဟဲဟဲ စကားပြောမှားသွားလို့ ဆောရီး၊ ဒီလိုကွာ ငါတို့ အင်တာဗျူးထားတဲ့လူတွေက တကယ်ကို အရည်အချင်းပြည့်ဝတဲ့သူတွေ၊ သေသေချာချာကို စစ်ဆေးစမ်းသပ်ပြီးတဲ့လူတွေ၊ ဒီလိုလုပ်ငန်းမျိုးမှာ လုပ်ရက် အတွေ့အကြုံနဲ့ အရည်အချင်းရှိတဲ့လူတွေကို သေချာစိစစ်ပြီးကို ရွေးထားတာ"

"အေးပါ မင်းတို့ကို ငါက ဘာပြောနေလို့လဲ၊ မင်းတို့သေချာလုပ်



www.burmeseclassic.com

www.burmeseclassic.com



[illegible] ခဲ့ရောက်လာခင်တည်းက အင်တာဗျူးနိုင်းထားတာပေါ့၊ [illegible] အလုပ်ခန့်လိုက်ပြီးပြီဆိုရင်တောင် ငါ ဘာမှပြောမှာ [illegible]''

''အဲဒီလိုတော့လည်း သူဌေးကိုကျော်ပြီး အလွဲသုံးစားမလုပ်ချင်ပါ ဘူး၊ အခန့်မသင့်လို့ အမှားဖြစ်သွားရင် မကောင်းဘူးလေ''

''ကဲ ထားပါတော့၊ အခု ခင်ဗျားနဲ့စိုးကျော် အစိကပြောချင်တဲ့ အကြောင်းက ဘာလဲ''

''မင်းမကြိုက်တဲ့သူပါခဲ့ရင်တော့ အဲဒီလူတွေထဲက ဘယ်သူ့ကိုမှ ပယ်မရဘူးလို့ ပြောတာ''

''ဒါပဲလား''

ဟုတ်သည်ဆိုသည့်အဓိပ္ပာယ်လား၊ မဟုတ်သေးဘူးဆိုသည့် အဓိပ္ပာယ်လားမသိဘဲ ကိုဖေယျာနှင့်စိုးကျော် မလုံမလဲ ပုံစံမျိုးနှင့် အကြည့် ဆုံသွားကြပြန်၏။ သူက စိတ်မရှည်သလို ဆုံလည်ထိုင်ခုံကို ကျောမှီနေရာက မြန်းခနဲ ထရပ်လိုက်ပြီး

''ကဲ ဝန်ထမ်းတွေကို ခင်ဗျားတို့သွားခေါ်မှာလား၊ ကျွန်တော်ထွက် ခေါ်လိုက်ရမလား ပြော''

''စိတ် စိတ်ကိုရှည်ရှည်ထားပါကွာ၊ မင်းကလည်း ဒေါသကြီးပဲ၊ ငါ့ကိုခပြောပြီးပြီနော်၊ ဘာကိစ္စကြောင့်ဖြစ်ဖြစ် ငါတို့ကို အလုပ်ထုတ်လို့မရဘူး၊ ငါတို့အင်တာဗျူးပြီး အလုပ်ခန့်ထားတဲ့သူတွေကိုလည်း မင်းမကြိုက်ပါဘူး ဆိုပြီး ပယ်လို့မရဘူး၊ အလုပ်ဘယ်နေ့ဆင်းရမယ်ဆိုတဲ့ဒိတ်ပေးပြီး အလုပ်ခန့် ကြောင်း သူဌေးနေရာက လက်မှတ်ထိုးပေးရုံပဲ''

''ကျွတ် ကဲ သွားကြပါတော့ဗျာ''





သူ စိတ်မရှည်စွာအော်ထုတ်လိုက်သည်။ အလုပ်ရှင်သူဌေးနေရာ ရောက်သွားလို့ မာန်တက်နေခြင်းမဟုတ်ပါ။ သူ့ဘဝ ဘယ်လိုပဲပြောင်းလဲ သွားသွား ဒီလူနှစ်ယောက်ကတော့ ဘဝတူရုန်းကန်ခဲ့ဖူးသူတွေမို့ ဘယ်တော့မှ စွန့်ပစ်လိုက်ဖို့ မစဉ်းစားပါ။ နိုင်ငံခြားကို ရောက်သွားပြီး အစောပိုင်းအချိန်တွေ က အရင်ရောက်နှင့်ကာ လုပ်ငန်းခွင်ဝင်နေပြီဖြစ်သော ကိုဖေယျာတို့နှစ် ယောက်ဆီက အကူအညီအထောက်အပံ့တွေ အများကြီးယူခဲ့ရဖူးသည်။

ကိုယ့်နိုင်ငံသားအချင်းချင်းမို့ သူတို့က နိုင်သလောက်ဖေးမပေးခဲ့ ကြခြင်းပင်။ နောက်ပိုင်း သူ့အကြောင်းကိုယ့်အကြောင်းတွေ ရင်ဖွင့်ကြရင်း ပိုပြီးရင်းနှီးခဲ့ကြသည်။ တကယ်ဆို သူ့ထက်အရင် နိုင်ငံခြားမှာအလုပ်လုပ် သော ကိုဖေယျာတို့နှစ်ယောက်အနေဖြင့် ကြီးပွားတိုးတက် အဆင်ပြေနေ သင့်သည်။ ဒါပေမဲ့ ကိုဖေယျာတို့ နိုင်ငံခြားထွက် အလုပ်လုပ်ကြသော်လည်း ဘာဖြစ်ရမည်ဆိုသည့် ရည်ရွယ်ချက်မရှိ ရည်မှန်းချက်မရှိကြ။

ရလိုက်သုံးလိုက် စားလိုက်ဖြင့် စုဆောင်းဖို့ပင် ဆန္ဒမရှိကြ။ သူ ကတော့ ယမင်းယုသွင်ကို နာကြည်းမုန်းတီးမှုများဖြင့် ချမ်းသာမှဖြစ်မည်။ ယမင်းယုသွင် အားကျလောက်အောင် သူ့ကိုစွန့်ပစ်ထားရစ်ခဲ့တာ နောင်တ ရလောက်အောင် ချမ်းသာရမည်ဆိုသည့်စိတ်နှင့် ကိုယ့်ကိုကိုယ် အပင်ပန်းခံ ဒဏ်ပေးကာ ကြိုးစားခဲ့သည်။

''သူဌေး''

''ဩော် ထိုင်''

ထိုအတွေးတွေဝင်လာခဲ့ပြီဆိုလျှင် သူက ပတ်ဝန်းကျင်ကိုပါ မေ့ လျော့တတ်သည်။ ဖိုင်လေးကိုင်ကာ ဝင်လာသော ဝန်ထမ်းတစ်ယောက်ကို ရှေ့မှာထိုင်ခိုင်းလျက် ဖိုင်ကိုယူကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အရည်အချင်း လုပ်သက်အတွေ့အကြုံ အတန်းပညာတွဲ့များ ကွန်ပျူတာစာရင်းကိုင်အောင်လက်မှတ်များ။ အားလုံးက သူတာဝန်ယူရမည့် ရာထူးနှင့်အားလုံး အဆင်ပြေအောင်ရွေးချယ်တတ်သားပဲဟု ကိုဖေယျာတို့ကို စိတ်ထဲက ချီးကျူးလိုက်မိ၏။

"အခုလာမယ့်လဆန်းတစ်ရက်စပြီး အလုပ်စဆင်းရမယ်နော်"

"ဟုတ်ကဲ့ ကျေးဇူးပါ သူဌေး"

တစ်ယောက်ပြီးတစ်ယောက် ဖိုင်လေးကိုင်ကာ ဝင်လာသူများကို လက်မှတ်ထိုးပေး၍ အလုပ်ခန့်လိုက်ရသည်။ ကိုဖေယျာတို့ ရွေးချယ်ထားတာ အားလုံး အဆင်ပြေနေ၍ အရမ်းကြီး စစ်ဆေးနေစရာပင်မလိုပါ။

"ဟင်"

နောက်ထပ် ဝင်လာပြီး ဖိုင်ထိုးပေးလာသူကို မျက်နှာမော့မကြည့်သေးဘဲ ဖိုင်ကိုယူကြည့်မိလိုက်စဉ်မှာပဲ သူ အံ့ဩတကြီး ဖြစ်သွားရသည်။ လိုင်စင်ဓာတ်ပုံ။ ဒီမျက်နှာ ဟား ဒီနာမည် ယမင်းယုသွင်။

အောက်က အရည်အချင်းတွေ အဘနာမည် ကြည့်နေစရာမလို။

"မင်းဘာလာလုပ်တာလဲ"

"ဟင်"

အသားတွေ တဆတ်ဆတ်တုန်ကာ မျက်ထောက်နီဖြင့် သူမ မျက်နှာကို လက်ညှိုးတည့်တည့်ထိုးပြီး မေးလိုက်မိ၏။ သူမလည်း သူ့ကို တွေ့လိုက်ရတာ အထိတ်တလန့် ဖြစ်သွားဟန်တူသည်။ မျက်လုံးအပြူးသား လေးဖြစ်လျက် ကြောင်ကြည့်နေ၏။

"မင်း ဘာလာလုပ်တာလဲလို့ ငါမေးနေတယ်"

"အ အလုပ်ခန့်စာအတွက် လက်မှတ်လာထိုးတာ"





"ဘာ မင်းကိုဘယ်သူက အလုပ်ခန့်မှာလဲ၊ အခုထွက်သွား ငါ့ အခန်းထဲက အခုထွက်သွား"

"ကျွန်မ အင်တာဗျူးပြီးသားပါ"

"ဘာကိုအင်တာဗျူးတာလဲ၊ မင်းလိုလူမျိုးကို ငါက ဘာလို့အလုပ်ခန့်ရမှာလဲ ကိုဖေယျာ စိုးကျော် လာစမ်း အမြန်ဝင်လာခဲ့"

"ဘာ ဘာဖြစ်လို့လဲ"

ရုံးခန်းတံခါးပေါက်နားမှာ အခြေအနေစောင့်ကြည့်နေသော ကိုဖေယျာနှင့်စိုးကျော် မျက်စိမျက်နှာပျက်စွာနှင့် ဝရုန်းသုန်းကား ဝင်လာကြ၏။

"သူ့ကို အခုဆွဲထုတ်သွား။ ချက်ချင်းထုတ်သွား"

"ဘာ ဘာဖြစ်လို့လဲ၊ သူ့အရည်အချင်းတွေအင်တာဗျူးပြီး အလုပ်ခန့်ထားတာ၊ အားလုံးအဆင်ပြေ"

"ခင်ဗျားတို့အတွက် အဆင်ပြေချင်ပြေလိမ့်မယ်၊ ကျွန်တော့်အတွက် အဆင်မပြေဘူး။ ယမင်းယုသွင် မင်း ငါ့မျက်စိရှေ့ကနေ ထွက်သွားလိုက်ပါတော့၊ ဘယ်တော့မှ ငါ့မျက်စိရှေ့ကို ရောက်မလာနဲ့"

လေသံတွေက တင်းထန်ပြတ်သားလွန်း၏၊ မျက်လုံးတွေထဲမှာ အမုန်းမီးတွေ တောက်လောင်နေသည်။ သူ သွေးသစ်ဉာဏ်။

ဘယ်လိုလုပ်ပြီး ဒီလိုကုမ္ပဏီအကြီးကြီးမှာ သူဌေးဖြစ်နေရတာလဲ။ ဘယ်လိုမှကို ထင်မှတ်မထားပါ။ ဟိုအရင်က ဘုန်းကြီးကျောင်းမှာ ကပ်နေခဲ့ရသော မိဘမဲ့ အခြေအနေမဲ့တစ်ယောက်။

သူမကို ဘယ်လောက်တောင် မုန်းတီးနာကြည်းနေတာများလဲ။ ရင့်သီးမောက်မာလွန်းစွာ နှင်ထုတ်လိုက်သည်။ ရှက်ရွံ့ထူပူစွာ ယုံကြည်ချက်ခဲစွာဖြင့် သူ့ရုံးခန်းထဲကနေ သူမ ပြေးထွက်လာခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် အခြေအနေတွေက ပြောင်းလဲသွားရတာလဲ။ သွေးသစ်ဥာဏ်ဆိုတာ တစ်ချိန်က သူမရဲ့။

■ ■ ■



## အခန်း (၃)

"တစ်ချိန်က ဘာတွေပဲဖြစ်ခဲ့ ဖြစ်ခဲ့ အခုက ကိုယ်က လုပ်ငန်းရှင်၊ သူက အလုပ်လိုချင်လို့ အင်တာဗျူးဖြေပြီး အလုပ်လျှောက်တဲ့သူ၊ ကိုယ်လို အပ်တဲ့အရည်အချင်းတွေရှိနေတဲ့သူကို မင်းဘာလို့ အဲဒီလို နှင်ထုတ်လိုက်ရတာလဲ"

"အေးလေ ဒီလို အဘက်ဘက်က အရည်အချင်းရှိတဲ့လူမျိုး ရှာရဖို့လွယ်လို့လား။ ဘာသာစကားကိုက သုံးမျိုးလောက်ကျွမ်းကျွမ်းကျင်ကျင် တတ်တာ၊ ကိုယ့်လုပ်ငန်းအတွက် ဘယ်လောက်တောင် အသုံးဝင်လိုက်သလဲ"

"မင်းတို့က ငါ့ကိုအပြစ်ပြောနေကြတာလား။ တကယ်တမ်းက မင်းတို့နှစ်ယောက်လုံးမှာ အပြစ်ရှိတာနော်၊ ယမင်းယုသွင်ရဲ့ဓာတ်ပုံကို မင်းတို့ကို ပြထားဖူးတယ်၊ သူ့ကိုချစ်ခဲ့ရတဲ့အကြောင်းတွေ၊ မုန်းသွားရတဲ့ အကြောင်းရင်းတွေအားလုံးကိုလည်း ပြောပြထားပြီးသား။ မခံချင်စိတ်တွေ့ချင်



www.burmeseclassic.com

မကြည့်ချင်မမြင်ချင်လောက်အောင် ငါ့ အရမ်းကို နာကြည်းနေတယ်ဆိုတာ မင်းတို့အသိ၊ ဒါကို ဘာကြောင့် သူ့ကိုအင်တာဗျူးလက်ခံလိုက်ရတာလဲ၊ အလုပ်ခန့်လိုက်ရတာလဲ၊ အဲဒီလိုလုပ်လိုက်တဲ့အတွက် မင်းတို့ကိုပါ အလုပ်ဖြုတ်ပစ်လိုက်သင့်တာ''

ကိုဖေယျာနှင့်စိုးကျော် မတ်ခနဲ မျက်လုံးပြူးသွားပေ၏၊ စိုးကျော်နှင့် နှစ်ယောက်အကြည့်ဆုံသွားပြီး ကိုဖေယျာ ခေါင်းရမ်းကာ

''အလုပ်နဲ့လူမှုရေး မရောထွေးသင့်ဘူး ထင်တယ်ကွာ၊ ယမင်းယုသွင်အပေါ် ဘယ်လောက်ပဲ နာကြည်းနေပါစေ သူ့မှာအဆင်မပြေမှုတွေရှိလို့ အလုပ်လာလျှောက်တာ၊ ကိုယ့်လုပ်ငန်းအတွက် လိုအပ်ရင် အလုပ်ခန့်ရမှာပေါ့''

''အဆင်မပြေလို့ ဘယ်သူ့သူဌေးကြီး အလုကုန်လုပ်ငန်းရှင်သူဌေးကြီးကတော်က ဘယ်လိုဖြစ်တာလဲ၊ ကျိုက်ကျိုတက်ချမ်းသာနေတဲ့ သူဌေးမကြီးဖြစ်နေရမှာလေ၊ သူ့ အရမ်းကိုချမ်းသာချင်လွန်းလို့ သူ့အဖေလောက်ရှိတဲ့ အဘိုးကြီးကို ယူခဲ့တာပဲ''

''မင်းမသိတာတွေ အများကြီးရှိသေးတယ်၊ မင်းသိချင်ရင်တော့ ပြောပြလို့ရတယ်''

''ဘာ''

''အဲဒီအဘိုးကြီးကို ယမင်းယုသွင် ငါးနှစ်လောက်ပဲ ပေါင်းလိုက်ရတယ်၊ အဲဒီအဘိုးကြီး ဆုံးသွားပြီ''

''ဟင် အဲဒါကော ခင်ဗျားတို့ ဘယ်လိုလုပ်သိတာလဲ''

''တမင်တကာ စုံစမ်းစရာတော့ မလိုပါဘူး၊ အဲဒီအဘိုးကြီးရဲ့ သားနဲ့သမီးက အဘိုးကြီးကျန်ခဲ့တဲ့လုပ်ငန်းတွေဆက်လုပ်နေတာဆိုတော့





ငါတို့နဲ့ဆက်စပ်မှုရှိတယ်လေ၊ သူတို့တင်သွင်းတဲ့နိုင်ငံတွေ ဖြန့်ဖြူးရောင်းချတဲ့နိုင်ငံတွေ၊ မြန်မာပြည်မှာကျတော့ အသားအရေ ရာသီဥတုနဲ့ကိုက်ညီတဲ့ ဘယ်လိုပစ္စည်းတွေထုတ်တာလဲ၊ အားလုံးကို စုံစမ်းလေ့လာပြီးမှ ငါတို့ဘာလုပ်ရမယ်ဆိုတာ သိမှာလေ''

''ဒီကိစ္စက သူတို့ကို အားကိုးနေစရာမလိုပါဘူး၊ ကျွန်တော်တို့ အားလုံး လေ့လာထားပြီးသားပဲ၊ ယမင်းယုသွင် ယောက်ျားကြီးရဲ့သားသမီးတွေဆိုရင် ပြိုင်ဘက်လိုသဘောထားပြီးတော့တောင် တိုက်ခိုက်လို့ရသေးတယ်''

''သူတို့နဲ့ ဘာဆိုင်လို့လဲ၊ မင်းမုန်းမယ်ဆိုရင် ယမင်းယုသွင်ကိုပဲ မုန်းလို့ရမယ်၊ သူတို့ကို စိန်ခေါ်တိုက်ခိုက်လို့ဖြစ်မလား''

''တော်ပြီ ကျွန်တော် ရှည်ရှည်ဝေးဝေး မပြောချင်ဘူး၊ ယမင်းယုသွင်ကို ကျွန်တော်အလုပ်မခန့်ဘူး၊ ခင်ဗျားတို့ အဲဒီလိုပဲ သိထားပါ''

ကိုဖေယျာ ခေါင်းမာစွာ ရှေ့တိုးလာလျက်

''မင်းစဉ်းစားဦး ဉာဏ်ကြီးရော၊ ယမင်းယုသွင် တတ်မြောက်ထားတဲ့ အရည်အချင်းတွေက အရမ်းကို ငါတို့အတွက် အသုံးဝင်တယ်၊ သူက အဘိုးကြီးနဲ့နိုင်ငံခြားကို လိုက်သွားပြီး လုပ်ငန်းတွေဦးဆောင်ပြီးလုပ်တယ်၊ ကျောင်းပြီးအောင်တက် ဘွဲ့တွေထပ်ယူတယ်၊ ဘာသာစကားသုံးမျိုး ကျွမ်းကျွမ်းကျင်ကျင်တတ်လို့ နိုင်ငံတကာနဲ့ဆက်ဆံရာမှာ ငါတို့အတွက် အဆင်ပြေတယ်''

''သူ့ကို သူ့ယောက်ျားက ဘာမှပေးမထားခဲ့လို့ သူက အလုပ်ထွက်လုပ်လောက်အောင် အဆင်မပြေဖြစ်သွားတာလား၊ သူ့ယောက်ျားကြီး ကျန်ခဲ့တဲ့လုပ်ငန်းတွေက အကြီးကြီးတွေပဲ၊ အဲဒီမှာလုပ်လည်း ရသားနဲ့''

www.burmeseclassic.com



"အဲဒါကြောင့် မင်းမသိတာတွေအများကြီးပါလို့ ပြောတာပေါ့၊ သူက အငယ်အနှောင်းလေကွာ၊ အဘိုးကြီးသေသွားတော့ ရသင့်သလောက်ပဲ ရမှာပေါ့၊ လုပ်ငန်းတွေကတော့ သူ့သားနဲ့သမီးပဲပိုင်တာဖြစ်မယ်"

"သူက အဲဒီမှာ ဘာလို့မလုပ်တာလဲ၊ လုပ်ငန်းကြီးတွေပိုင်တဲ့ အသိုက်အဝန်းထဲရောက်ပြီးမှ သူများအလုပ်မှာလုပ်နေရတာ ပတ်ဝန်းကျင် လက်ညှိုးထိုးခံရမှာပေါ့"

"အဲဒါ သူတို့ကိစ္စ သူတို့အကြောင်းတွေ၊ ဘာဆိုတာတော့ အိမ်တွင်းရေးကိစ္စတွေအထိ နိုက်နိုက်ချွတ်ချွတ်တော့ မသိဘူး။ ငါတို့ ယမင်းယုသွင်ကို အလုပ်ခန့်တယ်၊ ပုဂ္ဂိုလ်ရေးအရ မကျေနပ်ချက် ကျေနပ်ချက်တွေ မပါဘူး။ ငါတို့အတွက် အဆင်ပြေဖို့ပဲ"

"မလိုဘူး ကိုဇေယျာ၊ သူ့ဘဝသူ့အကြောင်းဘယ်လိုပဲရှိရှိ ကျွန်တော်စိတ်မဝင်စားဘူး။ သူ ဒီလိုဖြစ်သွားလို့လည်း ကျွန်တော်မသနားနိုင်ဘူး။ သူ ကျွန်တော့်ကို ထားခဲ့တဲ့အချိန်တုန်းကလည်း သနားခဲ့တာ အားနာခဲ့တာမဟုတ်ဘူး။ အချစ်ကိုရှူးသွပ်နေတဲ့အချိန်မို့ ကျွန်တော့်ကို မထားခဲ့ဖို့ ဒူးထောက်ပြီးတောင် တောင်းပန်ခဲ့တယ်၊ မဖြစ်နိုင်ဘူး သူလက်ထပ်တော့မယ်ဆိုတဲ့အကြောင်းပြောပြီး ကျွန်တော် ဘာဖြစ်ကျန်ခဲ့တယ်ဆိုတာ တစ်ချက်လေးမှ လှည့်မကြည့်ဘဲ ထွက်သွားခဲ့တယ်၊ သိပ်ကိုချမ်းသာချင်တဲ့မိန်းမ၊ အရမ်းကိုလုပ်ငန်းရှင်သူဌေးကြီးကို ပိုင်ဆိုင်ချင်နေတဲ့မိန်းမ၊ ဟား ဟား အခု ဘာတွေဖြစ်သွားပြီလဲ၊ ဘာတွေဖြစ်နေတာလဲ"

ဘာတွေ သဘောကျသွားတာလဲ၊ ယမင်းယုသွင်အကြောင်းကို ကြားပြီး လှောင်လိုသည့်သဘောလားမသိဘဲ သွေးသစ်ဥာဏ် ပခုံးတွေလှုပ်ခါအောင် ရယ်နေသည်။ ကိုဇေယျာနှင့်စိုးကျော်က ယမင်းယုသွင်အတွက်





စိတ်မကောင်းဖြစ်နေပြီး သွေးသစ်ဥာဏ်လက်ခံလာအောင် ဘယ်လိုလုပ်ရမလဲ စဉ်းစားနေမိကြသည်။

သွေးသစ်ဥာဏ်က ကိုဇေယျာတို့နှစ်ယောက်ကို မျက်နှာတင်းတင်းဖြင့် လှည့်ကြည့်၍

"ခင်ဗျားတို့ ဘာပြောချင်သေးလို့လဲ၊ ဘာဖြစ်ချင်သေးလို့လဲ"

"ယမင်းယုသွင်ကိုအလုပ်မခန့်ရင် ငါတို့လည်း အလုပ်ထွက်မယ်လို့ ပြောအားတော့ မရှိပါဘူးကွာ၊ ဒါပေမဲ့ မင်းအတွက်တော့ ပြောချင်တယ်၊ မင်း ယမင်းယုသွင်ကို မုန်းတယ်မဟုတ်လား။ အဲဒီအမုန်းတွေ အငြိုးတွေအတွက် သူ့ပညာတွေကို ကိုယ့်အတွက်အသုံးချပါလား"

"ဘာ"

"အဲဒီပညာတွေက အဘိုးကြီးဆီက ရလာခဲ့တာ၊ အဘိုးကြီးမသေခင် သူသင်ယူခွင့်ရခဲ့တာတွေက နည်းတာမဟုတ်ဘူး။ အဲဒါတွေကို ကိုယ့်အတွက် အသုံးချလိုက်မယ်ဆိုရင် လက်စားချေရာတောင် ရောက်သေးတယ်"

"ဟင် အဲဒီလိုလား"

သွေးသစ်ဥာဏ်မေးကိုပွတ်ကာ ခေါင်းတညိတ်ညိတ် စဉ်းစားခန်းဝင်သွား၏။ ခဏနေတော့ စားပွဲခုံကို ဖြန်းခနဲပုတ်ကာ ထရပ်လိုက်ပြီး ကိုဇေယျာ ပခုံးကို လက်ညှိုးနှင့်လှမ်းထိုးပြီး

"ခင်ဗျားဦးနှောက် ဒီတစ်ခါတော့ ရွှေချထားဖို့ကောင်းတယ် ကိုဇေယျာ၊ ဘာ လက်စားချေရမယ်၊ စကားလုံးက လှလိုက်တာ၊ ကျွန်တော်တွေး တောင်တွေးမထားမိဘူး။ အမုန်းတွေအတွက် အဲဒီလိုလုပ်ရမယ်လို့ မစဉ်းစားမိဘူး။ ဟုတ်တယ် သူ ကျွန်တော့်ကို ခယရမယ်၊ တောင်းပန်ရမယ်၊ အောက်ကျို့ခံရမယ်၊ ရှိသေလေးစားနေရမယ်၊ ဒါဆို ကျွန်တော့်လက်အောက်



www.burmeseclassic.com

www.burmeseclassic.com



မှာ ကျွန်တော်နိုင်းသမျှ လုပ်ဖို့ထားရမှာပေါ့၊ ဟား ဒါ့ကြောင့်ကိုလုပတဲ့ဇာတ်လမ်းလေးပဲ''

''သူ့မှာ မာနရှိနေနိုင်တယ်ဆိုတာလည်း မမေ့နဲ့ သူက အရမ်းကြီး မပြည့်မစုံဖြစ်နေလို့ အဆင်မပြေလွန်းလို့ ဒီအလုပ်ကိုလုပ်တာတော့ မဟုတ်ဘူး။ သူ့အဖေအမေက အသက်ကြီးပြီ ဘာမှမလုပ်နိုင်တော့ဘူး။ ပြီးတော့ သူ့သားလေးရဲ့နောင်ရေးအတွက် သူ မဖြစ်မနေ အလုပ်လုပ်ဖို့လိုအပ်လာလို့ လုပ်တာ''

''ဘာ သူ့မှာသားသမီးရှိတယ်လား''

''အဘိုးကြီးနဲ့ သားတစ်ယောက်မွေးခဲ့တယ်၊ အဲဒီအတွက် ခံစားခွင့်အနေနဲ့ အိမ်တစ်လုံး ကားတစ်စီး ဘဏ်မှာငွေလည်းထည့်ပေးခဲ့တယ်ထင်တယ်၊ ဘာအလုပ်မှမလုပ်ဘဲ ဘဏ်ကငွေနဲ့ထိုင်စားနေရင် သားအတွက် အနာဂတ်မှာ ဘာမှကျန်တော့မှာမဟုတ်လို့ အလုပ်လုပ်တဲ့သဘောပဲ''

''ခင်ဗျားတို့ အဲဒီလောက်တောင် သေသေချာချာသိနေအောင် ဘယ်လိုများ စုံစမ်းထားတာလဲ''

''မြန်မာပြည်ကို ငါတို့ရောက်နေတာ တစ်နှစ်တောင်ကျော်ပြီကွာ ဒီအသိုက်အဝန်းမှာတော့ သူတို့သတင်းက နာမည်ကြီးပဲ၊ မင်းလည်း တဖြည်းဖြည်းပိုသိလာရမှာပါ။ ယမင်းယုသွင်ရဲ့လင်ပါသားသမီးတွေက သူနဲ့ ရွယ်တူတွေမဟုတ်လား၊ သူ့ရဲ့လင်ပါသားသမီးတွေနဲ့လည်း မင်းထိပ်တိုက်တွေ့ရတဲ့ကိစ္စတွေ ရှိလာမှာပါ၊ လုပ်ငန်းချင်းတွေက ဆက်စပ်နေတယ် ရှောင်လို့မလွတ်အောင် ဆက်နွယ်နေမှာ မပူနဲ့''

''ဒါဆို ယမင်းယုသွင်ကို ကျွန်တော် အလုပ်ခန့်သင့်သလား''

မဆိုင်းမတွပင် ကိုဖေယျာ ခေါင်းညိတ်ပြ၏။ စိုးကျော်ကလည်း





ကပျာကသီပင်။

''မင်းစဉ်းစားမနေနဲ့ အခုခေတ်မှာ ပညာရှင်တွေကို ပြန်အသုံးချနိုင်ဖို့ဆိုတာ လွယ်တာမဟုတ်ဘူး။ စီးပွားရေးသမားဆိုတာ ကိုယ့်အကျိုးအမြတ်အတွက်ပဲကြည့်ရတယ်၊ မင်းပိုပြီးတစ်ခုက်ကောင်းတာက စိန်ရတနာအလုကုမ္ပဏီကို ယှဉ်နိုင်ဖို့ ယမင်းယုသွင်က လက်ကိုင်တုတ်တောင် ဖြစ်နိုင်တယ်၊ အဲဒီဘက်က ထုတ်ကုန်တွေဖြန့်ချိရေးစနစ်တွေအားလုံး ယမင်းယုသွင် လုပ်ခဲ့တာကြောင့်ပဲ''

''သူ့ယောက်ျားပိုင်ခဲ့တာက စိန်ရတနာလား၊ အိုကေ ယမင်းယုသွင်ကို အလုပ်ခန့်တဲ့အကြောင်း အကြောင်းကြားလိုက်ပါ''

''အိုကေ အိုကေ''

''ကောင်းပါပြီ အမြန်ဆုံး အကြောင်းကြားလိုက်ပါမယ်''

ကိုဖေယျာနှင့်စိုးကျော် ရင်ဘတ်ကိုဖိ သက်မကိုချကာ ပျော်သွားကြသည်။ သွေးသစ်ဥာဏ်က ဆုံလည်ထိုင်ခုံမှာ ပြန်ထိုင်၍ မေးကိုပွတ်ကာ အကြံဥာဏ်တွေ ထုတ်နေသည်။

ဘာအကြောင်းအရာတွေ တွေးတောကြံစည်ပြီး ပြုံးနေသလဲဆိုတာတော့ မသိပါ။ သွေးသစ်ဥာဏ်က တစ်ယောက်တည်းတွေး တစ်ယောက်တည်းကြံစည်နေတာမျိုးတွေ လုပ်တတ်သည်။

သူလုပ်ချင်ပြီဆိုလည်း တခြားသူတွေကို အရင်တိုင်ပင်တတ်တာမျိုးမဟုတ်။ လုပ်ပြီးမှ ဒါလုပ်လိုက်သည်ဆိုတာ သိရတာမျိုးပင်။

အခုလည်း ဘာပဲလုပ်လုပ်ပါ။ ယမင်းယုသွင်ကို အလုပ်ခန့်လိုက်တာကိုပဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ဘယ်လိုဖြစ်တာလဲ သမီး။ အလုပ်က သေချာအင်တာဗျူးပြီး အလုပ်ခန့်လိုက်ပြီးသားဆို၊ သူဌေးရဲ့လက်မှတ်နဲ့ အလုပ်စဆင်းရမယ့်ဒိတ် သိရဖို့ပဲ သွားခဲ့တာမဟုတ်လား။ အခုက ဘယ်လိုဖြစ်"

"သူဌေးက ယုရဲ့အရည်အချင်းကို မကြိုက်လို့နေမှာပေါ့ မေမေ"

"အို သမီးမှာ ဒီအလုပ်နဲ့ကိုက်ညီတဲ့ ပညာဝမ်းစာတွေ ပြည့်နေတာကွယ်၊ အရည်အချင်းကို မကြိုက်စရာလား။ အခုလိုအချိန်မှာ အဲဒီလုပ်ငန်းကို ပိုက်ဆံရှိလို့ ထလုပ်လုပ် ပညာတတ်လို့ထလုပ်လုပ် သမီးလောက်တော့ အတွေ့အကြုံမများနိုင်ဘူး။ ဦးထွန်းအောင်မိုးသာ မသေသေးဘူးဆိုရင် ဒီအချိန်မှာ သမီး"

"အဲဒီအကြောင်းတွေ မပြောပါနဲ့တော့ မေမေ၊ ဘယ်အတိတ်ကိုဖြစ်ဖြစ် အတိတ်မှာပဲထားခဲ့လိုက်ချင်တယ်၊ အခုချိန်မှာ ဖေဖေနဲ့မေမေအတွက်ပဲ ယု ခေါင်းထဲမှာရှိတယ်၊ ပြီးတော့ သား ထွန်းသင်္ဂါ"



ပြောရင်းနှင့် အသံက အက်ရှသွား၏။ ပိုးချဲကိုတွန်းကာ ဖေဖေ ညည်းခန်းထဲဝင်လာတာကြောင့် မျက်ရည်တွေကို ကပျာကသီ ပွတ်သုတ်လိုက်ရသည်။

"သမီး အလုပ်ကအဆင်မပြေဘူးလား"

"ဘာလို့လဲ သမီး။ ဒီကုမ္ပဏီက သမီးတတ်ထားတဲ့ပညာတွေ အရည်အချင်းတွေနဲ့ ကိုက်ညီလို့ အလုပ်သွားလျှောက်ခဲ့တာဆို၊ အင်တာဗျူးတာလည်း အစစ အရာရာ အဆင်ပြေတယ်လို့ သမီးပြောခဲ့တယ်မဟုတ်လား"

"ကျွန်မလည်း အဲဒါပဲပြောနေတာ ကိုနိုင်ရေ၊ အသွားတုန်းက ပျော်ပျော်ရွှင်ရွှင် တက်တက်ကြွကြွနဲ့ အလုပ်ရမယ်ဆိုတာက သေချာပြီးသားလေ၊ အခုကျတော့ အလုပ်ခန့်စာလက်မှတ်ထိုးပေးမယ့်သူဌေးက အရည်အချင်းကို မကြိုက်လို့တဲ့၊ ခန့်စာထက် ဖြုတ်စာက အရင်ရောက်လာတယ်"

"အဓိပ္ပာယ်မရှိတာပဲ အဲဒီသူဌေးက သူကရော ဘယ်လောက်တော်နေတတ်နေလို့လဲ၊ ဒီလုပ်ငန်းကို ဘယ်လောက်တောင် ကျွမ်းကျွမ်းကျင်ကျင် နားလည်နေလို့လဲ၊ ဒီလုပ်ငန်းမျိုးဆိုတာ ငွေရှိတိုင်း ပညာတတ်တိုင်း ချက်ချင်းထအောင်မြင်တာမျိုးမဟုတ်ဘူး။ ဒီလုပ်ငန်းနဲ့တရင်းတနှီး လက်ပွန်းတတီး အတွေ့အကြုံနှစ်ပေါင်းများစွာရှိမှ လုပ်ငန်းအပေါ်နားလည်တာ နက်နက်နဲနဲ ထဲထဲဝင်ဝင်သိဖို့ သမီးဘာတွေပေးဆပ်ပြီး ဘယ်လောက်တောင် အပင်ပန်းခံလေ့လာခဲ့ရတာလဲ"

"ဒါတွေအစအဆုံး ရှင်းပြလို့မှ မရဘဲ ဖေဖေ၊ သူတို့က ဘာသိမှာလဲ"

"သူတို့ကဆိုတာက သူဌေးတစ်ယောက်ပဲ မသိတာလို့ပြောင်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



သမီးကို အင်တာဗျူးတဲ့လူတွေက တကယ်ကို သမီး ဘယ်လောက် အရည်အချင်းရှိတယ်ဆိုတာသိလို့ အလုပ်ခန့်လိုက်ပြီးသား မဟုတ်လား"

"ဘာပဲဖြစ်ဖြစ် သူဌေးရဲ့လက်မှတ်ကမှ အဓိကကျ အရေးပါတာပါ၊ ဘယ်တတ်နိုင်မလဲ ဖေဖေ၊ ယု တခြားအလုပ်ရှာကြည့်ပါမယ်၊ ဖေဖေတို့တစ်သက်လုံး အခက်အခဲ ဆင်းရဲဒုက္ခမဖြစ်စေရပါဘူး။ ယု ရှင်သန်နေသရွေ့ ပေးဆပ်သွားမှာပါ"

"သမီးရယ်"

ဦးမျိုးနိုင်နှင့်ဒေါ်ယုယုသွင် စိတ်မကောင်းဖြစ်သွားရသည်။ ဒီသမီးလေးကြောင့်သာ မိဘတွေမှာ ဒီအချိန်ထိ ရှင်သန်ခွင့်ရနေကြရတာမဟုတ်ပါလား။ မိဘနှင့်သားသမီးကြားမှာ စုန်ရေချည်းရှိတာမဟုတ်၊ ဆန်ရေလည်းရှိသည်ဆိုတာ အမှန်ပင်။

မိဘတွေဆင်းရဲဒုက္ခရောက်တော့မည့်အချိန်မှာ ဒီသမီးလေးက ဘဝတစ်ခုလုံးနှင့် ရင်းကာ ကယ်တင်ထားတာ။

"ဖေဖေ စိတ်မကောင်းပါဘူး သမီးရယ်၊ ဖေဖေ့ကြောင့်သာ မဟုတ်ရင် သမီးလေးဒီလိုဖြစ်မှာမဟုတ်ပါဘူး။ ဖေဖေမိုက်ခဲ့တာ၊ ဖေဖေမှားခဲ့တာပါ၊ ဖေဖေ အဲဒီအချိန်တည်းက တစ်ခါတည်းသေသွားခဲ့ရမှာ သမီးရယ်"

"ဖေဖေသေရင် ဖေဖေတစ်ယောက်တည်း လွတ်မြောက်မှာပေါ့။ အဲဒီလို ဘယ်သူ့ကိုမှ မတိုင်ပင်ဘဲ ဆုံးဖြတ်လိုက်တာကိုက ဖေဖေ တစ်ကိုယ်ကောင်းဆန်တာပဲ၊ မိသားစုဆိုတာ မရှိအတူ ရှိအတူ၊ ချမ်းသာရင်အတူတူ ဆင်းရဲရင်လည်းအတူတူ ခံစားရမှာပေါ့၊ ပြဿနာတွေကိုလည်း အတူရင်ဆိုင်ရမှာပေါ့ ဖေဖေ"





"ဒါပေမဲ့ သမီးရယ် မှားတာက ဖေဖေတစ်ယောက်တည်းမှားခဲ့တာလေ၊ ကြိုးစားမှုနည်းလို့ စီးပွားရေးကျတဲ့အချိန်မှာ ငွေမျောငွေနဲ့လိုက်မယ်ဆိုပြီး အသိခေါက်ခက်အဝင်နက် ရည်ရွယ်ချက်တွေလွဲမှားစွာနဲ့ လောင်းကစားကိုလုပ်မိတယ်၊ လောင်းကစားချင်တဲ့စိတ်တွေမွန်သွားတော့ အိမ်တွေ ကားတွေလုပ်ငန်းတွေအားလုံး ပေါင်ရောင်းပြီး ရင်းခဲ့တယ်၊ သမီးသာ ဘဝနဲ့ရင်းပြီး မကယ်တင်ခဲ့ရင် ဖေဖေတို့တစ်မိသားစုလုံး လမ်းဘေးမှာတဲထိုးပြီးနေနေရပြီ သမီး"

"ဖေဖေသာ စောစောက ယုနဲ့မေမေကို တိုင်ပင်အသိပေးခဲ့ရင် ဖေဖေ ဒီလိုမျိုး ကားအက်ဆီးဒင့်ဖြစ်ပြီး ဒုက္ခိတဘဝရောက်မှာမဟုတ်ဘူး။ ဖေဖေက ငါမှားပြီ မိသားစုကိုဒုက္ခပေးမိပြီဆိုပြီး တစ်ဖက်ကလာတဲ့ ဆယ်ဘီးကားကြီးအောက်ကို ကားနဲ့ဝင်ပစ်လိုက်တဲ့အတွက် ဖေဖေ တစ်သက်လုံး လူကောင်းတစ်ယောက်လိုမနေနိုင်တော့ဘူး။ ဖေဖေ့လုပ်ရပ်က အမှားကြီးမှားသေးတာမဟုတ်ဘူး။ နောင်တရမယ်ဆိုရင် မှားမှန်းသိပြီဆိုရင် ပြုပြင်လို့ရတဲ့အမှားမျိုးပါ၊ ဆုံးဖြတ်ချက်အမှားကမှ ဖေဖေ့ကို ဒုက္ခိတဘဝရောက်အောင် လုပ်ပစ်လိုက်တာပါ၊ ယုကတော့ ဖေဖေ ဒီလိုဒုက္ခိတဘဝကြီးနဲ့နေရတာကို စိတ်မကောင်းဖြစ်ပေမယ့် အသက်မသေဘဲ ဒီအတိုင်းရှိနေပေးလို့ ကျေးဇူးတင်ပါတယ်"

"ဖေဖေက ဘာတွေကောင်းနေလို့ ကျေးဇူးတင်ရတာလဲ သမီးရယ်၊ ဖေဖေ့ကြောင့် သမီးလေး"

ဦးမျိုးနိုင် စကားမဆက်နိုင်အောင် ဆို့နင့်စွာ မျက်ရည်ကျလာသည်။ ခြေထောက်တစ်ဖက်ပြတ်ပြီး ဝှီးချဲပေါ်မှာ နေနေရတာ ဘယ်လောက်တောင်ကြာသွားခဲ့ပြီလဲ။ ချိုင်းထောက်နှင့်သွားလို့ရအောင် ကျန်ခြေထောက်တစ်ဖက်

www.burmeseclassic.com



ဘယ်သူမျှ ဆောက်လို့မရပါ။

ကိုယ့်ဒုက္ခကိုယ်ရှာတာထက် မိသားစုကို ဒုက္ခပေးသလိုတွေ ဖြစ်နေရတာ ရင်ထဲဘယ်လိုမှ မကောင်းနိုင်။ နောင်တတွေရနေမိသော်လည်း ဘယ်အရာကမှ အကောင်းအတိုင်းဖြစ်မလာတော့ပေ။

ကိုယ့်အပြစ်နှင့်ကိုယ် ကိုယ်တစ်ယောက်တည်း ဒုက္ခတွေခံရမည်ဆိုလျှင် ဖြေသာဦးမည်ထင်၏။ အခုတော့ ကိုယ်က သမီးနှင့်ဇနီးမယားကို ဒုက္ခတွေပေးနေမိသည်။ လင်ယောကျ်ားကောင်း ဖခင်ကောင်းဖြစ်ခွင့်မရသည့်အတွက် နောင်တရလို့မဆုံး ရင်နာလို့မဆုံးပါ။

သမီးပြောသလို ပြုပြင်လို့မရသည့်အမှားကို ဘယ်လိုမှပြောင်းလဲလို့ မရအောင်အကြီးမားဆုံး ကျူးလွန်မိခဲ့ခြင်းပင်။ ဇနီးသည်က စိတ်မကောင်းသလို မျက်ရည်ဝဲစွာဖြင့် ကိုယ့်လက်ကိုဆုပ်ကိုင်လာခဲ့ပြီး

"အချိန်တွေက ကုန်ခဲ့ပြီ အတိတ်တွေက ပြီးခဲ့ပြီ ပြုပြင်ပြောင်းလဲလို့မရတော့ဘူးဆိုပေမယ့် ရှေ့ဆက်ပြီး အဆင်ပြေအောင်တော့ နေရတော့မှာပေါ့ ကိုနိုင်၊ ဒါကြီးတွေးပြီး ပူဆွေးနေလို့တော့ မဖြစ်တော့ဘူးလေ၊ အသက်တွေကြီးလာတော့ ဒီလို စိတ်ဖိစီးမှုတွေရှိနေရင် ကျန်းမာရေးပိုထိခိုက်မှာပေါ့ ကိုနိုင်"

"သမီးကို အားနာလို့ပါ သွင်ရယ်၊ သမီးအပေါ် ဖခင်ကောင်းဝတ္တရားတွေ မကျေပွန်နိုင်တဲ့အတွက် စိတ်မကောင်းဘူး။ စီးပွားရေးကောင်းနေတဲ့အချိန်မှာလည်း သွင့်အပေါ် မာန်တက်ခဲ့တယ်၊ ဒါလုပ်ဒါကိုင် ဟိုသွားနဲ့ ဒီမလာနဲ့၊ စီးပွားရှာနေရတာလွယ်တာမဟုတ်ဘူး။ မင်းတို့က သမီးတစ်ယောက်လေး ထိန်းကျောင်းရတာ မနိုင်နင်းဘူး အကြောင်းမပြနဲ့လို့ ကိုယ်က လွှမ်းမိုးချုပ်ကိုင်ထားခဲ့တယ်၊ သွင်အပေါ်လည်း ကိုယ် တာဝန်မကျေခဲ့ပါဘူး



သွင်၊ သွင်ကိုလည်း"

"အားနာတဲ့စကား စိတ်မကောင်းဖြစ်တဲ့စကားတွေ မပြောပါနဲ့ ကိုနိုင်၊ ကိုနိုင်အပေါ် သွင် ဘယ်တုန်းကမှ မငြိုငြင်ခဲ့ပါ၊ သွင်ဘက်ကပဲ မယားဝတ္တရားကျေပွန်အောင် ကြိုးစားချင်ပါတယ်"

"အဲဒီစေတနာ မေတ္တာတွေကြောင့် ကိုယ်ဒဏ်ခတ်ခံရတာ၊ အပြစ်ပေးခံရတာလို့ပဲ ကိုယ်အောက်မေ့တယ်၊ အေးလေ ဘယ်တတ်နိုင်တော့မှာလဲ အခုချိန်မှာ စိတ်မကောင်းဖြစ်နေလည်း ကိုယ်ဘာမှ လုပ်မပေးနိုင်တော့ဘူး၊ သွင်ကိုရော သမီးကိုရော ကိုယ်ကျေးဇူးတင်ပါတယ်၊ ဒုက္ခိတလင်ယောကျ်ား ဒုက္ခိဖခင်တစ်ယောက်ကို မငြိုမငြင် ပြုစုနေလို့ပါ"

"ဒါတွေမပြောပါနဲ့တော့ ကိုနိုင်ရယ်၊ တစ်ဦးနဲ့တစ်ဦး ဆုံဆည်းကြရတယ် ပေးဆပ်ကြရတယ်ဆိုတာ ကံအကြောင်းတရားတွေပါလာလို့ပေါ့၊ ဟော ကျောင်းကားသံကြားတယ် မြေးလေး ပြန်လာပြီ"

ကျောင်းကားပေါ်က ပြေးဆင်းလာသော ထွန်းသင်္ဂါလေးကိုမြင်မှ အားလုံး အာရုံပြောင်းသွားကြသည်။ သုံးတန်းကျောင်းသားအရွယ်ရောက်နေပြီဖြစ်သော ထွန်းသင်္ဂါက အမေကိုမြင်သည်နှင့် ရင်ခွင်ထဲတိုးဝင်ကာ ပါးလေးနှစ်ဖက်ကို ဘယ်ပြန်ညာပြန် နမ်းသည်။ ယမင်းယုသွင်ကလည်း သားလေးရဲ့ ပါးလေးနှစ်ဖက်ကို ချစ်မြတ်နိုးစွာ ပြန်နမ်းလိုက်ပြီး

"သားလေး ကျောင်းမှာပျော်ရဲ့လား"

"ဟုတ်ကဲ့ ပျော်ပါတယ် မေမေ"

"စာတွေရော လိုက်နိုင်လား သား"

"လိုက်နိုင်ပါတယ် ဒီနှစ်လည်း သား ပထမရမှာ"

"ဟုတ်ပါပြီ မေ့သားလေးက အရမ်းတော်တာပဲ၊ သူငယ်ချင်းတွေ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ကစားရတာရော ပျော်လား သား''

''ဟုတ်ကဲ့ ပျော်တော့ပျော်ပါတယ် မေမေ''

''ပျော်တော့ပျော်ပါတယ်ဆိုတော့ မပျော်ရတဲ့အကြောင်းရော ရှိသေးလို့လား သား''

''သားမှာ အဖေမရှိလို့တဲ့၊ တချို့သူငယ်ချင်းတွေက မခေါ်ချင်ကြဘူး''

''ဩော် သားရယ်၊ ဖေဖေ ဆုံးသွားလို့လို့ ပြောလိုက်ပေါ့၊ တချို့ဆိုလည်း ဒီလိုပဲ အဖေသေတဲ့သူ အမေသေတဲ့သူ ရှိကြတာပဲ၊ ဒါက အားငယ်စရာမလိုဘူးနော် သား၊ သားမှာ မေမေရှိတယ်၊ ဘိုးဘိုးဘွားဘွားတို့ရှိတယ်''

''သူများတွေလို ဦးဦးတို့အန်တီတို့ကျတော့ ဘာလို့မရှိတာလဲ မေမေ၊ တခြားညီအစ်ကို မောင်နှမတွေရော''

''ဒါက သားကို မေမေက တစ်ယောက်တည်းမွေးထားလို့ပေါ့ သားရယ်''

''မေမေနောက်ယောက်ျားယူလိုက်ရင်တော့ သားအတွက် ညီလေး ညီမလေးတွေ ရလာနိုင်တာပေါ့နော်''

''အဟင်း ဟင်း သားက ပေါက်ကရတွေ မေးတော့မယ်၊ အဲဒီလို စကားမျိုးတွေ ဘယ်သူက ပြောလိုက်တာလဲ သား''

''သူငယ်ချင်း ဝေယံက ပြောတာ၊ သူ့အမေက နောက်ယောက်ျားယူပြီး သူ့အတွက် ညီမလေးတစ်ယောက် မွေးပေးတယ်တဲ့၊ ဗိုက်ထဲမှာလည်း နောက်ထပ်မွေးဖို့ ရှိသေးတယ်လို့ပြောတယ်''

''ဟုတ်လား ဟင်း ဟင်း''



သားလေးပြောတာကို သဘောကျစွာရယ်လိုက်မိသည်။ သားလေးလည်း အဖော်မက်ရှာပေမပေါ့။ ဒီအိမ်ကြီးထဲမှာ ထက်အောက်ရွယ်တူ ကစားဖော်မရှိ သွေ့ခြောက်စွာ၍နေနေရတာ။

ကစားစရာ ပစ္စည်းမျိုးစုံဝယ်ပေးထားသော်လည်း တစ်ယောက်တည်းပဲ ကစားလိုက်၊ နာနီထမင်းခွံ့ကျွေးရင် စားလိုက်၊ ကျောင်းလိုက်ပို့ရင် သွားလိုက် ဖြစ်နေတာကြောင့် တောင့်တမှုလေးတွေရှိလာခဲ့တာဖြစ်လိမ့်မည်။ သားလေးကို ကရုဏာသက်စွာ ပွေ့ဖက်ထားလိုက်ပြီး

''သားကျောင်းပိတ်ရင် မေမေ ကစားကွင်းလိုက်ပို့မယ်နော် သား''

''ဟင် မေမေက အလုပ်ဆင်းရမှာ အလုပ်ရတော့မှာဆို''

''ဩော် အင်း အဲဒါက အဆင်မပြေသေးလို့''

''ဟင် မေမေ အလုပ်မရတော့ဘူးပေါ့''

''ကဲပါ သားလေး ရေချိုးပြီး ညနေစာစားရအောင်နော်၊ ညကျတော့ မေမေ ပုံပြောပြီး သိပ်မယ်၊ ကျောင်းပိတ်ရက်ကျရင်လည်း ကစားကွင်းလိုက်ပို့မယ် ဟုတ်ပြီနော်၊ သားလေး အခုနာနီနဲ့လိုက်သွား''

''ဟုတ်ကဲ့ မေမေ အာဘွား''

သားလေးက ဘယ်ပြန်ညာပြန် အာဘွားပေးပြီးမှ နာနီနောက်ကို လိုက်သွား၏။ အဲဒီလို အချွဲပိုပြီး စကားတတ်လွန်းတာကြောင့် အချစ်ပိုနေရတာပါ။

ဒီသားလေးရှိနေတာကြောင့် ဖေဖေနှင့်မေမေ စိတ်သက်သာရာ ရနေခြင်းဖြစ်သည်။ သူမလည်း ဒီအတိုင်းပါပဲ။

စိတ်နှင့်ခန္ဓာက မကပ်ဘဲ မောပမ်းမွန်းကျပ်နေသည့်အချိန်မျိုးမှာ သားလေးရဲ့အနမ်းတစ်ချက်နှင့် ပြေပျောက်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



သွေးသစ်ဉာဏ် ဘယ်လိုကြောင့် လုပ်ငန်းရှင်သူဌေးဖြစ်သွားတာလဲ။ ကြမ်းတမ်းရင့်သီးစွာ ပြောဆိုပြီး သူမကိုနှင်ထုတ်ခဲ့သည်။ တစ်ချိန်က စွန့်ပစ်ခဲ့တာကြောင့် နာကြည်းစွာဆက်ဆံလိုက်သည်ဆိုတာ သူမ နားလည်ပါသည်။ ဒီထက်မက အပြစ်တင်ပြောဆိုမည်ဆိုလည်း သူမ ခံရမှာပါ။

"သမီး"

"ရှင်"

"သမီးအိတ်ထဲက ဖုန်းသံမြည်နေသလိုပဲ"

"ရှင် ဟုတ်ကဲ့"

အတွေးတွေလွင့်ပျံနေတာမို့ ဖုန်းမြည်သံကိုပင် မကြားလိုက်ပေ။ ဖုန်းနံပါတ်ကိုကြည့်လိုက်တော့ ကမ္ဘာမြေကုမ္ပဏီက မန်နေဂျာ ကိုဇေယျာရဲ့ ဖုန်းနံပါတ်ဖြစ်နေသည်။ ဘာကိစ္စ ဘာအကြောင်းနှင့်များ သူမဆီဖုန်းဆက်ပါလိမ့်။

သူတို့သူဌေး သွေးသစ်ဉာဏ်က သူမကို ယဉ်ကျေးမှုမဲ့စွာ ဒေါသတကြီး နှင်ထုတ်လိုက်တာကြောင့် အားနာလို့ဖြစ်လိမ့်မည်။

"ဟယ်လို ဟုတ်ကဲ့ ပြောပါ ကိုဇေယျာ"

"ဟို ယမင်းယုသွင်ကို အလုပ်ခန့်တဲ့အကြောင်း လှမ်းပြောတာပါ"

"ရှင် ကျွန်မကို အခုပဲ ရှင်တို့သူဌေးက အလုပ်မခန့်နိုင်ပါဘူးဆိုပြီး နှင်ထုတ်လိုက်တာလေ"

"ဟုတ်ကဲ့ အဲဒီကိစ္စ ကျွန်တော်တို့ အခုပဲ ဆွေးနွေးပြီးပါတယ် သူဌေးက ယမင်းယုသွင်ရဲ့အရည်အချင်းကို မသိသေးလို့ အဲဒီလို ဆက်ဆံတာပါ၊ အခု ကျွန်တော်တို့ပြောပြလိုတော့ သူ သဘောပေါက်သွားပါတယ် အဲဒါကြောင့်ပဲ အလုပ်ခန့်တဲ့ကိစ္စ အကြောင်းကြားနိုင်းတာပါ၊ တစ်ရက်နေ့





ကစပြီး ယမင်းယုသွင် အလုပ်ဆင်းလို့ရပါပြီ"

"ဟုတ်မှလည်း လုပ်ပါ ကိုဇေယျာရယ်၊ ယုကို ကိုဇေယျာတို့ အဆင်ဆင့်အကြိမ်ကြိမ် အင်တာဗျူးပြီး လက်တွေ့စမ်းသပ်ကြည့်ပြီး အလုပ်ခန့်ထားတာတောင် သူဌေးရဲ့လက်မှတ်က အရေးကြီးတယ်ဆိုပြီး နှင်ထုတ်ခံထားရတာပါ အခုလည်း"

"သေချာပါတယ် သေချာပါတယ် ယမင်းယုသွင်၊ သူကိုယ်တိုင် အလုပ်ခန့်တဲ့အကြောင်း ပြောခိုင်းတာပါ၊ တစ်ရက်နေ့ကစပြီး ယမင်းယုသွင် အလုပ်ဆင်းလို့ရပါပြီ၊ ကျွန်တော် လုံးဝ တာဝန်ယူပါတယ်"

"ကောင်းပြီလေ ကျွန်မ လာကြည့်ပါမယ်"

"ကောင်းပါပြီ ကျေးဇူးပါ မယမင်းယုသွင်"

ပြောသာ ပြောလိုက်ရသော်လည်း ရင်တွေကတော့ မောနေသည်။ ဖြစ်နိုင်လျှင် သွေးသစ်ဉာဏ်နှင့်ထပ်မဆုံချင်တော့ပါ။ ပြီးခဲ့တာတွေက ပြီးခဲ့ပြီ ဖြစ်သလို ဖြစ်ခဲ့တာတွေက သူမဘက်က အလွန်တွေချည်းပင်။

ဟိုတစ်ချိန်က ဒူးထောက်တောင်းပန်ခဲ့သည့် သွေးသစ်ဉာဏ်ရဲ့ မျက်ရည်တွေ။ အဲဒီမျက်ရည်တွေက သူမအတွက် ဟိုအရင်ချိန်တည်းက မှလောင်ခဲ့သည်ဆိုပါသော်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

သူမ ဒီနေ့အလုပ်စဆင်းရမှာ စိတ်တွေလှုပ်ရှားနေမိသည်။ ဘယ်မှာမှအလုပ်မလုပ်ဘဲ မိသားစုကိုပဲ အချိန်ပေးစောင့်ရှောက်နေခဲ့တာ နှစ်တွေမနည်းတော့။ အခုကတော့ အလုပ်လုပ်မှ ဖြစ်တော့မည့်အခြေအနေမို့ သူမ အလုပ်လျှောက်လိုက်ရခြင်းပင်။

တိုက်ဆိုင်စွာ သွေးသစ်ဥာဏ်က သူမရဲ့အလုပ်ရှင်သူဌေးဖြစ်နေပြီး ရှောင်တိမ်းကာ တခြားကုမ္ပဏီတွေမှာ ပြောင်းလုပ်ဖို့စဉ်းစားမိသေးသော်လည်း ဒီကုမ္ပဏီမှာက လုပ်ခလစာရမှာမနည်းပေ။

အစမ်းခန့်ကာလ သုံးလအတွင်းမှာ ဆယ်သိန်း၊ ယာယီဝန်ထမ်းကနေ အတည်ဖြစ်သွားလျှင်တော့ ဆယ့်ငါးသိန်းခန့်ထိ တိုးပေးဖို့ ရည်ရွယ်ထားသည်မို့ ဘယ်ကုမ္ပဏီကမှ ဒီလောက်ငွေကို ပေးမှာမဟုတ်။

ဒီအချိန်မှာ မိသားစုအတွက် ပေးကမ်းထောက်ပံ့စောင့်ရှောက်နိုင်ဖို့က အရေးကြီးနေသည်။



"သမီး ကုမ္ပဏီသွားတော့မလို့လား"

"ရှင် ဟုတ်ကဲ့ မေမေ"

"မနက်စာ စားသွားဦးလေ သမီး။ ဒေါ်မြကြ ကြက်သားပလာတာ လုပ်ပေးထားတယ်၊ မြေးလေးရော"

"နာနီရေချိုးပြီး အဝတ်အစားလဲပေးနေတယ် မေမေ၊ ကျောင်းသွားဖို့အတွက် အဆင်သင့်ဖြစ်အောင်လို့"

"ဒါဆို သမီးအရင်ဝင်စားလိုက်လေ"

"ယူ မစားတော့ပါဘူး ဘူးနဲ့ပဲထည့်ယူသွားတော့မယ်၊ နေ့လယ်စာပါပြီးသွားတာပေါ့"

"ကုမ္ပဏီက နေ့လယ်စာကျွေးပြီး ကော်ဖီကိုလည်း စက်နဲ့ဘယ်အချိန်သောက်သောက် စီစဉ်ပေးထားတယ်ဆို"

"ဒီနေ့မှအလုပ်စဆင်းမှာဆိုတော့ ဘယ်လိုအခြေအနေမှန်း မသိသေးပါဘူး မေမေရယ်"

"အေးပါ ဒါဆိုလည်း ထည့်ယူသွားပေါ့၊ ဒေါ်မြကို မေမေ ထည့်ခိုင်းလိုက်မယ်၊ အိမ်ကကားကို သမီး မောင်းသွားမှာမဟုတ်လား၊ ကားကိုတော့ ဂရုစိုက်မောင်းနော် သမီး"

"ဟုတ်ကဲ့ အခု ကားယူသွားလိုက်မယ်၊ နောက်ကျ ဖယ်ရီအဆင်ပြေတော့ ဖယ်ရီပဲစီးတာပေါ့၊ အသွားအပြန်ဆိုတစ်လလုံး ဆီဖိုးက မနည်းဘူးကုန်မှာ"

"သမီးလည်း မေမေတို့ကြောင့် ချွေတာစီးစ်သုံးနေရတယ်၊ မေမေတို့ကလည်း ဘာမှပြန်လုပ်မပေးနိုင်ဘူးကွယ်"

"အဲဒီလို စကားတွေမပြောပါနဲ့ မေမေရယ်၊ ဖေဖေနဲ့မေမေ ယု

www.burmeseclassic.com

www.burmeseclassic.com



ရွာမှာ အသက်ရှင်နေပေးတာပဲ ယု ကျေးဇူးတင်ပါတယ်၊ ပေးဆပ်ခွင့်ရလို့ ပေးဆပ်ရတာ ယုအတွက် ကံကောင်းခြင်းတစ်မျိုးပါ"

ထိုစကားတွေအတွက် ဦးမျိုးနိုင် ဝိုးချဲပေါ်ကနေ မျက်ရည်ဝဲစွာ ခံစားလိုက်ရသည်။ ဒီသမီးက မိဘကျေးဇူးသိတတ်သူပါ။ ကိုယ်က အခုထိ တာဝန်မကျေခဲ့နိုင်တာကိုပဲ နောင်တရလို့မဆုံးပေ။

"တကယ်ဆို ဖေဖေက သမီးကို ကားမောင်းလိုက်ပို့သင့်တာပါ ကွယ်၊ ဒီခြေထောက်တွေသာ ကောင်းနေသေးရင် လက်ကျန်အချိန်တွေကို ဖေဖေ တာဝန်ကျေအောင် ကြိုးစားနိုင်ဦးမှာ"

"စိတ်ထဲမထားပါနဲ့ ဖေဖေ၊ ကိုယ့်ကိုကိုယ် အပြစ်တင်တဲ့စကားမျိုးတွေလည်း နောက်ဘယ်တော့မှ မပြောပါနဲ့တော့၊ အဲဒီလိုတွေပြောနေတာက ယုကို ပင်ပန်းအောင်လုပ်နေသလိုပါပဲ၊ ဖေဖေတို့က ယုကို အားနာနေရင် ယု စိတ်မကောင်းဖြစ်ရတယ်၊ ဖေဖေနဲ့မေမေကို ယု စိတ်ချမ်းသာသာပဲ ထားချင်တာပါ"

"စိတ်ချမ်းသာပါတယ် သမီးရယ်၊ သမီးနဲ့မြေးနဲ့ ဒီလိုအခြေအနေမျိုးမှာနေရတာ ဖေဖေတို့ပျော်ပါတယ် စိတ်ချမ်းသာပါတယ်၊ ဒီလိုဆိုပြန်တော့ ဦးထွန်းအောင်မိုး စောစောသေသွားတာပဲ ကျေးဇူးတင်ရမလို ဖြစ်နေတယ်၊ သူသေလို့သာ သမီးရော မြေးရော ပြန်လာလို့ရတာ မဟုတ်လား။ မဟုတ်ရင်တော့ ဟိုမှာအခြေချပြီး သမီးတို့ကိုခေါ်ထားမှာ၊ ဒါဆို ဖေဖေတို့ ဘယ်အတူနေလို့ရတော့မှာလဲ"

"ရှင့်သူငယ်ချင်းက အစကတော့ သမီးကို သူ့သားနဲ့ပဲ ပေးစားချင်တာလိုလို့နဲ့ နောက်ဆုံး သူကူညီခဲ့တဲ့တန်ရာတန်ကြေးရအောင် သမီးအရွယ်လေးကို အားမနာပါးမနာ လက်ထပ်ပြီး နိုင်ငံခြားခေါ်သွားတယ်၊ ရှင့်ကိုကယ်





တင်ပေးတာ ကျေးဇူးတင်ပေမယ့် ဖအေအရွယ်လောက်ကို သမီးလက်ထပ်လိုက်ရတာတော့ သွင် တစ်သက်လုံးစိတ်ကောင်းမှာမဟုတ်ဘူး ကိုနိုင်"

"ဒီကိစ္စက သမီးလက်ခံတယ်ဆိုလို့ ကိုယ်ဘာမှမပြောတာပါ သွင်၊ သမီးသာ လက်မခံဘူးဆိုရင် ကိုယ်ဘယ်လောက်ပဲ ဒုက္ခရောက်ရောက် ဒုက္ခတကြီးဖြစ်နေနေ ကိုယ် လုံးဝသဘောတူမှာမဟုတ်ပါဘူး"

"ဒါ ဖေဖေ့အပြစ်မဟုတ်ပါဘူး။ ဖေဖေက လုပ်ငန်းပျက်ရုံမကဘဲ အိမ်ရော ကားရော ရောင်းဆပ်လို့တောင် အကြွေးတွေမကျေလို့ သေကြောင်းကြံစည်တဲ့အထိဖြစ်ခဲ့တာ၊ ဦးထွန်းအောင်မိုးသာ မကူညီခဲ့ရင် ဒုက္ခိတဘဝကြီးနဲ့ ဖေဖေ ထောင်ကျဦးမှာလေ၊ ယုတို့သားအမိလည်း နေစရာစားစရာမရှိ ဒုက္ခရောက်မှာ၊ ကူကယ်ရာမဲ့နေတဲ့အချိန်မှာ ကူညီတဲ့သူက ကျေးဇူးရှင်အစစ်ပါ၊ ဒီလိုသာမလုပ်ရင် သူကူညီခဲ့တဲ့ငွေကြေးတွေကို ယုတို့ ဘယ်လိုပြန်ဆပ်ကြမှာလဲ၊ ဒီလိုအခြေအနေမျိုးနဲ့ရော နေနိုင်မှာတဲ့လား"

"ဒါတော့လည်း ဟုတ်ပါတယ်"

မေမေ့အသံ ပျော့ကျသွားသည်။ ဖေဖေက ခေါင်းငိုက်စိုက်ဖြင့်

"အဖေအရွယ်ယောကျ်ားကို ယူလိုက်ရတာကို သမီးက စိတ်မနာတဲ့အပြင် မိဘတွေအပေါ်သိတတ်လိမ္မာလို့ ဖေဖေ ကျေးဇူးတင်ပါတယ် သမီး၊ အပြစ်တွေများခဲ့တဲ့ ဖေဖေကို မငြိုမငြင် စောင့်ရှောက်နေလို့ တစ်နေ့ကျရင် သမီး အဲဒီအကျိုးကျေးဇူးတွေ ပြန်ခံစားရမှာပါကွယ်"

"ယုမှာ အဲဒီလို မျှော်လင့်ချက်တွေ မရှိပါဘူး ဖေဖေ၊ ဒီလိုဘဝနေခွင့်ပေးတဲ့ ဦးထွန်းအောင်မိုးကြောင့် အကျိုးကျေးဇူးတွေ ခံစားနေရတာပဲလို့ ယု အောက်မေ့ပါတယ်"

"ထွန်းအောင်မိုး နည်းနည်းတော့ မတရားဘူးလို့ထင်တယ် သမီး၊



www.burmeseclassic.com

www.burmeseclassic.com



သူ့သွေးသားကိုတော့ အသက်နှစ်ဆယ်ပြည့်မှလွှဲပေးဖို့အတွက် ဘဏ်မှာ သိန်းငါးထောင်အပ်ထားပေးခဲ့တယ်၊ သမီးကိုကျတော့ သိန်းတစ်ထောင်တဲ့၊ အဲဒီငွေက တစ်သက်လုံးစားလို့ရမှာတဲ့လား။ အခုငါးနှစ်ကျော်ပဲရှိသေးတယ်၊ ဘဏ်မှာ သိန်းနှစ်ရာလောက်ပဲ ကျန်တော့လို့ သမီးအလုပ်ထွက်လုပ်ရတော့မယ်''

''သိန်းရှစ်ထောင်ကျော်တန် ဒီအိမ်ကြီးနဲ့ ကားတစ်စီးလည်း ပေးခဲ့သေးတယ်၊ ဖေဖေ့အကြွေးတွေ ဆပ်ပေးရတယ်၊ ဖေဖေ့ဆေးကုသစရိတ်တွေရော ဟိုမှာ ယုတို့နေတဲ့အချိန်မှာ ဖေဖေတို့ကို လစဉ် သူထောက်ပံ့နေခဲ့တယ်၊ ဒီကိစ္စတွေအားလုံး သူ့မိန်းမ သူ့သားသမီးတွေ မကြည်ဖြူ ငြိုငြင်နေတဲ့ကြားက သူ ရအောင်စီစဉ်ပေးသွားခဲ့တာပါ ဖေဖေ''

''သမီးလောက်ရှိတဲ့ အပျိုစင်တစ်ယောက်ကိုရတာ သူ ဒီလောက်တော့ လုပ်ပေးသင့်တာပေါ့ သမီး။ သူ့မှာမယားကြီးရှိရဲ့နဲ့ သမီးကိုယူခဲ့တယ်၊ သူငယ်ချင်းဆိုပြီး ဖေဖေ့ကို စေတနာသန့်သန့်နဲ့ကူညီခဲ့တာမဟုတ်ဘူး။ သမီးကိုလိုချင်လို့ လာဘ်ထိုးခဲ့တာပဲ''

''ဖေဖေ ဒီလိုတွေမလုပ်ခဲ့ရင် ဒီလိုကိစ္စတွေ ဖြစ်မလာနိုင်ပါဘူး ဖေဖေ၊ တကယ်ဆို ဦးထွန်းအောင်မိုးက ယုတို့ရဲ့ကျေးဇူးရှင်ပါ၊ သူ့ကြောင့် ယုတို့ ဒီလိုနေနိုင်စားနိုင် အဆင့်အတန်းရှိရှိနေနိုင်တာပါ''

''သမီး''

အသက်ကြီးပေမယ့် လင်ယောကျ်ားတော်ခဲ့ဖူးသူ ရင်သွေးလေးရဲ့ အဖေလည်းဖြစ်နေတာကြောင့် သမီးက ထွန်းအောင်မိုးကို မကောင်းပြောတာကို မကြိုက်တာဖြစ်လိမ့်မည်။ ကိုယ်လည်း ထွန်းအောင်မိုးကျေးဇူးတွေကို မသိလို့မဟုတ်။ ဒီကိစ္စတွေ မဖြစ်ခင် အစပိုင်းတွေက သမီးရဲ့လိမ္မာသိတတ်



မှုတွေကြောင့် သမီးကို သူ့သားနှင့်လက်ထပ်ပေးစားချင်သည့်အကြောင်းတွေ ပြောခဲ့ဖူး၏။

ထွန်းအောင်မိုးက ဘဏ်တွေလည်းပိုင် တခြားလုပ်ငန်းတွေလည်း အများကြီးပိုင်ဆိုင်သည့်သူမို့ သူ့ရဲ့သားနှင့်လက်ထပ်ပေးစားချင်တာကို သမီးအတွက်ဝမ်းသာဂုဏ်ယူနေခဲ့မိတာပါ။ နောက်ပိုင်း ဘယ်လိုတွေဖြစ်ပြီး ဒီလိုကိစ္စတွေပြောင်းလဲသွားသည်ဆိုတာ

''ဘိုးဘိုး''

''အော် မြေးလေး ကျောင်းသွားတော့မလို့လား။ မနက်စာ သွားစားဦးနော်၊ မေမေက ဒီနေ့အလုပ်သွားမှာ၊ မြေးလေးကိုခွံ့ကျွေးနိုင်မှာမဟုတ်ဘူးနော်၊ နာနီ ခွံ့ကျွေးလိမ့်မယ်နော် မြေးလေး''

''ဟုတ်ကဲ့ မေမေရော စားပြီးပြီလား''

''မေမေ မစားတော့ဘူး သားရဲ့၊ အလုပ်ထဲကို ဘူးနဲ့ထည့်ယူသွားမှာ၊ သားလေးကျောင်းကားလာကြိုဖို့ နီးနေပြီ၊ နာနီနဲ့မြန်မြန်သွားစားလိုက်နော်''

''မေမေ အာဘွား''

''အာဘွား သားလေး''

နာနီခေါ်သွားသော သားလေးကိုကြည့်၍ ဒီအရွယ်တောင်ရောက်ပြီပဲဟု တွေးလိုက်မိ၏။ အချိန်တွေက ဘယ်လောက်တောင် ကြာသွားခဲ့ပြီလဲ။

''ယု သွားတော့မယ် ဖေဖေ၊ စကားပြောနေရင်းနဲ့ အလုပ်နောက်ကျတော့မယ်''

''အေး အေး ကားကိုဂရုစိုက်မောင်းနော်''

''ဟုတ်ကဲ့''

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်မြ သမီးအတွက် ကြက်သားပလာတာ ရပြီလား"

"ရပါပြီ ကားထဲမှာ သွားထားလိုက်တယ်"

"ဒါဆို သွားပြီနော် မေမေ"

"အေးအေး သမီး"

မေမေက ကားနားအထိလိုက်ပို့သည်။ မေမေ့ကိုလက်ကလေးပြကာ သူမ ကားကိုမောင်းထွက်လာခဲ့၏။ သူမရဲ့ဘဝက အတိတ်ကိုတမ်းတလွမ်းဆွေတ်လို့မဖြစ်။ ပစ္စုပ္ပန်တည့်တည့်ကို ရင်ဆိုင်ရင်း အနာဂတ်အတွက် ကြိုးစားရုန်းကန်ရတော့မည်။

ထို့အတွက်ကြောင့် သွေးသစ်ဥာဏ်ကိုလည်း အတွေးထဲမှာတောင် ထားလို့ မဖြစ်ပေ။ နင့်ကို ဒီလိုဘဝမျိုးမှာ မြင်ရတဲ့အတွက် ငါ အရမ်းကို ဝမ်းသာပီတိဖြစ်နေမိပါတယ် သွေးသစ်ဥာဏ်ရယ်။

■ ■ ■

## အခန်း (၆)

"ကျွိ"

"ကျွိ"

ကားနှစ်စီးရဲ့ဘရိတ်အုပ်သံနှစ်ခုက ခပ်ကျယ်ကျယ်ထွက်လာ၏။ ကားပေါ်ကနေ မျက်ထောက်နီဖြင့် ဒေါသတကြီး အရင်ဆင်းလာသူက သွေးသစ်ဥာဏ်။ သူမ ကားတံခါးကို တဒုန်းဒုန်းထုနေတာမို့ ကားမှန်ကို လျှော့ချလိုက်ရသည်။

"ဒါ ဝန်ထမ်းတွေကားပါကင်ထိုးရမယ့်နေရာမဟုတ်ဘူးဆိုတာ မင်း မသိဘူးလား"

"ယု ဒီနေ့မှ အလုပ်စဆင်းတာ ဘယ်လိုလုပ်သိမှာလဲ"

"မသိရင် နောက်မှတ်ထား။ ဒီနေရာက ဒီကုမ္ပဏီပိုင်ရှင်သူဌေးနဲ့ သူ့ရဲ့လုပ်ငန်းတွေ အဆင့်အတန်းတွေ ပါတနာတွေ ကားပါကင်ထိုးဖို့နေရာပဲ အတင်း သူများဆီမှာ အောက်လက်ငယ်သားဝန်ထမ်းလာလုပ်တဲ့သူက ကိုယ်ပိုင်ကားကို ကိုယ်တိုင်မောင်းလာတယ်ဆိုတော့ အံ့ဩစရာပဲ၊ ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com



သူဌေးကတော်ဖြစ်ခဲ့ဖူးတယ်ဆိုတော့လည်း ဒီလောက်တော့ ပါဝါကျနိုင်ဦးမှာ ပေါ့လေ၊ အထည်ကြီးပျက်ပဲခေါ်ရမလား''

''နင်ဘာလို့ ငါ့ကိုခနဲ့နေတာလဲ သွေးသစ်ဥာဏ်''

''နီး သွေးသစ်ဥာဏ် နင် အဲဒီလို ခေါ်လို့မရဘူးလေ၊ အခု ငါက နင့်ရဲ့အလုပ်ရှင်သူဌေး၊ နင်က အောက်လက်ငယ်သားဝန်ထမ်း။ ကိုယ့် အဆင့်ကိုယ်သိမှပေါ့ ယမင်းယုသွင်၊ မကျေနပ်သလို အဲဒီမျက်နှာ အဲဒီ အပြောမျိုးကို ဆင်ခြင်ပါ၊ ငါ့ကို ဘယ်လိုလေးစားရိုကျိုးပြီး ဆက်ဆံရမယ် ဆိုတာနားလည်မှ ဒီအလုပ်ကို ဝင်သင့်တယ်''

စကားလုံးတွေက ရင့်သီးလွန်းသည်။ မျက်လုံးအကြည့်တွေက စိမ်းသက်လွန်း၏၊ တစ်ချိန်က အဖြစ်အပျက်တွေကို နာကြည်းနေတာကြောင့် သူမအပေါ် ဒီလိုမောက်မာစွာ ဆက်ဆံနေတာ နားလည်ပေးနိုင်ပေမယ့် ရင်ထဲမှာတော့ နာကျင်ရှုရှစွာ ခံစားရသည်။ ဒါပေမဲ့ သူမ တွန်းလှန်ဆန့်ကျင် နိုင်သည့်အင်အားမရှိပါ။ ဒီကုမ္ပဏီကပေးသည့်လစာမျိုး ဘယ်ကုမ္ပဏီမှာမှ မရနိုင်။ သူမတို့ပြဿနာဖြစ်နေသည့်နေရာကို ကိုဖေယျာ အပြေးရောက်လာ ခဲ့ပြီး''

''ဘာဖြစ်နေကြတာလဲ ဘာပြဿနာဖြစ်လို့လဲဟင်''

''ကိုဖေယျာ ခင်ဗျား သူ့ကိုပြောမထားဘူးလား။ ဝန်ထမ်းတစ် ယောက်ရဲ့စည်းမျဉ်း စည်းကမ်းတွေ၊ သူက သူဌေးကတော်တစ်ယောက်ရဲ့ မာန်မပြေ့မပျောက်သေးဘူးဖြစ်နေတယ်၊ အခုလက်ရှိအခြေအနေမှာ သူ့အဆင့် အတန်းသူမသိဘူး''

''ဟုတ်ကဲ့ ကျွန်တော် ပြောပြထားပါမယ်''

''အေး သူ အလိုက်မသိဘူင် ခင်ဗျားမှာတာဝန်ရှိတယ်နော်၊ သူ့





ခင်ဗျားနဲ့ ဝိုးကျော် အလုပ်ခန့်ထားတာ၊ သူ့အနေအထိုင် အပြောအဆိုမတတ် ရင် ခင်ဗျားတို့ပါ အလုပ်ထွက်ရမယ် နားလည်လား''

''ဟုတ် ဟုတ်ကဲ့ သူဌေး နားလည်ပါတယ် သူ့ကို ကျွန်တော်တို့ ပြောထားလိုက်ပါမယ်''

ထိုသို့ပြောလိုက်မှ သွေးသစ်ဥာဏ် ကျေနပ်သွားသလို ကုမ္ပဏီထဲ ဝင်သွားသည်။ နေရာမှာ ကျန်ခဲ့သော ကိုဖေယျာက ယမင်းယုသွင်ကို အားနာသလိုကြည့်လိုက်ပြီး

''သူ ဘာပဲပြောပြော ဘယ်လိုပဲပြောပြော စိတ်ထဲမထားပါနဲ့ ယမင်းယုသွင်၊ သူ ဘာကြောင့် ဒီလိုဖြစ်နေတယ်ဆိုတာ ယမင်းယုသွင်က ပိုနားလည်မှာပါ၊ ဥာဏ်ကြီးကိုအတတ်နိုင်ဆုံး နားလည်ပေးပါဗျာ၊ တခြားသူ တွေနဲ့ဆိုရင် သူ့စိတ်က ဒီလိုမဟုတ်ပါဘူး''

''ဟုတ်ကဲ့ ယု နားလည်ပါတယ် ကိုဖေယျာ၊ ယု လုပ်ခဲ့တဲ့လုပ်ရပ် တွေက သူ့အတွက် နာကြည်းစရာတွေဖြစ်နေမှာပါ၊ ဒီထက်မက တိုက်ခိုက် ချင်တယ်ဆိုရင်လည်း ယု ခံဖို့အသင့်ပါ၊ ယုဘက်က မှားခဲ့တာလေ၊ သူ့မှာ အပြစ်မရှိပါဘူး''

''ဟုတ်ကဲ့ ကျွန်တော်တို့လည်း သိတန်သလောက် သိထားပေ မယ့် အခုသွေးသစ်ဥာဏ်ရဲ့ဆက်ဆံမှုတွေအတွက်တော့ ယမင်းယုသွင်၊ ဟို သူလို့ပဲခေါ်ခွင့်ပြုပါနော်၊ ခေါ်ရလွယ်အောင်လို့ပါ''

''ဟုတ်ကဲ့ ရပါတယ်''

''ဟို ယုကိုအားနာတယ်လို့ ပြောချင်တာပါ၊ ဒီကောင့်စိတ်ရင်းက တော့ အဖြူထည်ပါ၊ ယုကိုမြင်မှ အတိတ်ကအနာဟောင်းက ပြန်ပေါ်လာပြီး ခံစားနေရလားတော့ မပြောတတ်ဘူး ဒါပေမဲ့ တစ်ချိန်လုံး သူကြိုးစားနေခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာဟာ ယုကြောင့်ဆိုတာတော့ ကျွန်တော်တို့သိတယ်၊ ယောကျ်ားတစ်ယောက်ကိုအောင်မြင်အောင် ကျရှုံးအောင်လုပ်နိုင်တာ မိန်းမတွေရဲ့အချစ်ပဲရှိတယ်၊ အချစ်ဆိုတာ ရုပ်တည်မှုဖြစ်လာနိုင်သလို မြတ်နိုးခြင်း ကြင်နာခြင်းတွေဖြစ်ပေါ်လာတယ်၊ ဒီကောင်ယုကို အရမ်းချစ်ခဲ့ပုံပေါ်တယ်''

ယမင်းယုသွင် သာသာလေးပဲ ခေါင်းညိတ်ပြလိုက်၏။ သူမအပေါ် သွေးသစ်ဥာဏ် ဘယ်လောက်ထိ မြတ်နိုးစွာချစ်ခဲ့သည်ဆိုတာ ရင်ထဲမှာခံစားမိနေဆဲပါ။

''ယု သွားတော့မယ် ကိုဖေယျာ၊ ဒီနေရာမှာ စကားပြောနေတာကြာရင် သူပြဿနာရှာနေဦးမယ်''

''ဟုတ်ကဲ့ ဘာပဲဖြစ်ဖြစ် ဉာဏ်ကြီးကို သည်းခံပေးပါဗျာ၊ ကျွန်တော်အနူးအညွှတ်တောင်းဆိုတာပါ၊ သူ့ဒဏ်ရာတွေအတွက် မာန်တော့ရှိနေလိမ့်မယ်''

''ဟုတ်ကဲ့ပါ''

ကုမ္ပဏီထဲကို ဝင်လာခဲ့ရသည့်ခြေလှမ်းတွေက တုံ့ဆိုင်းနေရသည်။ သွေးသစ်ဉာဏ်ရဲ့ရန်လိုတိုက်ခိုက်မှုများက အကြောင်းမဲ့သက်သက်မဟုတ်သော်လည်း သူမလည်း ဒဏ်ရာအသစ်တွေ ထပ်မရချင်၊

ပြီးခဲ့တာတွေက ပြီးခဲ့ပြီမဟုတ်ပါလား။

''သူ့အတွက် ရုံးခန်းသီးသန့်ထားပေးစရာ မလိုဘူး၊ သူ့ရာထူးသူ့အဆင့်ဘာပဲဖြစ်နေနေ သူက ငါ့ရဲ့လက်အောက်ငယ်သားဝန်ထမ်းပဲ ငါ ခိုင်းတာကို လုပ်ရမှာ၊ ငါထားရာမှာနေရမှာ''

''ဟုတ်တော့ ဟုတ်ပါတယ် ဉာဏ်ကြီးရာ၊ ဒါပေမဲ့ ယမင်းယုသွင်က ပညာရှင်အဆင့်နဲ့ဝင်လာတာ အလုပ်သင်ဝန်ထမ်းမဟုတ်ဘူး၊ တခြား





ကုမ္ပဏီတွေလည်း ကျွမ်းကျင်ပညာရှင်အဆင့်ဆိုရင် သီးသန့်ရုံးခန်းနဲ့ ထားပေးရတာပဲ၊ မင်းလည်း နိုင်ငံခြားမှာလုပ်လာတဲ့ကောင်ပဲ သိနေမှာပါ''

''မလိုဘူး ငါ့ကုမ္ပဏီမှာ ငါ့စည်းကမ်း ငါ့စနစ်ပဲဖြစ်နေရမယ်၊ ယမင်းယုသွင်ကို ငါ တောက်တိုမယ်ရခိုင်းဖို့အတွက် ငါ့ရုံးခန်းထောင့်မှာ ထားလိုက်၊ သူ့အတွက် ထားပေးထားတဲ့စားပွဲတွေ လက်ပ်တော့ပ်ဖိုင်တွေ ငါ့အခန်းထဲပြန်ရွှေ့လိုက်''

''ဟို ဉာဏ်ကြီး''

''စကားမများနဲ့ကွာ ခိုင်းတာလုပ်၊ သူမနေနိုင်ရင်အလုပ်ထွက်လိမ့်မယ် ရှင်းတယ်နော်''

''အေး အေးပါကွာ''

အခန်းထဲက အသံတွေကြောင့် သူမ မဝင်သေးဘဲ အခန်းပေါက်ရှေ့မှာပဲ ခြေစုံရပ်နေမိတာပါ။ သူမကြောင့် ကိုဖေယျာနှင့်စိုးကျော် အနေကျပ်နေရတာ စိတ်မကောင်းပေ။ ဘာကြောင့် ဒီလောက်တောင် သွေးသစ်ဉာဏ်ရဲ့စိတ်တွေကြမ်းတမ်းသွားရတာလဲ။ ဟိုအရင်က အရမ်းကိုနူးညံ့ယဉ်ကျေးသိမ်မွေ့သည့်သူတစ်ယောက်ပါ။ အခြေအနေခြင်းတွေ ကွာခြားကာ ဂုဏ်နေအင်အားတွေကြောင့် မောက်မာသွားခဲ့ခြင်းလား။

''ဟင် ယမင်းယုသွင်''

အခန်းဝအထွက်မှာ ယမင်းယုသွင်ကို မြင်လိုက်ရတာကြောင့် စိုးကျော် အားတုံ့အားနာဖြစ်သွားကာ

''ဟို နေ နေရာရွှေ့ရအောင်လို့ပါ၊ ဉာဏ်ကြီးက ယမင်းယုသွင်ကို သူ့ရုံးခန်းထဲမှာ ထားချင်လို့တဲ့၊ သူနဲ့အနီးကပ်ရှိစေချင်လို့ ဖြစ်လိမ့်မယ်''

''ရပါတယ် ယု ဘယ်နေရာမှာပဲနေရနေရ အဆင်ပြေပါတယ်၊

www.burmeseclassic.com



အလုပ်လုပ်ဖို့လာတာ ဘာအလုပ်ပဲလုပ်ရလုပ်ရ ဖြစ်ပါတယ်၊ သူ့ဆန္ဒစားရင် ရဲရမှာပေါ့၊ သူနိုင်းတာလုပ်ရုံပဲ”

“ဟုတ် ဟုတ်ကဲ့ပါဗျာ၊ ယုကပဲ နားလည်ပေးလိုက်ပါနော် နောက်ကျတော့ ယုရဲ့အရည်အချင်း အစွမ်းအစကိုသိသွားရင် ဒီလို ဆက်ဆံ တော့မှာမဟုတ်ပါဘူး”

“ဒီထက်ဆိုးဝါးတဲ့ဆက်ဆံမှုမျိုးနဲ့ရင်ဆိုင်ရမယ်ဆိုရင်လည်း အ တတ်နိုင်ဆုံး ယု သည်းခံဖို့စဉ်းစားထားပါတယ်၊ ဒီကာလစားမျိုး ဘယ်မှာမှ မရနိုင်လို့ပါ၊ ယုအတွက် ငွေက အရေးကြီးနေတယ်”

“ဟုတ်ပါပြီ ယုရယ်၊ ဘယ်လိုပဲဖြစ်ဖြစ်ပါ ဥာဏ်ကြီးကိုလည် သည်းခံပေးမယ်ဆိုတာနဲ့တင် ကျွန်တော်တို့စိတ်သက်သာရပါတယ်၊ တခြား လိုအပ်တာ အဆင်မပြေတာရှိရင် ကျွန်တော်တို့ကို ပြောပါနော်”

“ဟုတ်ကဲ့ပါ စိုးကျော်၊ ရှင်နဲ့ကိုဖေယျာကို ယု ကျေးဇူးတင်ပါ တယ်”

ဒီလူနှစ်ယောက်နှင့်သူမ ဆုံတာမကြာသေးပါဘဲ ဘာကြောင့် သူမ အပေါ် ဒီလောက်ထိကောင်းကြသည်မသိပေ။ သူမ ဒီကုမ္ပဏီကိုအလုပ် လျှောက်ဖို့အတွက် ဖောင်စတင်သည့်နေ့မှာပဲ သူမကိုခေါ်တွေ့ခဲ့သည်။

တရင်းတနှီး အရေးတယူ ဆက်ဆံကြ၏။ အင်တာဗျူးသည့်နေ့ မှာ သူမကိုနောက်ဆုံးထား အင်တာဗျူး၍ အချိန်နောက်ကျသွားလို့ဆိုပြီး ဟိုတယ်တစ်ခုမှာကျွေးမွေးဧည့်ခံခဲ့သည်။ တစ်ချိန်က သူ့ဖွေကြီးဦးထွန်းအောင် မိုးနှင့် လက်ထပ်ခဲ့တာ သိထားပြီး သူမရဲ့အခက်အခဲတွေကို မေးမြန်းခဲ့သည်။ သူမ သွေးသစ်ဥာဏ်ရဲ့ကဏ္ဍကို ချန်လှပ်ပြီး အခြေအနေတစ်ခုကြောင့် မဖြစ် မနေ အလုပ်လုပ်ရမည်ဆိုတာ ပြောပြခဲ့သည်။





သူတို့တွေက သူမအကြောင်း တော်တော်များများကို သိထားနှင့် ၏။ ဒါပေမဲ့ သွေးသစ်ဥာဏ်နှင့်ပတ်သက်နေမည့်သူတွေဟု သူမ တွေးပင် တွေးမထားမိပေ။

အခု သူတို့တွေက သူမကို သွေးသစ်ဥာဏ် မုန်းသလို ဘာကြောင့် မုန်းမနေကြတာလဲ။ သွေးသစ်ဥာဏ်ရဲ့ဝန်ထမ်းတွေဆိုသော်လည်း ဆရာ တပည့် ဝန်ထမ်းနှင့်သူဌေး ဆက်ဆံမှုများ မဟုတ်ကြ။

သူငယ်ချင်းအဆင့်ထက် ရင်းနှီးပတ်သက်မှုတွေရှိကြတာ ဖြစ် သည်။ ကိုဖေယျာနှင့်စိုးကျော်က ခင်ဖို့ကောင်းကြ၏။ သွေးသစ်ဥာဏ်ကတော့ စိတ်ကိုပုပ်လွန်းသည်။ သူမအပေါ် မုန်းတိုက်မုန်းသင့်လို့မုန်းတာ ပြဿနာ မဟုတ်သော်လည်း ဒီလိုဆက်ဆံမှုမျိုးနှင့် အမြဲတမ်းရင်ဆိုင်နေရမည်ဆိုလျှင် သူမ စိတ်ပင်ပန်းရမှာတော့ သေချာသည်။

ဒါပေမဲ့ သွေးသစ်ဥာဏ် ဘယ်လောက်ထိလုပ်နိုင်မလဲဆိုတာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"အဲဒါဘာလဲ"

"စာချုပ်လေ"

"စာချုပ်မှန်းတော့သိတာပေါ့၊ ဘာလုပ်ရမှာလဲလို့ မေးတာ"

"မင်းကိုသူများတွေလို အစမ်းခန့်ကာလကို သုံးလမသတ်မှတ်ပေးနိုင်ဘူး။ မင်းအတွက် အစမ်းခန့်ကာလက တစ်နှစ်"

"ဘာ အဲဒီလို ထုံးစံမျိုး ဘယ်မှာရှိလို့လဲ၊ ဘယ်ကုမ္ပဏီ ဘယ်လိုလုပ်ငန်းပဲဖြစ်ဖြစ် ဝန်ထမ်းတွေအတွက် အစမ်းခန့်ကာလဟာ အများဆုံး သုံးလပဲ၊ အဲဒါပြီးရင် အမြဲတမ်းဝန်ထမ်းခန့်ပြီး လစာပါတိုးပေးတာ"

"မင်းလစာတိုးပြီးလိုချင်တယ်ဆိုရင်တော့ အစမ်းခန့်ကာလတစ်နှစ်လုံးကို ဆယ့်ငါးသိန်းပေးနိုင်တယ်၊ အဲဒီတစ်နှစ်အတွင်းမှာ မင်းဘာက်ကမလုပ်နိုင်တော့ပါဘူးလို့ အရှုံးပေးထွက်သွားတာပဲဖြစ်ဖြစ် မလုပ်ချင်လို့ အလုပ်ထွက်တာပဲဖြစ်ဖြစ် အဲဒီလိုကိစ္စမျိုး ရှိလာခဲ့မယ်ဆိုရင် ဆယ်ဆပြန်လျော်ရမယ်၊ အေး တစ်နှစ်ပြည့်ပြီးလို့ အမြဲတမ်းအတည်ဝန်ထမ်းဖြစ်ချင်တဲ့ဆန္ဒ





ရှိရင်တော့ မင်းအတွက်လစာငွေဟာ သိန်းနှစ်ဆယ် သိန်းသုံးဆယ်၊ အဲဒီထက်မကလည်း ငါပေးနိုင်တယ်၊ မင်းစဉ်းစားလေ အဲဒီစာချုပ်ချုပ်နိုင်လား လက်မှတ်ထိုးနိုင်လား"

သူမ စိတ်ရှုပ်သွားခဲ့တာတော့ အမှန်ပင်။ သွေးသစ်ဉာဏ်အမျိုးမျိုး ဖြာသနာရှာနေသည်လို့ပဲ ပြောရမလား။ မက်မောလောက်သည့်ငွေကြေးတွေနှင့် မက်လုံးပေးပြီး သူမကိုသွေးတိုးစမ်းနေခဲ့တာ။

သူ့ကုမ္ပဏီမှာ အလုပ်လုပ်စေချင်တာလား။ မလုပ်စေချင်တော့ဘဲ စိတ်ကုန်ပြီး ထွက်ပြေးသွားအောင်လုပ်နေခြင်းလား။ ဖေဖေ မေမေနှင့်သားလေးအတွက် သူမ ဘယ်တော့မှထွက်မပြေးဘူးဟု ဆုံးဖြတ်ချက်ချလိုက်သည်။

"ရှင်ဖြစ်ချင်တာတွေ ရေးပြီးသားမဟုတ်လား၊ ကျွန်မ လက်မှတ်ထိုးလိုက်ရင် ရပြီလား"

"မင်းဖတ်ကြည့်ပါဦး၊ သဘောတူမှလက်မှတ်ထိုးပါ၊ ငါမတရားမလုပ်ပါဘူး"

မဲ့ရွဲ့ကာပြောနေပုံက တကယ့်ကို မထီတရီ မခိုးမခန့်ပါ။ သူမကို အထင်သေးစွာ လှောင်နေခဲ့တာလည်း သိသာသည်။

စာချုပ်ကိုယူပြီး ဖတ်လိုက်တော့ စည်းကမ်းစည်းမျဉ်းတွေ တင်းတင်းကျပ်ကျပ် ရေးထားတာတွေ့ရ၏။ သူ့အပေါ် ရိုကျိုးစွာဆက်ဆံရမည်ဆိုတာလည်းပါသည်။ သူခိုင်းသမျှ မငြိုမငြင် တာဝန်ကျေစွာလုပ်ပေးဖို့နှင့် လိုအပ်လို့ အိုဗာတိုင်ဆင်းခိုင်းလျှင်လည်း အကြောင်းပြချက်မရှိ လုပ်ပေးရမည်ဟု ကတိကဝတ်ပြုခိုင်းထား၏။

သူမ သက်ပြင်းတွေ လေးကန်စွာထွက်လာခဲ့ပြီး

www.burmeseclassic.com

www.burmeseclassic.com



“ကောင်းပါပြီ ကျွန်မ လက်မှတ်ထိုးပါမယ်”

“သေချာပြီနော်”

“သေချာပါတယ်”

“မင်းအတွက် အဲဒီလောက်တောင် ငွေလိုနေသလား။ ဖအေလောက်ရှိတဲ့အသက်ကြီးကြီး သူဌေးတစ်ယောက်ကို လက်ထပ်ခဲ့တာတောင် မင်းတစ်ဘဝလုံး ဖူလုံပြည့်စုံအောင် ခံစားခွင့်မကျန်ခဲ့ဘူးလား။ ယမင်းယုသွင် မင်းအဲဒီလောက် အ,မယ်မထင်ပါဘူး”

“ကျွန်မ ကိုယ်ရေးကိုယ်တာကို မဝေဖန်ပါနဲ့။ ရှင့်ရဲ့ဝန်ထမ်းဖြစ်တဲ့အတွက် လုပ်ငန်းကိစ္စပဲ ပြောပေးပါ”

“ဟင်း ငါကလည်း မင်းအကြောင်း စိတ်မဝင်စားပါဘူး။ ငါ့အလုပ်ကို ငါပေးတဲ့လစာနဲ့တန်ရာတန်ကြေး ပြန်လုပ်ပေးဖို့ပဲမျှော်လင့်တယ်၊ ငါ ငြိုငြင်ရမယ့်ကိစ္စမျိုး မဖြစ်အောင် နေတတ်ဖို့လည်း သတိပေးချင်တယ်၊ ကဲ လက်မှတ်ထိုးပါ”

စာချုပ်ကို ပြီးဆုံးအောင်မဖတ်တော့ဘဲ သူမ လက်မှတ်ထိုးပေးလိုက်သည်။ ဘာကိစ္စ ဘာအကြောင်းပဲဖြစ်နေနေ အဆင်ပြေနိုင်သည့်ငွေကြေးရနေတာမို့ လုပ်ကိုလုပ်ရမည် မဟုတ်ပါလား။

သွေးသစ်ဥာဏ်က ခုံလည်ထိုင်ခုံကို ကျောကပ်ကာမှီပြီး မာန်ပါပါ လက်ကိုပိုက်ထားလျက်ဖြင့်

“ဒီစာချုပ်ကို ငါ့ရှေ့မှာပဲ လက်မှတ်ထိုးလိုက်ရတယ်ဆိုပြီး ပေါ့သေးသေး တရားမဝင်ဘူးလို့တော့ မင်းမထင်လိုက်နဲ့၊ တရားရုံးချုပ်ရှေ့နေတွေ တရားသူကြီးတွေနဲ့ သေချာလုပ်မှာ”

“ရှင်လုပ်ချင်သလိုသာလုပ်ပါ၊ ကျွန်မအတွက်ကတော့ လစာငွေ





ကောင်းကောင်းရဖို့ပဲ အရေးကြီးတယ်၊ အဲဒီအတွက် တန်ရာတန်ကြေးအတိုင်း အတတ်နိုင်ဆုံး အဆင်ပြေအောင် ကျွန်မဘက်က တာဝန်ကျေအောင် လုပ်ပေးပါမယ်”

“အိုကေ လုပ်ငန်းစကြတာပေါ့၊ အခု ငါ့အခန်းထဲမှာ မင်းအတွက် နေရာတစ်ခုပေးထားတယ်ဆိုပြီး အမြဲတမ်း ထိုင်နေရမယ်လို့ မအောက်မေ့နဲ့၊ အချိန်ပြည့် အလုပ်လုပ်နေတာကို မြင်ချင်တယ်၊ မင်းကိုပေးထားတဲ့လစာက နည်းတာမဟုတ်ဘူး။ တန်အောင်လုပ်ပေးဖို့ မင်းမှာတာဝန်ရှိတယ်၊ နားလည်တယ်နော်”

“ဟုတ်ကဲ့ နားလည်ပါတယ်”

“ဒါဆို ပထမဆုံး ဈေးကွက်မှာ ဖြန့်မယ့် အသားအရေတင်းရင်းစေတဲ့ဆေးမိတ်ကပ်ကို မင်းတတ်ထားတဲ့ ဘာသာသုံးမျိုးနဲ့ ဘာသာပြန်ပါ၊ အဲဒီနိုင်ငံတွေအားလုံးကို ကြော်ငြာမယ်၊ ဒါ ငါတို့ကုမ္ပဏီက အရင်ဆုံးစလုပ်မှာပဲ၊ ဒယ်ဒီက မြန်မာပြည်အတွက်အသင့်တော်ဆုံးမိတ်ကပ်ကို စပြီးမိတ်ဆက်တာ၊ ဒီမှာက ရာသီဥတုကြောင့် အိုမင်းရင့်ရော်မှုမြန်တယ်၊ ပေါ်သမျှ မိတ်ကပ်တွေကြော်ငြာကောင်းလို့ ဈေးကြီးပေးဝယ်ပြီး လိမ်းနေကြတာလည်း ဘာမှထူးခြားမလာဘူး။ ငွေကုန်လူပမ်းပြီး စိတ်ဖိစီးမှုများတာပဲ အဖတ်တင်တယ်၊ အဲဒီအတွက် လူတွေက အလှကုန်ပစ္စည်းသုံးရမှာ ကြော်ငြာဘယ်လောက်ကောင်းကောင်း ယုံကြည်မှုမရှိတော့ဘူး”

“ဒါက အလှကုန်ကုမ္ပဏီတွေက ယုံကြည်ရလောက်တဲ့ ပစ္စည်း မထုတ်လုပ်နိုင်ကြလို့ပါ၊ မိတ်ကပ်ကိုလိမ်းရင် အသားအရေတွန့်မယ် အိုမင်းရင့်ရော်မှုမြန်ဆန်မယ်၊ ဒီလိုပဲသိထားပြီး လူတွေက ကြောက်နေကြတာ၊ ဒီဆေးမိတ်ကပ်က အသားကိုဖြူဝင်းစေတယ်၊ နေလောင်ဒဏ်ခံတယ်၊ အသား



www.burmeseclassic.com

www.burmeseclassic.com



အရေတင်းရင်းစေတယ်၊ အရွယ်ကိုနုပျိုစေတယ်ဆိုတာ တစ်ပတ်အတွင်း တစ်လအတွင်း သိသာစေမယ်လို့ ကြော်ငြာကောင်းမယ်ဆိုရင် လူတွေယုံကြည်လာကြမှာပါ''

''အဲဒီကြော်ငြာကဏ္ဍကို မင်းသား မင်းသမီးတွေနဲ့ ကြော်ငြာအားကောင်းကောင်းသုံးတာအပြင် မီဒီယာတွေကနေ ရှင်းလင်းမိတ်ဆက်တာမျိုးလည်း လုပ်ချင်တယ်၊ များသောအားဖြင့် လူတွေက အလှအပကို မက်မောကြတယ်၊ ကျန်းမာရေးကောင်းချင်ကြတယ်၊ သူတို့ကိုယ်သူတို့ အသက်ကြီးတယ်လို့ မထင်ဘဲ နုပျိုချင်ကြတယ်၊ အဲဒီအတွက် သူတို့ငွေ ဘယ်လောက်ကုန်ကုန် မနှမြောကြဘူး၊ ဒါကို ငါတို့က ယုံကြည်မှုပေးနိုင်ဖို့ဲ အရေးကြီးတယ်၊ မင်း စွမ်းဆောင်နိုင်ပါ့မလား''

သူမ ခဏမျှစဉ်းစားပြီးမှ ခေါင်းညိတ်ပြလိုက်သည်။

''ကိုယ့်ဘက်က ပစ္စည်းအရည်အသွေးကောင်းမယ်ဆိုရင် ကာစတမ်မာတွေ စည်းရုံးရတာ မခက်ခဲပါဘူး၊ ကိုယ့်ပစ္စည်းကိုယ် ယုံကြည်စိတ်ချမှုရှိမှ ဖြန့်ဖြူးမယ်ဆိုရင် ပိုကောင်းတာပေါ့၊ ဒီပစ္စည်းကိုထုတ်ပြီး လူဘယ်နှယောက်ကို သုတေသနလုပ်ပြီးပြီလဲ၊ အသားအရေ ဘယ်နှစ်မျိုးအတွက် စမ်းသပ်ထုတ်လုပ်ထားတာလဲ အဲဒါလည်း အရေးကြီးပါတယ်၊ ဥပမာ အသားအရေနုတဲ့သူ ကြမ်းတဲ့သူ ဖြူတဲ့သူ ညိုတဲ့သူ မည်းတဲ့သူ၊ ပြီးတော့ ဖြန့်ဖြူးချင်တဲ့နိုင်ငံတွေရဲ့ရာသီဥတု၊ သူတို့အရင်က ဘယ်လိုမိတ်ကပ်၊ အလှပြင်ပစ္စည်းမျိုးကို သုံးတာလဲ၊ ဒါတွေလေ့လာထားဖို့ လိုပါတယ်''

''မင်းစေ့စပ်သေချာသားပဲ၊ ဒါတွေအထိ နားလည်နေတယ်ဆိုရင်တော့ မင်းအရည်အချင်း မဆိုးပါဘူး၊ မင်းယောက်ျားဆီက ပညာတွေတော်တော်များများ သင်ယူခဲ့တယ်ထင်တယ်''





''အဲဒါတွေ မေးစရာမလိုပါဘူး၊ ရှင်ခိုင်းချင်တာသာ ခိုင်းပါ''

သွေးအေးစွာပြောလိုက်တာကြောင့် သွေးသစ်ဥာဏ် မခံချိမခံသာဖြစ်သွားရသည်။ တစ်ချိန်က ပတ်သက်ခဲ့ဖူးသည်ဆိုတာကိုရော သူမ မှတ်မိပါသေးရဲ့လား။ လွယ်လွယ်ကူကူ ထားပစ်ရက်နိုင်သော သူမနှလုံးသားမှာ ကျောက်တိုင်ကျောက်ခဲကဲ့သို့ မာကျောအေးခဲနေမှာကတော့ သေချာသည်။

သူ့ကို အမှတ်တမဲ့အနေအထားနှင့်တွေ့လိုက်ရတာတောင်မှ အံ့ဩတုန်လှုပ်သွားသောအရိပ်အရောင်မျိုးမပြ။ အတိတ်ကိုမေ့ထားကာ ဘဝသစ်မှာပျော်ရွှင်နေပြီဆိုရင်တောင်မှ သူ့ရဲ့အောင်မြင်မှုတွေအတွက် သူမ အသိအမှတ်ပြုသင့်သည်မဟုတ်လား။ အခုချိန်ထိ သူ့ကိုအထင်ကြီးရမှန်းမသိသေးဘူးဆိုလျှင် သူမ သွေးအေးလွန်းသည်ဟု ယူဆရပေမည်။

ဟင့်အင်း သူ ဒါမျိုးအဖြစ်မခံနိုင်ပါ။ သူ ဒီအခြေအနေမျိုးရောက်အောင် ဘယ်လောက်တောင် ကြိုးစားထားခဲ့ရလဲ။ သူမ သူ့ကို အထင်ကြီးရမည်။ လေးစားဂုဏ်ယူမှုတွေနှင့် အသိအမှတ်ပြုရမည်။ သူ့ကိုစွန့်ပစ်ထားရစ်ခဲ့သည့်အတွက် နောင်တတွေလည်း ရစေချင်၏။

လူဆိုတာ အမြဲတမ်း မြင့်မားနေတာ၊ အမြဲတမ်း နိမ့်ပါးနေတတ်တာမျိုးမှမဟုတ်တာ။ သူ့ဘဝ ဟိုအရင်ကနှင့်မတူအောင် ကြိုးစားခဲ့တာ သူမကို နာကြည်းခဲ့သည့်စိတ်တွေကြောင့်ပါ။

သူ ဘယ်လိုကောင်လဲဆိုတာ ယမင်းယုသွင် သိကိုသိရမှုဖြစ်မည်။

''မင်း ဒီနေ့အတွင်းမှာ အဲဒါတွေပြီးအောင်လုပ်ရမယ်၊ မပြီးမချင်း မပြန်ရဘူး''

''ဒါတွေအကုန်''

''ဘာလဲ မင်းမလုပ်နိုင်ဘူးလား''



www.burmeseclassic.com

www.burmeseclassic.com



"ကြားသွားပါဦးမယ်ကွာ၊ တိုးတိုးပြောစမ်းပါ အားနာစရာကြီး"

"ဘာကိုအားနာရမှာလဲ၊ အလုပ်သဘောတရားကိုပြောနေတာ၊ သူ့ကိုပေးထားတဲ့တာဝန်မပြီးမချင်း သူပြန်လို့မရဘူး ဒါပဲ"

သူမ ကြားအောင် တမင်အော်ပြောလိုက်တာပါ။ သူ့ရုံးခန်းက ထောင့်မှာ တစ်ချိန်လုံး ကွန်ပျူတာမှာ အာရုံစိုက်ရင်း သူမအလုပ်လုပ်နေခဲ့တာ၊ အပေါ့အပါးလည်း ထမသွား၊ ရေမသောက် အစားမစားတာ သူ သတိမထားမိဘဲ နေပါ့မလား။ မပြီးလျှင် အိမ်မပြန်ရဘူးဆိုတာကြောင့် သူမ ကြိုးစားပမ်းစားလုပ်နေခဲ့တာ ဖြစ်မည်။

သူ ဝင်လိုက်ထွက်လိုက် အပြင်သွားရာက ပြန်လာလိုက် ဘယ်လို တွေပဲလုပ်နေနေ သူမ မျက်လုံးတစ်ချက်တောင် လှန်မကြည့်ပေ။ သူ ဖုန်းအကျယ်ကြီးပြောနေလည်း ဂရုမစိုက်။

ဘာကြောင့်မှန်းမသိဘဲ စိတ်ထဲခိုးလိုးခုလု စနိုးစနောင့်ကြီး ဖြစ်နေမိ၏။ တစ်ချိန်က ချစ်သူတစ်ယောက်ဖြစ်ခဲ့ပြီး သူမ စွန့်ပစ်ထားရစ်ခဲ့သည့် သူ့ကို ခုချိန်မှာ ဘာအာရုံခံစားမှုမှမရှိသည့်သဘောလား။

"ကဲ ကိုဇေယျာ ခင်ဗျားတို့လည်း ရုံးဆင်းချင်ဆင်းတော့လေ"

"မင်းကရော"

"သူပြီးတဲ့အချိန် ကျွန်တော်ပြန်စစ်ရဦးမယ်"

"အဲဒီကိစ္စက ဒီလောက်အရေးကြီးတယ်လို့ မင်း ငါတို့ကို ပြော မထားပါဘူး"

"ကျွန်တော်က အလုပ်တစ်ခုလုပ်ပြီဆိုရင် ပြီးပြတ်သေချာမှ ကြိုက် တယ်ဆိုတာ ခင်ဗျားသိပါတယ်"

"လုံခြုံရေးတွေက အပြင်မှာပဲရှိတာ၊ ဒီထဲမှာ မင်းတို့နှစ်ယောက်





တည်းနော်"

"အဲဒါ ဘာလုပ်ရမှာလဲ၊ စိတ်ကိုမဝင်စားတာ နိုင်ငံခြားမှာအမျိုး စစ်စစ်တွေကိုတောင် ရင်ခုန်ခဲ့တာမဟုတ်ဘူး။ သူများသုံးပြီးသား အဖိုက်ကို တော့ အနံ့တောင် မခံဘူး"

"အားနာစရာကွာ တိုးတိုးမပြောဘူး။ ခက်လိုက်တာ ဉာဏ်ကြီးရာ"

သွေးသစ်ဉာဏ်က ယမင်းယုသွင်ဘက်ကို တည့်တည့်ကြည့်ပြီးကို ကြားလောက်အောင် အော်ပြောနေတာ။ ယမင်းယုသွင်က သွေးသစ်ဉာဏ် ပြောသမျှတွေအားလုံး ကြားနေရပေမယ့် ဂရုမစိုက်မိသလိုနေရင်း ကွန်ပျူတာ လက်ပ်တော့ပ်အပေါ်မှာပဲ အာရုံစိုက်နေလိုက်သည်။

ကိုဇေယျာက ယမင်းယုသွင်ကို အားနာလွန်း၍ သွေးသစ်ဉာဏ် ဘာစကားမှမပြောရဲတော့သလိုဖြစ်ကာ ရုံးခန်းထဲက ထွက်သွားလေသည်။

ရုံးခန်းထဲဝင်မလိုလုပ်နေသော စိုးကျော်ကိုလည်း ဖွတ်ဆွဲကာ ခေါ် သွားသည်။ သွေးသစ်ဉာဏ်က ယမင်းယုသွင်ကို မဲ့ပြုံးလှောင်ပြုံးများဖြင့် နှာခေါင်းရှုံ့ကြည့်ရင်း

"ငါ့ကို ကော်ဖီတစ်ခွက်လောက် သွားဖျော်စမ်း။ ငါ ကော်ဖီသောက် ချင်လို့"

သွေးသစ်ဉာဏ် ခပ်ထန်ထန် အော်ပြောလိုက်တာဖြစ်ပေမယ့် ယမင်းယုသွင်က မကြားသလို မတုန်မလှုပ်ပင်နေလိုက်သည်။ သူ့ကို ဂရု မစိုက်တာ သွေးသစ်ဉာဏ် မခံချိမခံသာ ဖြစ်သွားလျက် စားပွဲခုံကို ဖြန်းခနဲ ထုတ်လိုက်ပြီး

"ဟေ့ ပြောနေတာ မကြားဘူးလား၊ အလုပ်ရှင်သူဌေး မင်း ဂရုမစိုက်တဲ့သဘောလား"



www.burmeseclassic.com

www.burmeseclassic.com



"ခိုင်းထားတဲ့အလုပ်ကို ကျွန်မပြီးအောင်လုပ်နေတာပါ။ အချိန်တွေ အရမ်းနောက်ကျရင် အဖေအမေနဲ့ သားလေး စိတ်ပူနေမှာစိုးလို့"

"ဟား မင်းအိမ်ကို အာရုံရောက်နေရင် ငါခိုင်းထားတဲ့ကိစ္စတွေ အမှားအယွင်း မဖြစ်နိုင်ဘူးလား"

"မမှားအောင် ကျွန်မ သေချာဂရုစိုက်လုပ်နေပါတယ်"

"တစ်စုံတစ်ရာ စာလုံးတစ်လုံး ဘာသာပြန်မှားယွင်းသွားမယ်၊ အယူအဆအတွေးမှားသွားမယ်ဆိုရင် နိုင်ငံနဲ့ချီပြီး အကြီးကြီး ပြဿနာတက်နိုင်တယ်ဆိုတာ မင်းသဘောပေါက်ပါတယ်နော်"

"ဟုတ်ကဲ့ သဘောပေါက်ပါတယ်"

"နောက် ဘယ်နှနာရီဆိုရင် ပြီးမလဲ"

"လေးဆယ့်ငါးမိနစ်လောက်ပါပဲ"

"ငါ့ကိုကော်ဖီယူပေးရင် နောက်ထပ်ငါးမိနစ်ထပ်ပေါင်းလို့ရတာပေါ့။ ငါ ကော်ဖီသောက်ချင်နေပြီ အမြန်လုပ်ပါ။ မင်းကို ငါ ငြိုငြင်မိအောင်မနေဖို့ သတိပေးထားတယ်နော်"

ယမင်းယုသွင် ဟင်းခနဲ အသံတိတ်သက်ပြင်းများချမိလျက် ကော်ဖီစက်ရှိရာ ထသွားပြီး သွေးသစ်ဉာဏ်အတွက် ကော်ဖီထည့်ပေးလိုက်ရသည်။ သွေးသစ်ဉာဏ် သူမကိုအထင်သေးကာ တမင်ညစ်နေသည်ဆိုတာ သူမ သိပါသည်။ အရှုံအစောင်း အထစ်အငေါ့များဖြင့် အတိတ်ကမကျေနပ်ချက်တွေအတွက် တိုက်ခိုက်နေခဲ့သည်ဆိုတာလည်း နားလည်၏။

ဆယ်နှစ်ကျော်ကာလတောင် ကြာခဲ့ပြီမို့ မေမေ့ပျောက်ပျောက်ဖြစ်နေပြီလို့တောင် ထင်နေခဲ့တာ။ ဒီလိုပုံစံမျိုးနှင့် ပြန်ဆုံရမည်လို့ တွေးပင်တွေးမထားမိ။ သူ့ဘဝ ဒီလိုဖြစ်သွားတာ ရင်ထဲမှာ ဝိတိအပြည့်ပါ။





ဒါပေမဲ့ လောဘနှင့်ချည်းကပ်မိတာမျိုး လုံးဝမဖြစ်စေရ။ သူ့ဘဝ ဒီလိုမြင့်မားသွားလို့ သူမဘက်က ရင်းနှီးချင်သည့်အရိပ်အရောင်မျိုး လုံးဝမဖြစ်စေရ။

"ရော့ သုံးဆောင်ပါ"

သူ့လက်ထဲကို ကော်ဖီခွက်ထည့်ပြီး သူမနေရာမှာ ပြန်ထိုင်လိုက်သည်။ အလုပ်တွေမြန်မြန်ပြီးကာ အချိန်တွေမြန်မြန်ကုန်ပါစေဟု ဆုတောင်းနေမိသည်။ သူ့မျက်လုံးတွေအောက်မှာ ရှိနေရတာ စိတ်တွေမွန်းကျပ်ရလွန်းလို့ပါ။

"ဟင်း"

အားလုံးပြီးသွားပြီမို့ သက်ပြင်းတွေချကာ ထရပ်လိုက်၏။ မနိုင်ရီစတာစ်ဖြင့် ကူးထည့်ပေးလိုက်သော သူမ ဘာသာပြန်ပေးလိုက်သည့်စာတွေကို သွေးသစ်ဉာဏ် ပြန်စစ်နေတာ ဘယ်လောက်အချိန်ပေးကာ ထပ်စောင့်ရဦးမည်မသိ။ နောက်နေ့မှလုပ်လည်း ရရဲ့သားနှင့် သူမကိုသွေးသစ်ဉာဏ် တမင်သက်သက် နှိပ်စက်ညစ်ပတ်နေတာ။

တစ်နေကုန် ဘာမှမစားထားသောဗိုက်ထဲကလည်း တဂွီဂွီဖြင့် အော်မြည်နေတာ ဗိုက်တွေတောင် နာလာ၏။ မိနစ်ပေါင်းမြောက်များစွာ ကြာလာသည့်အခါမှာ လက်ကနာရီလေးကိုမြှောက်ကြည့်ပြီး မေမေတို့ စိတ်ပူနေတော့မှာဟု စိုးရိမ်စိတ်တွေလည်း ပိုလာခဲ့သည်။

ဖုန်းသံလေးမြည်လာတော့ အပြင်ထွက်ကာ စကားပြောရ၏။

"ယု ဒီနေ့ အိမ်ပြန်နောက်ကျမှာ မေမေ၊ အလုပ်တွေမပြီးပြတ်သေးလို့ပါ၊ စိတ်ပူမနေနဲ့နော်၊ သားသားရော ထမင်းစားပြီးပြီလား"

"သမီးမလာသေးလို့တဲ့ ထမင်းကျွေးလို့မရဘူး။ သမီးပြန်ရောက်မှ

www.burmeseclassic.com

တာမယ်လုပ်နေတာ''

''ချော့ပြီး ကျွေးလိုက်ပါ မေမေ၊ ယုက ဘယ်လောက်ထိကြာဦးမယ် မသိဘူး။ သားသား ဗိုက်ဆာနေလိမ့်မယ်''

''အေးအေး ကားကိုဂရုစိုက်မောင်းလာခဲ့နော်''

''ဟုတ်ကဲ့ပါ မေမေ၊ ယုအတွက် စိတ်ချပါ။ ဒါပဲနော် မေမေ''

သူမ ရုံးခန်းထဲ ပြန်ဝင်လာတော့လည်း သွေးသစ်ဉာဏ် စစ်လို့ မပြီးသေးပေ။ နောက်ထပ် တစ်နာရီနီးပါးကြာသွားမှသာ

''မဆိုးပါဘူး အဆင်ပြေသားပဲ၊ နောက်လည်း အလုပ်ကို သေသေချာချာလုပ်ပါ''

''ကျွန်မ ပြန်လို့ရပြီလား''

''ဘယ်လိုဖြစ်တာလဲ မင်းအိမ်ကိုမပြန်ဖူးဘူးလား။ မင်း အဲဒီလို အိမ်ကိုနောက်ဆံတင်းနေရင် အလုပ်ကိုမင်းဘယ်လိုလုပ် ကောင်းအောင် လုပ်နိုင်မှာလဲ''

''ကျွန်မ အကောင်းဆုံးတာဝန်ကျေအောင် လုပ်ပေးထားပါတယ်၊ အချိန်ကိုလည်းကြည့်ပါဦး၊ ဒါတောင် မကျေနပ်သေးဘူးလား''

''အေး ကောင်းပါပြီ၊ ဒီနေ့တော့ တာဝန်ကျေတယ်ထားလိုက်ပါတော့၊ မင်းပြန်ချင်ရင် ပြန်နိုင်ပါပြီ''

''ကျေးဇူးပါပဲ''

ခွင့်ပြုချက်ရပြီဆိုတာနှင့် သူမ စလင်းဘက်အိတ်လေး ကောက်လွယ်ကာ အမြန်ပင် ထွက်သွားခဲ့လေသည်။ သူ့ရှေ့မှာ ဘယ်လောက်တောင်မှန်းကျုပ်နေသလဲဆိုတာ နဖူးကြောလေးရှုံ့လျက် မကြည့်မသာ မဒီမလည်ဖြစ်နေသော မျက်နှာလေးက သိသာလှသည်။





ဟိုတစ်ချိန်က အရမ်းကိုချစ်ခဲ့ဖူးကြသည့်ချစ်သူတွေ။ တကယ်ကို တစ်ယောက်နှင့်တစ်ယောက် တန်ဖိုးထားမြတ်နိုးကာ ချစ်ခဲ့ကြသော်လည်း သူက အစတည်းက သူမကသူ့ကိုလက်ထပ်ဖို့ရည်ရွယ်ခဲ့ပုံမပေါ်။ တစ်နေ့မှာ သူ တခြားယောကျ်ားတစ်ယောက်ကို လက်ထပ်တော့မည်ဟု ဖွင့်ပြောလာသောအခါ သူ မခံစားနိုင်လောက်အောင် ကြေကွဲဝမ်းနည်းခဲ့ရသည်။ သူ့ကိုနမ့် ယောကျ်ားတန်မဲ့ မျက်ရည်တွေကျကာ သူ့ကိုမထားခဲ့ပါနဲ့ဟု ဒူးထောက်ကာ တောင်းပန်ခဲ့၏။ မပြည့်စုံလို့ထားရစ်ခဲ့တာဆိုလျှင် ချမ်းသာပြည့်စုံအောင် ကြိုးစားဖို့ အချိန်လေးတစ်ခုပေးပါဟု တောင်းဆိုခဲ့သည်။

ဒါပေမဲ့ သူ့ရဲ့မျက်ရည်တွေ သူ့ရဲ့ကြေကွဲမှုတွေကို သူမ အားမနာခဲ့ပါ။ သနားတရားဆိုတာဖြစ်ရမှန်းမသိခဲ့ပါ။ အစိမ်းသက်သက်မျက်ဝန်းများနှင့် သူ့လက်တွေကို ပုတ်ချဖယ်ချ ဥပေက္ခာပြုသွားခဲ့တာ၊ ဒီနေ့ထိ မေ့လို့မရ။ သူမ လက်ထပ်လိုက်သောသူက သူမအဖေလောက်ရှိသည့် သူဌေးတစ်ယောက်ဟု သိလိုက်ရသောအခါ သူမကို သူ အရမ်းကိုမုန်းတီးရွံရှာသွားခဲ့သည်။

သူမလည်း မပြည့်မစုံချို့တဲ့သည့် အသိုက်အဝန်းမဟုတ်ပါဘဲ ဆက်ချမ်းသာပြည့်စုံဖို့ အမျိုးဂုဏ်စွန့်လွှတ်ကာ အငယ်အနှောင်းဖြစ်ချင်သော သူမရဲ့စိတ်က ဘယ်လောက်တောင်ရွံရှာမုန်းတီးဖို့ ကောင်းလိုက်ပါသလဲ။

ယမင်းယုသွင် အရမ်းချမ်းသာချင်လို့ ချစ်သူကိုစွန့်လွှတ်၊ အမျိုးဂုဏ်ကိုစွန့်လွှတ်ခဲ့တဲ့ မင်းဘဝ အခုဘယ်လိုဖြစ်သွားတာလဲ။

ဘဝဆိုတာ အဲဒီအလှည့်အပြောင်းတွေရှိတယ်။ ဟား မင်း ငါ့ကိုလှည့်ကြည့်ခဲ့လို့ အားကိုးရမှန်းမသိလို့ မင်းဒီဘဝရောက်ရတာ ယမင်းယုသွင်။ နံ့သီးစကိုဆွဲဖယ်ကာ သူမကားလေး မြင်ကွင်းကနေ ပျောက်ကွယ်သွား



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



သည့်အထိ လိုက်ကြည့်နေမိရင်းက သူ့အတွေးတွေက ပြီးပြတ်မသွားသေးပေ။

ဒီလိုမျိုး လက်တွဲပြန်ခွင့် လက်စားချေခွင့်ကြုံရတာ သူ့ကံကြမ္မာက အသာစီးရနေတဲ့သဘောပေါ့။ မင်းထားခဲ့တဲ့ဘဝမှာ အရှုံးမရှိအောင် ငါ ကြိုးစားခဲ့တာ မင်းကိုဒီလိုမျိုး လက်စားချေခွင့်ကြုံလိမ့်မယ်လို့ ငါ မတွေးမိခဲ့ဘူး။ အခုတော့ ငါကျေနပ်တယ်၊ ငါ့ကိုယ်ငါ ကျေနပ်တယ် ယမင်းယုသွင်။

မင်းဒီထက်မက ခံစားရအောင် ငါလုပ်ပြမယ်။

■ ■ ■



## အခန်း (၉)

"နောက်ကျလိုက်တာ သမီးရယ်၊ နေ့တိုင်းဒီလိုကြီးမှ ပြန်လာရမယ်ဆိုရင် သမီးပင်ပန်းတာပေါ့၊ တခြားအလုပ်ပြောင်းပါလား သမီး"

"ဟုတ်တယ် သမီး လစာနည်းတာ များတာတွက်မနေနဲ့၊ ကိုယ်ပင်ပန်းရင် ပင်ပန်းသလောက် အကျိုးခံစားခွင့်ရှိတယ်ဆိုပေမယ့်လည်း သမီး အရမ်းအပင်ပန်းခံပြီး လုပ်ကျွေးတာကို ဖေဖေတို့မစားရက်ဘူးကွယ်၊ သမီး တခြားသက်သာတဲ့အလုပ်ရှာလုပ်ပါ"

ဖေဖေနှင့်မေမေက သူမ ပြန်အလာကိုစောင့်ကာ စိုးရိမ်တကြီး ပြောနေကြသည်။ သူမက စလင်းဘက်အိတ်လေးချကာ ပင်ပန်းသည့်အရိပ်အရောင်မပေါ်အောင် ပြုံးရွှင်သောမျက်နှာလေးနှင့်

"ယု အဆင်ပြေပါတယ်၊ အလုပ်က ဒီလောက်ကြီးပင်ပန်းတာမျိုးလည်းမဟုတ်ပါဘူး၊ ဆေးအညွှန်းတွေကို ဘာသာပြန်ပေးရုံပါပဲ၊ အခုက ဘူမထီဖွင့်ပွဲနဲ့ ဆေးဝါးမိတ်ဆက်ပွဲရှိတာကြောင့် လုပ်ရတဲ့ကိစ္စလေးတွေ များ



www.burmeseclassic.com

www.burmeseclassic.com



နေလို့ပါ၊ နောက်ဆို ဒီအချိန်ထိလုပ်စရာမလိုပါဘူး ဖေဖေ''

''အေးလေ ဘာပဲဖြစ်ဖြစ် သမီးမျက်နှာလေး ချောင်ကျနေတော့ မေမေတို့စိတ်မချမ်းသာဘူးပေါ့ကွယ်၊ မေမေတို့ရှိနေရတဲ့သူတွေအနေနဲ့ သမီး ပင်ပန်းတယ်ဆိုရင် အိမ်မှာသက်သောင့်သက်သာနေပြီး ဘယ်လိုလုပ် မျိုလို့ကျမှာလဲ''

''သမီးအမေပြောတာ အမှန်ပဲ သမီး၊ တကယ်တမ်းဆို မိဘတွေကပဲ သားသမီးကိုပြုစုပျိုးထောင်မြေတောင်မြှောက်ပေးရမှာပါ၊ အခု ဖေဖေတို့က အဆုံးထိ သမီးအပေါ်တာဝန်မကျေနိုင်ဘဲ သမီးကိုအနစ်နာခံပေးဆပ်ခိုင်းနေရသလို ဖြစ်နေပြီ၊ အဲဒီလိုတွေးမိတော့ ထွန်းအောင်မိုးကို ဖေဖေ စိတ်ခု မိတာအမှန်ပဲ၊ သူ့သားသမီးတွေကို နောက်ဘဝထိတောင် သုံးဖြုန်းမကုန်တဲ့ စည်းစိမ်ချမ်းသာလုပ်ငန်းတွေထားခဲ့ပြီး သမီးကိုတော့ အတိုင်းအထွာနဲ့ ပေး ခဲ့တယ်၊ သူ့သွေးသား ထွန်းသင်္ဂါလေးအတွက်ကျတော့လည်း အနာဂတ် အတွက် သေချာအောင် ဘဏ်မှာငွေအပ်ပေးခဲ့တယ်၊ တကယ်ဆို ထွန်းသင် လေးကိုမွေးပေးခဲ့တာ သမီးပါ၊ မိခင်ဖြစ်တဲ့သမီးကာပဲ သင့်တင့်လျောက်ပတ် သလို စီမံပေးရမှာပေါ့၊ သူက ဘာကိုဘာလုပ်ပေးပါဆိုပြီး စီမံပေးခဲ့စရာလား သူ့သွေးသားကိုမွေးပေးတဲ့ သမီးအပေါ် သူ ဒီထက်ပိုပြီး တာဝန်ကျေသင့် တယ်လို့ ဖေဖေ ထင်တယ်''

''သူ့ရဲ့ချမ်းသာပြည့်စုံမှုတွေကို ယုတို့အားလုံး ပိုင်ဆိုင်ချင်လို့ ဘယ် ဖြစ်မှာလဲ ဖေဖေ၊ အကောင်းဘက်က တွေးကြည့်မယ်ဆိုရင် ယုတို့အပေါ် သူ တာဝန်အများကြီးကျေခဲ့ပါတယ်၊ ယုတို့လုပ်ပေးခဲ့ရတာက သူ့သွေးသား ကိုမွေးပေးလိုက်ရရုံပါပဲ၊ အဲဒီအတွက် သူက ယုတို့ရဲ့ကျေးဇူးရှင်ပါ၊ အဲ ကြောင့် သူ့ဓာတ်ပုံကိုကြည့်ပြီး သူ့ကိုရည်စူးပြီး ယု အမြဲတမ်းကန်တော့





အိပ်တယ်''

''အေးလေ သမီးစိတ်က အဲဒီလိုရှိတယ်ဆိုရင် ဖေဖေ စိတ်သက် သာပါတယ်၊ မဟုတ်ရင် ဖေဖေတို့ကြောင့် အသက်ကြီးတဲ့လူကြီးကိုယူပြီး အငယ်အနှောင်းဖြစ်ခဲ့ရတယ်၊ အခုလည်း မုဆိုးမဖြစ်ရတယ်လို့ သမီး ဝမ်း နည်းအားငယ် နောင်တရမှာစိုးရိမ်နေတာ''

''အဲဒီလိုဖြစ်မှာစိုးနေရင် ယု အစတည်းက ဦးထွန်းအောင်မိုးကို သက်ထပ်ဖို့ဆုံးဖြတ်ချက်ချခဲ့မှာမဟုတ်ပါဘူး ဖေဖေ၊ မိသားစုဘဝကို ကယ်တင်ဖို့ အခုလိုလုပ်ခဲ့ရတာအတွက် ယု ဘယ်တော့မှ နောင်တရမှာ မဟုတ်ပါဘူး၊ ဖေဖေနဲ့မေမေ အေးအေးသက်သာ စိတ်ချမ်းသာသာနဲ့ ပြည့် ပြည့်စုံစုံနေနေရတာကြည့်ပြီး ယု စိတ်ချမ်းသာနေပါတယ်၊ ဒီအလုပ်က သစ္စာကောင်းတဲ့အတွက် နည်းနည်းပိုပင်ပန်းလည်း ယုလုပ်မှာပါ၊ ဘာလို့လဲ ဆိုတော့ သားအသက်နှစ်ဆယ်မပြည့်မချင်း ယုဘက်က သူ့ရဲ့ငွေတွေကို သုံးဝမထိပါးဘဲ တာဝန်ကျေသွားချင်တယ်၊ ဦးထွန်းအောင်မိုးက ယုကိုပေးခဲ့ တဲ့ငွေကုန်သွားရင် သားအတွက်ထားခဲ့တဲ့ငွေကို ထုတ်ယူသုံးစွဲခွင့်ပေးထားပေ မယ့် ယု မသုံးချင်ဘူး၊ သားကိုပေးရတဲ့အချိန်မှာ အပြည့်အဝပေးချင်လို့ပါ၊ ဒါမှလည်း ဦးထွန်းအောင်မိုးကို ကျေးဇူးဆပ်ရာရောက်မယ်လို့ ထင်မိတယ်''

သမီးစကားအတွက် ဦးမျိုးနိုင် ဂုဏ်ယူစွာ ခေါင်းညိတ်လေသည်။ ကိုယ့်ရဲ့စိတ်တွေက သမီးကိုနမြောတသစိတ်တွေနှင့် သမီးလို မမြင်နိုင်ခဲ့ပေ။

''သမီးရယ် သမီးရဲ့စိတ်ကို ဖေဖေ လေးစားပါတယ်၊ ဖေဖေက မိဘဖြစ်ပေမယ့် သမီးလောက်ကို မမြင်နိုင်ပါဘူး သမီးလေးက မိဘကျေးဇူး သိတတ်ပြီး စောင့်ရှောက်နေလို့ ကံကောင်းမှာပါ''

''ကဲပါ သမီး ဗိုက်ဆာနေရောပေါ့၊ ဒီအချိန်ကြီးတောင် ကုမ္ပဏီ



www.burmeseclassic.com

www.burmeseclassic.com



က အစားအသောက်မစီစဉ်ပေးဘူးလား သမီး''

"ဟို စီစဉ်ပေးပါတယ် ယုက မစားချင်လို့ပါ၊ သားသားရော အိပ်ပြီလား မေမေ''

"မြေးလေးလည်း မအိပ်ဘဲစောင့်နေသေးတာ သမီးရဲ့၊ ထမင်းလည်း မေမေလာမှစားမယ်ချည်းလုပ်နေတာ၊ မနည်းချော့ပြီးမှ ထမင်းကျွေးပြီး သိပ်လိုက်ရတယ်၊ ဒေါ်မြ ထမင်းပွဲပြင်ပြီးပြီထင်တယ် သမီး''

"ဟုတ်ကဲ့ မေမေတို့လည်း အိပ်လိုက်တော့လေ၊ ယုလည်း ထမင်းစားပြီးအိပ်တော့မှာပဲ''

"အေး အေး သမီး''

မေမေတို့ အိပ်ခန်းထဲဝင်သွားမှ သူမလည်း ထမင်းစားခန်းထဲ ဝင်လာခဲ့သည်။ တစ်နေကုန် အဆာခံကာ အလုပ်လုပ်ခဲ့ရသည်မို့ သူမဗိုက်တွေ လေခံကာ အောင့်နေသည်။ သွေးသစ်ဉာဏ် လုံးဝကြင်နာညှာတာမှု မရှိပါ။ သူမ မစားမသောက် အလုပ်တိုဂရုတစိုက် လုပ်ပေးနေတာတောင် ကျေနပ်နိုင်ပုံမပေါ်။

အငြိုးတွေနှင့် ရွှဲစောင်းထစ်ငေါ့ကာ လက်စားချေနေတာ သူမ မသိဘဲနေပါ့မလား။ သူ့အပေါ် ရက်စက်ခဲ့မိသည့်အတွက် သူမ ဒီလောက်တော့သည်းခံပေးသင့်သည်ဟုတွေးကာ သူမ ငြိမ်သက်ကာ သည်းခံပေးနေခဲ့တာပါ။ ပြီးတော့ သူက သူမရဲ့အလုပ်ရှင်လည်းဖြစ်နေသည်။

ထိုက်တန်သောလစာလည်း ပေးထားသည်မို့ သူမဘက်က အတတ်နိုင်ဆုံး လိုက်လျောအလျှော့ပေးဖို့ ဆုံးဖြတ်ထားသည်။

"ယုလေး ထမင်းစားမကောင်းဘူးလား။ ဒေါ်မြ ဘာထပ်လုပ်ပေးရမလဲ''





"ဩော် ဒေါ်ကြီးမြမဟုတ်ပါဘူး။ ယု အဆာလွန်သွားလို့ သိပ်မစားနိုင်တာပါ၊ ဟင်းတွေက အကုန်ကောင်းပါတယ်၊ သိမ်းလိုက်တော့နော် ဒေါ်ကြီးမြ၊ ယု ဆေးသောက်ပြီး နားလိုက်တော့မယ်''

"ဟုတ်ပြီ ယု ဒေါ်ကြီးမြ ဆေးလိမ်းပေးရဦးမလား''

"ရပါတယ် ဆေးလိမ်းစရာမလိုပါဘူး။ ဆေးသောက်လိုက်ရင် ကောင်းသွားမှာပါ''

ဆေးသောက်လို့ရရုံ ထမင်းအနည်းငယ်သာ စားပြီး အိပ်ခန်းထဲကို ဝင်လာခဲ့သည်။ သားလေး ထွန်းသင်္ဂါက နှစ်ခြိုက်စွာအိပ်မောကျနေ၏။ နာရီကိုကြည့်လိုက်တော့ ညဆယ်နာရီတောင်ကျော်နေပြီ။

သွေးသစ်ဉာဏ်ရော ကုမ္ပဏီကနေ ပြန်သွားပြီလား။ ကုမ္ပဏီမှာပဲ အိပ်တာလား။ အိမ်ထောင်ကျနေပြီလား။ တစ်ခုလပ်လား မုဆိုးဖိုလား။

မိန်းမရှိနေရင်ရော သားသမီးဘယ်နှယောက် ရနေပြီလဲ။

ဒီအကြောင်းကိုတော့ ကိုဖေယျာတို့ဆီက ဘာစကားမှပြောသံ မကြားပေ။ သူမအထင်ကတော့ သွေးသစ်ဉာဏ် လူလွတ်တစ်ယောက်သာ ဖြစ်လိမ့်မည်။ အရင်ကထက် အများကြီးခန့်ညားကြည့်ကောင်း စတိုင်ကျလာတာကတော့ အမှန်ပါ။ တကယ့်ကို ဂုဏ်ခြံဝတ်တွေပြည့်စုံနေသည့် သူဌေးကြီးနှင့်တူသည်ဟု ပြောလို့ရသည်။

"ဟင်း သားလေး''

အတွေးတွေကို ဖျောက်ပစ်ကာ သားလေးနဖူးကို ဖွဖွလေး နမ်းမွှေးလိုက်သည်။ သူမဘဝမှာ ဖေဖေ မေမေနှင့် ဒီသားလေးရှိနေသည် ပြည့်စုံနေပါပြီ။

တခြားအရာတွေကို ခံစားမှုမဲ့ သူမရဲ့ဟိုးဝေးဝေးမှာ လွှင့်ပစ်ထား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရတာ ဘယ်လောက်တောင် ကြာခဲ့ပြီလဲ။ နေသားကျနေတဲ့ဘဝထဲမှာ နောင်လည်း ဒီအတိုင်းပဲ။

■ ■ ■



## အခန်း (၁၀)

"ငါတို့က ဘာလုပ်ရမှာလဲ"

"ညွှန်ကြားဆိုရေးအပိုင်းမှာ တာဝန်မလစ်ဟင်းစေနဲ့ မင်းတို့လုပ်ငန်းရှင်တွေအားလုံးကို ဖိတ်ထားတယ်မဟုတ်လား။ မီဒီယာတွေကိုရော"

"အဲဒါက အားလုံးစိတ်ချထားလိုက်၊ ငါတို့အားလုံး စီစဉ်ပြီးပြီ၊ ဒီကိစ္စတွေ တစ်ပတ်လောက်တည်းက ကြိုလုပ်ထားတာ၊ မင်းက ပွဲနေ့ကျမှပဲ သတိပေးတော့တယ်၊ ယမင်းယုသွင်ကိုရော ဘာတာဝန်ပေးမှာလဲ"

"သူ့ကိုဘာတာဝန်ပေးစရာလိုမှာလဲ၊ သူ့ကိုဘာခိုင်းမယ်ဆိုတာ ခင်များတို့ သိစရာမလိုပါဘူး။ သူ့ကိုညွှန်ကြားပြီးသားပါ၊ အားလုံးစီစဉ်ပြီးရင် ခင်များတို့ ဟိုတယ်ကိုအရင်သွားနှင့်ကြ၊ ကိုဇေယျာ ကျွန်တော်တစ်ခုမှာထားချင်တယ်၊ ဒီမှာက ခင်များတို့နဲ့ကျွန်တော် သူငယ်ချင်းဆိုလည်း ဟုတ်တယ် ညီအစ်ကိုဆိုလည်းဟုတ်တယ်၊ ဘယ်လိုပဲပြောဆိုဆက်ဆံဆက်ဆံ ကိစ္စမရှိဘူး။ အများရှေ့မှာဆိုရင်"

ကိုဇေယျာက သွေးသစ်ဥာဏ်စကားမဆုံးခင် လက်ကာပြလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့နားလည်ပါတယ်ကွာ၊ မင်းက ဒီကုမ္ပဏီရဲ့ပိုင်ရှင်သူဌေးပါ၊ ဘယ်လိုပဲသူငယ်ချင်းအပေါင်းအသင်း ရင်းနှီးခင်မင်တဲ့သူဖြစ်ဖြစ် အလုပ်ရှင်အလုပ်သမား ခွဲခြားသိရမှာပေါ့၊ ငါတို့အရှိအသေတန်ပြီး မင်းကိုဆက်ဆံနေတာမဟုတ်ပါဘူး"

"ကျွန်တော့်ကိုဘဝင်မြင့်သွားလို့ ဒီစကားမျိုးပြောတယ်လို့ မထင်စေချင်ဘူး။ ကျွန်တော် ခင်ဗျားတို့ကို ဘယ်လိုမျိုး ယုံကြည်ခင်တွယ်တယ်ဆိုတာ ခင်ဗျားတို့အသိဆုံးပါ၊ ဒါပေမဲ့ အသိုင်းအဝန်းအနေအထားဆိုတာလည်း ရှိသေးတယ် ပြီးတော့"

"အများကြီး ရှင်းပြစရာမလိုပါဘူးကွာ၊ ငါတို့ဘယ်လိုထင်သွားမလဲလို့ မင်းစိတ်ထဲမှာ တွေးကိုမတွေးနဲ့၊ တခြားသူတွေရှေ့မှာမဟုတ်ဘူးဆိုရင် ငါတို့လည်း မင်းကိုပြောချင်တာပြောမှာပဲ၊ ပွင့်ပွင့်လင်းလင်းပါကွာ အထာတွေမရှိပါဘူး ဟုတ်တယ်မဟုတ်လား"

"အိုကေပါ အဲဒါဆို ဒီးတော့၊ ကျွန်တော်က ကုမ္ပဏီဖွင့်ပွဲ ဖဲကြိုးဖြတ်ဖို့အမီရောက်လာမှာပါ"

ကိုဖေယျာတို့ကို အရင်သွားခိုင်းလိုက်ပြီး ယမင်းယုသွင် ရုံးခန်းတွင်း ဝင်လာချိန်မှာ သူ့ရဲ့လက်ကိုင်အိတ် ဖုန်းနှင့် စာရွက်စာတမ်းတချို့ ထည့်ထားသော ဖိုင်ကို ယမင်းယုသွင်ကို ကိုင်ခိုင်းလိုက်သည်။

"အဲဒါတွေအားလုံး မင်းတာဝန်၊ နိုင်ငံခြားသားတွေနဲ့ စကားပြောရင်လည်း မင်းဘာသာပြန်ပြီး မှတ်တမ်းရေးသင့်တာလည်းရေး။ ဧည့်သည်တွေကို မင်းဘယ်သူ့မှဧည့်ခံစကားပြောစရာ မလိုဘူး။ ငါခိုင်းတာပဲလုပ်"

ယမင်းယုသွင် ခေါင်းသာညိတ်ပြီး ဘာမှမပြော။ ကားကိုလည်း သူကမမောင်းဘဲ ယမင်းယုသွင်လက်ထဲ ကားသော့ပေးလိုက်သည်။



"ရော့ မင်းမောင်း၊ ငါသွားမယ့်နေရာတိုင်း မင်းဒရိုင်ဘာလုပ်ပေးရမယ်"

အလုပ်နှင့်မသက်ဆိုင်တာတွေပါ ခိုင်းနေတာမို့ သွေးသစ်ဥာဏ်ရဲ့မောက်မာမှုတွေအတွက် အောင့်သက်သက်ဖြစ်မိသော်လည်း သူ့ဝန်ထမ်းဖြစ်နေရသည့်အတွက် မတတ်နိုင်တော့ပေ။

သူမ ကားသော့ကိုယူကာ မောင်းလိုက်ရသည်။ ဒါတောင် ကားနောက်ခန်းမှာ စတိုင်ကျကျ ဖိမ်နှင့်လိုက်လာရင်းနှင့် ကားမောင်းတာ နှေးတယ် မြန်တယ် မီးပွိုင့်မိအောင်ဘယ်လိုမောင်းနေတာလဲ၊ ကားကို အခုမှမောင်းဖူးတာလား။ သူဌေးကတော် ဘာညာနှင့် ပေါက်ပေါက်ဖောက်နေတာ နားပင်ညည်းလာသည်။ ဒါပေမဲ့လည်း သူမ ဘာမှပြန်မပြောဘဲ သူ့စိတ်တိုင်းကျအောင် အတတ်နိုင်ဆုံး လိုက်လျောကာ လုပ်ပေးမိသည်။

"အချိန်တောင်မီရုံပဲရှိတယ်၊ မြန်မြန်လုပ်"

ဖဲကြိုးဖြတ်ဖို့အတွက် အဆင်သင့်ဖြစ်နေပြီမို့ ကားပေါ်ကနေ ဝေါက်ဝေါက် ဆင်းသွားသော သူ့နောက်ကယူစရာရှိတာတွေယူပြီး ခပ်သုတ်သုတ်လိုက်လာခဲ့ရသည်။ ဖဲကြိုးဖြတ်လို့ပြီးချိန်မှာတော့ သူများတွေလို လက်ခုပ်တီးဖို့တောင် သူမ လက်တွေမအားပါ။ သူ့ပစ္စည်းတွေ ကိုင်ထားရ သူ့ဆီလာသောဖုန်းတွေဖြေရ၊ သူ နိုင်ငံခြားသားတွေနှင့် စကားပြောသည့်အခါမှာလည်း ဘာသာပြန်ပေးရနှင့် မအားနိုင်။

ဖဲကြိုးဖြတ်ပြီး စားသောက်ဝိုင်း စားပွဲတွေဆီသွားတော့လည်း သူ့နောက်ကတောက်လျှောက်လိုက်နေရသည်။ သူက ဟိုလူဒီလူဆီ လိုက်လံနှုတ်ဆက်ဧည့်ခံပြီး ဝိုင်တစ်ခွက်ကိုကိုင်လျက် ချီးယားစ်လုပ်ကာ သူမကိုရှိသည်ဟု ထင်ပုံမပေါ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ကိုမိုး"

ကျော်ဇင်မိုးတို့မောင်နှမနှစ်ယောက်က သွေးသစ်ဉာဏ်ကိုထ၍ နှုတ်ဆက်ကြသည်။ သူ့ရဲ့နောက်မှာ သူမမျက်နှာ ခပ်လွှဲလွှဲလုပ်ထားမိ၏။

"ကွန်ဂရက်ကျူလေးရှင်းပါ ကိုသွေးသစ်ဉာဏ်၊ ကျွန်တော် စိန်ရတနာကုမ္ပဏီက ကျော်ဇင်မိုးပါ၊ သူက ကျွန်တော့်ညီမ ရွှေဇင်မိုး"

"ဟုတ်ကဲ့ ကျွန်တော် သိထားပါတယ်၊ လူချင်းအခုမှ တွေ့ရပေမယ့် ခင်ဗျားတို့က အောင်မြင်နေတဲ့သူတွေဆိုတော့ သတင်းတွေက မွှေးနေတာလေ၊ ကျွန်တော်ကတော့ အခုမှစပြီး ကြိုးစားမှာပါ"

"သိုင်းကျူးပါ ခင်ဗျားလည်းနာမည်ကြီးအောင်မြင်နေတဲ့ ကုမ္ပဏီကြီးရဲ့လက်ခွဲဖြစ်နေတဲ့အတွက် မြန်မာပြည်ဈေးကွက်ကို အကြာကြီးစောင့်စရာမလိုဘဲ တိုးတက်အောင်မြင်နိုင်မှာပါ"

"ရွှေဇင်လည်း ဆုတောင်းပေးတယ်နော်၊ ကိုသွေးသစ် အချိန်တိုအတွင်းမှာ အမြန်ဆုံးအောင်မြင်ပါစေ"

"သိုင်းကျူး ရွှေဇင်၊ ကျွန်တော့်မှာလိုအပ်တာလေးတွေရှိရင်လည်း ကူညီပါဦးဗျာ"

"ရွှေဇင်တို့နဲ့ ကိုသွေးသစ်ကုမ္ပဏီက ပါတနာတွေဖြစ်ရမှာပါ၊ အဲဒီအတွက် ခဏခဏဆုံဖြစ်မယ်ထင်တယ်"

"ကျွန်တော်ကလည်း ဆုံချင်ပါတယ်ဗျာ"

ရွှေဇင်မိုးကိုကြည့်သော သွေးသစ်ဉာဏ်မျက်လုံးများက ရီဝေညို့ဝင်လျက်ရှိသည်။ ရွှေဇင်မိုးကလည်း ခေသူမဟုတ်။ အစ်ကိုဖြစ်သူရှေ့မှာတောင် သွေးသစ်ဉာဏ်ကို အီစီကလီအထာတွေ ပေးချင်နေသည်။

ကျော်ဇင်မိုးကတော့ သွေးသစ်ဉာဏ်နောက်မှာ ခပ်ကုတ်ကုတ်





ကလေး ပစ္စည်းတွေကိုင်ကာ လိုက်နေရသော ယမင်းယုသွင်ကိုတွေ့မြင်ကာ စိတ်မကောင်းဖြစ်မိလျက် သွေးသစ်ဉာဏ်နောက်ကိုကျော်ကြည့်ကာ

"ယုက ကိုသွေးသစ်ဉာဏ်ဆီမှာ အလုပ်လုပ်နေတာလား"

"ဩော် ဟုတ် ဟုတ်ကဲ့"

"ယမင်းယုသွင်နဲ့ ကိုကျော်ဇင်မိုးတို့က သိနေကြတာလား၊ ဘယ်လိုပတ်သက်မှုမျိုးနဲ့ သိကြတာလဲ"

"ဟို"

"အဲဒါ"

ကျော်ဇင်မိုးနှင့်ယမင်းယုသွင် ဘယ်လိုဖြေရမှန်းမသိဘဲ ကြောင်အမ်းအမ်း ဖြစ်သွားကြသည်။ ရွှေဇင်မိုးက ယမင်းယုသွင်ကို မလိုလားစွာမဲ့ရွဲ့ကြည့်လျက်

"ကိုသွေးသစ်ကလည်း ရွှေဇင်တို့အကြောင်း သိထားတယ်ဆိုရင် ရွှေဇင်တို့အဖေမိန်းမများများ ယူတတ်တာကိုလည်း သိထားရမှာပေါ့၊ သူက ဖေဖေ့မိန်းမထဲက တစ်ယောက်လေ၊ ရွှေဇင်တို့ရဲ့မိထွေးပေါ့"

"ဩော် ကျွန်တော်က သူများအိမ်တွင်းရေးမစပ်စုတတ်ပါဘူး။ စီးပွားရေးသမားဆိုတော့ စီးပွားရေးနဲ့ပတ်သက်တာပဲ လေ့လာထားလို့ပါ"

"ရွှေဇင် နင်ဘာတွေပြောနေတာလဲ"

ကျော်ဇင်မိုးက ယမင်းယုသွင်ကို အားနာသွားကာ ဝင်ဟန့်သည်။ ရွှေဇင်မိုးက အစ်ကိုဖြစ်သူကိုလည်း ကြောက်ပုံမရပါ။ ယမင်းယုသွင်အပေါ် အငြိုးတွေရှိနေသလို ဂရုမစိုက်ဘဲ

"ညီမလေးက ဘာတွေမဟုတ်တာ ပြောနေလို့လဲ၊ ဖေဖေ ယူထားတဲ့မိန်းမမို့ မိထွေးက မိထွေးပေါ့၊ ကိုယ့်အဖေနဲ့ကလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တောင်မွှေးထားသေးတာဆိုတော့ မေမေလေးလို့ခေါ်ရင်လည်း ရတယ်၊ ဟင်း ဟင်း လောဘကတော့ မပြောနဲ့ အဖေလောက်ရှိတဲ့သူကိုယူပြီး ကလေးရအောင်မွေးလိုက်သေးတယ်၊ အမွေတွေလိုချင်လို့လေ”

“ရွှေဖင် အာ ဒီကောင်မလေးတော့ ကိုသွေးသစ်ကို ဘာတွေ ပြောနေတာလဲ၊ ဟို ကျွန်တော် ယုနဲ့ခဏလောက် စကားပြောလို့ရမလား ခင်ဗျာ”

ကျော်ဖင်မိုးက သွေးသစ်ဉာဏ်ကိုကျော်၍ ယမင်းယုသွင်ကို ခွင့်တောင်းနေသည်။ ယမင်းယုသွင် ဘာမှမပြောရသေးခင် သွေးသစ်ဉာဏ်က လက်ကာ၍

“သူက ကျွန်တော့်ဝန်ထမ်းပါ၊ အခု တာဝန်ချိန်ကြီးဖြစ်နေတယ်၊ သူ့အားလပ်ချိန်မှာတော့ သူ့သဘောပါပဲ”

“ကျွန်တော်က စကားအကြာကြီးပြောဖို့မဟုတ်ပါဘူး၊ တစ်ခွန်း နှစ်ခွန်းပါပဲ”

“ဆောရီးနော် ကျွန်တော့်ကိုခွင့်ပြုပါဦး၊ ဟိုဘက်မှာ ညှိခံစရာ လေးရှိလို့ပါ”

သူ ထွက်လာခဲ့ချိန်မှာ ကျော်ဖင်မိုးကို အားနာနေသလို ယမင်းယုသွင် တန်းခနဲ လိုက်မလာပေ။ သူ မျက်ထောင့်နီဖြင့် စူးခနဲလှည့်ကြည့်လိုက်မှ ပျာယီပျာယာလိုက်လာခဲ့သည်။

သူမကို ဒီလောက်ထိ လင်ပါသမီးက ပြောနေတာကို သူမ ဘာမှခွန်းတုံ့ပြန်မှုမရှိ။ လင်ပါသားကရော ဘာတွေပြောချင်လို့ သူမဆီခွင့်တောင်းနေရတာလဲ။ လင်ပါသားက သူမထက်တောင် အသက်ကြီးချင်ကြီး နေဦးမည်။ သူမ ဘာကြောင့်များ ဒီလောက်အသက်ကြီးကြီး လူကြီးကို





ယူလိုက်ရတာလဲ။ တစ်ခုပဲရှိသည် သူမ ချမ်းသာချင်လို့။

ခုန ရွှေဖင်ပြောသလို လောဘတွေကြီးပြီး အမွေတွေလိုချင်လို့ ကလေးတောင်မွေးလိုက်သေး၏။ အံ့ဩစရာတော့ ကောင်းသည့်မိန်းမပါ။

“ဟယ်လို ဟုတ်ကဲ့ ကိုမိုး၊ အင်း ဟုတ်ကဲ့ ဟုတ်ကဲ့ပါ ကိုမိုး”

သူမ ဖုန်းပြောနေတာ ကိုမိုးချင်းထပ်နေသည်။ လင်ပါသားကို ဘာတွေအရေးတယူဆက်ဆံနေရတာလဲ။ သူ နားကြားပြင်းကတ်စွာ သူ မျက်ထောက်နီဖြင့်ကြည့်လိုက်သည်။ ဖုန်းပိတ်ပြီးသော သူမက နားမလည် သလိုမော့ကြည့်နေ၏။

“ဒါ ညှိခံပွဲ၊ ပြီးတော့ လုပ်ငန်းချိန် မင်းကိုယ်ရေးကိုယ်တာ ဖုန်းပြောသင့်တဲ့အချိန်ဆိုတာ နားမလည်ဘူးလား”

“ကျွန်မ ရှင့်တာဝန်တွေကို ပျက်ကွက်နေတာမဟုတ်ပါဘူး၊ ရှင့် အတွက် ဘာတွေလစ်ဟင်းသွားလို့လဲ”

“မင်း ငါ့ကို အဲဒီလိုတွေ ပြန်ပြောစရာမလိုဘူး ယမင်းယုသွင်၊ အလုပ်ရှင်အပေါ် ဘယ်လိုလေးစားလိုက်နာရမယ်ဆိုတာ မင်းမသိဘူးလား”

လူကြားထဲမှာ ခပ်ဆတ်ဆတ် ကြိတ်ကာ အော်နေသည်မို့ သူမ ရှက်ရွံ့ထူပူမှုများနှင့် ငြိမ်နေလိုက်ရသည်။ သွေးသစ်ဉာဏ်ရဲ့ သူမအပေါ်ဆက်ဆံမှုတွေက အထင်သေးပြီး မောက်မာရိုင်းစိုင်းနေသလိုပါ။ တမင်သက်သက် ကို သူမကိုသိမ်ငယ်မှုတွေဖြစ်အောင်လုပ်နေတာ။

သူကတော့ ဝိုင်းတစ်ဝိုင်းမှာ ဝင်ထိုင်ကာ ဝိုင်ထည့်သောက်လိုက် အမြည်းတွေစားလိုက် ပြောလိုက်ဆိုလိုက်ဖြင့်။ သူမမှာတော့ စားလည်းမစား သောက်လည်းမသောက်ရ၊ စားပွဲဝိုင်းတွေမှာ ဝင်ထိုင်ခွင့်လည်းမပေးဘဲ သူ့ ပစ္စည်းတွေကိုင်ကာ သူ့ဘေးနားမှာပဲ ရပ်ဖနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကြားထားသည့်လုပ်ငန်းရှင်တွေနှင့် စကားပြောရင်း ဘယ်သူနှင့် ဘယ်နေ့ဘယ်နေရာမှာ တွေ့ရမည်ဆိုတာတွေ မှတ်မိုင်းတာတွေလည်း မှတ်ရ၏။ သူမအခြေအနေကို ကျော်ဇင်မိုးလိုက်ကြည့်ပြီး စိတ်မကောင်းဖြစ်နေသည်ဆိုတာလည်း သူမ သတိထားမိသည်။ ဒါပေမဲ့ ဘယ်တတ်နိုင်ပါ့မလဲ။ အခုချိန်မှာ သူမ ရွေးချယ်မှုတွေ မှန်မမှန်ဆိုတာ သူမကိုယ်တိုင်တောင် ဇဝေဇဝါဖြစ်နေရသည်မို့။

■ ■ ■

အခန်း (၁၁)

"ဟင် ကိုမိုး"

စားသောက်ဆိုင်တစ်ခုအတွင်း ကြိုရောက်နေသော ကျော်ဇင်မိုးက သီးသန့်ခန်းလေးအတွင်းမှာ စားပွဲနှင့်အပြည့် စားသောက်ဖွယ်ရာတွေ မှာထား၍ ယမင်းယုသွင် အံ့ဩသွားရသည်။ ကျော်ဇင်မိုး မက်တပ်ရပ်ကာ သူမကို အရေးတယူ ကြိုဆိုမှုပြု၍

"ထိုင်ပါ ယု၊ အခုချိန်ထိ ယု ဘာမှမစားရသေးဘူး ကိုယ်သိတယ်"

"အင်း ဗိုက်တော့ဆာနေတာပါ၊ ဒါပေမဲ့ ဘာလို့ ဒီလောက်အများကြီးမှာထားရတာလဲ ကိုမိုးရယ်၊ ယုလည်း ကုန်အောင်စားနိုင်မှာမဟုတ်ဘဲနဲ့"

"တစ်ပွဲစီကုန်အောင် မစားနိုင်ဘူးဆိုတာ သိပါတယ်၊ ဒါပေမဲ့ ယုအဆာလွန်ပြီး ခံတွင်းပျက်နေမှာစိုးလို့ တစ်မျိုးပြီးတစ်မျိုး ကြည့်လို့ရအောင် မှာထားတာ၊ ဖြည်းဖြည်းချင်းသုံးဆောင်ပါ ယု"

"အားနာလိုက်တာ ကိုမိုးရယ်"





www.burmeseclassic.com

www.burmeseclassic.com



ပြောသာပြောရပေမယ့် ဗိုက်ထဲမှာ ဆာလောင်နေပြီမို့ သူမ ဟန်ဆောင်ပြီး မှုမနေနိုင်ပါ။ ကျော်ဇင်မိုး မှာထားသမျှတွေ ပန်းကန်စေ့အောင် စားကြည့်ရင်းဖြင့် လည်မနင်အောင် ဟင်းရည်နှင့်မျောချလိုက် အအေးနှင့် မျောချလိုက်လုပ်နေရသည်။ ကျော်ဇင်မိုးက သူမကိုစိတ်မကောင်းဖြစ်သလို ကြည့်နေပြီး

"ယုရဲ့အလုပ်ရှင်တော်တော်ဆိုးတာပဲ၊ ကိုယ်ကြည့်နေတာ အရင်းကို နိုင်ထက်စီးနင်းနိုင်လွန်းတယ်လို့ ထင်မိတယ်၊ ဒီလိုပွဲမျိုးမှာ ပါဝင်ပြုရင်တယ်ဆိုရင်တောင် အစားအသောက်တော့ အငတ်မထားသင့်ဘူး။ သူကတော့ စားသောက်နေပြီး ယုကိုတော့ တစ်ချိန်လုံး သူ့ဘေးမှာမတ်တတ်ရပ် အလုပ်တွေလုပ်ခိုင်းနေတယ်၊ ပွဲပြီးတော့လည်း ယု ကိုယ်ခေါ်တဲ့နေရာကို တန်းမလာနိုင်ဘူး။ သူ့ကိုကားမောင်းပြီး ပြန်လိုက်ပို့ရသေးတယ်၊ အခု ယု တက္ကစီငှားပြီးလာခဲ့တာ မဟုတ်လား"

"ဟုတ်ကဲ့ သူသောက်တာနည်းနည်းများသွားတော့ လမ်းမှာ အန္တရာယ်ဖြစ်မှာစိုးလို့ မောင်းခိုင်းတာပါ"

"ပွဲကိုလာတုန်းကလည်း ယုပဲမောင်းလာရတာ ကိုယ် ကားပါကင်မှာကတည်းက တွေ့လိုက်တယ်၊ သွေးသစ်ဥာဏ်မျက်နှာက ယုကိုဆက်ဆံတာ လိုအပ်တာထက်ပိုပြီး မာထန်နေသလိုပဲ၊ သူ့မှာ ကားမောင်းပေးမယ့် တခြားသူတွေနဲ့ မန်နေဂျာတွေလည်းရှိရဲ့သားနဲ့ ယုကိုခိုင်းလုပ်ခိုင်းတယ်၊ ယုက သူ့ဆီမှာ ဘာရာထူးနဲ့အလုပ်ဝင်တာလဲ"

"ပညာရှင်အဆင့်ပါ၊ ဈေးကွက်ဖြန့်တဲ့နိုင်ငံတိုင်းအတွက် ဘာသာပြန်ပေးရတာ၊ ပြီးတော့ မားကတ်တင်းကိစ္စတွေအတွက် စာရင်းစစ်ပေးရတာ၊ သူ့ကိုယ်စား လက်မှတ်ထိုးပေးရတာတွေရော"





"ဒါဆို ဘာဟီရလိုသာ ပြောလိုက်ပါတော့လား ယုရယ်၊ ယုတတ်ထားတဲ့ပညာနဲ့ဆိုရင် သူ့ရဲ့ဒရိုင်ဘာ မှတ်တမ်းရေးတဲ့သူ၊ သူ့ပစ္စည်းတွေ ထိုက်ကိုင်ပေးရတဲ့သူလုပ်စရာလား၊ ကိုယ့်ရဲ့ကုမ္ပဏီမှာလုပ်ပါလား ယု၊ အရင်က ကလေးရဲ့တာဝန်တွေနဲ့ မိဘတွေရဲ့ကျန်းမာရေးနဲ့ ယုဘာမှမလုပ်နိုင်သေးဘူးဆိုလို့ ကိုယ် ဘာမှမပြောခဲ့တာ၊ ဒါပေမဲ့ ယု အလုပ်လုပ်တော့မယ်ဆိုရင် ကိုယ့်ကိုအရင်ဆုံးတိုင်ပင်ပါလို့တော့ ပြောခဲ့ဖူးတယ်နော်"

ဖွန်းခက်ရင်းကို ပန်းကန်ပေါ် ခပ်သာသာချရင်း ခေါင်းညိတ်ပြရသည်။ သူမအပေါ် ကျော်ဇင်မိုး ကောင်းခဲ့တာတွေအများကြီးပါ။ ထင်မှတ်ထားသည့်အရာတွေအပေါ် ဖြေသိမ့်နှစ်သိမ့်အားပေးခဲ့တာလည်း ကျော်ဇင်မိုးပင်။

"ကိုမိုး အဲဒီလိုပြောခဲ့တာကို ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ယု အဲဒီကိစ္စကို စဉ်းစားတွေဝေနေခဲ့လို့လည်း ဒီအချိန်ထိ အလုပ်မလုပ်ဖြစ်ဘဲနေခဲ့တာ၊ အခုတော့ မလုပ်မဖြစ်တော့လို့ ဒီအလုပ်ကို လျှောက်လိုက်ရတာပါ"

"ယုတို့ တော်တော်အဆင်မပြေဖြစ်နေလား၊ ကိုယ့်ကိုဘာကြောင့် ဘာမှမတိုင်ပင်ခဲ့တာလဲ"

"ယုရဲ့မိသားစုကိစ္စအရေးတွေ ဖြစ်နေပြီလေ၊ ကိုမိုးကို နေရာတကာတင်ပြည့်ညှပြီး အပူမကပ်ချင်ဘူး။ ရွှေဇင်က အစတည်းက မလိုလားခဲ့တာ အပြစ်တင်ခဲ့တာ ကိုမိုးအသိပဲ၊ ကုမ္ပဏီကိုလာရင် ရွှေဇင်နဲ့တွေ့မယ်၊ မျက်နှာချင်းဆိုင်အမြဲတမ်း တိုက်ခိုက်ခံရမယ်၊ အပုပ်ချရှုံ့ချခံရမယ်၊ အဲဒါတွေကို ယု မခံစားနိုင်တော့ဘူး ကိုမိုး၊ ကိုမိုးအဖေကိစ္စတွေနဲ့ပတ်သက်တာတွေက အရာအားလုံး ပြီးခဲ့ပြီလေ"

"ဒါဆို သွေးသစ်ဥာဏ်ကုမ္ပဏီဖွင့်ပွဲမှာ ရွှေဇင်ပြောတာတွေကို



www.burmeseclassic.com

www.burmeseclassic.com



ဘာလို့ခေါင်းညိတ်ခံနေတာလဲ၊ ယု ရင်ထဲရှိသလို ပေါက်ကွဲပါလား။ တုံ့ပြ
ပါလား ယု၊ တမင်သက်သက် အရှက်ကွဲအောင်တိုက်ခိုက်နေတာ
သိသားပဲ''

ယမင်းယုသွင် နှုတ်ခမ်းထောင့်စွန်းလေး အနည်းငယ် မဲ့ကျသွာ
သည်။ အအေးခွက်ကို တစ်ငုံငုံသောက်ပြီးမှ ခွက်ကိုပြန်ချကာ

"ဒါဆို ဘယ်လိုတုံ့ပြန်ရမလဲ ကိုမင်း။ နင့်အဖေကို ငါမယူခဲ့ပါဘူ
လို့လား။ အမွေတွေ မမက်မောလို့ နင့်အဖေနဲ့ကလေးမမွေးခဲ့ပါဘူးလာ
ငါက အငယ်အနှောင်းမဟုတ်ပါဘူးလို့လား၊ သူ စွပ်စွဲပြီးအပုပ်ချနေတ
ဘာတွေက မှားနေလို့လဲ၊ ဒီအချိန်မှာ ဘာတွေကိုဖြေရှင်းပြရမှာလဲ ကိုမိုး''

ကျော်ဇင်မိုး သက်ပြင်းတွေရှိုက်လျက် ယု မျက်နှာလေးကို သနာ
ကရုဏာသက်စွာ ခပ်ငေးငေးလေးကြည့်ဖြစ်သွား၏။ ဒီမိန်းကလေးကို ဖေဖေ
လက်ထပ်နိုင်ခဲ့စဉ်က ဘာကိုမှမတွေးဘဲ လက်ထပ်ခဲ့မိလျှင် အကောင်းသာ

ထိုအချိန်က ယမင်းယုသွင်ဆိုတာကို ရုပ်လည်းမမြင်ဘူး။ တွေ့
လည်းမတွေ့ဘူးပေ။ ဖေဖေ့သူငယ်ချင်းတစ်ယောက် စီးပွားရေးကျပြီး ငွေရေး
ကြေးရေးအကျပ်အတည်း အခက်အခဲဖြစ်နေတာကြောင့် ဖေဖေ ကူညီချင်
တယ်။ သူ့သမီးလေးနဲ့လည်း သားကိုဖေဖေ လက်ထပ်ပေးချင်တယ်ဟု
ပြောလာတာကြောင့် ဒီလိုအဆင်မပြေမှုတွေကြားထဲက မိန်းကလေးတစ်
ယောက်ကို လက်မထပ်ချင်ပေ။

ကိုယ့်ချစ်သူကို ဆင်းရဲတွင်းထဲက ကယ်တင်ပေးရရင် တစ်မျိုးပေ့
အခုတော့ ကိုယ်မမြင်ဘူး မတွေ့ဘူးသည့်မိန်းကလေးကို ဒီလိုအရှုပ်ထုပ်ထဲ
ကနေ လက်ထပ်ပေးဖို့ဆိုတာ လုံးဝမဖြစ်နိုင်ပေ။

မပြည့်စုံချို့တဲ့သည့်သူမို့ လောဘမောဟ တပ်မက်မှုတွေဖြင့် အိမ်





ထောင်ရေးလည်း မသာယာနိုင်။ ပြဿနာတွေလည်း ကြီးထွားနိုင်သည်မို့
ဖေဖေ့ကိုတစ်ခါတည်းပြောရုံနှင့် အပြတ်ငြင်းပစ်ခဲ့တာပါ။ နောက်တော့ ကိုယ့်
ကိုပြောပြီး သုံးလကျော်လောက်အတွင်းမှာ ဖေဖေက အဲဒီမိန်းကလေးကို
နိုင်ငံခြားခေါ်သွားကာ ဟိုမှာလက်ထပ်လိုက်သည်။ ဘယ်လောက်တောင်
ကံတွေရောက်နေလို့ ယောကျ်ားယူမှုကိုဖြစ်မှာလဲဟု ထိုမိန်းကလေးကို
အရှမ်းအထင်သေးသွားမိ၏။

"ကိုမိုး"

"ဟင် ပြော ယု"

"ဘာတွေတွေးနေလို့ အရမ်းကြီးငိုင်ကျသွားတာလဲ"

"အင်း ယုနဲ့ဖေဖေအကြောင်းပါပဲ၊ လတ်တလောကြီး လက်ထပ်
လိုက်တာ အကြောင်းအရင်း ကြီးကြီးမားမားတွေရှိနေမယ်မဟုတ်လား။ ဖေဖေ
က ယုတို့မိသားစုအဆင်မပြေမှုကို ငွေရေးကြေးရေးအဆင်ပြေအောင် ကူညီ
ပေးချင်တယ်ဆိုတာ အစတည်းက ပြောခဲ့တယ်၊ အဲဒီငွေရေးကြေးရေးကို
သပ်သပ်ကူညီလို့ရရဲ့နဲ့ ဘာကြောင့် ယုနဲ့အလောတကြီး အရေးပေါ်လက်ထပ်
လိုက်တာလဲ၊ ပြီးတော့ လက်ထပ်တာကို မြန်မာပြည်ကလူတွေ မသိစေချင်
လို့ နိုင်ငံခြားမှာသွားပြီး လက်ထပ်ခဲ့တာလား။ တကယ်ဆို ကိုယ်တို့မိသားစု
က ပြဿနာရှာမှာကို ဖေဖေက ကြောက်တတ်တဲ့လူစားမျိုးတော့ မဟုတ်
ဘူး။ တစ်ရွာတစ်ကျေးက မိန်းမတွေမှုလိုပေါက်အောင် ယူတတ်တာလည်း
မဟုတ်ပေမယ့် သနားကြင်နာတတ်တဲ့ ဖေဖေက မေမေနဲ့အိမ်ထောင်ရေး
အဆင်မပြေတိုင်း အပျော်ရှာသလိုတော့ ဖြစ်ခဲ့တယ်၊ အဲဒီထဲမှာ ယုလည်း
တစ်ယောက်အပါအဝင်ဖြစ်ခဲ့တာတော့ ကိုယ် အံ့ဩမိတာ အမှန်ပဲ''

"ကိုမိုးအဖေ အပျော်ရှာတဲ့ထဲမှာ ယုပါပါတယ်လို့ ကိုမိုးလည်း



www.burmeseclassic.com

www.burmeseclassic.com



ထင်နေတာလား''

ဟုတ်တယ်လို့ ပြောလိုက်ရမှာတော့ အားနာနေသည်။ ဖေဖေ
ယုကို အပျော်ရှာရုံသက်သက်တွဲခဲ့တာမျိုးမဟုတ်ဘဲ တရားဝင်လက်မှတ်ထိုး
လက်ထပ်ယူခဲ့ခြင်းဖြစ်သည်။ နိုင်ငံခြားမှာ အိမ်တဆောင်မီးတပြောင် ထမ်း
တနားကို ထားခဲ့တာပါ။

ဖေဖေလက်ထပ်လိုက်သည့်မိန်းကလေးဟာ အစတုန်းက ကိုယ်
နှင့်လက်ထပ်ပေးချင်သည့် မိန်းကလေးဟုမထင်မိ။ ဖေဖေက မိန်းမတွေနှင့်
ပတ်သက်သည်ဟု သတင်းမျိုးကြားရပေမယ့် မေမေကလွဲပြီး ဘယ်မိန်းမကို
ဒီလိုမျိုး တရားဝင်လက်ထပ်ယူသည်ဆိုတာ မရှိဘူးတာမို့ တစ်မိသားစုလုံး
ဖေဖေ့ကိုစိတ်ဆိုးကာ မဆက်သွယ်ကြ။

မေမေကဆို တရားဝင်ကွာရှင်းဖို့အထိတောင် ဖေဖေ့ကိုနာကြည်း
သွားခဲ့၏။ ဒါပေမဲ့လည်း မေမေက အပြစ်ကင်းခဲ့သူမဟုတ်။ လောင်းကစား
ဘက်မှာ ဝါသနာပါသလို ဖေဖေ့အပေါ်လည်း ဂရုစိုက်ကြင်နာမှုမရှိ၊ အိမ်
ထောင်ရေးကို တန်ဖိုးမထားတတ်တာမို့ ဖေဖေ ဒီလိုလုပ်သွားတာ ဖေဖေ့
အပြစ်မဟုတ်ပေ။

ကိုယ့်အနေနှင့်လည်း ဖေဖေ့ကိုအပြစ်မတင်မိ။ ယောကျ်ားကောင်း
မောင်းမတစ်ထောင်။ အိမ်ထောင်ရေးမသာယာလျှင် ယောကျ်ားတိုင်းအပျော်
ရှာတတ်သည်ပဲမဟုတ်လား။ ဒါကြောင့်မို့ တစ်နှစ်လောက်ရှိလို့ ဖေဖေ
ကိုယ့်ကိုနိုင်ငံခြားခေါ်သည့်အချိန်မှာ ဘာဆင်ခြေမှမပေးဘဲ ရောက်အောင်
သွားခဲ့သည်။ ထိုအချိန်က

"ကိုမိုး ယုမေးတာ ဘာလို့မဖြေတာလဲ"

"ဖြေ ကိုယ်က ယုကိုအားနာနေတာပါ၊ အစက အဖေအရွယ်



လောက်ရှိတဲ့သူကို ယုမရှက်မကြောက် မိန်းကလေးသိက္ခာမရှိ အကြေးတွေ
အတွက်နဲ့ လောဘတွေကြောင့် ကလေးတောင်အမြန်ယူလိုက်တယ်လို့
အထင်လည်းသေးခဲ့မိတယ်"

"ဖြေ"

"ဒါပေမဲ့ ဖေဖေ့ဆီ ကိုမင်းလာပြီး ယုကိုအနီးကပ်ဆက်ဆံကြည့်
တဲ့အခါမှာတော့ အဲဒီလို လုံးဝမဟုတ်ဘူးဆိုတာ ကိုယ် သိလိုက်ရတယ်၊
ယုက ဖေဖေ့ကို အသက်ကြီးတဲ့အဘိုးကြီးဆီ ရသလောက်ချူမယ်ဆိုပြီး
ညှုနေတာချွဲနေတာ ခရာနေတာမျိုးမဟုတ်ဘူး၊ ရိုသေလေးစားသင့်တဲ့လူ
တစ်ယောက် မအေတစ်ယောက်လို ဆက်ဆံတာပြုစုလုပ်ကိုင်ပေးတာ ဣန္ဒြေ
ရှင်မိန်းမတစ်ယောက်ရဲ့ဂုဏ်သိက္ခာတွေ အေးဆေးတည်ငြိမ်တာ၊ ကလေး
အပေါ် နွေးထွေးမှုတွေ မေတ္တာတွေပေးတာ အားလုံး ကိုယ်လေ့လာခဲ့တယ်၊
ကိုယ်အရမ်းကျေးဇူးတင်မိတာကတော့ ဖေဖေ့ရဲ့ကျန်းမာရေးမကောင်းတဲ့
နောက်ဆုံးအချိန်တွေမှာ ယုကိုယ်တိုင် ချေးသေးကအစ မရွံမရှာ မညည်း
မညူ ပြုစုလုပ်ကိုင်ပေးခဲ့တာတွေပါ၊ ကိုယ်တို့မောင်နှမ သားသမီးအရင်းတွေ
တောင် မလုပ်ပေးခဲ့ဘူး၊ ဖေဖေ့ကို စိတ်နာနေတဲ့ မေမေဆို ဖေဖေရက်လည်
ပြီးမှ အမွေကိစ္စတွေအတွက်ရောက်လာခဲ့တာ၊ ဒါတောင် ဖေဖေ့အုတ်ဂူဆီ
ခြေဦးတောင် မလှည့်ခဲ့ဘူး"

ဘာအတွက် ကျော်ဇင်မိုး ဒီအကြောင်းတွေပြောပြနေသည်မသိ
ပေမယ့် အဲဒီအချိန်က ကျော်ဇင်မိုး ရှိနေခဲ့လို့သာ သူမအတွက် ဖြေသာရာ
ရခဲ့ခြင်းဖြစ်သည်။ ကျော်ဇင်မိုးတို့အမေက ချက်ချင်းကို သူမကိုအိမ်ပေါ်က
ဆွဲချခဲ့တာပါ။ ဦးထွန်းအောင်မိုးနှင့်အတူနေခဲ့သည့်အိမ်ကိုလည်း သူမ အပိုင်
စီးသွားမှာ စိုးရိမ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို ထိုနိုင်ငံခြားက အိမ်ကြီးမှာ သားနှင့်သူမနေဖို့အတွက် ဦးထွန်းအောင်မိုးက ပိုင်ဆိုင်မှုစာချုပ်စာတမ်းတွေပေးထားခဲ့တာပါ။ ဒါပေမဲ့ အဲဒီအချိန်မှာ သူမတစ်ယောက်တည်း ဖြစ်နေခဲ့သည်။

ကျော်ဇင်မိုးက သူ့အဖေမသေခင်တည်းက ရှိနေခဲ့သည်ဆိုသော်လည်း သူ့အမေနှင့်သူ့ညီမရောက်လာပြီး ဦးထွန်းအောင်မိုးနာမည်နှင့်ဝယ်ထားခဲ့သော ထိုအိမ်ကြီးရဲ့စာချုပ်စာတမ်းများကို ဦးထွန်းအောင်မိုးသေသွားသည့်အတွက် သူတို့ပိုင်ဆိုင်မှုအဖြစ်ပြောင်းပြီး သူမကိုအိမ်ပေါ်ကနေ နှင်ချခဲ့ခြင်းဖြစ်၏။ ကျော်ဇင်မိုးက ပိုင်ဆိုင်မှုတွေပြောင်းလဲပစ်ခြင်းကို ဘာမှ ဝင်မပြောနိုင်ပေမယ့် တစ်လဆွမ်းသွပ်ပြီးမှ မြန်မာပြည်ပြန်ဖို့ အတိုက်အခံလုပ်ကာ တောင်းဆိုပေးခဲ့သည်။

သူလည်း သူမနှင့်သားလေးကို အားပေးနှစ်သိမ့်ဖို့အတွက် အနားမှာနေပေးခဲ့၏။

"ယု"

"ရှင်"

"ယုလည်း တွေးနေတယ်နော်၊ ကိုယ်ပြောနေတာတွေကြားရဲ့လား ငြိမ်သွားသလိုပဲ"

"ယု မြန်မာပြည်ပြန်ရောက်တာ ငါးနှစ်ကျော်သွားပြီ၊ နှစ်တွေကြာသွားပြီဆိုပေမယ့် ခဏလေးလို့ထင်မိတယ်၊ ဦးထွန်းအောင်မိုး သေဆုံးစဉ်က ကိုမိုးရဲ့အားပေးမှုတွေအတွက် ယု အခုထိ ကျေးဇူးတင်နေတုန်းပါ၊ သူ့ကို ဒီလိုမြန်မြန်သေဆုံးမယ်လို့ မထင်မိဘူး။ ဖေဖေတောင် စိတ်ဆင်းရဲမှုတွေ စိတ်ဖိစီးမှုတွေအများကြီးရပြီး ဝိုးချဲ့နေရတဲ့ဒုက္ခတွေဖြစ်နေတာတောင် ကျန်းမာဖျတ်လတ်တုန်းရှိပါသေးတယ်၊ ဦးထွန်းအောင်မိုးဆိုရင် ရောဂါလေးတစ်ခုဖြစ်





တာနဲ့ ဘယ်နိုင်ငံကိုပဲဖြစ်ဖြစ် ခေါ်သွားကုနိုင်တယ်၊ သမားတော်ကြီးတွေကို အနားမှာထားပြီး စောင့်ရှောက်ခဲ့နိုင်တယ်၊ ဒါပေမဲ့ သူက အဲဒီလူတွေနဲ့မနေဘဲ ကင်ဆာရောဂါဝေဒနာကို ကြိတ်ခံစားသွားတယ်"

"ကိုယ်တို့တွေ အသိနောက်ကျသွားတယ်၊ ဖေဖေက ဒီရောဂါရှိနေတာကို ဘယ်သူ့ကိုမှအသိမပေးဘူး။ ယု ပြောမှကိုယ်သိတာ၊ ဒါတောင် ဖေဖေ့ကို ယု သေချာအသေးစိတ်ပြုစုစောင့်ရှောက်နေလို့ ဘာရောဂါများဖြစ်နေသလဲဆိုတာ သတိထားမိပြီး ယုကိုမေးခဲ့တာ"

"သူက ဘယ်သူ့ကိုမှ ပြောပြချင်တဲ့ဆန္ဒမရှိလို့ပါ"

"ယုကရော ဖေဖေ့မှာ အဲဒီရောဂါရှိတယ်ဆိုတာ ဘယ်အချိန်ထည်းက သိနေတာလဲ"

"ရှင်"

ယမင်းယုသွင် အံ့ဩသလို ဖြစ်သွားပြီးမှ မသိမသာမျက်နှာလွှဲသွားခဲ့၏။ မဖြေနိုင်စရာ ဘာအကြောင်းများရှိလို့ပါလဲ။ ဖေဖေ့မှာ ဒီရောဂါရှိနေတာ မိသားစုတွေတောင် မသိခဲ့ရသည့်ကိစ္စပါ။ ဖေဖေက တစ်ခါတစ်ရံ ဆိုသိပ်လွန်းသည်လို့ပဲ ပြောရမလား။ မိသားစုတွေက နွေးထွေးမှုမရှိတာကြောင့် ကိုယ့်ကိစ္စကိုယ့်ဘာသာ ရှင်းမည်ဆိုသည့်သဘောလား။

မြန်မာပြည်ကလုပ်ငန်းတွေဘက် အာရုံမစိုက်တော့ဘဲ ယုကိုခေါ်ကာ နိုင်ငံခြားထွက်သွားခဲ့သည်။ ဟိုမှာလည်း ဖေဖေ လုပ်ငန်းတချို့ရှိခဲ့သော်လည်း ဖေဖေက ယုကိုတော့ လုပ်ငန်းတွေလွှဲမပေးခဲ့ပေ။

တကယ်ဆို တရားဝင်လက်ထပ်ပြီး ဖေဖေ့ရင်သွေးလေးကို မွေးပေးခဲ့သည့် ယုအတွက် ဖေဖေပေးခဲ့သော ရသင့်ရထိုက်တာတွေက နည်းလွန်းသည်ဟု ထင်မိသည်။ ဖေဖေ့ပိုင်ဆိုင်မှုတွေနှင့် တိုင်းတာမည်ဆိုလျှင် လုံးဝ



www.burmeseclassic.com

www.burmeseclassic.com



မတာနိုပါ။

ဒါတောင် ယုဘက်က ပြုံပြင်မှုလုံးဝမပြ။ ဇနီးမယားတစ်ယောက် ဆိုတာထက် သမီးကောင်း မိတ်ဆွေကောင်း အဖော်ကောင်းတစ်ယောက် လို ဖေဖေ့အနားမှာ တစ်ချိန်လုံး အနားမှာပြုစုစောင့်ရှောက်ရင်းဖြင့် တာဝန် တွေကျေခဲ့သည်။

"ယု မဖြေချင်ဘူးလား။ ဖေဖေရောဂါဖြစ်တာကို ယုကအရင်ဆုံး သိခွင့်ရတဲ့သူပါ။ ဘယ်အချိန်တည်းက ဖြစ်နေတာလဲ ယုမသိဘဲတော့နေမှာ မဟုတ်ပါဘူး၊ ပြီးတော့ ယုနဲ့ပတ်သက်မှုကလည်း"

"ဒီကိစ္စတွေရဲ့အစပိုင်းတွေအားလုံး ကိုမိုး မသိတာကောင်းပါတယ် သိရင်လည်း ဘာမှထူးလာမှာ မဟုတ်ပါဘူး"

"အင်းလေ ဖေဖေက မေမေနဲ့လက်ထပ်ပြီး ကိုယ်တို့မောင်နှမကို မွေးခဲ့တာဆိုပေမယ့် ကိုယ်တို့မိသားစုနဲ့ဖေဖေက အနေဝေးတယ်၊ နွေးထွေးမှု မရှိဘူးပဲပြောရမလား။ ယုနဲ့လေးငါးနှစ်လောက်နေခဲ့တဲ့အတွင်းမှာတော့ ယုနဲ့က ပိုပြီးနီးကပ်တယ်၊ ကိုယ်တို့မသိတဲ့ကိစ္စတွေ ယု သိခဲ့ရလိမ့်မယ်လို့လည်း ထင်တယ်၊ ဒါပေမဲ့ ယု မပြောချင်ရင် ကိုယ်မမေးတော့ပါဘူး"

ယု မဖြေချင်ရသည့်အကြောင်းအရင်းအတွက် ပိုပြီးစိတ်ဝင်စားနေမိ သည်ဆိုတာတော့ မပြောမိ။ ယု မျက်နှာလေးကိုပဲ ခပ်ငေးငေးကြည့်ဖြစ်ပြီ

"ယု အသက်ငယ်ငယ်နဲ့ကလေးအမေ မုဆိုးမဖြစ်နေရတယ် တစ်ခု ကိုယ်အလေးအနက်ပြောထားမယ်၊ ယု လက်ထပ်မယ်ဆိုရင် လက် ထပ်ပါ၊ ကိုယ့်အဖေနဲ့မွေးခဲ့တဲ့ ကိုယ့်ညီလေးအတွက်နောက်ဆံမတင်းနဲ့ သူ့အတွက်ကြောင့်နဲ့ ယုဘဝကို ဒီအတိုင်းမနေပါနဲ့။ ယုဘဝမှာပျော်ရမယ့် အချိန်ဆိုတာလည်း ရှိရဦးမှာပေါ့"





ယု မချိတရိလေး ပြုံးမိသွားလျက်

"ယုဘဝအတွက် အပျော်ဆိုတာ လိုအပ်သေးလို့လား။ သိတတ်စ အရွယ်တည်းက ယုဘဝမှာ အပျော်တွေပျောက်သွားခဲ့တာ၊ ဒါပေမဲ့ မိသားစု အတွက် ပေးဆပ်ခွင့်ရတာကိုတော့ စိတ်ချမ်းသာပါတယ်"

"အင်း ယု စိတ်ချမ်းသာတယ်ဆိုရင်တော့ တော်ပါသေးတယ်၊ အခက်အခဲရှိရင်တော့ ပြောပါ ယု၊ ကိုယ်တတ်နိုင်သလောက် ကူညီပေးပါရ စေ၊ ဖေဖေ့ရင်သွေးလေးကို မွေးထားတဲ့အတွက် ကိုယ့်မှာလည်းတာဝန်ရှိ ပါတယ်၊ ယုကို ကူညီခွင့်မရတာ တာဝန်မဲ့သလို ခံစားရတယ်၊ ဖေဖေ့ကြောင့် ပဲဖြစ်ဖြစ် ယု အခက်အခဲရှိတဲ့အချိန်တွေမှာ ကူညီခွင့်တော့ပြုပါ"

"ဟုတ်ကဲ့ ဟုတ်ကဲ့ပါ ကိုမိုး"

ယု တလေးတစားပင် ခေါင်းညိတ်ပြခဲ့သည်။ ကျော်ဇင်မိုးက အမြတမ်း တာဝန်ကျေချင်နေသည့်သူပါ။ ဦးထွန်းအောင်မိုး သေသွားသည့် အတွက် သက်ဆိုင်ပတ်သက်မှုမှမရှိတော့တာ။ ဘာတာဝန်တွေ ယူနိုင်းရမှာ လဲ။ အတိတ်က အတိတ်မှာပဲ ကျန်ရစ်ခဲ့သင့်သည့်အရာတွေဆိုလျှင်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"နောက်ကျလှချည်လား သမီးရယ်၊ လိုက်ပို့တဲ့ကားက"

"ကိုမိုးပါ မေမေ"

မေမေက ကားထွက်သွားရာ ခြံအပြင်ကိုကျော်ကာကြည့်၏။ ကျော်ဇင်မိုး ကားလေးက မမြင်ကွယ်ရာထိရောက်သွားပြီဖြစ်သော်လည်း မေမေက မျှော်ကြည့်ရင်းဖြင့် သက်ပြင်းချသည်။

"ဦးထွန်းအောင်မိုးဘက်က သူတစ်ယောက်ပဲလူစိတ်ရှိတယ်လို့ ထင်မိတယ်ကွယ်၊ ဖအေရဲ့သွေးသားကိုတောင် ညီအစ်ကိုတော်ရမှန်းမသိ၊ မောင်နှမတော်ရမှန်းမသိ၊ စောင့်ရှောက်ရမှန်းမသိ၊ ဖအေအမွေတွေခွဲဝေပေးရမှာစိုးပြီး အကြောက်အကန်မဆိုင်သလိုတွေလုပ် နှင်ထုတ်၊ သူ့မိန်းမရော ဘယ်လောက်တောင် ခံစားသွားရလို့လဲ"

"အမွေဆိုတာ ထိုက်မှခံရတာဆိုပေမယ့် ယုတို့ရလိုက်တာလည်း မနည်းပါဘူး မေမေ၊ မတော်လောဘနဲ့တောင့်တနေရင် ကိုယ်ပဲပင်ပန်းရမှာပါ"





"ဒါတော့ ဘယ်ဟုတ်မလဲ သမီး၊ သူ့ရဲ့ပိုင်ဆိုင်မှုတွေနဲ့ဆိုရင် အပျိုဂုဏ်ကိုစွန့်လွှတ်ရတာ သူ့အတွက်ကလေးမွေးပေးရတာ မတန်ဘူး"

"အစတည်းက ဦးထွန်းအောင်မိုးကို လက်ထပ်ခဲ့တာ သူ့ပိုင်ဆိုင်မှုတွေကို မက်မောလို့ ရယူချင်တဲ့စိတ်တစ်ခုတည်းနဲ့ လက်ထပ်ခဲ့တာမှမဟုတ်တာ၊ ဖေဖေ့ကိစ္စတွေ အဆင်ပြေအောင် ဖေဖေ အလွဲသုံးစားမှုနဲ့ထောင်မကျအောင် အခြေပျက်အနေပျက်ဖြစ်သွားတဲ့အတွက် နေစရာရှိအောင် ဖေဖေ့ရောဂါတွေကုပေးနိုင်အောင်၊ ယုတို့မိသားစု ဆက်ရပ်တည်လို့ရအောင် အဲဒီအတွက်တွေပဲမဟုတ်လား မေမေ၊ အခု အဲဒါတွေအားလုံး အဆင်ပြေတယ်၊ ဘာတွေထပ်မျှော်လင့်စရာလိုလို့လဲ"

"မြေးလေးအတွက်"

"သူထားခဲ့တာ သူ့သားအတွက်လုံလောက်တာထက်တောင် ပိုနေပါသေးတယ်၊ လူတစ်ယောက်ဘဝအနာဂတ်တစ်ခုတည်ဆောက်ဖို့ သိန်းငါးထောင်ဆိုတာနည်းတဲ့ငွေလား။ မေမေတို့တောင်မှ ယုအတွက် ဘာအမွေမှ ချန်မထားနိုင်တာ"

"သမီး"

"ယု မေမေတို့ကိုအပြစ်တင်နေတာမဟုတ်ဘူး။ မေမေတို့ ဦးထွန်းအောင်မိုးဆီက အများကြီးမျှော်လင့်နေရင် ပင်ပန်းမှာစိုးလို့ ယု သတိပေးတာပါ"

"မေမေတို့က သမီးအခုပင်ပန်းနေရတာကို မကြည့်ရက်တာပါကွယ်၊ တကယ်ဆို သက်ကြီးအိုတစ်ယောက်ကို ယူခဲ့တာ အပျိုဂုဏ်ဆိုတာနဲ့ လဲလှယ်ခဲ့တာ၊ လုပ်ငန်းတစ်ခုခုသာ ပိုင်ဆိုင်ခဲ့မယ်ဆိုရင် သမီးလိုမျိုး သူများဆီမှာ လုပ်ခလစားဝန်ထမ်းလုပ်နေစရာ မလိုဘူးမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဦးထွန်းအောင်မိုးက စိစဉ်ပေးခဲ့ချင်ပါတယ်၊ ကိုမိုးကလည်း အဲဒီလို ဖြစ်စေချင်ခဲ့တယ်၊ ဒါပေမဲ့ သူ့မိန်းမနဲ့သူ့သမီးက သူတို့သာ တရားဝင်မယား ကြီး တရားဝင်သမီးဆိုပြီး သူလုပ်ထားသမျှတွေကို ငွေတွေနဲ့ပစ်ပေါက်ပြီး ပိုင်ဆိုင်မှုတွေလွှဲယူခဲ့တာ၊ ယုက အရေးပါတဲ့နေရာရထားတာမဟုတ်တဲ့အ တွက် ဒီလောက်ပိုင်ဆိုင်မှုကျန်ခဲ့တာပဲ တော်သေးတာပေါ့၊ ယုတို့ ဒီထက်ပို ပြီး လောဘတက်နေလို့ ရပါ့မလား"

သမီးပြောလိုက်တာအတွက် ခေါင်းညိတ်ပြီးပဲ ထောက်ခံရမလား၊ ကလေးတစ်ယောက်အမေ မုဆိုးမလေးဖြစ်နေရှာသော သမီးလေးကို သနား ကရုဏာသက်စွာ ရလိုက်တာတွေနှင့်မတန်ဘူးလို့ပဲ ငြင်းဆန်ရမလား။

တကယ်တော့ ဦးထွန်းအောင်မိုးကြောင့် မိမိတို့တခု ဒီလိုရပ်တည် နေနိုင်သည်ဆိုတာကတော့ အမှန်ပင်။ ကံမရှိလျှင် ဉာဏ်ရှိတိုင်းမွဲရသည် ဆိုတာမျိုးလည်း ရှိသည်မဟုတ်လား။

သမီးအဖေက အဲဒီလိုဖြစ်ခဲ့တာပါ။ လောင်းကစားအပေါ် နှံမင်သွား ရသည်က မကောင်းသည့်အပေါင်းအသင်းတွေရဲ့မြှောက်ပင့်ပေးမှုကြောင့်ပါ။ မကောင်းသည့်ဘက်ကိုရောက်မှတော့ မကောင်းတာပိုဖြစ်ပြီပေါ့။ သမီးသာ ဒီလိုမဆုံးဖြတ်ခဲ့လျှင် မိမိတို့မိသားစုအားလုံး ဘယ်လိုဘဝရောက်မည်ဆိုတာ မတွေးဝံ့စရာပါ။

"အေးလေ သမီးပြောသလိုပါပဲ ကြံဖန်ပြီး ကျေးဇူးတင်နေတတ် မယ်ဆိုလည်း ရပါတယ်၊ ဒါပေမဲ့ အခုချိန်မှာ သမီးပင်ပန်းနေရတာတော့ မေမေတို့စိတ်မချမ်းသာရတာတော့ အမှန်ပါပဲကွယ်၊ သမီးအဖေက သမီး ပင်ပင်ပန်းပန်း ငွေရှာရလို့ သူစားလည်းမစားရက် သောက်လည်းမကုရက်ဘူးဆိုပြီး စိတ်မကောင်းဖြစ်နေတာ၊ စိတ်ထိခိုက်ပြီး တစ်ခုခုဖြစ်မှာစိုးလို့ မေမေ ဆေး





တိုက်ပြီး အိပ်နိုင်းလိုက်ရတယ်"

"မေမေတို့ အဲဒီလိုတွေဖြစ်နေရင် ယုပိုပြီး စိတ်ဆင်းရဲရပါတယ် မေမေ၊ ယု ပေးဆပ်ခွင့်ကြုံနေတဲ့အချိန်မှာ ယု ကုသိုလ်တွေရနေတာပဲ"

"ဒါတော့ဒါပေါ့ကွယ်၊ မေမေတို့က ဘာအကူအညီအထောက်အပံ့ မှမပြုနိုင်တဲ့အတွက် သမီးက မေမေတို့ကို လုပ်ကိုင်ကျွေးရရုံတင်မဟုတ်ဘဲ အိမ်အတွက်အလုပ်သမားဝန်ထမ်းခပါ ရှာနေရတယ်"

"အဲဒါတွေပါတွေးမနေပါနဲ့ မေမေ၊ ဖေဖေနဲ့မေမေ ကျန်းမာရေး ကောင်းနေတယ် စိတ်ချမ်းသာနေတယ်ဆိုရင် ယု ပင်ပန်းရကျိုးနပ်ပါတယ်၊ ဒါနဲ့ သားလေးရော မေမေ အိပ်ပြီလား"

"အင်း နာနီချော့သိပ်နေတယ် သမီး၊ သမီးအလုပ်မလုပ်ခင်က နိုးကပ်ကပ်နေရတော့ အခု သမီးကအလုပ်လုပ်ပြီး အပြန်လည်းနောက်ကျ တဲ့အချိန်မှာ သူသိပ်မနေတတ်ဘူးဖြစ်နေတာ၊ အစတော့လည်း ဒီလိုပေါ့ကွယ် နောက်တော့လည်း နေသားကျသွားမှာပါ"

"ယု သားလေးဆီသွားလိုက်ဦးမယ် မေမေ၊ မေမေလည်းအိပ် တော့လေ"

"အေး အေး သမီး၊ ညစာ မစားတော့ဘူးလား၊ ဒေါ်မြကြ ညစာပြင်ပေးဖို့စောင့်နေတာ"

"ပြီးခဲ့ပါပြီ မေမေ၊ ကိုမိုးပဲ ကျွေးလိုက်တာပါ"

မေမေတို့ကို ဖုံးကွယ်မထားချင်၊ ကျော်ဇင်မိုးရဲ့ဖေးမမှုတွေ မေမေ တို့လည်း သိနေပြီးသားပဲမဟုတ်ပါလား။ သူ့ဘက်က ပတ်ဝန်းကျင်အမြင် ကောင်းမှာစိုးလို့ အနေအထိုင်ဆင်ခြင်ပြီး ရှောင်တိမ်းချင်တာကြောင့် ကျော်ဇင် မိုးကိုပါ အသိပေးထားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သားလေး"

အခန်းထဲဝင်ကာ သားလေးနဖူးကို ခပ်ဖွဖွလေး နမ်းမွှေးလိုက်၏။ သားလေးက ဦးထွန်းအောင်မိုးနှင့်ရုပ်ချင်းအတော်ဆင်သည်။ ဒါတောင် ရွှေဇင်မိုးက ကိုယ့်အဖေရဲ့သွေးသားဖြစ်သည့် မောင်လေးတော်ရမည့်သူကို ဘာကြောင့် သံယောဇဉ်လေးတစ်ချက်တောင် မဖြစ်ရတာပါလဲ"

သူတို့မိသားစုနှင့် သံယောဇဉ်ဖြစ်လောက်အောင် အနေနီးစပ်အောင်လည်း သူမ မကြိုးစားချင်ပါ။ ညီအစ်ကိုဆိုသည့် သံယောဇဉ်နှင့် ကျော်ဇင်မိုး နီးစပ်ဖို့ကြိုးစားနေတာတောင် သူမဘက်က အရောတဝင်ပုံစံမျိုးမဖြစ်ချင်ခဲ့။ ဒီအကြောင်းတွေကို သူမ ဘယ်သူ့ကိုမှလည်း အသိမပေးချင်။

သူမရဲ့ကံတရား သားလေးရဲ့ကံတရားပဲမဟုတ်ပါလား။

သားလေးကို မေမေသိပ်ချစ်ပါတယ် သားငယ်။ မခွဲနိုင်အောင်ကို အရမ်းချစ်ပါတယ်။

■ ■ ■



## အခန်း (၁၃)

"အဲဒီအချစ်ဆိုတဲ့အကြောင်းကို ကျွန်တော့်ကို လာမပြောနဲ့၊ အဲဒါ အတိတ်မှာကျန်ခဲ့ပြီ၊ ပြီးခဲ့ပြီးပြီ"

"အဲဒီအချစ်တွေအတိတ်မှာကျန်ခဲ့ပြီးပြီဆိုရင် ဘာလို့ ယုကို အခု အရှုန်းတွေနဲ့တိုက်ခိုက်နေတာလဲ"

"ဘာ"

"အရမ်းသိသာလွန်းတယ်၊ မင်း ယုကိုချိုးနေတာ၊ လူပုံအလယ်မှာ ထင်သိသာသာ နှိပ်ကွပ်နေတာ"

"ခင်ဗျား ဘာတွေစွပ်စွဲနေတာလဲ ကိုဇေယျာ"

"မဟုတ်ပါဘူးလို့ မင်းကျိန်ပြောရဲလား သွေးသစ်ဉာဏ်၊ မင်းကို အဲဒီလိုကောင်မြဖြစ်လိမ့်မယ်လို့ ငါလုံးဝထင်မထားဘူး။ မျှော်လင့်ချက်တွေနဲ့ ကိုယ့်ကိုကိုယ် အနာခံ အပင်ပန်းခံပြီး ပန်းတိုင်ရောက်အောင်ကြိုးစားနိုင်တယ်၊ အခုချိန်မှာ ဂုဏ်သိက္ခာတွေ သမာဓိတွေနဲ့ရပ်တည်နေနိုင်ပြီ၊ ဒါပေမဲ့ အချစ်နဲ့ပတ်သက်ရင်တော့ မင်း ကလေးဆန်လွန်းတယ်"

www.burmeseclassic.com

"ဟား"

ကိုဖေယျာ စကားလုံးတွေက သူ့ကိုမခံချိမခံသာ ဖြစ်စေသည်။ အခုချိန်မှာ အလုပ်ရှင်အလုပ်သမားအဆင့်ဆိုသော်လည်း အရင်နှီးခုံးဘဝတုန်း သူငယ်ချင်းတွေဖြစ်ခဲ့ကြသည့်အတွက် လွတ်လပ်စွာပြောဆိုလို့ရနေသည်။ ကုမ္ပဏီဖွင့်ပွဲနှင့် ပါတီပွဲအပြီးမှာ ကိုဖေယျာနှင့်စိုးကျော်တို့ သွေးသစ်ဥာဏ် အိမ်ကိုလိုက်လာကာ ပွဲဆက်နေကြခြင်းဖြစ်သည်။

ယုအပေါ် ဆက်ဆံလိုက်တာကို စိုးကျော်နှင့်ကိုဖေယျာ မကျေမနပ် ဖြစ်နေမိကြခြင်းပင်။ သွေးသစ်ဥာဏ်ကတော့ သူ့မှာ ဘာအပြစ်မှမရှိသလို မင်သေတည်ငြိမ်လွန်းနေသည်။ ဘီယာခွက်ကို ကိုင်မြှောက်ကာသောက်ပြီး ဟားခနဲအသံထွက်လိုက်ကာ

"ကလေးဆန်တယ် ကျွန်တော်က ဟုတ်လား"

"မင်းကိုယ်မင်း အသိဆုံးဖြစ်မှာပေါ့ ဥာဏ်ကြီး။ မင်းတခြားဝန်ထမ်း တွေအပေါ်ဆက်ဆံတာ ဒီလိုမျိုးမှမဟုတ်တာ၊ ယုအပေါ်ကိုသာ မင်းအငြိုး တွေနဲ့"

"ခင်ဗျားတို့ပဲ သူ့ကိုလက်စားချေလို့ရတယ်၊ လက်တုံ့ပြန်လို့ရ တယ်ဆို"

"ဟင်"

"ဒါဆို ဘာလို့ ကျွန်တော့်ကိုအပြစ်တင်နေကြတာလဲ၊ ကျွန်တော် သူ့ကိုဘယ်လိုပဲဆက်ဆံဆက်ဆံ ဘာပဲလုပ်လုပ် ခင်ဗျားတို့ကျွန်တော့်ကို အခုလိုတိုက်ခိုက်လို့မရဘူးနော်၊ သူ့ကိုအဲဒီလိုလုပ်လို့ရတယ်ဆိုပြီး ခင်ဗျား ပြောလို့ သူ့ကို အလုပ်ခန့်ခဲ့တာ၊ ဘာလဲ သူ့ကိုအလုပ်ဖြုတ်လိုက်ရမလား"

"အဲ ဟို"





ကိုဖေယျာတို့ ဘာပြောရမှန်းမသိ ဖြစ်သွားကြသည်။ စိုးကျော်က ဘီယာသီးသွားသလို ချောင်းနှစ်ချက်သုံးချက် ဟန့်လိုက်ပြီးမှ

"အဲဒီလိုတော့ မဟုတ်သေးဘူးလေကွာ၊ ယုက အဂုဝ်နဲ့ပတ် သက်ပြီး ဘာအမှားရှိလို့လဲ၊ သူ့ရာထူးနဲ့ပတ်သက်ပြီး တာဝန်ကျေရုံတင် တောဘူး။ မင်းဆိုင်းသမျှတွေလည်း မငြိုမငြင် မညည်းမညူလုပ်ပေးတယ်"

"အဲဒါတွေအတွက် ကျွန်တော် တန်ရာတန်ကြေးလစာပေးထား တာပဲ၊ ရာထူးတစ်မျိုးအတွက်ဆိုရင် အဲဒီလောက်ပေးနိုင်ပါ့မလား၊ ဒါနဲ့ မင်း တို့ကို ငါတစ်ခုမေးကြည့်ဦးမယ်၊ ယမင်းယုသွင်ရဲ့လင်ပါသမီးက သမင်းယုသွင်ကို မလိုလားတာကတော့ လန်ထွက်နေတာပဲနော်၊ ပြောချက် တွေက အကန်တွေချည်းပဲ"

"ဟုတ်တယ် သူလည်း ယုအပေါ် ကြုံတဲ့အချိန်ဖွဲ့တာပဲ၊ သူ့အဖေ သက်ကြားရွယ်အိုကြီးကိုယူခဲ့တာကို သူကပဲ မကျေမနပ်ဖြစ်ရသေးတယ်၊ သူရော အဲဒီလောက် အဖေအရွယ်ကြီးကိုယူချင်မှာတဲ့လား တွေးကြည့်ပါဦး"

"ချမ်းသာချင်တယ်ဆိုရင် ဖအေလောက်အရွယ်မကလို့ မနက်ဖြန် သေမယ့်သူပဲဖြစ်ဖြစ် နှာခေါင်းမပါတဲ့မိန်းမတွေက အနံ့နံတယ်မထင်ဘဲ ယူကြ တာပဲ၊ မိန်းမတွေက ငွေနဲ့ပတ်သက်ရင် နှလုံးသားကိုလည်း စွန့်ပစ်ရဲတယ်၊ ကိုယ်ခန္ဓာကိုလည်း ရောင်းစားရဲကြတယ်"

"အဲဒီလောက်ကြီးတော့ မပြောပါနဲ့ကွာ၊ မိသားစုအတွက် ဘဝ အတွက် မယူချင်ဘဲယူလိုက်တာမျိုးလည်း ရှိမှာပေါ့၊ အဘိုးကြီးစော်နံနေမယ့် သက်ကြားရွယ်အိုကြီးကို ဘယ်သူကယူချင်မှာလဲ၊ မိန်းကလေးတွေက ပိုပြီး အချစ်ကိုခံစားချင်ကြတာ"

"အရမ်းချို့တဲ့ခင်းရဲလို့ မိသားစုကမပြည့်စုံလွန်းလို့ဆိုရင်တော့



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးပေါ့၊ အဲဒီယမင်းယုသွင်ဆိုတဲ့မိန်းမက လူချမ်းသာမျိုးရိုးက ပြည့်စုံတဲ့ မိဘတွေက မွေးဖွားလာပြီး သူ့အခွင့်အတန်းနဲ့နေနိုင်တဲ့မိန်းမပါ၊ သူကိုယ်တိုင် ဒီထက်ချမ်းသာပြည့်စုံချင်လို့သာ ဒီအဘိုးကြီးကိုလက်ထပ်ခဲ့တာ၊ လင်ပါသမီး ရွှေဇင်မိုးပြောတာ ခင်ဗျားတို့ကြားလိုက်တယ်နော်၊ အမွေတွေ တောက်ပံ့ တွေလိုချင်လို့ အဲဒီအဘိုးကြီးနဲ့ ကလေးတောင်အမြန်ယူလိုက်တာတဲ့၊ ဘယ် လောက်တောင် အမြော်အမြင်ကြီး လောဘကြီးလိုက်သလဲ ခင်ဗျားတို့စဉ်းစား ကြည့်လိုက်စမ်းပါ''

စိုးကျော် အသံတိတ်ကျသွားလျက် ဘီယာဆက်သောက်၏ ကိုဖေယျာက ပြောစရာရှိသလို ကိုယ်ကိုမတ်မတ်ပြင်ထိုင်သည်။

''အဲဒီလိုမျိုး လင်ပါသမီးက ယုကိုလှုပ်အလယ်မှာပြောဆိုတိုက်ခိုက် ဝေဖန်ပုတ်ခတ် ရှုတ်ချခံရတာကို မင်းပျော်နေသလား စိတ်ချမ်းသာနေတာ လား ဦးဏှာကြီး''

''အဟွန်း''

မဲ့ခနဲ ဖြစ်သွားသော်လည်း သွေးသစ်ဦးဏှာ တန်းခနဲ စကားပြန် မပြောနိုင်။ ပြီးမှ စိုးကျော်ထည့်ပေးထားသော ဘီယာခွက်ကို ငွပ်ခနဲ ကောက် မော့သောက်ပြီး နှုတ်ခမ်းကိုလှုပ်ခတ်ရုံ ပြုံးလိုက်လျက်

''ယမင်းယုသွင် လင်ပါသမီးက ချောသားပဲနော်၊ သွက်သွက်လက် လက် ထက်ထက်မြက်မြက်နဲ့ချစ်စရာလေး''

''အဲဒါ ဘာဖြစ်လဲ''

''ကျွန်တော် စိတ်ဝင်စားလို့ပါ''

''ဘာ''

''ဟာ ဦးဏှာကြီးရှင်''





''ဘာလဲ ဒီ မိန်းကလေးတစ်ယောက်ကို စိတ်ဝင်စားတယ်လို့ပြော တာ အဲဒီလောက် အံ့ဩစရာကောင်းလို့လား''

''တခြားလူလည်းမဟုတ်ဘူးလေ၊ ယုရဲ့လင်ပါသမီး''

''အဲဒါ ဘာဖြစ်လဲ''

''တမင်သက်သက် ယုကိုချိုးချင်လို့များ''

''သွားစမ်းပါ သူ့ကိုဘာဂရုစိုက်စရာလိုလို့လဲ၊ စာရင်းထဲမှာကို ရှိတာ၊ သူ့လင်ပါသမီးကို စိတ်ဝင်စားရင် သူက ဘာဖြစ်မှာလဲ''

''ယုကတော့ ဘာမှမဖြစ်ပါဘူး၊ ဟိုကတော့ မင်းနဲ့ယှဉ်ဖြစ်ခဲ့တာကို ဒီမှာမဟုတ်ဘူး''

''အဲဒါရော ဘာဖြစ်လဲ၊ ကျွန်တော့်စိတ်နဲ့ကျွန်တော့်ကိုယ် ဘယ်သူ့ ကိုဘာဖြစ်လို့ပါဆိုတာ ရှင်းပြနေစရာအကြောင်းရှိလို့လား၊ ယမင်းယုသွင်က ချမ်းသာချင်လို့ အမွေတွေမက်လို့ ဖအေလောက်အရွယ် အဘိုးကြီးကို မရှက် မကြောက် အဘိုးကြီးကိုယူတာ၊ ကျွန်တော်က ငွေကြောင့်ဂုဏ်ကြောင့် ဒီလို လိုက်ရှာစရာမလိုဘူး၊ ဟိုကောင်မလေးရဲ့မျက်လုံးတွေ ခင်ဗျားမြင် တယ်နော်၊ ကျွန်တော်နဲ့အရမ်းကို ရင်းနှီးချင်နေတာ''

ကိုဖေယျာ နှာခေါင်းရှုံ့သွား၏။ စိုးကျော် ဘာမှမပြောချင်တော့ သလို မျက်နှာလွှဲသည်။ သွေးသစ်ဦးဏှာကိုလွှတ်နေသည်လို့လည်း မစွပ်စွဲ ရ၊ ဘာတွေဖြစ်နေတာလဲလို့ မေးခွန်းအထပ်ထပ်ထုတ်နေလည်း အမှန် ဆိုင်း ဖြေမှာတဲ့လား၊ ယုနှင့်ပတ်သက်ပြီး ဒီကောင် တစ်ခုခုဖြစ်နေတာက တော့ သေချာသည်။ နာကြည်းမှုတွေနှင့်ပဲ အငြိုးတွေထပ်နေသလား။

''မင်းအခုချိန်မှာ ယုကိုဘယ်လိုသဘောထားလဲ ဦးဏှာကြီး''

''ဘာကိုဘယ်လိုသဘောထားရမှာလဲ၊ အရာအားလုံးက အတိတ်



www.burmeseclassic.com

www.burmeseclassic.com



မှာကျန်ခဲ့ပြီ၊ ဒါပေမဲ့ အားလုံးကိုမေ့ထားလိုက်လို့တော့ မဖြစ်ဘူး။ အတိတ်မှာ ခံထားခဲ့ရတာတွေအတွက် သူ့ကိုမုန်းခွင့်နာကြည်းခွင့်ရှိတယ်၊ မသိသလို ကျော်သွားလိုက်ရမယ့်သူစိမ်းတွေမဟုတ်ခဲ့ဘူး။ ပြီးတော့ လက်စားချေခွင့် လက်တုံ့ပြန်ခွင့်''

''အမုန်းနဲ့လား အချစ်နဲ့လား''

''ဘာ''

''မုန်းနေတယ်ဆိုရင် မင်းမျက်စိအောက် မင်းအခန်းထဲမှာ မထား လည်းရတယ်လေ၊ ကုမ္ပဏီမှာ ရုံးခန်းတွေမှအများကြီး။ သူ့ကိုလိုအပ်လို့ အလုပ်ခန့်လိုက်ရင်တောင် သူ့ရာထူးနဲ့သူ့ကိုထားရမယ်၊ ရုံးခန်းတွေမှအများ ကြီး။ ပြီးတော့ မင်းသွားလေရာတကောက်ကောက် ခေါ်သွားစရာမလိုဘူ အခုက ဟောမာနေဝင်းသီချင်းလိုဖြစ်နေပြီ၊ ခွေးကလေးလိုကြိုးနဲ့ဆွဲကာ ခေါ် သွားမလား''

ကိုဖေယျာက အသံနေအသံထားနှင့် သီချင်းဆိုပြသည်။ သွေးသ ဉာဏ် မျက်နှာက ရယ်မလိုပြုံးမလိုနှင့် ခဝ်တင်းတင်းပြန်ဖြစ်သွားလျက်

''ခင်ဗျားမသိရင် ချောင်တချောင်မှာကွေးနေပြီး ကျွန်တော့်ကိုသ မဝေဖန်နဲ့ ကိုဖေယျာ၊ ခင်ဗျားရည်းစားထားဖူးလား။ အသည်းကွဲဖူးလာ စွန့်ပစ်တာခံရဖူးလား၊ မာနထိခိုက်ခံရဖူးလား။ ယောကျ်ားတစ်ယောက် အရှက်သိက္ခာတွေ ကျခဲ့ဖူးသလား''

''အေးပါကွာ အဲဒါတွေအတွက် မင်းတစ်ခုခုတုံ့ပြန်ချင်တယ် လည်း သူကအခု ကလေးတစ်ယောက်နဲ့မုဆိုးမလေးဖြစ်နေပါပြီ၊ အခ သနားစရာကောင်းပါတယ်ကွာ''

''ခင်ဗျားက သနားတယ်၊ သနားရင် သူ့ဘဝလေးကို ကယ်တင်





ရောက်အောင် ခင်ဗျားယူလိုက်ပါလား''

''ဟင် အေး တကယ်လား။ မင်းရက်ရောတယ်ပေါ့''

''ဘာမရက်ရောနိုင်စရာရှိလဲ၊ ကျွန်တော်နဲ့ဘာမှမဆိုင်တော့တာ၊ သူ့ကိုကျိုးတိုးတိုး ခွေးစားစား ကျွန်တော် ဒီအတိုင်းမကြည့်နိုင်စရာမရှိဘူး''

''တော်တော်မိုက်ရိုင်းတဲ့အကောင်''

သွေးသစ်ဉာဏ် မကြားအောင် ကိုဖေယျာ အသံတိတ်ကျိန်ဆဲ လိုက်ခြင်းပင်။ ကြားအောင်လည်း မပြောဝံ့ပါ။ အလုပ်ဖြုတ်ခံရမှာထက် သွေးသစ်ဉာဏ်ဘက်မှာ ခံစားချက်တွေရှိနေနိုင်တာ ကိုယ်ချင်းစာမိလို့ပင်။

ဒါပေမဲ့ သွေးသစ်ဉာဏ် စိတ်အာသာဖြေ လက်စားချေနေသမျှ သမင်းယုသွင်က သနားစရာကောင်းလှသည်။ အလုပ်ကို အမှားအယွင်းမရှိ သချာဂရုစိုက်လုပ်နေပေမယ့် အလုပ်နှင့်မသက်ဆိုင်သောကိစ္စတွေကို အနိုင် ကျင့်စီးပိုးကာ ခိုင်းပြီး စိတ်ပင်ပန်းမှုတွေ အပေးခံနေရသည်။ အလုပ်ကို အချိန်မရှိအောင် သွေးသစ်ဉာဏ် ခိုင်းလည်းခိုင်းတတ်လွန်း၏။ ကိုယ်တွေက သူ့ကို အားနာလွန်းလို့ ကူလုပ်ပေးပါမည်ဆိုလည်း သွေးသစ်ဉာဏ် လက်မခံ။

တမင်သက်သက်ကို ယုကို အနုနည်းနှင့် လက်စားချေနေတာ။

ဒါဟာ အချစ်ကြောင့်ဆိုလျှင်ဖြင့်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"မင်းကို နိုင်းထားတဲ့စာရင်းတွေ အကုန်လုပ်ပြီးပြီလား"

"မပြီးသေးပါဘူး လုပ်နေတုန်းပါ"

"ဘာလို့မပြီးသေးတာလဲ၊ မင်းကိုနေ့လယ်ပိုင်းအပြီးလုပ်ထားလို့ ပြောထားတာလေ၊ နေ့လယ်အစည်းအဝေးမှာ အရေးကြီးတင်သွင်းရမှာ"

"အဲဒါဆို ကျွန်မကို ဘာလို့တခြားအလုပ်တွေ နိုင်းနေတာလဲ၊ အရေးကြီးတဲ့အလုပ်ဆိုရင် အချိန်မီပြီးပြတ်အောင် တစ်ခုတည်းနိုင်းသင့်တယ်"

"မင်းက ငါ့ကိုဟိုဟာလုပ်ပါ ဒီဟာလုပ်ပါလို့ နိုင်းရအောင် မင်းက ဘာလဲ၊ မင်းကငါ့အလုပ်သမား၊ ငါကဒါလုပ်ပါဆိုရင်လုပ်ပါ၊ ဒီအချိန်ပြီးချင်တယ်ဆိုရင် ပြီးအောင်ကိုလုပ်ရမယ်"

"လုပ်တော့လုပ်နေတာပဲလေ၊ ကျွန်မ ဘယ်အချိန်မှာ နားနေတာတွေ့လို့လဲ၊ နိုင်းသမျှအလုပ်တွေ တတ်နိုင်သမျှ တာဝန်ကျေအောင်လုပ်နေတာပါပဲ၊ ထမင်းကိုတောင် ကန်တင်းမှာသွားစားရင် အချိန်ကုန်မှာစိုးလို့ အိမ်ကထမင်းဘူးထည့်လာပြီး နေရာမှာပဲစားတာပါ၊ ပြီးတာနဲ့ အလုပ်နဲ့လက်





မပြတ်အောင်လုပ်နေတာ ရှင်လည်းအမြင်ပါပဲ"

အဲဒါကိုက ငါ့ကိုမထီမဲ့မြင်လုပ်နေတာဟု အော်ပစ်လိုက်ချင်သည်။ တကယ်တမ်းဆို အပြစ်ရှိခဲ့သူက သူမ မဟုတ်ပါလား။ ချစ်ခဲ့ကြသည့်အချိန်တွေမှာ ကြည်နူးစရာကောင်းခဲ့သလောက် ရက်စက်ရက်ခဲ့သည့်အချိန်မှာ တစ်ချက်လေးမှ လည်ပြန်မကြည့်တာလည်း ရင်နာစရာကောင်းလှသည်။ သူမလုပ်ခဲ့သည့်အပြစ်က နည်းနည်းနောနောမှမဟုတ်တာ။ သူသာ စိတ်မထိန်းနိုင်ခဲ့လျှင် ဘဝပျက်လျှင်ပျက် ရူးချင်ရူးသွားနိုင်လောက်သည့်အခြေအနေမျိုးပါ။

မျက်ရည်ခံထိုးကာ ဒူးထောက်ခဲ့တာလည်း သူမ မငဲ့ညှာခဲ့။ အခုရော သူမမှာအပြစ်ရှိတယ်၊ သူ့အပေါ်ရက်စက်ခဲ့တယ်လို့ မထင်လို့ သွေးအေးစွာ မသိသလိုနေနိုင်နေခြင်းလား။

ထိုအပြစ်တွေအတွက် ဒီအချိန်မှာ သူမ မျက်ရည်ခံထိုး ဒူးထောက်ပြီးခွင့်လွှတ်ဖို့တောင်းပန်ရင်တောင် ကျေအေးဖို့အတော်လေး စဉ်းစားရဦးမည့်သူ့ကို အခုလို ဥပေက္ခာပြုနေတာ ဖြစ်သင့်လို့လား။

သူမ ငွေရဖို့ အလုပ်ကိုတာဝန်ကျေအောင်လုပ်ပေးလျှင် ပြီးပြီလို့ တွေးနေခြင်းလား။ ရင်ထဲမှာနာသည်။

တဆစ်ဆစ်တဖျစ်ဖျစ်မြည်လောက်အောင် နာသည်။ အပြစ်တွေအတွက် ကျေအေးဖို့တောင်းပန်မှုတွေ လိုချင်၏။

ခံပြင်းသောစိတ်များ အရှိန်တက်ကာ သူမစားပွဲကို ဗုန်းခနဲ သူ ထိုက်ချလိုက်သည်။

"မင်းသိအောင် ငါပြောမယ်၊ နောက်အခဲကွန်းခန်းထဲမှာ ထမင်းမစားပါနဲ့ မင်းအိမ်က ထမင်းဘူးလည်း ယူစရာမလိုဘူး၊ ကျွမ်းစည်းကမ်းအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



နေပါ၊ ဝန်ထမ်းတွေအတွက် စားချိန်မှာစား သောက်ချိန်မှာသောက်ဖို့ ဒါကန်တင်းတစ်ခုလုံးဖွင့်ပေးထားတယ်၊ ဘူဖေးဖြစ်လို့ ကိုယ်ကြိုက်တာနဲ့ကိုယ် စားနိုင်တယ်၊ ဒါကိုယ်တိုင်တောင် ပန်းကန်ကိုင်ပြီးစားချင်တဲ့ဟင်းထည့်စားနေသေးတာ၊ မင်းက သူဌေးကတော်ဖြစ်ခဲ့လို့ ကြီးကျယ်ပြီး လူတွေနဲ့ ရောရော ယှက်ယှက်မနေချင်တဲ့သဘောလား"

"ရှင်ပြောချင်တာတွေ ပြောမနေပါနဲ့၊ ကျွန်မ အဲဒီသဘောမျိုးနဲ့ မဟုတ်ပါဘူး။ ရှင်ခိုင်းတဲ့အလုပ်တွေပြီးဖို့ ကျွန်မထမင်းစားဖို့ ကော်ဖီသောက်ဖို့အချိန်ပိုမပေးနိုင်လို့ပါ"

"အဲဒါ မင်းရဲ့ဆင်ခြေလေ၊ အခုရော ပြီးလို့လား"

"ကျွန်မ ထမင်းမစားဘဲ အစည်းအဝေးအချိန်မီအောင် လုပ်ပေးပါမယ်"

"မလိုဘူး အခုထမင်းစားချိန်ရောက်နေပြီ၊ ထမင်းစားရမှာကိုသွားစား။ ပြီးမှ လုပ်စရာရှိတာဆက်လုပ်၊ ဒါ မီတင်ချိန်ကိုပြောင်းလိုက်မယ်၊ ရုံးဆင်းချိန်ထိမပြီးဘူးဆိုရင်တော့ မင်းအိုတီဆက်ဆင်းရမှာကို မမေ့နဲ့"

"ဟို ဒါပဲပြီးအောင်"

"တော်ပြီ ငါ့ကိုစောဒကမတက်နဲ့၊ ငါခိုင်းတာကိုလုပ်၊ ငါပြောတာကိုနားထောင်"

"ဟင်း"

သူမ တိုးတိတ်စွာ သက်ပြင်းတွေခိုးချမိသည်။ အလုပ်ရှင်မို့ သည်းခံနေရပေမယ့် သွေးသစ်ဉာဏ် တရားလွန်လွန်းနေသည်ဟု ထင်မိသည်။ ဟိုဟာလုပ်နေရင်းနှင့် ဒီဟာခိုင်းလိုက်၊ ဒီဟာလုပ်နေရင်းနှင့်ဟိုဟာခိုင်းလိုက်ပြီးရင် စိတ်တိုင်းမကျသလို ဆူပူမာန်မဲလိုက်။ လုပ်ငန်းနှင့်ပတ်သက်ပြီး



အများမရှိတာတောင် ငြူစူလို့မပြီးနိုင်။

"မင်းမသွားသေးဘူးလား"

"သွား သွားမှာပါ"

အော်ငေါက်ပြောလိုက်တာမို့ သူမ လုပ်လက်စအလုပ်တွေ အမြန်အပြီးသတ်ကာ ထွက်လာခဲ့ရသည်။ လူများများရှိသော ထမင်းစားရသည့်နေရာကို သူမ မသွားချင်ပါ။

ရွှေဖင်မိုးက ညီခံပွဲမှာ ပြောဆိုထားတာကြောင့် ဦးထွန်းအောင်မိုးနှင့်ကိစ္စသိသည့်သူတွေ သိကုန်ပြီး အမြင်တစ်မျိုးနှင့် သူမကိုကြည့်နေကြတာကြောင့်ပင်။ အငယ်အနှောင်းဇာတ်ပုဒ်တစ်ခုနှင့် နေခဲ့ရဖူးသော ကိုယ့်ဘဝကိုယ်ရှက်သည်ဆိုတာမျိုးမဟုတ်ပေမယ့် သေသွားသည့် ဦးထွန်းအောင်မိုးကိုတော့ ဇာတ်သိက္ခာတွေထပ်မကျစေချင်။ သူမတို့မိသားစုအပေါ် တကယ်ကောင်းသည့်လူတစ်ယောက်မို့ပါ။

"မင်းဘာလုပ်နေတာလဲ မစားသေးဘူးလား"

"ဟင် အမလေး"

သူမ ကျောပြင်လေးကို နောက်ကနေ သွေးသစ်ဉာဏ် တွန်းလိုက်တာမို့ သူမ ရှေ့ကိုဟပ်ထိုးလဲကျမတတ် ဖြစ်သွားသည်။ ထမင်းစားခန်းထဲထိ သွေးသစ်ဉာဏ် လိုက်လာပြီး အနိုင်ကျင့်တာတော့ မဟုတ်သေးပါ။ ဝန်ထမ်းတွေ အများအပြား ပန်းကန်တွေကိုင်ကာ ဘူဖေးတိုးနေတာမို့ သူမတန်းစီဖို့ စဉ်းစားနေမိခြင်း ဖြစ်သည်။

"ငါ့ကိုထည့်လာခဲ့၊ ဟိုစားပွဲမှာ စောင့်နေမယ်"

"ကျွန်မတောင် ဘယ်လိုတန်းစီရမလဲ မသိသေးဘူး၊ ကိုဖေယျာတို့စိုးကျော်တို့ကို ယူခိုင်းလိုက်ပါလား။ ရှင့်အကြိုက်က ဘာလုပ်ရမလဲမသိဘဲနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"စိုးကျော်တို့ကမှ ငါ့အကြိုက်ကိုမသိတာ၊ မင်းက သိပြီးသားပဲ၊ စကားမများနဲ့ ထည့်ယူလာခဲ့"

"ဟို"

"ကျုပ် မင်းသိပ်လျှာရှည်ချင်တာပဲ၊ အလုပ်ရှင်ကခိုင်းနေရင် ဆင်ခြေကိုမပေးနဲ့၊ နောက်နေ့လည်း ငါ့အတွက် မင်းအမြဲတမ်း အဲဒီလိုလုပ်ပေးရမယ်၊ ခေါင်းထဲမှာ မြဲမြဲမှတ်ထား"

နောက်ထပ်တာဝန်တစ်ခုထပ်တိုးပြန်ပြီမို့ သူမ စိတ်ညစ်ရပြန်သည်။ စာေဒကာတက် အတိုက်အခံလုပ်နေလည်း ဘာမှထူးမှာမဟုတ်။ ပန်းကန်တစ်ချပ်၊ ဖွန်းခက်ရင်းတစ်စုံနှင့် သူ့အတွက်အရင်ယူထည့်ပေးလိုက်ရသည်။

ဟင်းတွေကတော့ အများအပြား ဖွယ်ဖွယ်ရာရာပင်။ သွေးသစ်ဉာဏ် ဒီတစ်ခုတော့ စိတ်ဓာတ်ပြည့်ဝသည်ဟု ပြောရမည်။ သူက ဒီကုမ္ပဏီရဲ့သူဌေးဆိုပေမယ့် ခွဲခြားစားသောက်တာမျိုးမရှိ။

တန်းတူရည်တူ အဆင့်အတန်းမခွဲဘဲ တန်းစီတိုးကာ ပန်းကန်ထဲမှာပဲထည့်ပုံကာ စားသည်။ စားပွဲဝိုင်းတစ်ခုမှာ နေရာယူထားတာမို့ သူ့ကိုမသိသော တခြားသူတွေက သူ့ကိုသူဌေးလို့တောင် ထင်ကြမည်မထင်။

"ရော့ ရပါပြီ"

"မင်းအတွက်ကရော"

"မယူရသေးဘူး၊ ပန်းကန်နှစ်ခုတစ်ခါတည်းကိုင်ပြီး ဘယ်လိုလုပ်ထည့်ယူရမှာလဲ"

"ကျုပ် ဒါဆို မင်းဘယ်အချိန်မှ ထမင်းစားရတော့မှာလဲ၊ တစ်ခုခုလုပ်တော့မယ်ဆို စဉ်းစားတွေဝေနေတာနဲ့ အချိန်တွေကုန်တယ်"

"ကျွန်မ ထမင်းမစားဘဲ အလုပ်သွားလုပ်ပါ့မယ်"





"မင်း ငါ့ကိုရွဲ့တာလား"

"မီတင်အတွက် စာရွက်စာတမ်းတွေက အရေးကြီးတယ်ဆို"

"ဟား ကဲပါကွာ ထမင်းသွားထည့်၊ ပြီးမှလုပ်"

တခြားဝိုင်းတွေကြားအောင် ဝေါက်လိုက်တာမို့ ဘယ်သူမှ သတိထားမကြည့်ခင် သူမပန်းကန်ကိုင်ကာ ထွက်လာခဲ့သည်။ ထမင်းအနည်းငယ်နှင့်ဟင်းအနည်းငယ်သာ ပုံထည့်လျက် သူမ ထမင်းထိုင်စားဖို့ နေရာရှာလိုက်၏။

"ဒီကိုလာ"

အမှတ်တမဲ့ သွေးသစ်ဉာဏ်ဆီ မျက်လုံးအကြည့်တစ်ချက်ရောက်သွားစဉ်မှာ သွေးသစ်ဉာဏ်က လက်ယပ်ကာ လှမ်းခေါ်၏။ တခြားစားပွဲဝိုင်းတွေမှာ လူပြည့်နေသော်လည်း သူ့စားပွဲဝိုင်းမှာတော့ သူတစ်ယောက်တည်းဝင်။

မတတ်သာတော့ဘဲ သူ့စားပွဲဝိုင်းကိုသာ သူမ သွားထိုင်ရသည်။

"ဒီနေရာပဲလွတ်တာ ဘယ်တွေလျှောက်ရှာနေတာလဲ ထိုင်စား"

သူမအပေါ်ဆိုလျှင် အမြဲတမ်း အမိန့်အာဏာသံပါနေသော သွေးသစ်ဉာဏ်ကို သူမ မကျေနပ်ချင်တော့ပါ။ ခုံဆွဲကာ ထိုင်ချလိုက်ပြီး ထမင်းတစ်ဖွန်းစားနေစဉ်မှာပင်

"ကိုသွေးသစ်"

"ဪ ရွှေဇင် ဘယ်ကလှည့်လာတာလဲ"

"ရုံးပေါ်တောင် ရောက်ခဲ့သေးတယ်၊ ကိုသွေးသစ်နေ့လယ်စာစားဖို့ ကန်တင်းဆင်းသွားတယ်ဆိုလို့ ရွှေဇင်လည်း ထမင်းမစားရသေးဘူးလေ၊ အဲဒါနဲ့ လိုက်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ဒါဆိုသွားထည့်လေ၊ ရွှေဖင်တစ်ယောက်စာနဲ့ ထပ်မချက်ရလောက်ပါဘူး။ ကျွန်တော် ကျွေးနိုင်ပါတယ်"

"အင် ရွှေဖင်ဘာသာ သွားထည့်မစားချင်ပါဘူး။ ရွှေဖင်တို့ကုမ္ပဏီမှာဆိုရင် အိမ်ကနေ ချိုင့်ကြီးချိုင့်ငယ်နဲ့ထည့်လာပြီး ကိုယ့်ရုံးခန်းထဲမှာ စားတာ၊ ဒါတောင်ဝေယျာဝစ္စလုပ်ပေးတဲ့ဝန်ထမ်းက ကိုယ့်အနားမှာစတင်းဘိုင်ရှိတယ်၊ မဟုတ်ရင် ဝန်ဆောင်မှုကောင်းတဲ့ဟိုတယ်မှာ သွားစားလိုက်တာပဲ"

"ကိုယ်ကတော့ ရွှေဖင်ကို အဲဒါတွေလုပ်မပေးနိုင်ဘူးနော်၊ ကိုယ်တောင်မှ ဒီတစ်ယောက်ကို ယူနိုင်းပြီး စားနေတာ"

"ဩော် ဒယ်ဒီရဲ့အငယ်အနှောင်း ရွှေဖင်တို့ရဲ့မိထွေးတော်ကြီးပါလား။ ကိုသွေးသစ် ခြေဝတ်ကျေချင်တယ်ဆိုရင် ရွှေဖင်အတွက် သူ့ကိုယူနိုင်းလိုက်လေ၊ သူက ဝန်ဆောင်မှုတွေကောင်းလွန်းလို့ ဒယ်ဒီတောင် ကြွေသွားတာ၊ အဆင်ပြေမှာပါ"

ယမင်းယုသွင် မျက်နှာတစ်ချက်တင်းသွားတာ သွေးသစ်ဉာဏ် သတိထားလိုက်မိသည်။ လင်ပါသမီးရဲ့ထေ့ငေါ့ခြင်းခံရတာ သူ့အဖေကိုယူခဲ့မိလို့ဆိုတာ ယမင်းယုသွင် သဘောပေါက်ပေလိမ့်မည်။ သူ့ကိုထားခဲ့ပြီး မိသားစုရှိသည့် အဘိုးကြီးကိုယူခဲ့မှတော့ ဒီဒဏ်တွေကို သူမ ခံနိုင်ရည်ရှိအောင်ခံပေဦးပေါ့။

"ဟုတ်သားပဲ ယမင်းယုသွင်၊ မင်း သူထမင်းစားဖို့ ကူညီပေးလိုက်ပါဦး။ မင်းတို့ဆွေမျိုးတွေပဲ"

သွေးသစ်ဉာဏ်ကို သူမ မျက်လုံးတစ်ချက်လှန်ကြည့်ပစ်လိုက်သည်။ သူမပါးစပ်ထဲ ထမင်းနှစ်လုပ်ပြည့်အောင်ပင် မဝင်သေးပါ။ ရွှေဖင်ရို့ သူဘာလုပ်နိုင်းစရာလိုသလဲ။





မကြွင်နာတတ်ဘူးဆိုလျှင်တောင် ရွှေဖင်မိုးဘက်က ဒီလိုစကားနာထိုးမပြောသင့်ပေ။ လုပ်မပေးလျှင်လည်း လူကြားထဲမှာ အော်တာငေါက်တာ ခံနေရဦးမည်။ ရင်ထဲမှာဆစ်ခနဲ နာကျင်သွားသော်လည်း ရွှေဖင်မိုးအတွက် ထမင်းဟင်းယူထည့်ပေးလိုက်သည်။ ပြီးတော့ သူမထမင်းဆက်မစားတော့ဘဲ ထိုနေရာမှထွက်လာခဲ့၏။ ရင်တစ်ခုလုံး စူးစူးရှရှ နာကျင်အောင့်မျက်နေသည်။ ဒီဝေဒနာဟာ ဘာကြောင့်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"မင်း ဒါလာလုပ်တာလဲ"

"ဘာကိုလဲ"

"ထမင်းမစားဘဲ ထွက်သွားတာလေ၊ ရွှေဖင်ကို ဘယ်လောက် အားနာဖို့ကောင်းလဲ"

"မစားချင်လို့လည်း လူမှုရေးအရ ထိုင်နေရမှာ မင်းနားမလည် ဘူးလား"

"လူမှုရေးအရထိုင်နေရအောင် ကျွန်မတို့မိတ်ဆွေဘွေမဟုတ်ပါဘူး အစတည်းက ရန်သူတစ်ယောက်လို ဆက်ဆံတာပဲ ခံလာခဲ့ရတာ"

"အဲဒါ မင်းက ပစ္စည်းဥစ္စာတွေမက်ပြီး သူ့အဖေကို ယူခဲ့လို့လေ သူ့အဖေကိုသာ မယူခဲ့ရင် မင်းနဲ့ဒီလိုပြိုင်စရာကိစ္စမျိုး ရှိပါ့မလား။ အဲဒီလို မဖြစ်ချင်ရင် အဲဒီအဘိုးကြီးကိုယူဖို့ မင်းအစတည်းက စဉ်းစားဆင်ခြင်သင့် တယ်၊ အခုတော့ လင်ပါသားသမီးတွေက ရွယ်တူသက်တူတွေဖြစ်နေတဲ့ အတွက် မလေးမခန့် ဆက်ဆံတာခံရမှာပဲ"





ယမင်းယုသွင် အံကိုတင်းခနဲ ကြိတ်ပစ်လိုက်မိသည်။ သွေးသစ် ဉာဏ်က အလုပ်နှင့်မသက်ဆိုင်သောကိစ္စတွေနှင့်ပါ သူမကိုပုတ်ခတ်စော်ကား နေသည်။ သူ့ရဲ့တိုက်ခိုက်မှုတွေ ခံသင့်သလောက် ခံနိုင်ပေမယ့် ဘာမှနား မလည်ဘဲ ရွှေဖင်မိုးတို့ဘက်က ခံခက်စွာပြောနေတာတော့ မဖြစ်သင့်ပေ။

သွေးသစ်ဉာဏ်ကို သူမ ဘာစကားမှ ခွန်းတုံ့မပြန်တော့ဘဲ လုပ် စရာအလုပ်တွေကိုသာ ဆက်လုပ်နေလိုက်သည်။ ဒါကိုပဲ သွေးသစ်ဉာဏ် မခံချိမခံသာဖြစ်သွားပုံဖြင့်

"မင်းကဘာလဲ ရွှေဖင်မိုးတို့ကို မကျေနပ်တာနဲ့ဘဲ ငါ့ကိုမခန့်လေး စားလုပ်တဲ့သဘောလား"

"ကျွန်မကို ပြဿနာလာမရှာပါနဲ့လား ကိုသွေးသစ်ဉာဏ်၊ ကျွန်မ ရှင့်အလုပ်ကိုလုပ်ပေးနေတဲ့ ဝန်ထမ်းတစ်ယောက်ပါ၊ ကိုယ်ရေးကိုယ်တာကိစ္စ တွေ စွက်ဖက်ဝေဖန်တာမျိုး မလုပ်ရင်ကောင်းလိမ့်မယ်"

"ဟား ကိုယ်ရေးကိုယ်တာကို မဝေဖန်မစွက်ဖက်နဲ့ ဟုတ်လား၊ မင်းနဲ့ငါက အဲဒီလို ပြတ်သားအောင်နေသင့်တဲ့ ပတ်သက်မှုမျိုးပဲရှိခဲ့တာ လား။ ဒီမှာ ဒဏ်ရာမခွေးသေးဘူးကွ၊ မင်းလုပ်ချင်သလိုလုပ်ပစ်ခဲ့လို့ ရခဲ့ တဲ့ဒဏ်ရာ"

"ထားခဲ့လိုက်ပါတော့၊ ပြီးသွားပြီလေ၊ ကျန်ခဲ့ပြီး ဆယ်နှစ်ကောင် ကျော်နေမှ ဘာတွေမမေ့နိုင်ပြီး ပြဿနာရှာနေရတာလဲ"

"ပြုသူအသစ် ဖြစ်သူအဟောင်းတဲ့၊ မင်းက မှည့်မှာမတာလုပ်ခဲ့တဲ့ သူဆိုတော့ မေ့ချင်မေ့နိုင်လိမ့်မယ်ဆိုပေမယ့် မတရားခံခဲ့ရတဲ့ငါက မေ့နိုင်မှာ တဲ့လား။ ဒါပေမဲ့ မင်းဝမ်းသာမသွားနဲ့ဦး၊ သတိရလွမ်းဆွတ်တမ်းတနေတယ် ထင်မှာစိုးလို့ မင်းဘယ်လိုပဲလုပ်ခဲ့လုပ်ခဲ့ ငါ မယိုင်လဲခဲ့ဘူးဆိုတော့ သိစေချင် တယ်၊ ငါ ဒီနေ့ဒီအခြေအနေမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်တော်ပါတယ်၊ ဒီပုံစံမျိုးနဲ့မြင်ရတာ ကိုယ့်ကိုကိုယ် အပြစ်ရှိတယ်လို့တောင် မထင်တော့ဘူး"

"ဘာ"

"နာကျင်မှုကြောင့် ကြိုးစားတယ်ဆိုလည်း ရှင်အောင်မြင်နေတာဟာ အမြတ်ပဲပေါ့"

"ငါကတောင် မင်းကိုကျေးဇူးပြန်တင်ရဦးမှာလား"

အရှုံတိုက်မေးခွန်းအတွက် သူမအဖြေပြန်မပေးချင်။ အခုချိန်မှာ မိဘနှစ်ပါးနှင့်သားလေးကသာ သူမအတွက် အရေးကြီးဆုံးပါ။

ဘယ်အချိန်အခါက သူမ ခံစားမှုတွေကို ဦးစားပေးခွင့်ရှိခဲ့လို့လဲ။

"ဒေါက် ဒေါက် သူဌေးဥာဏ်ကြီး သူဌေးဥာဏ်ကြီး"

တံခါးခေါက်ပြီး အသံကျယ်ကျယ်အော်လိုက်သူက ကိုဇေယျာ။ တံခါးပိတ်တိုက်ပွဲဖြစ်နေတာကို အပြင်ကနေ ချောင်းနားထောင်နေတာသာ ဖြစ်လိမ့်မည်။ စိတ်တိုတိုနှင့် တံခါးကို ဆောင့်ခနဲ ဖွင့်ချလိုက်တော့ ကိုဇေယျာ ပုံပျက်ပန်းပျက် ပြုံးကျလာ၏။

"အောင်မလေးဗျာ မင်းကလည်း သက်သောင့်သက်သာလုပ်ပါဟ ကျိုးကန်းသွားရင် ငါ့ဘဝကိုမင်းတာဝန်ယူမှာလား"

"ယူစရာလား။ ခင်ဗျား ဘာလုပ်နေတယ်ဆိုတာ ကျွန်တော် သိတယ်"

"ဩော် အဟဲ ငါက အစည်းအဝေးချိန်နီးနေပြီလို့ လာပြောတာပါ"

"ကျွန်တော် သိတယ် ဒီကကိစ္စတွေ မပြတ်သေးလို့"

"ဘာကိစ္စလဲ စကားပြောနေတာလား"





"စကားပြောတာ အလုပ်လောက်အရေးကြီးမလား"

"ဒီမှာ ပြီးပါပြီ၊ စစ်ရင်စစ်ကြည့်လိုက်ပါဦး။ ယူသွားလို့ရပါပြီ"

ယမင်းယုသွင် စာရွက်စာတမ်းတွေ ဖိုင်နှင့်ထပ်ကာပေးတော့ သွေးသစ်ဥာဏ် လက်ကမ်းမယူဘဲ

"ပြီးရင် အဲဒါတွေယူပြီး မင်းအစည်းအဝေးခန်းထဲ လိုက်ခဲ့"

"ကျွန်မက ဘာလို့"

"အဲဒါတွေ မင်းလုပ်ထားတာ၊ အမှန်အမှန် မင်းမှာတာဝန်ရှိတယ်၊ ဒါ မင်းလက်အောက်ငယ်သားမဟုတ်ဘူး။ ငါနိုင်းတာပဲလုပ်"

ပြောပြီး သွေးသစ်ဥာဏ် အခန်းထဲက ခြေလှမ်းကျဲနှင့်ထွက်သွားသည်။ ကိုဇေယျာက ပခုံးကိုတွန့်လျက်

"ပြဿနာရှာတာလည်း မိုးမွှန်နေတာပဲ၊ မျက်စိအောက်ကလည်း အပျောက်မခံဘူး။ ဘယ်လိုကောင်လဲမသိဘူး။ ဟို ယု စိတ်မရှိပါနဲ့ဗျာ၊ ဒီကောင်ပြောသလိုပဲဒဏ်ရာက ဆွေးလည်းမဆွေး အနာလည်းမကျက်သေးတော့ ဒီကောင် ရမ်းနေတာပါ"

"ယုတော့ အလုပ်ထွက်ရမလားတောင် စဉ်းစားနေတယ်"

"ဗျာ ဘာဖြစ်လို့လဲ၊ ဒီကောင် ဒီလိုတွေလုပ်နေလို့ ယု စိတ်ညစ်နေလို့လား။ တခြားမှာသွားလုပ်ရင် ဒီလောက်လစာဆိုတာ"

"ဟုတ်ပါတယ် အဲဒါကြောင့် ယု အများကြီးစဉ်းစားသည်းခံနေခဲ့တာ၊ အလုပ်နဲ့ပတ်သက်ပြီးလည်း ကြိုးစားပြီးဂရုစိုက်ပါတယ်၊ ဒါပေမဲ့"

"ကျွန်တော်တို့ သိပါတယ် ယု၊ ယုကို ကျွန်တော်တို့လည်း အားနာနေကြတာပါ။ ဒါပေမဲ့လည်း ယုမိသားစုအဆင်ပြေဖို့ စဉ်းစားပါ၊ နောက်ပြီး တစ်ခုက ယုကိုအလုပ်ခန့်ခဲ့တဲ့ ကျွန်တော်နဲ့စိုးကျော်ကို အားနာရင် ယု



www.burmeseclassic.com

အလုပ်ထွက်ဖို့ မဆုံးဖြတ်လိုက်ပါနဲ့၊ ဦးထော်ကြီးနဲ့လည်း အကြောင်းရေစက်ရှိ လို့ ပြန်ဆုံရတာမဟုတ်လား"

ယမင်းယုသွင် မသက်မသာ ပြုံးမိလိုက်လျက်

"ယုက အပြစ်များခဲ့တဲ့သူပါ၊ သူ့အပေါ် သူခွင့်မလွှတ်နိုင်လောက် တဲ့အမှားကြီး ကျူးလွန်ခဲ့တယ်၊ မိသားစုကြောင့် ဘယ်လိုပဲအကြောင်းပြပြ သူ ခံစားရအောင်လုပ်မိခဲ့တာကတော့ လုပ်မိခဲ့တာပဲလေ၊ အဲဒီအတွက် သူ့ဆီက ခွင့်လွှတ်မှုကို ယု မမျှော်လင့်ပါဘူး၊ သူနဲ့ထပ်ပြီး ပတ်သက်ရအောင် လည်း ယု မကြိုးစားပါဘူး၊ အစကသာ သူပိုင်တဲ့ကုမ္ပဏီမှန်းသိရင် ယု အလုပ်လျှောက်ဖြစ်မှာလည်း မဟုတ်ပါဘူး"

"အဲဒါကို သိလို့ ကျွန်တော်တို့မပြောဖြစ်ခဲ့တာပါ ယု၊ ဦးထော်ကြီးရဲ့ ရင်ဖွင့်စကားတွေကို နိုင်ငံခြားမှာတုန်းက ကျွန်တော်တို့တော်တော်လေး နားထောင်ဖြစ်ခဲ့တယ်၊ ဦးထော်ကြီးက အခုချိန်ထိ ယုကိုမုန်းနေခဲ့တာ မဟုတ် ဘူးဗျ"

"ရှင်"

ယမင်းယုသွင် မျက်လုံးလေးပြူးလျက် ပါးစပ်အဟောင်းသား အံ့ဩ သွားရသည်။ ကိုဇေယျာက အပြောင်အပျက်ပြောနေသည့်ပုံစံမျိုးမဟုတ်ပါ။

"ကျွန်တော်တို့အထင်ကတော့ ယုကို နာကြည်းကောင်း နာ ကြည်းနေနိုင်ပေမယ့် ချစ်လို့ဒီလိုဖြစ်နေတာလို့ ထင်တာပဲ၊ ဘာလို့လဲဆိုတော့ မုန်းနေရင် ယုကို မြင်ချင်မှာလည်းမဟုတ်ဘူး၊ ကြည့်ချင်မှာလည်းမဟုတ်ဘူး၊ အရင်က သူ့မှာဘာမှမရှိလို့ ဥစ္စာမနေ၊ ငွေကြေးအရည်အချင်းအစွမ်းအစ အားကိုးနိုင်လောက်အောင်မရှိခဲ့လို့ ယု စွန့်ပစ်ထားခဲ့တယ်၊ အခု သူ ဘာ ကောင်ဖြစ်နေပြီလဲ ဘယ်လောက်တောင် အရည်အချင်းအစွမ်းအစ အောင်





မြင်မှုတွေရှိနေပြီလဲ သူပြချင်နေတယ်၊ ယုကိုမြင်စေချင်နေတယ်၊ ယု အား ကိုးနိုင်လောက်တဲ့ယောက်ျားတစ်ယောက် ဖြစ်နေပြီဆိုတာ သူ သိစေချင်နေ တယ်"

"ယုကတော့"

"အဲဒီအတွက် ယုဘက်က ချီးမွမ်းစကား အံ့ဩဝမ်းသာတာ၊ သူ ဒီလိုဖြစ်နေတာကို ဂုဏ်ပြုတာ အထူးသဖြင့် ယုအထင်ကြီးတာမျိုး သူလိုချင်တာ၊ ဒါပေမဲ့ ယုဘက်က အေးစက်လွန်းနေတယ်၊ သူ ဘာကောင် ကြီးဖြစ်နေနေ ယုက အထင်ကြီးလေးစားရမှန်းမသိသလိုနေတော့ သူ မခံချိ မခံသာဖြစ်နေတာ၊ သူ ဒီထက်ပိုလုပ်ပြနေရင် ယု ဒီထက်ပိုပင်ပန်းမယ်ထင် တယ်"

"ယုကတော့ ဒီအတိုင်းပါပဲ၊ အလုပ်ရှင်နဲ့အလုပ်သမားဆက်ဆံရေး နဲ့တာဝန်ကျေအောင် လုပ်ပေးနိုင်အောင်ပဲ ကြိုးစားချင်တယ်၊ ဒါမှ ရတဲ့လစာ အတွက်တန်အောင်လုပ်ပေးသလိုဖြစ်မှာမဟုတ်လား၊ မိသားစုကိစ္စကလွဲပြီး ကျန်တာတွေ စိတ်ဝင်စားလို့ရတဲ့ဘဝမျိုးမဟုတ်ပါဘူး"

"နားလည်ပါတယ် ယု၊ အဲဒါကြောင့်မို့ အလုပ်ထွက်ဖို့မစဉ်းစား ပါနဲ့လို့ ပြောတာပါ၊ တစ်နေ့ကျရင် ဦးထော်ကြီးလည်း နားလည်လာပါလိမ့် မယ်၊ ဒီကြားထဲမှာတော့ တတ်နိုင်သလောက် သည်းခံလိုက်ပါ ယုရယ်"

"ဟုတ်ကဲ့ပါ ကိုဇေယျာ"

သူမအတွက်တွေးပြီးပြောနေတာမို့ စောဒကမတက်ချင်တော့ပေ။ ဘယ်ဆို သူမအဆင်ပြေခြင်း မပြေခြင်းက ကိုဇေယျာတို့ကိစ္စမှမဟုတ်တာ။ အူးသစ်ဦးထော်သာ ဒီလိုတွေလုပ်မနေလျှင် သူမ အေးချမ်းနေလိမ့်မည်ဖြစ် ခင်သည်။ အခုတော့ ဘယ်အရာတွေက ပူလောင်နေမှန်းမသိပါဘဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

“သမီး အလုပ်လုပ်ရတာရော အဆင်ပြေရဲ့လား သမီး”

“ဟုတ်ကဲ့”

“တစ်ခုခုအဆင်မပြေတာတော့ ရှိနေတယ်မဟုတ်လား သမီး သမီးကြည့်ရတာ အလုပ်သွားရမှာကို စိတ်မပါသလိုပဲ”

“မဟုတ်ပါဘူး မေမေ၊ နည်းနည်းပင်ပန်းရုံပါပဲ၊ အဆင်မပြေတာ တော့ မရှိပါဘူး”

“ပင်ပန်းရင်လည်း မလုပ်ပါနဲ့လား သမီး၊ ဘဏ်မှာလက်ကျန်ငွေ လေးရှိသေးတာပဲ၊ အဲဒါပဲ ထုတ်စားတာပေါ့”

“ဖေဖေ့ဆေးဖိုးနဲ့ ကလေးကျောင်းစရိတ်နဲ့ အိမ်ကစားဝတ်နေရေး ကိစ္စတွေအားလုံး လက်ကျန်ငွေက ဘယ်လောက်ကြာကြာဖြေရှင်းနိုင်မှာလဲ”

“မြေးလေးငွေသိန်းငါးထောင်ရှိသေးတာပဲ၊ သူ့ကျောင်းစရိတ် အဲဒီထဲက သုံးမယ်ဆိုရင်တောင် မေမေတို့အတွက် ထားခဲ့တဲ့ငွေက ဒီလော အချိန်နဲ့ကုန်စရာအကြောင်းမရှိဘူးမဟုတ်လား၊ သမီးကိုယ်က သစ္စာရှိလွန်း နေတာ”



“လူမှာငွေမရှိရင် သစ္စာတရားတော့ ရှိရဦးမှာပေါ့ မေမေ၊ ယုတို့ အတွက်လည်း သူ လုံလောက်အောင်ပေးထားခဲ့တာပဲ၊ ယုတို့ကသာ ဘာ အလုပ်မှမလုပ်ဘဲ ထိုင်စားနေလို့ ဒီလောက်အချိန်နဲ့ကုန်သွားခဲ့ရတာပါ။ ဒီငွေက သားအသက်နှစ်ဆယ်ပြည့်မှ လွှဲပေးရမှာ၊ ဒီကြားထဲမှာတော့ ယု ခွန်အားနဲ့ပဲ သားကိုပညာတတ် ဖြစ်အောင်တာဝန်ယူပါမယ် မေမေ”

“အေး မေမေလည်း ဘာပြောရမှန်းမသိတော့ပါဘူးကွယ်”

မေမေ စိတ်ကုန်သလိုဖြစ်သွားခြင်းအတွက် စိတ်တော့မကောင်း ပေ။ ဒါပေမဲ့ မတတ်နိုင်ပေ။ မိသားစုတစ်စုလုံးအတွက် ပြည့်စုံအောင်ထောက်ပံ့ ပေးခဲ့တာမို့ သားအတွက် ဒီလောက်လေးတော့ တာဝန်ယူသင့်သည်ပဲ မဟုတ်လား။

“သမီး”

“ပြော် ရှင် ဖေဖေ”

ဝှီးချဲလေးနှင့် ဧည့်ခန်းထဲကို ဖေဖေ ဝင်လာတာမို့ ဝှီးချဲလေးကို ကူတွန်း၍ ခေါ်လာခဲ့သည်။ ဖေဖေ့မျက်နှာပေါ်မှာလည်း သောကအရိပ်အ ရောင်များနှင့်ပါ။

“ဖေဖေ နေသာထိုင်သာရှိရဲ့လား”

“လူကတော့ ဆေးကောင်းဝါးကောင်းတွေ သုံးစွဲနေရတဲ့အတွက် နေကောင်းပါတယ် သမီး၊ စိတ်ကတော့ သမီးပင်ပန်းတာကိုကြည့်ပြီး သိပ် မကောင်းဘူး”

“ဖေဖေတို့စိတ်မသက်မသာဖြစ်ရတယ်ဆိုရင် ယု ပိုပြီးပင်ပန်းပါ တယ် ဖေဖေ၊ ပေးဆပ်ခွင့်ကြုံလို့ ပေးဆပ်ရတာကို ယု ကုသိုလ်တွေပဲလို့မြင် ပါတယ်”

“သမီးပေးဆပ်လာခဲ့ရတာ ကြာပါပြီကွယ်၊ ပင်ပန်းတယ်လို့ မ

www.burmeseclassic.com



ညည်းညူဘဲ စောင့်ရှောက်ပေးနေတာကို ဖေဖေ ကျေးဇူးတင်နေတာပါ။ တစ်ခုတော့ ဖေဖေပြောချင်တယ်သမီး။ မိဘပိုင်တာကို သားသမီးကပိုင်သလို ပဲ သားသမီးပိုင်တာကိုလည်း မိဘကပိုင်တာပဲ၊ အခု မြေးလေးရဲ့ပိုင်ဆိုင်မှု တွေကိုလုပ်ငန်းတစ်ခုခုထဲမှာ ရှယ်ယာထည့်လိုက်မယ်ဆိုရင် သမီးပင်ပန်းမှာ မဟုတ်ဘူးလို့ ဖေဖေထင်တယ်၊ မြေးလေးအရွယ်ရောက်လာတော့လည်း လုပ်ငန်းပိုင်ဆိုင်ပြီးသား ဖြစ်သွားတာပေါ့''

''ဦးထွန်းအောင်မိုးက အဲဒီလိုဆန္ဒရှိခဲ့တာမဟုတ်ဘူး ဖေဖေ၊ သူ့ သားပညာတတ်ကြီးဖြစ်မှ သူ့ဆန္ဒရှိရာလုပ်ပေးဖို့ပဲ တိုက်တွန်းခဲ့တာ''

''သေတဲ့သူက သေနေပြီ၊ သူ့သားသမီးတွေကလည်း ဖအေတူ ညီလေးမောင်လေးဆိုပြီး ဘာအထောက်အပံ့မှလည်း လုပ်ကြ တာဝန်ယူကြ တာမဟုတ်ဘူး။ တကယ်လို့ ဒီထက်ခက်ခဲလာရင်''

''မခက်ခဲအောင် ယုကြိုးစားရမှာပေါ့၊ ယုမှာတာဝန်ရှိပါတယ် ဖေဖေ၊ လူတစ်ယောက်ဆီက အကျိုးကျေးဇူးကို ခံစားရတယ်ဆိုရင် အဲဒီကျေးဇူးကို ပြန်ဆပ်တတ်မှ အကြွေးမတင်မှာပေါ့''

''ထွန်းအောင်မိုးက သမီးယောကျ်ားတော်ခဲ့ရတဲ့သူပါ။ အပျိုဂုဏ်ကို စွန့်လွှတ်ထားရတာမို့ သမီးဒီထက်တောင် ခံစားခွင့်ပိုရသင့်ပါတယ်၊ လင် ယောကျ်ားပိုင်ပစ္စည်း မယားတစ်ဝက်ပိုင်တယ်၊ အငယ်အနှောင်းမို့ဆိုလည်း ဒီထက်မကတော့''

''ဖေဖေတို့က အဲဒီလောက်ကြီးတဲ့ မျှော်လင့်ချက်တွေနဲ့ ဦးထွန်း အောင်မိုးနဲ့ ယုကိုပေးစားခဲ့တာလား''

''အဲဒီဆုံးဖြတ်ချက်က သမီးချခဲ့တာနော်၊ ဖေဖေတို့က ကိုယ်နဲ့ ရွယ်တူသက်ကြားရွယ်အိုတစ်ယောက်ကို ဖေဖေ့အကြွေးတွေအတွက် လက် ထပ်ပေးပါလို့ တောင်းဆိုရက်ပါ့မလား။ ထွန်းအောင်မိုးဆီက ဖေဖေ ငွေချေး





ကြေးရေးအကူအညီတောင်းခဲ့တာမှန်ပါတယ်၊ ထွန်းအောင်မိုးကလည်း ဖေဖေ အကူအညီတောင်းတာကို ထောက်ပံ့ပေးကမ်းရင်းက သူ့သားနဲ့သမီးကို လက်ထပ်ပေးချင်တဲ့ဆန္ဒရှိကြောင်း ပြောတယ်၊ နောက်မှ သမီးက ထွန်း အောင်မိုးနဲ့လက်ထပ်မယ်ဆိုတဲ့အကြောင်း စပြောလာတာ ဟုတ်တယ်နော် သမီး''

အမှန်တရားမို့ သူမ ငြိမ်နေလိုက်သည်။ နှစ်ဖက်လုံးရဲ့အခက်အခဲ တွေအတွက် သူမရဲ့အပျိုဂုဏ် စတေးလိုက်တာပါ။

ဒါဟာ ဦးထွန်းအောင်မိုးနှင့်အပေးအယူတစ်ခုကြောင့်ဆိုလျှင် ဘဝ တစ်ခုလုံးစွန့်လွှတ်ရလည်းတန်သည်ဟု ထင်မိသည်။ ဖေဖေ့ဆီက သက်ပြင်း ငွေ့ငွေ့ရှိုက်ထုတ်သည့်အသံ ကြားလိုက်ရပြီး

''သမီး အဲဒီလိုပြောလိုက်တဲ့အချိန်မှာ ဖေဖေ အရမ်းရင်နာပြီး ခံစားလိုက်ရတယ်၊ သမီး ဘာကြောင့် သမီးဒီလိုဆုံးဖြတ်လိုက်တာလဲဆိုတာ ဖေဖေ နားမလည်ခဲ့ဘူး။ ထွန်းအောင်မိုးက သမီးနဲ့တွေ့ပြီး ဘာတွေမက်လုံး ပေးမြှူဆွယ်ခဲ့သလဲလို့ ဒေါသတွေလည်း ထွက်မိတယ်၊ ဒါပေမဲ့ အဲဒီအချိန် မှာ ဖေဖေကသေလုလေ၊ ထွန်းအောင်မိုးက အိမ်ဂရံတွေပြန်ပေးတယ်၊ ဖေဖေ့ကိုဆေးကုပေးတယ်၊ အိမ်မိသားစုအတွက် ပြည့်စုံလုံလောက်တဲ့ ထောက်ပံ့မှုတွေပေးတယ်၊ သမီးကို နိုင်ငံခြားခေါ်သွားပြီး ပညာတွေသင်ပေး မယ်ပြောတယ်၊ ကူကယ်ရာမဲ့ပြီး မျက်လုံးမှိတ်ရတော့မယ့်အချိန်မှာ ဖေဖေ ဘာမှမတတ်နိုင်ခဲ့လို့ပါ သမီးရယ်''

''ယုဆုံးဖြတ်ချက်တော့ မမှားခဲ့ဘူးမဟုတ်လား ဖေဖေ၊ ဒီလိုနေ ရ ဒီလိုရပ်တည်နေနိုင်ဖို့ ဘဝတစ်ခုရင်းလိုက်ရတယ်လို့ပဲ ယု အောက်မေ့ပါ သည်''



www.burmeseclassic.com

www.burmeseclassic.com



"နှလုံးသားပါရင်းလိုက်ရတာမဟုတ်ဘူးလား သမီး၊ အဲဒီအချိန်က သမီးမှာချစ်သူရှိနေတယ်ဆိုတာ ဖေဖေတို့သိခဲ့ပါတယ်၊ ဒါပေမဲ့ မမေးသာခဲ့ဘူး၊ သမီးမကယ်ရင် ဖေဖေက ဒုက္ခိတဘဝနဲ့ထောင်ထဲမှာနေရမှာ၊ သမီးနဲ့ သမီးအမေလည်း လမ်းဘေးရောက်ပြီ"

"ဒါတွေက ယုဘဝနဲ့နှလုံးသားကိုရင်းခဲ့ရတယ်ဆိုပေမယ့် ဦးထွန်းအောင်မိုးရဲ့ကျေးဇူးတွေပါ၊ အဲဒါကြောင့်မို့ ယုကတော့ သူ့ဆန္ဒတွေအတိုင်း ပဲနေသွားချင်တယ်၊ သားအတွက်ထားခဲ့တဲ့ငွေတွေကိုတော့ ဘယ်လောက်ပဲ အခက်အခဲရှိရှိ တစ်ပြားမှမထိပါးချင်ဘူး၊ အခုလည်း အဆင်ပြေနေတုန်းပါ၊ အဲဒါကြောင့် ဘာမှမပြောကြပါနဲ့ ဖေဖေနဲ့မေမေ"

ဖေဖေက အသံတိတ်သွားလျက် ခပ်သာသာမျက်နှာလွှဲ၏။ မေမေကတော့ သူမရဲ့ပင်ပန်းမှုတွေအတွက် ကွယ်ရာမှာ မျက်ရည်ကျပေလိမ့်မည်။ ထိုအချိန်မှာ သားလေးက ထမင်းစားခန်းထဲက ထွက်လာပြီး သူမကိုပြေးဖက်သည်။

"သားလေး ကျောင်းသွားတော့မလို့လား"

"ဟုတ်ကဲ့ မေမေ၊ နာနီက ရှမ်းခေါက်ဆွဲကျွေးလို့ စားနေတာ မေမေကရော အလုပ်သွားမှာ မစားသွားဘူးလား"

"သွားသွားနဲ့အိပ်ရာစောစောထပြီး စားပြီးသွားပြီ သားလေးရဲ့ သားလေးက အိပ်ပုပ်ကြီးနေတာကိုး"

"နောက်နေ့ကျ သားကိုလည်းနှိုးပါ မေမေ၊ မေမေနဲ့အတူတူ စားရအောင်လို့"

"ဟုတ်ကဲ့ပါရှင် သားလေး ကျောင်းသွားတော့မယ်ဆို သွားလေ ကျောင်းကားမမီဘဲနေဦးမယ်"



"မေမေက အိမ်ကကားနဲ့သွားမှာလား"

"ကားမယူပါဘူး သားရယ်၊ လမ်းပိတ်တာနဲ့ ဆီဖိုးက သက်သာတာမဟုတ်ဘူး၊ လိုင်းကားချောင်ရင် လိုင်းကားနဲ့သွားမှာပေါ့၊ မချောင်ရင် တက္ကစီစီးလိုက်ရင် ဖြစ်တယ်"

"မေမေ သနားပါတယ်၊ သားကြီးလာရင် မေမေ့ကိုလုပ်ကျွေးမယ်နော်"

"အမယ်လေး သားလေးက စကားတတ်လိုက်တာ၊ ဒီစကားလေးတွေနဲ့ပဲ မေမေအားရှိနေပါပြီ သားရယ်၊ ကဲ ခြံရှေ့ထိ မေမေနဲ့အတူတူ သွားရအောင်၊ ဖေဖေနဲ့မေမေ ယု သွားပြီနော်"

"အေးအေး ကောင်းပြီ သမီး"

နာနီက သားရဲ့ထမင်းဘူးခြင်းလေးကို ဆွဲ၍ သူမက သားလက်ကိုဆွဲကာ ထွက်လာခဲ့သည်။ ခြံဝင်းရှေ့အရောက်မှာတော့ ကျော်ဇင်မိုးကို သူ့ကားကိုမှီ၍ရပ်နေတာကို တွေ့လိုက်ရသည်။

"ဟင် ကိုမိုး ဘာရပ်လုပ်နေတာလဲ"

"ကျွန်တော်နိုင်ငံခြားသွားမှာမို့ ယုနဲ့ညီလေးကို နှုတ်ဆက်ရအောင် လာတာပါ၊ ယုကို ကုမ္ပဏီမှာလာပြီးနှုတ်ဆက်လို့ရပေမယ့် ယုမပါရင် ညီလေးကိုတွေ့ရဖို့က မလွယ်ဘူးလေ၊ အဲဒါကြောင့် သူ ကျောင်းသွားချိန် အမီလာလိုက်တာ"

"ဪ ကိုမိုးရယ် အိမ်ထဲဝင်ခဲ့ရောပေါ့"

"ယုမိဘတွေကို အားနာလို့ပါ၊ သိသာသိစေ မမြင်တာက ကောင်းတယ်မဟုတ်လား"

ကျော်ဇင်မိုးက အဲဒီလိုအလိုက်သိသည့်လူစားမျိုး ဖြစ်သည်။ သူ့

www.burmeseclassic.com

www.burmeseclassic.com



ညီလေးကိုကောက်ပွေ့ချီလျက်

"ကိုကြီးနိုင်ငံခြားက ပြန်လာရင် ညီလေးအတွက်လက်ဆောင်တွေ အများကြီးဝယ်ခဲ့မယ်နော်"

"ဟုတ်ကဲ့ ဒါပေမဲ့ မေမေ ယူခိုင်းမှယူမှာနော်"

"ဟုတ်ကဲ့ပါဗျာ"

"ကိုမိုးက ဘယ်နိုင်ငံခြားကိုသွားပြီး ဘယ်လောက်ကြာမှာလဲ၊ လုပ်ငန်းကိစ္စပဲလား"

"အင်း ဆိုပါတော့ ဖေဖေနဲ့ယုနေခဲ့တဲ့အိမ်ကိုရောင်းဖို့ ဈေးခေါ်ထားတာ အခဝင်ပြေသွားတယ်၊ အရောင်းအဝယ်ပြီးသွားရင် ခြံစောင့်ထားခဲ့တဲ့ မာမွတ်ကိုငွေကြေးအထောက်ပေးပြီး လုပ်ငန်းတစ်ခုရှာပေးရဦးမယ်လေ၊ ဟိုမှာ ကြာကြာမနေရအောင် အားလုံးတော့အချိတ်အဆက်လုပ်ပြီးပါပြီ၊ ယုကို အိမ်ရောင်းရငွေတစ်ဝက်ပေးဖို့လည်း စဉ်းစားထားတယ်"

"ရှင် အဲဒီလိုတော့ မလုပ်ပါနဲ့ ကိုမိုးအမေ မသေခင်က ယုတို့ကို ပေးရမှာစိုးလို့ အိမ်ပေါ်ကတောင် ဖွတ်အတင်းနှင်ချခဲ့သေးတာ၊ သေသူရဲ့ ဆန္ဒကို ဆန့်ကျင်တာမျိုး မလုပ်ပါနဲ့ ကိုမိုး။ ယု လက်မခံနိုင်ပါဘူး။ ပြီးတော့ ရွှေဖင်မိုးက လုံးဝ ခါးခါးသီးသီး ကန့်ကွက်လိမ့်မယ်"

"ခဏလေး ညီလေး ကျောင်းကားလာနေပြီ"

စကားပြောနေဆဲမှာ သားရဲ့ကျောင်းကားရောက်လာတာမို့ ကိုမိုးက သားကိုကျောင်းကားပေါ်ပွေ့ချီကာ တင်ပေးသည်။ နာနီက သားရဲ့ထမင်းဘူး ခြင်းလေးကို ကားပေါ်တင်ပေးပြီး အိမ်ထဲပြန်ဝင်သွား၏။

"ယုကို ကျွန်တော် ကုမ္ပဏီအထိ ကားနဲ့လိုက်ပို့ပါမယ်၊ ကားပေါ် ကျမှ စကားပြောကြတာပေါ့"





"ဟို ယုဘာသာ"

"တက်ပါ ယုရယ်၊ ယုကို ကျွန်တော် အမြဲတမ်းလာခေါ်နေတာ မဟုတ်ပါဘူး။ ကြုံကြိုက်တုန်းမို့ စကားလည်းပြောရတာပေါ့၊ ခုနက ယု ပြောတာကို ကျွန်တော် ဘာမှပြန်မပြောရသေးဘူး"

စိတ်ထဲပေါ့ပါးမနေပေမယ့် သက်ပြင်းတော့မချမိပါ။ ရွှေဖင်မိုးက သူ့အစ်ကိုနှင့်တပူးတွဲတွဲနေတာမျိုးကို မကြိုက်။ အဖေပြီးလို့ သားကိုအပိုင် ကြံချင်တာလားဆိုတာမျိုးနှင့် သတိပေးတိုက်ခိုက်ဖူးခဲ့သည်။

မဆုံဖြစ်အောင် ရှောင်နေခဲ့တာတောင်မှ တိုက်ဆိုင်မှုတွေ ခဏခဏ ကြုံ၏။ ဒါလည်း သွေးသစ်ဉာဏ်ကြောင့် ဆုံစည်းမှုတွေက ရှိလာခဲ့ပြီး

"ယု"

"ရှင်"

"ကားပေါ်မှာ ကျောက်ရုပ်ကြီးလို ဘာတွေတွေးနေတာလဲ၊ ကျွန်တော်တစ်ယောက်တည်း ပျင်းတာပေါ့"

"ရွှေဖင်မိုးနဲ့များ ဆုံနေဦးမလားလို့ပါ"

"ဆုံတော့လည်း ဘာဖြစ်လဲ ယုရယ်၊ ကျွန်တော့်မှာ ယုကို ဒီလောက်တော့ လုပ်ပေးပိုင်ခွင့်ရှိပါတယ်၊ မိထွေးကငယ်လို့ ကိုယ်နဲ့ရွယ်တူလို ဖြစ်နေပေမယ့် ဖေဖေ့ရဲ့ဇနီးမယားတစ်ယောက်ကို စောင့်ရှောက်ခွင့်တော့ ရှိပါတယ်၊ ဒီလိုအခြေအနေကိုသာ ဖေဖေမြင်ရင် ဖေဖေလည်းကျေနပ်မှာပါ၊ အစတည်းက ဖေဖေက ကျွန်တော်နဲ့ယုကို"

"ထားလိုက်ပါတော့ ဒီအကြောင်းတွေက ဒီအချိန်မှာ မပြောသင့်တော့ပါဘူး။ စည်းတွေက အလိုလိုခြားလာခဲ့တာ၊ တကယ်လို့ အဲဒီအရင်တည်းက ကိုမိုးကို လက်ထပ်ရမယ်ဆိုလည်း ယု လက်ထပ်ဖြစ်မှာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး"

"ဗျာ ဒါဆို ယုက ဖေဖေ့ကိုပဲ"

"ခေါင်ကိုပိုင်ရင် အကုန်ရမယ်ထင်လို့ ကြံလိုက်တယ်လို့တော့ ကိုမိုး မထင်လောက်ပါဘူးနော်၊ ဒီကိစ္စက ရှင်းပြဖို့ နည်းနည်းခက်ပါတယ်၊ သားလေးအသက်နှစ်ဆယ်ပြည့်ပြီး သူ့ဘဝသူရပ်တည်နိုင်မှပဲ"

"ဆယ်နှစ်လောက်ဝပ်ပြီး မျိုးသိပ်ဦးမလို့လား ယု၊ ယုနဲ့ဖေဖေကြား မှာ ဘယ်လိုအကြောင်းတွေရှိခဲ့တယ်ဆိုတာ ကျွန်တော့်ကိုတော့ ပွင့်ပွင့်လင်း လင်း ပြောသင့်ပါတယ်၊ ကျွန်တော်က ယုအတွက် အဲဒီလောက်တောင် သူစိမ်းဆန်နေသလား"

ကျော်ဇင်မိုး အဲဒီလိုပြောတော့ သူမ စိတ်မကောင်းဖြစ်သွားရသည်။ တကယ်ဆို ကျော်ဇင်မိုးအများကြီး အားပေးခဲ့သူပါ။ အမေနှင့်ညီမ ပြဿနာ ရှာတာကိုလည်း အတတ်နိုင်ဆုံး ကာကွယ်ပေးသည်။

အခုချိန်ထိ သားနှင့်သူမကို လူတစ်ယောက်လိုမြင်ပြီး လူလိုဆက် ဆံပေးခဲ့သူပါ။ သားက သူ့အဖေဘယ်သူဆိုတာလည်း သိသည်။ ကျော်ဇင် မိုးနှင့်ဘယ်လိုပတ်သက်မှုရှိသည်ဆိုတာလည်း သိသည်။

"အစစအရာရာအတွက် ကိုမိုးကို ယု ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ မပတ်သက်ဘဲနေရမယ့်သူစိမ်းတွေဆိုတာလည်း ကိုမိုး သိနေမှာပါ"

"အဲဒါတော့ ကျွန်တော် လက်မခံဘူး ယု၊ ကျွန်တော့်အဖေရဲ့ သွေးသား ကျွန်တော့်ညီလေးကို မွေးပေးထားတဲ့ ယုနဲ့ကျွန်တော်က ဘယ်လို လုပ် သူစိမ်းတွေဖြစ်မှာလဲ"

"ရွှေဇင်တောင် အသိအမှတ်မပြုတာ ကိုမိုးလည်း အဲဒီလိုနေလိုက် ရင်ဖြစ်တာပဲလေ၊ ယုကို ဘာမှလည်း မပေးဘဲ စောင့်လည်းမစောင့်ရှောက်





ဘဲ"

"ကျွန်တော် အဲဒီလို မလုပ်နိုင်ပါဘူး ယု၊ ကျွန်တော် ဟိုမှာလေး ငါးရက်လောက်တော့ ကြာမယ်၊ ပြန်လာရင် ယုကိုပေးသင့်သလောက်ပေး ဖို့ ရွှေဇင်ကိုပါ အသိပေးပြီး စီစဉ်ပါမယ်၊ ပြီးတော့ အခုညနေ ညီလေးကျောင်း ပြန်ချိန်ဝင်ကြိုပြီး ညနေစာစားဖို့အတွက် ယုကိုပါ ကုမ္ပဏီမှာလာခေါ်ပါမယ်၊ ယု အဲဒီလိုပဲ သိထားပါ"

ပြောပြီးတာနှင့် သူမဘက်ကအဖြေကို နားထောင်ချင်ဟန်မရှိဘဲ ကျော်ဇင်မိုး ကားကိုသာ ဂရုစိုက်မောင်းနေသည်။ ဒီလိုနှင့် ကုမ္ပဏီရောက်လာ သည့်အခါမှာတော့ ကျော်ဇင်မိုးက ကားပေါ်က အလျှင်အမြန်ဆင်း၍ သူမ ဘက်ကကားတံခါးကိုလာဖွင့်ပေး၏။ ပြုံးမြနေသော ကျော်ဇင်မိုးရဲ့မျက်နှာမှာ ကြင်နာဂရုစိုက်မှုတွေအပြည့်ပင်။

"ကျေးဇူးပဲ ကိုမိုး"

"ဒီလူနဲ့ဒီလူ ကျေးဇူးစကားဆိုတာ ပြောစရာလား ယုရယ်၊ ယုနဲ့ ညီလေးကို ကျွန်တော် ဒီထက်ပိုပြီး ဂရုစိုက်ပေးသင့်တာပါ၊ ညနေကျ ကျွန်တော် လာကြိုမယ်နော် ယု"

"ဟုတ်ကဲ့"

ငြင်းနေလည်းအပိုပဲမို့ သူမ အပြုံးလေးတဝင့်နှင့် ခေါင်းညိတ်ပြ လိုက်ရသည်။ ကျော်ဇင်မိုးက ကားလေးမောင်းထွက်သွားသည်အထိ လက်ပြ နှုတ်ဆက်နေတာမို့ သူမ သမင်လည်ပြန်ကြည့်ပြီး လက်ပြန်ပြရသည်။

ပြီးမှ ကုမ္ပဏီထဲကို ဝင်လာခဲ့၏။

ထိုအချိန်တွင် မျက်ဝန်းအကြည့်စူးစူးတစ်စုံက။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"ဟိတ် ဟိတ် ဘယ်ကကလေးလဲ၊ ကုမ္ပဏီထဲ ပြေးဝင်လာတာ"

ကိုယ်ရှေ့တည့်တည့်ကနေ ပြေးဝင်လာသော ကလေးကို ဖတ်ခနဲ လက်ကနေ ဖမ်းဆွဲထားလိုက်သည်။ ဆယ်နှစ်အရွယ်ကောင်လေးက လူရှေ့ လူသန့်လေးပါ။ ကုမ္ပဏီဝန်ထမ်းထဲက ဘယ်သူ့ကလေးများလဲ။ ကလေး ကို ကုမ္ပဏီထဲခေါ်မလာဖို့ စည်းကမ်းသတ်မှတ်ထားတာ ဘယ်လိုဖြစ် ဒီကလေးက ရောက်လာရတာလဲ။

"ဟိတ်ကောင် မင်းဘယ်သူ့သားလဲ"

"မေမေ့သား"

"အေး မင်းမေမေက ဘယ်သူလဲ၊ နာမည်ပြောတာ"

"မေမေ ယု"

"မေမေ ယု၊ မေမေယုဆိုတာ ယမင်းယုသွင်ကို ပြောတာလား"

"ဟုတ်ကဲ့ မေမေယုက သားမေမေ"





"ဪ မင်းက သူ့ဆီလာတာလား။ ဘယ်သူနဲ့လာတာလဲ၊ ယ်သူလိုက်ပို့တာလဲ"

"သားကိုကြီး ကျော်ဇင်မိုး"

"ဟာင် ကျော်ဇင်မိုး"

ကျော်ဇင်မိုးက ဘာကြောင့် ဒီကလေးကိုခေါ်လာရတာလဲ။ မနက် လည်း ယုကို ကုမ္ပဏီအထိ ကားနှင့်လိုက်ပို့ပေးသည်။ ယုကိုကြင်နာ ိုက်နေတာ ရိုးရောရိုးသားရဲ့လား။ ဖအေရဲ့ဖနီးမယားဖြစ်ခဲ့ဖူးသူ မိထွေး ်ယောက်အပေါ် ဘယ်လိုစိတ်မျိုးနှင့်သိမ်းသွင်းနေခြင်းလဲ။ ယမင်းယုသွင် ရော လင်ပါသားက ရွယ်တူတန်းတူဖြစ်နေတာမို့ စိတ်ပါလက်ပါ ဆက်ဆံ ခြင်းဖြစ်မည်။

သင့်တော်၏ မသင့်တော်၏တောင် မတွေးနိုင်တော့ဘူးတဲ့လား။ ာ်လုံးထဲမှာ တကယ်ကို အကြည့်ရဆိုးသည့်မြင်ကွင်းပင်။

"ကိုသွေးသစ်ဉာဏ်"

"ဪ ကိုကျော်ဇင်မိုး။ ဒီကုမ္ပဏီကို ဘာကိစ္စရှိလို့လဲ"

"ညီလေးအမေကို လာကြိုတာလေ၊ သူတို့သားအမိကို ကျွန်တော် နေစာ ဝယ်ကျွေးချင်လို့ ကလေးကိုပါ ကျောင်းကနေကြိုလာတာ"

"ယမင်းယုသွင်က မအားဘူးဗျ"

"ဗျာ ဘာဖြစ်လို့လဲ၊ ရုံးဆင်းချိန်ရောက်လို့ ကျွန်တော် ဖုန်းဆက် ိုက်တော့ သူ ရုံးခန်းထဲက ထွက်လာနေပြီလို့ ပြောတယ်၊ ဪ ယု"

သူတို့စကားပြောနေဆဲမှာ ယမင်းယုသွင်က သူတို့အနားကို ရောက်လာသည်။ သားလေးက ယမင်းယုသွင်ကို ပြေးဖက်၏။

ယမင်းယုသွင်က သွေးသစ်ဉာဏ်ဘက် လှည့်မကြည့်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



"ကိုမိုး သွားမယ်လေ"

"မင်းကို ဘယ်သူက ရုံးဆင်းခိုင်းလို့လဲ ယမင်းယုသွင်၊ မင်းအချိန်မီ ဆင်းရမယ် အလုပ်တွေရှိတယ်"

"ရှင်ကြီးပြောထားတာ မဟုတ်ဘူး။ ကျွန်မ မဆင်းနိုင်ဘူး ကိုသွေး သစ်ဥာဏ်၊ ရှင်တောင် ရုံးဆင်းတော့မယ်ဆိုပြီး ကျွန်မအရင် ရုံးဆင်းသွားတာ လေ"

"ဟုတ်တယ် အခုမှ အရေးကြီးတဲ့ကိစ္စ ငါသတိရသွားလို့"

"အဲဒါဆိုလည်း လုပ်စရာအလုပ်တွေရှိရင် မနက်ဖြန်မှပဲလုပ်တော့ မယ်၊ ဒီနေ့ကတော့ ရှင်ဘယ်လောက်လစာတိုးပေးပေး မလုပ်တော့ပါဘူး ကိစ္စလေးရှိလို့ ခွင့်ပြုပါဦး"

ဂရုမစိုက်တော့ဘဲ သားလေးလက်ကိုဆွဲကာ ရှေ့ကထွက်လာခဲ့ သည်။ သွေးသစ်ဥာဏ် ဘယ်လိုအကြံအစည်နှင့် ညစ်ပတ်ပြီး ဒီလိုပြောသည် ဆိုတာ မသိဘဲနေပါ့မလား။

"ဟွန်း တော်တော်ဟုတ်နေပါလား"

"ဟင် ရွှေဇင်မိုး"

ရှေ့တည့်တည့်မှာ ရောက်လာတာမို့ ကျော်ဇင်မိုးနှင့်ယမင်းယုသွင် ခြေလှမ်းတွေပင် ရပ်သွားရသည်။ ရွှေဇင်မိုး မျက်နှာလေးက ရုပ်ဆင်းမျာ လောက်အောင်ပင် မဲ့ကျနေလျက်

"ဒါ ဘယ်လိုဖြစ်နေတာလဲ၊ မိသားစုဟန်နီးမွှန်းထွက်လာတယ် များ ထင်နေလား"

"ရွှေဇင် နင်ဘယ်လိုတွေပြောနေတာလဲ၊ ကိုကို မကြိုက်ဘူးနော်"

"သြော် ရွှေဇင်က ပြောချင်လို့ပြောနေတာ မဟုတ်ပါဘူး၊ အခြ



တော်လို့ပါ။ ကိုကိုကရော ဘာလို့ မိတွေးတော်တဲ့သူနဲ့ တပူးတွဲတွဲလုပ်နေ တာလဲ၊ ကလေးကပါသေးတယ်၊ ပတ်ဝန်းကျင်က မိသားစုလို့ထင်သွားရင် ဘယ်လိုလုပ်မလဲ၊ သူ့ကိုဖေဖေ့ရဲ့မယားငယ်ဆိုတာ ဒီမှာသိတဲ့လူက သိပ်ရှိ တာ မဟုတ်ဘူး။ ကိုကိုက ဖေဖေ့မယားငယ်နဲ့များ အထင်မှားခံချင်နေသေး သား"

"တော်စမ်း ရွှေဇင်၊ နင့်စကားတွေက ဘောင်ကျော်နေပြီ၊ နင် သူကို အဲဒီလောက်ပုတ်ခတ်ရမှ စားကောင်းအိပ်ပျော်နေလား"

"မနေတတ်တော့လည်း သတိပေးရမှာပဲ၊ အဖေပြီးတော့ သားကို အပိုင်ဖမ်းပြီး တွယ်ကပ်ချင်နေတာ"

"ညီလေး ရှိတယ်၊ နင် ဘာတွေပြောနေတာလဲ"

"အဲဒီအမျိုးလေးကို ပြတ်မသွားအောင် ပြစားနေတာ ကိုကိုက ဟုတ်မှတ်နေလား။ ကိုကိုပဲ သွေးသားသံယောဇဉ်ဖြစ်ပြီနေ၊ ရွှေဇင်က မိန်းမသွေးပါတဲ့ကလေးကို မြင်တာနဲ့တောင်မုန်းတယ်"

"ကျွတ် ယု သွားရအောင်၊ ညီလေး လာ"

ကျော်ဇင်မိုးက ကလေးကိုပွေ့ချီ၍ ယမင်းယုသွင် ပခုံးလေးကိုဖက် ပြီး ထွက်သွားသည်။ မျက်စောင်းထိုး တက်ခေါက်ကာ ကျန်ခဲ့သော ရွှေဇင်မိုး အနား သွေးသစ်ဥာဏ် ရောက်လာခဲ့ပြီး

"မင်းအစ်ကိုက ဘယ်လိုဖြစ်တာလဲ"

"ဟိုကောင်မက မြှူဆွယ်နေတာလေ၊ အဲဒီမိန်းမက ယောကျ်ား တွေကို ပိုင်းလုံးလုပ်တဲ့နေရာမှာ ဆရာကြီး၊ ကိုသွေးသစ်လည်း သတိသာ ထားနေ၊ သူက အကောင်ကြီးကြီး အမြီးရှည်ရှည်တွေကိုမှ အမိဖမ်းတတ် တာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား။ ရွှေဖင်ကရော ဘယ်လိုမိန်းကလေးလဲ"

"ရွှေဖင်လား၊ ကိုသွေးသစ်က ဘာကိုသိချင်တာလဲ၊ ဘာကိုမေးတာလဲ"

"ရွှေဖင် ကိုယ့်ကုမ္ပဏီကို ခဏခဏလာတယ်နော်၊ အရေးကြီးကိစ္စများရှိလို့လား"

"အဟင်း ဒီနေ့ ကိုသွေးသစ်ကို ညစာဒကာခံခိုင်းမလို့လေ၊ ဘယ်လိုလဲ ရွှေဖင်ကို ကျွေးဖို့စေတနာရော ရှိရဲ့လား"

"စေတနာကတော့ ရှိပါတယ်၊ ဒါပေမဲ့ အချိန်ကမရှိဘူးဖြစ်နေတယ် ကိုယ်ချိန်းထားတဲ့ကိစ္စလေးတွေရှိလို့"

"ဟင့်အင်း မရဘူးနော် ကိုသွေးသစ်၊ ရွှေဖင်က ကိုသွေးသစ်ကို တကူးတကတောင် လာတွေ့ရတာ"

"ကိုယ်နဲ့တကယ်ကို ညစာစားချင်တာလား"

"အင်းပေါ့ မဟုတ်ရင် လာပါ့မလားလို့"

"ကောင်းပြီလေ၊ ဒါဆို မင်းအစ်ကိုသွားမယ့်ဆိုင်ကို မင်းသိတယ် မဟုတ်လား"

"အင်း သိပါတယ်၊ ကိုကိုက အဲဒီဆိုင်ပဲ စွဲစွဲမြဲမြဲ စားတတ်တာ လက်ရာကောင်းလို့တဲ့၊ ဘာဖြစ်လို့မေးတာလဲဟင်"

"ခြေဘ် မင်းအစ်ကိုစားတဲ့ဆိုင်ကို စားဖူးကြည့်ချင်လို့ပါ၊ သူ့အကောင်းကြိုက်တတ်မယ့်ပုံပဲ၊ ကိုယ်တို့သွားကြတာပေါ့"

"အခု အဲဒီကို"

"အင်းလေ ဘာဖြစ်လို့လဲ"

"အာ အဲဒီမိန်းမပါသွားတာ မမြင်ချင်ပါဘူး"





"မမြင်ချင် မကြည့်နဲ့ ကျောခိုင်းနေပေါ့၊ ပြီးတော့ တစ်စားပွဲတည်း အတူစားမှာမှ မဟုတ်တာ၊ မင်းက ကိုယ်နဲ့အတူစားချင်တာဆို"

"အင်း"

"ဒါဆို ပြီးရောပေါ့"

ရွှေဖင်မိုး မငြင်းတော့။ သူ့ တမင်ကိုကျော်ဖင်မိုးနှင့် ယမင်းယုသွင် တို့ရဲ့ဆက်ဆံရေးကိုသိချင်လို့ သွားမည်လို့ ပြောလိုက်တာပါ။ ရွှေဖင်မိုးမပါ လည်း သူလိုက်သွားဖို့ ဆုံးဖြတ်ပြီးသားပင်။

ဒါဟာ ဘာကြောင့်လဲဆိုတာတော့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"ညီလေး စားလေ အဝစား နောက်ထပ်စားချင်တာရှိလည်း ထပ်မှာဦး၊ အချိုရည်လည်း ညီလေးကြိုက်တာသောက်၊ မိန္နးကြည့်တတ်တယ်မဟုတ်လား"

"ဟုတ်"

ကလေးကိုပြောပြီး ယမင်းယုသွင်ဘက် ကျော်ဇင်မိုး လှည့်လိုက်သည်။ အစားအသောက်တွေကို ယမင်းယုသွင် ပန်းကန်ထဲပုံထည့်ပေးပြီး

"ယုလည်း စားလေ၊ ဘာလို့ တို့ကနန်းဆိတ်ကနန်း ဖြစ်နေတာလဲ၊ အားရပါးရ စားစမ်းပါ ယုရဲ့၊ တရုတ်အစားအသောက်ကို ယု ကြိုက်တယ်ဆိုတာသိလို့ ဒီဆိုင်ကိုခေါ်လာတာ၊ ဒီဆိုင်က ရိုးရာအစားအစာတွေ အကျန်ကျွန်တော်စားဖူးတယ်၊ မဆိုးပါဘူး အဲဒီနိုင်ငံဖေပါင်းစုံကို ရောက်သွားသလိုခံစားရတယ်၊ စားဖိုမှူးသုံးယောက်လောက်ထားတာတဲ့ ယုရဲ့၊ လက်ရာသန့်ပါတယ်"

ကျော်ဇင်မိုးက ချော့မော့ပြီး ကျွေးသလို ဖြေရှင်းပြနေသည်



သူမကတော့ စားဖို့သောက်ဖို့ကို စိတ်ထဲကမပါတော့ပါ။ ရွှေဇင်မိုးဆက်ဆံမှုများက သွေးသစ်ဥာဏ်အထင်သေးရှုတ်ချကောင်းအောင် ပံ့ပိုးပေးနေသလိုဖြစ်နေသည်။

ဘယ်လိုအကြောင်းနှင့် ကုမ္ပဏီကို ရောက်ရောက်လာပြီး သူမကိုဆိုက်ခိုက်နေရတာပါလဲ။ သွေးသစ်ဥာဏ်ကိုကြည့်သည့် ရွှေဇင်မိုးရဲ့မျက်လုံးများကတော့ စိတ်ဝင်စားမှုအရိပ်အယောင်တွေ အပြည့်ပင်။

"ဟင်"

ဆိုင်ထဲကို သွေးသစ်ဥာဏ်နှင့်ရွှေဇင်မိုးက အပြုံးမျက်နှာများနှင့်ဝင်လာကြပြီး သူမရဲ့မျက်နှာချင်းတည့်တည့် စားပွဲဝိုင်းမှာ ဝင်ထိုင်လိုက်ကြသည်။ ကျော်ဇင်မိုးကတော့ ကျောပေးထားသည့်အနေအထားမို့ သူတို့ဝင်လာတာကို မြင်မှာမဟုတ်။ အစ်ကိုဖြစ်သူရှိနေသည့်ဆိုင်မှာ ရွှေဇင်မိုးနှင့်သွေးသစ်ဥာဏ် အရှိအသေတန် အတင့်ရဲလှချည်လား။

သူမတို့ ဒီဆိုင်သွားမည်ဆိုတာသိပြီး သွေးသစ်ဥာဏ် တမင်အနှောင့်အယှက်ပြုဖို့ လိုက်လာတာပဲ ဖြစ်လိမ့်မည်။ သူတို့ဆီ မျက်လုံးအကြည့်ရောက်မသွားအောင် ကြိုးစားရင်းအစားအသောက်တွေကိုပဲ ဂရုစိုက်စားနေလိုက်၏။

"ကိုသွေးသစ် စားလေ၊ ဘီယာတွေမှာထားပြီး သောက်လည်း မသောက်ဘူး။ ဘာလို့ ဟိုဘက်ဝိုင်းကိုပဲ ကြည့်နေတာလဲ"

"ခြော် ဟိုဘက်ဝိုင်းမှာက ရွှေဇင့်အစ်ကိုရှိနေတော့ ဒီအဝိုင်းနှုတ်ဆက်ဘဲနေရင် မကောင်းဘူးလားလို့ တွေးနေတာပါ၊ ကိုယ်တို့အသောက်ကို တစ်မျိုးမြင်သွားရင်လည်း မကောင်းဘူး"

"ဘာမကောင်းစရာရှိလဲ၊ သူတောင် ဟိုမိန်းမနဲ့ထိုင်နေသေးတာ

www.burmeseclassic.com

www.burmeseclassic.com



ကိုသွေးသစ်သာ ပါမလာရင် ရွှေဖင် ပွဲကြမ်းပစ်လိုက်တယ်''

''ဒီဆိုင်ထဲမှာတော့ မလုပ်ပါနဲ့ကွာ၊ ကိုယ်တို့သိက္ခာတွေရှိ
တယ်လေ၊ ဒါနဲ့ မင်းကသာ မိတွေးအပေါ် ခါးခါးသီးသီး ဖြစ်နေပေ
ကျော်ဇင်မိုးကတော့ ယုအပေါ် တော်တော်ဂရုစိုက်တာပဲနော်၊ ကုမ္ပဏီ
ကားနဲ့လာပို့ ကားနဲ့လာကြို၊ စားသောက်ဆိုင်တွေလည်း လိုက်ကျွေ
ပတ်ဝန်းကျင်အမြင်တော့ မပြောနဲ့တော့ ကိုယ့်မျက်လုံးထဲမှာတောင် တ
ဖြစ်နေတယ်၊ ဟို မေးကောင်းရဲ့လားတော့မသိဘူး၊ ဟိုကလေးက ရွှေ
အဖေနဲ့ရခဲ့တာရော ဟုတ်ရဲ့လား၊ ကျော်ဇင်မိုးနဲ့များ''

''နိုးနိုး အဲဒါတော့ လုံးဝမဟုတ်ဘူး၊ အဲဒီမိန်းမကိုလက်ထ
ဖေဖေက နိုင်ငံခြားကိုခေါ်သွားတယ်၊ ရွှေဖင်တို့မိသားစုကိုတောင် ဖေ
အသိပေးခဲ့တာမဟုတ်ဘူး၊ အဲဒီမိန်းမပါသွားတာလည်း ရွှေဖင်တို့ မသိလို
ဘူး၊ ဖေဖေက အဲဒီလိုပဲ ခရီးခဏခဏထွက်တတ်လို့ သတိမထားမိခဲ့
လည်းပါမှာပေါ့၊ ပြောရရင် မေမေကလည်း ဖေဖေ့ဆီက မိန်းမကိစ္စ ခဏခ
ကြားနေရတော့ စိတ်ဆိုးပြီး ဂရုမစိုက်တာလည်း ပါတယ်''

''မင်းအဖေက အဲဒီလောက် မိန်းမရှုပ်တဲ့ပွေတဲ့သူလား''

''အင်း ဘယ်လိုပြောရမလဲ ဝါသနာပါလို့ လိုက်စားနေတဲ့သူ
တော့ မဟုတ်ပါဘူး၊ သိတယ်မဟုတ်လား ငွေကြေးချမ်းသာတဲ့သူဆို
မိန်းမတွေ အငယ်အနှောင်းလုပ်ရမလား၊ အပျော်မယားလုပ်ရမလား၊ ဝိုင်း
လုပ် ချူမြှိုက်စားရမလား၊ အဲဒီလိုတွယ်ကပ်ချင်ကြတာ၊ ဒါပေမဲ့ အဲဒီထဲ
မှ ယမင်းယုသွင်ဆိုတဲ့မိန်းမကိုတော့ ငယ်လည်းငယ် ချောလည်းချော
အတွက် တရားဝင်လက်ထပ်ယူလိုက်တယ်၊ ဘယ်လိုများ အပီအပြင် 
လိုက်လဲမသိဘူး၊ အိမ်တွေ ဝိုင်းတွေ ကားတွေပါ ဖေဖေ ဝယ်ပေးလိုက်



တယ်လေ၊ အဲဒါကြောင့် ဒီမိန်းမက စွမ်းပါတယ်လို့''

''ဪ''

အဲဒါတွေ ဝယ်ပေးရတယ်ဆိုတော့ အစတည်းက ယမင်းယုသွင်တို့ ဝိုင်းဆိုင်ထားသည့်အိမ်တွေကားတွေ ဘယ်ရောက်သွားလို့လဲ။

ယမင်းယုသွင်တို့က ချို့တဲ့ဆင်းရဲသည့်အသိုက်အဝန်းထဲက မဟုတ်ပါ။ သူ့ကိုတွေ့ဖို့လာရင်တောင် ကားနဲ့လာတာ။ ဒီထက်ပိုချမ်းသာချင်လို့ပဲ ဖအေလောက်ရှိသည့် အဘိုးကြီးကို ယူခဲ့တာပဲ မဟုတ်လား။

''ကိုသွေးသစ်''

''ဟင် ဪ ရွှေဖင်''

''ဘယ်ကိုကြည့်ပြီး ဒီလောက်တောင် တွေးနေတာလဲ၊ အခု ရွှေဖင်နဲ့စားပွဲကို စိတ်ဝင်စားမှုမရှိသလိုပဲနော်''

''မဟုတ်ပါဘူး ရွှေဖင်ရဲ့၊ ရွှေဖင်အစ်ကိုကို သွားနှုတ်ဆက်ရမလား လို့ စဉ်းစားနေတာ၊ စားပွဲချင်းကပ်နေတာတောင် မသိသလိုနေလို့တော့ မကောင်းဘူးလေ''

''ကုမ္ပဏီမှာတုန်းကလည်း တွေ့ပြီးပြီပဲမလိုပါဘူး''

''ရွှေဖင်တို့မောင်နှမက စိမ်းကြတယ်နော်၊ ကိုယ်က သူစိမ်းဆိုတော့ မျက်နှာနာစရာတွေ ဖြစ်လိမ့်မယ်၊ လာပါ ထသွားရအောင်''

သွေးသစ်ဦးဏ်က အရင်ထထွက်သွား၍ ရွှေဖင်မိုးလည်း ထလိုက်လာသည်။

''ကိုကျော်ဇင်မိုး''

''ဪ ကိုသွေးသစ်ဦးဏ် ညစာလာစားတာထင်တယ်၊ ရွှေဖင်ပါ ပါလာတာကို''

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



"အင်း ခင်မျှားညီမက ညစာအတင်းကျွေးနိုင်းနေလို့လေ၊ ခင်မျှားတို့က မိသားစုအတိုင်းပဲနော်၊ အရမ်းကြည့်လို့ကောင်းတယ်"

"အင်း အဲဒီလိုတော့ မထင်လိုက်ပါနဲ့ ကိုသွေးသစ်"

"ယုက ခင်မျှားအဖေမိန်းမ၊ ခင်မျှားမိထွေးမို့လို့လား အဲဒါဆိုလည်း အရွယ်ကမတိမ်းမယိမ်းဖြစ်နေတော့ မသင့်တော်တာမျိုးဖြစ်မယ်၊ မသိတဲ့ ပတ်ဝန်းကျင်က တစ်မျိုးထင်စရာပဲလေ"

"အာ အဲဒါတော့"

"ဟုတ်သားပဲ ကိုကို၊ ကိုသွေးသစ် ပြောတာမှန်တယ်၊ လုံးဝကို မသင့်တော်တာ၊ ကိုကိုက ဒီမိန်းမကို ဘာလို့ ဒီလောက်တောင် ဂရုတစိုက် ဖြစ်နေရတာလဲ"

"ရွှေဖင် နင့်ပါးစပ်ပိတ်ထား၊ ဘာမှကိုမပြောနဲ့၊ ကိုသွေးသစ် ဆောရီးခွင့်ပြုပါဦး"

"ကိုမိုး"

"လာ သွားရအောင် ယု"

ကလေးနှင့်ယုလက်ကို ဆွဲ၍ ကျော်ဇင်မိုး ထွက်လာခဲ့သည်။ ကားပါကင်နားရောက်တော့

"ယုကို ကျွန်တော် အားနာပါတယ်၊ ရွှေဖင်က ထားပါတော့၊ သွေးသစ်ဉာဏ်ကပါ ဘာတွေလာပြောနေတာလဲ၊ ကျွန်တော်တို့အကြောင်း ဘယ်လောက်တောင်သိထားလို့လဲ မသိဘူး"

"မဟုတ်ပါဘူး ရွှေဖင်ပြောထားတာနဲ့ ရမ်းသမ်းပြီး သူပြောနေတာ ဖြစ်မှာပါ"

"အဲဒါကြောင့်ပြောတာ ရွှေဖင်က ပါးစပ်စည်းကမ်းကိုမရှိဘူး၊ ပြော





သင့်မပြောသင့် နားမလည်ဘူး၊ ကျွန်တော် အရမ်းကို အားနာပါတယ် ယု ရယ်"

"သူတို့ပြောသလို ယုတို့ ဆင်ခြင်လိုက်တာပဲ ကောင်းမယ်ထင် ပါတယ်"

"ကျွန်တော်တို့က ဘာတွေမှားနေလို့လဲ ယု၊ ညီလေးနဲ့ယုအတွက် ကျွန်တော် ဒီလောက်တော့ လုပ်ပေးသင့်တယ်လို့ ထင်ပါတယ်"

"အဲဒါကတော့ ကိုယ်တွေရဲ့အတွေးလေ၊ အကြောင်းသိအစင်းသိ ဖြစ်နေတဲ့ ရွှေဖင်တောင် ဒီလိုအထင်မှားနေရင် ပတ်ဝန်းကျင်က ဒီထက် အထင်လွဲနိုင်တာပဲ"

"အင်း ယုစိတ် ကသိကအောက်ဖြစ် စိတ်ဆင်းရဲရတယ်ဆိုရင် တော့ အဲလိုဆင်ခြင်ကြည့်ရတာပေါ့၊ ဒါပေမဲ့ ယုအတွက် မဟုတ်တောင် ညီလေးအတွက် ကျွန်တော် တစ်ခုခုလုပ်ပေးပါရစေ၊ ပြန်လာရင်တော့ တစ်ခါ လောက်ပြန်ဆုံပါရစေ ယု"

ယု ဘာမှမပြော။ ကျော်ဇင်မိုး လုပ်ပေးချင်တာတွေအတွက် နား လည်မိသလို ရွှေဖင်မိုးရဲ့အထင်မှားမှုတွေအတွက် စိတ်မကောင်းဖြစ်ရသည်။ ဒီကြားထဲ သွေးသစ်ဉာဏ်က တစ်မျောင့်။

ဘယ်လိုစကားတွေနှင့် တိုက်ခိုက်ချင်နေရတာလဲ။ တကယ်ကို သွေးသစ်ဉာဏ် မကောင်းပါ။ ရင်ထဲမှာ နာနာကျင်ကျင် ဖြစ်ရရင်းနှင့်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"မင်း ဘာဖြစ်ချင်နေတာလဲ ဉာဏ်ကြီး။ အဲဒီလောက်အထိ ယုကို မနှောင့်ယှက်သင့်ဘူးထင်တယ်၊ ယုကို သူ့လင်ပါသားက ဂရုစိုက်တော့ရော ဘာဖြစ်လဲ၊ မင်းနဲ့ဘာမှဆိုင်တာမဟုတ်ဘဲနဲ့ ဘာအကြောင်းမှ ဝေဖန်စရာ မလိုဘူးထင်တယ်"

"ဟ အမြင်မတော်ရင် မတော်တာတော့ ပြောရမှာပေါ့၊ လင်ပါ သားနဲ့ သက်တူရွယ်တူလောက်ဖြစ်နေတာကိုက ဝေဖန်စရာဖြစ်နေတာ သူက အဘိုးကြီးနဲ့ယူခဲ့တာဆိုတော့ ဝေဖန်မှုတွေကို ဂရုမစိုက်တတ်ဘဲ သဘောလား"

"မင်း ယုလို့ အထင်သေးနေတာပဲ၊ ယောကျ်ားရှုပ်တယ်၊ ငွေမက် ပြီး အဘိုးကြီးကို ယူတယ်ဆိုပြီး မင်းအထင်သေးနေတာ၊ ဒါဟာ ဘဝတစ်ခု ရဲ့အချိုးအကွေ့လို့ မင်းဘာလို့ နားလည်မပေးတာလဲ"

စိုးကျော်နှင့်ကိုဖေယျာ အလုည်ကျပြောနေတာတွေအတွက် ဆွေး သစ်ဉာဏ်က နားကြည်းမှုနှင့် ပြန်ပြီးတိုက်ခိုက်ဖို့ အသင့်ဖြစ်နေသည်။ မှ





ခေါင်းရှုပ်လိုက်သည့်ပြင် စိတ်ထဲမှာ ယုကို အထင်သေးသည့်အရိပ်အယောင် တွေအပြည့်။

"သူ့မှာ ဘာတွေအထင်ကြီးစရာရှိနေလို့လဲ ကိုဖေယျာ၊ အခု အဘိုးကြီး သေသွားတော့ လင်ပါသားနဲ့ တွဲနေတယ်၊ လင်ပါသမီးက မကျေမနပ်တိုက်ခိုက်နေတာတောင် ဆင်ခြင်ထိန်းသိမ်းရမှန်းမသိဘူး၊ တုံ့ပြန် တိုက်ခိုက်ရဲတဲ့သတ္တိလည်းမရှိဘူး။ အငြိုငြင်ခံပြီးတော့ကို အရှက်မရှိလုပ်ရပ်တွေ လုပ်နေတာ"

"မင်း ဘာလို့ အဲဒီလိုတွေးလိုက်တာလဲ၊ လင်ပါသား ဂရုစိုက်တာ လည်း သူ့မှာအကြောင်းအရင်းတွေ ရှိလိမ့်မယ်။ လင်ပါသမီးက တိုက်ခိုက် တာလည်း အကြောင်းအရင်းတွေရှိလိမ့်မယ်၊ အဲဒီရွှေဖင်ဆိုတဲ့မိန်းကလေး ကရော ကုမ္ပဏီကိုလာပြီး မင်းနဲ့ဘာလို့ ခဏခဏလာတွေ့နေတာလဲ၊ ညစာ အတူစားတဲ့အဆင့်ထိရောက်လာပြီ၊ အဲဒီလို မိန်းကလေးကျတော့ အထင် ကြီးစရာကောင်းသလား"

"အဲဒါလည်း အကြောင်းရင်းရှိလို့နေမှာပေါ့၊ ဒီကောင့်ကိုကြိုက်နေ တာ၊ ယောကျ်ားကြိုက်ရင်ဆိုက်ဆိုက်လာပဲ ကြားဖူးတယ်၊ သူ့ကျမှပဲ မ ပြောလိုက်ချင်ဘူး။ ကုမ္ပဏီကို ချောင်းပေါက်တော့မယ်၊ ဒါ ဉာဏ်ကြီး သက်မခံရင် ချောင်းပေါက်စရာအကြောင်းမရှိဘူး။ မြောင်းကလိုလိုလားလား ဖောက်ထားမှတော့ ဒလဟောစီးပြီပေါ့"

"ရွှေဖင်နဲ့ကိစ္စ ငါကတော့ မကြိုက်ဘူး ဉာဏ်ကြီး၊ မင်းဆီကိုလာ တာဆိုပေမယ့် ကုမ္ပဏီမှာ ယုနဲ့တွေ့တိုင်း တိုက်ခိုက်ခံနေရတယ်၊ သူ့အဖေနဲ့ ကိစ္စကလည်း ပြီးနေပြီ၊ ဒါ ဖြစ်သင့်သေးလို့လား"

"ဒါ သူတို့အကြောင်းပါ၊ ပတ်သက်မှုရှိခဲ့ကြလို့ ဒီလိုတွေဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြတာပဲ၊ ဒါ ကျွန်တော်နဲ့မဆိုင်တဲ့ကိစ္စ''

''ဟ ကိုယ့်ဝန်ထမ်းကို စော်ကားတိုက်ခိုက်ခံနေရတာ မင်းမဆိုင်သလိုနေလို့ရမလားကွ၊ ဗလိုင်းကြီးသက်သက် ပုတ်ခတ်စော်ကားနေတာ၊ သူ့အဖေက သေပဲသေနေပြီ''

''သူ့အဖေသေလို့ သူ့အဖေနဲ့က ပြီးသွားပြီဆိုပေမယ့် သူ့အစ်ကိုနဲ့ထပ်ဆက်ခံနေတာလေ၊ စော်ကားတိုက်ခိုက်မခံချင်ရင် သူ ကင်းအောင်နေလိုက်ပါလား၊ သူပြန်ပြီး မတုံ့ပြန်ရဲတာကိုက အပြစ်လုပ်မိနေပါတယ်လို့ ဝန်ခံနေတာနဲ့ အတူတူပဲလေ မဟုတ်ဘူးလား''

''မင်းက ရွှေဖင်ဘက်က မခံမရပ်နိုင်ဖြစ်နေတာလား၊ ယုအပေါ် ရွှေဖင် ဒီလိုလုပ်တာမှန်တယ်လို့ ထောက်ခံတာလား၊ ဟုတ်လား ဥာဏ်ကြီး''

ဒါကိုတော့ သွေးသစ်ဉာဏ် မဖြေ။ သူကိုယ်ကိုင် ဘာတွေကို ဘယ်လိုခံစားနေမိမှန်းမသိဘဲ ရင်ထဲမှာတနုံ့နုံ့ဖြင့်မကျေမနပ် ဖြစ်နေမိသည်။ သူ့ကို ယု လေးစားရမှန်းမသိတာ အလုပ်အပေါ် တာဝန်ကျေသည်ဆိုပေမယ့် အရေးတယူ အလေးအနက် ဂရုစိုက်ခြင်းမရှိတာ လုပ်ငန်းကိစ္စကလွဲပြီး အပိုစကားမပြောတာတွေဟာ သူမစိတ်ထဲ သူမရှိလို့ဆိုတာ သေချာနေသည်။

သူက သူမအဲဒီလိုလုပ်သင့်သည့်သူလား။ သူမလုပ်ခဲ့သည့်အပြစ်တွေက ကျိုးနွံစွာတောင်းပန်ရင်တောင် ကျေအေးပေးဖို့ အတော်လေးစဉ်းစားရဦးမှာ။ ခုတော့

''တောက်''

''ဟ ငါတို့ ယုဘက်ကပြောပေးနေလို့ မကျေနပ်တာလား''

''မင်းအိမ်မှာ လာစားသောက်ရင်း မင်းဘက်ကမရပ်တည်လို့





အကန့်တွေလွှတ်ချင်တာလား ဥာဏ်ကြီး''

''မဟုတ်ပါဘူး ယုကို မကျေနပ်တာ''

''ဘာဖြစ်လို့လဲ''

''သူဘာလို့ ဒီအသိုက်အဝန်းနဲ့ မကင်းတာလဲ၊ တကယ်ဆို သူသာကင်းအောင်နေလိုက်ရင် ဒီလိုတိုက်ခိုက်စော်ကားခံရတဲ့ကိစ္စတွေ ရှိမှာမဟုတ်ဘူး''

''ဟ ကျော်ဖင်မိုးနဲ့မပတ်သက်လည်း သူ့အဖေနဲ့ဖြစ်ခဲ့တာကြီးကို ရွှေဖင်မိုးက အကောင်းမြင်လို့လား၊ ယုကို သူတို့အဖေရဲ့မယားငယ်ပါဆိုပြီး လူပုံအလယ်မှာ အပုပ်ချရှုံ့ချဖောက်သည်ချနေတာ၊ ယုမှာက သူတို့အဖေရဲ့သားတစ်ယောက်မွေးထားတဲ့အတွက် မကင်းရာမကင်းကြောင်းတွေ ရှိနေဦးမှာပဲလေ၊ ရွှေဖင်မိုးကိုက လွန်နေတာ၊ မင်း အဲဒီကောင်မလေးကို သိပ်အကောင်းမြင်မနေနဲ့၊ ယု သနားပါတယ်''

''ကျွတ် အဲဒါကိုက ခင်ဗျားတို့မှားနေတာ၊ သနားချင်းသနား ကျွန်တော်ကမှ သနားစရာကောင်းတာ''

''အမ် မင်းကဘာသနားစရာကောင်းနေလို့လဲ''

သွေးသစ်ဉာဏ် စကားအတွက် ကိုဇေယျာတို့ အံ့အားသင့်သွားကြရသည်။ အပေါ်စီးကနေပြီး ဒီလိုစကားပြောတာ ဒီကောင်မျက်နှာပြောင်နေတာပဲ မဟုတ်ပါလား။ စိုးကျော်က သွေးသစ်ဉာဏ်မျက်နှာကို ငုံ့ကြည့်ပြီး

''မင်းမှာ ဘယ်နေရာသနားစရာကောင်းနေလို့လဲ''

''အဲဒါကြောင့် မင်းတို့ကို သူငယ်ချင်းကောင်းဟုတ်သေးရဲ့လားလို့ သံသယဝင်နေတာ၊ ငါ့ခံစားချက် ငါ့ဝေဒနာ မင်းတို့ကိုယ်ချင်းမစာတတ်ကြတော့ဘူး။ ယုဘက်ကပဲ ကြဲဖန်ပြီး ရပ်တည်နေကြတာ၊ တကယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



သူက ငိုကိုစွန့်ပစ်ခဲ့တာ၊ မိန်းကလေးတစ်ယောက်စွန့်ပစ်ခံရတဲ့ အဲဒီယောက်ျား ရဲ့မာန သိက္ခာ အဲဒီအချိန်က အသည်းကွဲရတဲ့ဝေဒနာ''

''အဲဒါ ဘာဖြစ်လဲ ပြီးသွားပြီလေ၊ အဲဒီအတိတ်က ကျန်ခဲ့ပြီ အခုက မင်းဘာဖြစ်ချင်နေတာလဲ၊ အဲဒီအချိန်က ဝေဒနာတွေအတွက် လက်တုံ့ပြန်ရှိသက်သက် လက်စားချေချင်တာလား။ ယု အသည်းကွဲအောင် လုပ်ချင်တာလား။ မင်းကပြန်ပြီး စွန့်ပစ်ပြချင်တာလား''

''ရှင်းရှင်းပြောလေကွာ မင်းကလုပ်ချင်တာနဲ့ ဖြစ်ချင်တာ မရှင်းဘူး။ ယုကို ဘာဖြစ်စေချင်တာလဲ၊ မင်းအတွက် ခံစားပြစေချင်တာလား။ မင်းလုပ်ရပ်တွေကို အထင်ကြီးပြီး အောက်ကျို့ခံစေချင်တာလား၊ ယု သွေးအေးနေတာကို မင်း မခံမရပ်နိုင်ဖြစ်နေတာလား။ တကယ်ဆို ယုက သူ့ဘဝကို သူမပိုင်ဘဲ မိသားစုအတွက်ပေးဆပ်နေရတာ၊ မင်းအတွက် ခံစားနေဖို့အချိန်မရှိဘူး''

''အဲဒါကို ငါမကျေနပ်တာ၊ ငါက သူ့အတွက် ဘာလဲ၊ တစ်ချိန်က သူ့ချစ်သူဖြစ်ခဲ့ပြီး သူစွန့်ပစ်ခဲ့တဲ့သူတစ်ယောက်၊ ဒီအချိန်မှာ အားနာပြီး သူ မတောင်းပန်သင့်ဘူးလား။ မျက်ရည်ခံထိုးပြီး လွမ်းမပြသင့်ဘူးလား။ ငါ့ရဲ့ကြိုးစားမှုတွေအတွက် ဝမ်းသာအားရဖြစ်ပြီး ဂုဏ်မပြုသင့်ဘူးလား''

''မင်း ယုကိုပြန်မျှော်လင့်နေတာလား''

''သွားစမ်းပါ ကလေးတစ်ယောက်အမေ မုဆိုးမကို ငါ ဘာလုပ်ရမှာလဲ၊ သွေးသစ်ဥာဏ် အနားမှာ အပျိုစစ်စစ်တွေ ဝိုင်းဝိုင်းလည်နေတာတွေ ရင်ထဲမရောက်မချင်း ခေါင်းခေါက်ရွေးလို့ရတယ်''

''ဒါဆို ယုနဲ့ပတ်သက်တာ ထားလိုက်တော့လေ၊ သူ သွေးအေး တာ သွေးပူတာ လျစ်လျူရှုလိုက်တော့ပေါ့၊ ယုမှာလည်း မာနဆိုတာရှိမှာပဲ





င်းဘက်က လိုက်လျောမှုမရှိဘဲ တင်းမာပြီး မိတ်ဆွေတစ်ယောက်လိုတောင် ဆက်ဆံဘဲနဲ့ ယုက မင်းကို မျက်နှာချိုသွေးနေရမှာလား။ တစ်ခုပဲရှိတယ်၊ င်းကပျော့ပျောင်းရင် ယုဘက်ကလည်း နူးညံ့လာနိုင်တယ်''

''ဟား ငါက ပျော့ပျောင်းရမယ်၊ အပြစ်လုပ်ထားတာ ဘယ်သူလဲ''

''ကျွတ် မင်း ကလေးဆန်နေတာကွာ၊ မပြောချင်တော့ဘူး။ ကို ယျာ သောက်မယ်ဗျာ၊ ဒီကောင့်ကို စကားနိုင်လုနေလည်း အပိုပဲ''

''အေး ဟုတ်တယ်၊ ဘာဖြစ်ချင်မှန်းမသိတဲ့ ဘာမှန်းမသိတဲ့ကောင်၊ ဒုတော့ ဒီကောင်နဲ့ချစ်ခဲ့ပြီး အခုပြန်တွေ့တာ ကံဆိုးတာပဲ''

ကိုဇေယျာနှင့်စိုးကျော် ပွစိပွစိတွေပြောပြီး ဘီယာတွေငှဲ့ကာ သောက်ကြသည်။ သွေးသစ်ဥာဏ်က သူ့အိမ်လာလျှင်တော့ ဟိုတယ်က စားအသောက်တွေမှာပြီး တခမ်းတနား ညှိခံတတ်သူပါ။

ဒါပေမဲ့ စကားပြောရတာတော့ တယူသန်နေတာမို့ အဆင်မပြေ း မဆိုင်သလိုနေလိုက်လို့ ရပါလျက်နှင့် ပတ်သက်မှုအပေါ်မှာလည်း တ်တိုင်းမကျ။ ပွင့်လင်းစွာလည်း ဝန်မခံဘဲ ဖြစ်ချင်တာနှင့်ဖြစ်နေတာက ခြားစိမ့် နားလည်ပေးဖို့ရာလည်း ခက်ခဲနေသည်။

ကြီးကျယ်ခမ်းနားသော အိမ်ကြီးမှာ သွေးသစ်ဥာဏ် ဘာတွေ ဆိုမကျဖြစ်နေသလဲဆိုတာတော့။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ဒီနေ့ညနေ့ခံပွဲတစ်ခုသွားမယ်၊ မင်းဘက်က အဝတ်အစားကိုအ
ပြင်ဆင်ထားပါ၊ အရေးကြီးတယ် ပါတီပွဲ"

"မလိုက်လို့မရဘူးလား။ ရှင် ကြိုမပြောထားလို့ အိမ်က ဘာ
မပြင်ဆင်လာခဲ့ရဘူး"

"အဝတ်အစားနဲ့အသုံးအဆောင်လား။ ဘာခက်တာမှတ်လို့ အ
ပြင်ဆိုင်မှာပြင်ပြီး ကုန်တိုက်က အဝတ်အစားတစ်စုံလောက် လိုက်ဖက်မယ်
ဥစ္စာဝယ်ဝတ်လိုက်ရင် ရတာပဲ"

"အဲဒါက"

"ကုန်ကျစရိတ် ငါပေးမယ်၊ မင်းထပ်ပြီး စောဒကမတက်နဲ့ ငါ
လိုက်ရင် ဟုတ်ကဲ့ဆိုပြီး အဆင်သင့်ဖြစ်မနေဘူး။ ဆင်ခြေပေးဖို့လော
စဉ်းစားနေတာ"

မကျေမချမ်း ပြောနေသော သူ့စကားတွေကိုနားထောင်မနေတော့
ဘဲ အလုပ်စားပွဲမှာ ဝင်ထိုင်ပြီး သူမလုပ်စရာရှိတာ လုပ်နေလိုက်သည်





နေ့လယ်ထမင်းစားချိန်အရောက်မှာတော့ သွေးသစ်ဉာဏ် သူမအနားရောက်
လာသည်။

"ကုန်တိုက်သွားမယ်၊ နေ့လယ်စာအပြင်မှာပဲ စားတာပေါ့"

"ရှင် လိုက်မပို့ပါနဲ့၊ ကျွန်မဘာသာ သွားလိုက်ပါမယ်"

"မင်းလျှာရှည်ပြန်ပြီလား။ သွားမယ်ဆို ထလိုက်ပေါ့"

သူမ ဟင်းခနဲ သက်ပြင်းချ၍ သူ့နောက်လိုက်ခဲ့ရသည်။ အပြင်
ရောက်တော့ ကိုဖေယျာနှင့်စိုးကျော်က မျက်စပစ်ကာ ကြည့်နေကြ၏။
ကုန်တိုက်ရောက်သည့်အခါမှာ ပွဲတက်ဝတ်စုံတွေရောင်းသော ဆိုင်ကိုခေါ်
သွားလျက်

"အနက်ရယ် အဖြူရယ် အနီရယ် မင်းကြိုက်တဲ့အရောင်ကိုရွေး
ခဲ့ ဈေးကိုမကြည့်နဲ့၊ အဆင်ပြေဖို့အရေးကြီးတယ်"

လက်မခံချင်ဘူးပြောလည်းမရ။ သူလုပ်ချင်တာတစ်ခုသာသိသော
သွေးသစ်ဉာဏ်ဆီက သူမ ဘယ်လိုလွတ်မြောက်အောင် လုပ်ရမည်မသိပေ။

တကယ်ဆို လုပ်ငန်းရှင်ဖြစ်သော သူ့ကိုဖိတ်သည့်ပါတီပွဲကို သူမ
ဝင်ပတ်သက်စရာအကြောင်းမရှိပါ။ လူကုံထံအသိုင်းအဝန်းထဲမဝင်ဆံ့ချင်
ဘာမျိုးမဟုတ်ပေမယ့် ရှောင်ရှားချင်တာကတော့ သူမရဲ့စိတ်ဆန္ဒပင်။

ဒီလိုပွဲမျိုးမှာ ရွှေဖင်မိုးလည်း ရောက်လာနိုင်သည်မဟုတ်လား။

"မင်းဘာလုပ်နေတာလဲ၊ အဝတ်အစားသွားရွေးတော့လေ၊ ပြီးရင်
ဝတ်ပြီးထွက်လာပြ၊ ကောင်းမကောင်း ငါကြည့်မယ်"

သူမ မတတ်သာဘဲ အနီရဲရဲပွဲတက်ဝတ်စုံလေးကိုရွေး၍ အခန်းထဲ
သွားဝတ်ကြည့်ပြီး ထွက်လာခဲ့သည်။

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



နီရဲသော ပွဲတက်ဝတ်စုံလေးက သူမနှင့်အရမ်းကိုလိုက်ဖက်လျက် ပါးပြင်လေးတွေပါ ပန်းနုရောင်ပြေးနေသည်။ အိမ်ထောင်ကျပြီး ကလေးတစ်ယောက်အမေ၊ မိသားစုအတွက် ရုန်းကန်နေရသည့်မုဆိုးမလို ဘယ်လိုမှ ထင်ရက်စရာမရှိ။

ဟိုအရင် အပျိုစင်ဘဝလေးကအတိုင်း သူမ လှရက်နိုင်လွန်းသည်။ ဒါပေမဲ့ အပျိုစင်ပန်းဦးလေးကို သူ ပန်ခွင့်မရခဲ့။ စွန့်ပစ်စိမ်းကားရက်စက်ခဲ့တာ ဒီမိန်းကလေးတဲ့လား။

"ရပြီ အဲဒါပဲ ယူလိုက်တော့၊ ကောင်တာမှာ ငွေရှင်းပြီးရင်နေလယ်စာ စားမယ်၊ စားပြီးမှ အလှပြင်ဆိုင်သွားမှာ မြန်မြန်လုပ်"

စိတ်မရှည်သလို မျက်နှာကိုလွှဲပစ်လိုက်ရင်း လေသံမာမာနှင့်ပြောလိုက်သည်။ ပြီးတော့ သူမအဝတ်အစားလဲပြီး ပြန်ထွက်လာချိန်မှာ ကောင်တာမှာ ငွေရှင်းတာ ရှေ့ကထွက်လာခဲ့သည်။ စက်လှေကားအတက်တွေမှာလည်း သူမကိုစောင့်မနေဘဲ အပေါ်ဆုံးထပ်စားသောက်ဆိုင်အရောက်မှာ သူ့ဘာသာပဲ စားစရာကို အရင်မှာလိုက်သည်။

ပြီးမှ သူမမျက်နှာကိုလှည့်မကြည့်ဘဲ

"မင်းစားချင်တာ မှာလိုက်"

သူမမျက်နှာကို ဘာကြောင့်မကြည့်ရဲသလို ဖြစ်သွားရတာလဲ ကိုယ့်ကိုကိုယ် နားမလည်နိုင်။ အိမ်ထောင်ကျကလေးတစ်ယောက်အမေ ဖြစ်သွားတာတောင် အပျိုစင်ကအလှတရားတွေ ဘာကြောင့်မပြောင်းလဲ သွားရတာပါလဲ။

ဆယ်နှစ်ကျော်အချိန်ကာလရဲ့ ရင့်ရော်မှုနှင့်အတူ လောကဓံ အထုအထောင်းကြောင့်ပဲဖြစ်ဖြစ် သူမရဲ့အလှတရားတွေ မှေးမှိန်သွား





သည်ပဲမဟုတ်လား။

"မြေအိုးမီးရှည်နဲ့ ခင်းဆိမ်းတစ်ပွဲပေးပါ"

"ဟင်"

ဟိုအရင်က ကြိုက်တတ်သော အစားအစာကိုပဲ မပြောင်းမလဲ သူမမှာလိုက်တာပါလား။ ခင်းဆိမ်းလေးကို အချဉ်ရည်နှင့်တို့လိုက် မြေအိုးမီးရှည်လေးကို မြိန်ရေယှက်ရေ စားလိုက်လုပ်တတ်သော နှုတ်ခမ်းတွဲတွဲလေးကို သူ မြတ်နိုးစွာငေးမောနေခဲ့ဖူးသည်ပဲ။

အခုလည်း သူမ စားသောက်နေတာ ဣန္ဒြေရစွာ လှပနေဆဲပါ။

"ကဲ စားကွာ၊ ဘယ်လိုစားသောက်နေတာလဲ၊ မင်းအလှပြင်ဆိုင်က ကြာဦးမှာ၊ မိန်းကလေးတွေများ ဘာလုပ်လုပ် ဘယ်နေရာသွားသွား အချိန်ကိုကြာလွန်းတယ်"

သူ့ရင်ထဲမှာ ဖြစ်ပေါ်နေသော ခံစားမှုတွေကို ဖုံးဖိဖို့အတွက် သူ စိတ်မရှည်စွာ အော်ငေါက်ပစ်လိုက်တော့ သူမ အံ့အားသင့်သလို မျက်လုံးလေးပြူးလည်လျက် စားသောက်ခြင်းကို ရပ်တန့်ပစ်လိုက်၏။

အသင့်အနေအထားလို စလင်းဘတ်အိတ်လေးကို ကောက်လွယ်တာ ရပ်လိုက်တော့လည်း သူ စိတ်မကောင်းပေ။ ဒါပေမဲ့လည်း မာထန်တင်းမြတ်နေသော သူ့မျက်နှာကို ပျော့ပျောင်းမှုအသွင်ပြောင်းလဲဖို့ မစဉ်းစားဖြစ်ဘဲ ဆောင့်ခနဲ ထရပ်ကာ ရှေ့ကထွက်လာခဲ့သည်။

သူ့ကိုထားရက်ခဲ့သော မိန်းမတစ်ယောက်ကို သူ လိုက်လျောအလျော့ပေးဖို့ စိတ်ကူးမရှိပါ။ ကားပေါ်ရောက်မှပဲ

"မင်းအလှပြင်နေကျဆိုင်ရှိလား၊ အဲဒီကိုသွားလိုက်ရင် အဆင်ပြေလား"

www.burmeseclassic.com



"မရှိပါဘူး။ ဆိုင်မှာ ကျွန်မ တစ်ခါမှအလှမပြင်ဖူးဘူး ဟို ကျွန်မ တစ်ခုလောက်ပြောပါရစေ၊ အဲဒီနေရာကို ကျွန်မမလိုက်လို့ မရဘူးလား အလှမပြင်လို့ရော မရဘူးလား၊ ဒီအဝတ်အစား မဝတ်လို့ရော မရဘူးလား"

"မလိုအပ်ရင် မင်းကိုငွေကုန်ခံပြီး ဒီလိုလုပ်ပေးနေပါ့မလား။ ဒါနဲ့ နေပါဦး မင်းအဘိုးကြီးမသေခင်က ဒီလိုပွဲမျိုးတွေတက်ဖို့ မခေါ်ဖူးဘူးလား အေးလေ ပွဲတက်မယားမှမဟုတ်တာ၊ အငယ်အနှောင်းဆိုတော့လည်း"

နှာခေါင်းကိုရှုံ့ပြီး အထင်သေးစွာ ပြောလိုက်သည့်အတွက် သူမ ရင်မှာ နာနာကျင်ကျင် စူးရှကျဉ်တက်သွားခဲ့၏၊ သူ့ကိုထားခဲ့ပြီး ငွေကြေး ချမ်းသာသော အသက်ကြီးကြီးအဘိုးကြီးကို ယူလိုက်သည့်အတွက် အထင် သေးနေသည်ဆိုလည်း ပတ်သက်စပ်ယှက်မှုမရှိအောင် နေလိုက်ပါတော့ လား။

အခုတော့ ရှေ့တည့်တည့်မှာထားပြီး အထင်သေးရှုတ်ချနေတာ လွန်လွန်းသည်ဟု ထင်မိသည်။

သူမ မျက်နှာလေး အေးခဲစွာတည်တင်းသွားတော့ သွေးသစ်ဉာဏ် မျက်နှာလွှဲလိုက်ပြီး

"ကဲ သွားမယ် ဒီနေရာမှာ စကားပြောနေဖို့ အချိန်မရှိဘူး"

သူ့ဘာသာ ပြောနေပြီး သူ့ဘာသာ စိတ်မရှည်။ နဂိုတုန်းကတော့ သွေးသစ်ဉာဏ်စိတ်က ဒီလိုမျိုးမဟုတ်။

သူမအပေါ် စိတ်ရှည်သည်းခံကာ ကြင်နာမှု စာနာမှုရှိသည်။ နွေးထွေးသိမ်မွေ့နက်ရှိုင်းစွာ ချစ်တတ်ခဲ့သူမို့ သူမလည်း အသည်းနှင့်အောင် ချစ်ခဲ့ဖူးတာပါပဲ။ ဒါပေမဲ့ သူနှင့်သူမက ဆုံစည်းဖို့ကံက ပါမလာ။ ဒါဟာ ကံကြမ္မာကြောင့်ဆိုလျှင် သူရော သူမရော ကံမကောင်းခဲ့ကြတာပါ။



"ကားပေါ်ကဆင်းတော့လေ၊ ဒီဆိုင်က နာမည်ကြီးလို့တော့ ခင်တာပဲ၊ အဝတ်အစားနဲ့လိုက်ဖက်မယ့်ပုံစံမျိုးပြင်ပေးဖို့ သေချာပြော"

သူမအတွေးများနေတာကြောင့် အလှပြင်ဆိုင်ရှေ့ရောက်လာတာ တောင် သတိမထားမိလိုက်ပါ။ သူမ ဆိုင်ထဲကိုဝင်လာတော့ သွေးသစ်ဉာဏ် သည်း လိုက်ဝင်လာသည်။

ဆိုင်ထဲက ဝေးများသွေးသစ်ဉာဏ်ကိုမြင်တော့ ပြုံးစိစိ အီစီကလီ ဖြင့် ပဲတွေများနေကြ၏။

"ပါတီတက်ဖို့ သူ့ကိုအလှဆုံး ပြင်ပေးလိုက်ပါ၊ ဝတ်စုံနဲ့လိုက်ဖက် ညီအောင်ပေါ့"

"ဟုတ်ကဲ့ စိတ်တိုင်းကျဖြစ်စေရပါမယ်၊ ရှင့်ဇနီးကို မင်္ဂလာဦးည အထက် ရင်ခုန်သံမြန်အောင် ပြင်ပေးလိုက်မယ် စိတ်ချ"

"အာ"

သွေးသစ်ဉာဏ် အာခနဲ ဖြစ်သွားသလို သူမလည်း ရှက်ရွံ့ထူပူ သွားလေသည်။ သူကလည်း ဆိုင်ထဲထိလိုက်ဝင်ပြီး ပြောနေမှတော့ အထင် ခံရတာ နည်းတောင်နည်းသေးသည်။

ဖြေရှင်းလိုက်လျှင် စပွန်ဆာလိုလို ပြဿနာတွေပိုရှုပ်ထွေးသွား နိုင်သည်။

"ရှင်သွားတော့လေ၊ ပြီးမှ ကျွန်မဖုန်းဆက်လိုက်မယ်၊ ကုမ္ပဏီမှာ လုပ်စရာအလုပ်တွေလည်း ရှိသေးတယ်မဟုတ်လား"

"ရုံးဆင်းချိန်တောင် ရောက်တော့မယ် ဘာလုပ်စရာရှိမှာလဲ၊ ပြီး တော့လည်း ကားပေါ်မှာ ဝတ်စုံပါတယ်၊ မင်းပြီးတာနဲ့ ညစာစားပွဲကိုတန်းခေါ် သွားမှာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ဒီမှာပဲ နည်းနည်းရှိုင်းလိုက်ပါလား၊ တို့ရှိုင်းပေးလိုက်ပါမယ်၊ တို့ဆိုင်က ဝန်ဆောင်မှုကောင်းပါတယ်"

"အိုကေ"

သူက တက်ကြွစွာပင် လက်မလေးထောင်ပြလျက် ညှော်ခန်းမှာ ဂျာနယ်တစ်စောင်ဖတ်ပြီး စိတ်ရှည်စွာပင်ထိုင်စောင့်နေသည်။ ဟိုအရင်က သူမအလှပြင်ဆိုင်သွားလျှင်လည်း ဒီလိုပဲ ဂျာနယ်တွေဖတ်ပြီး စိတ်ရှည်စွာပင် ထိုင်စောင့်ပေးတတ်၏။

အတိတ်ကို ပြန်သတိမရသင့်တော့ပေမယ့် တိုက်ဆိုင်မှုရှိတိုင်း သက်ပြင်းတွေချတတ်နေတာတော့ သူမနှလုံးသားရဲ့အားနည်းချက်ပဲ ဖြစ်ပေလိမ့်မည်။

"လှလိုက်တာဟယ် စက်စက်ယိုပဲ၊ ဒီလိုအလှပိုင်ရှင်မျိုးကိုရတာတော့ ရှင်ကံကောင်းတာနော်၊ တချို့ ပြင်လို့တောင် ရုပ်ခံမရှိရင် ထွက်တာမဟုတ်ဘူး၊ ရှင့်ဇနီးက တကယ်ကိုချောတာပဲ၊ အပျိုစင်နဲ့တောင် မလဲနိုင်ဘူး"

အခြောက်မက အလှပြင်ကာ ဝတ်စုံပြည့်ဝတ်ပြီးသော ယမင်းယုသွင်ကို သူ့ရှေ့ကိုခေါ်လာလျက် အားရပါးရပြောနေသည်။ တကယ်တော့ အခြောက်မပြောတာထက်တောင် ယမင်းယုသွင်က ပိုချောလှနေ၏။ သွယ်လျသောခန္ဓာကိုယ်ကောက်ကြောင်းများက ကလေးတစ်ယောက်အမေပါဟု ဘယ်သူမှထင်မှာမဟုတ်။

အရင်က သူမအလှကိုမြင်လျှင် နှစ်ခြိုက်စွာခံစားမိပါလျက် အခုတော့ ခဏတာမင်တက်မိသွားရင်းက ချက်ချင်းလိုပင် မျက်နှာလွှဲပစ်လိုက်သည်။ ဒီအလှတရားတွေက သူများက အညွှန့်အဖူးပိုင်ဆိုင်ခွင့်ရသွားခဲ့သည့် ပန်တော်ကျပဲ မဟုတ်ပါလား။





"မြန်မြန်လုပ် သွားမယ်"

"ဟယ် သူ့ဇနီးလေးလှအောင်လုပ်ပေးရတဲ့တို့ကို ချီးမွမ်းဦးမှပေါ့၊ ဒါနဲ့ပ သူ့စတိုင်ကို ရှိုင်းပေးရဦးမှာလေ၊ ဘာတွေလောနေတာလဲ"

"ခြောက် ဟုတ်သားပဲ"

အခုမှ သတိရသလိုဖြင့် ကားပေါ်က ဝတ်စုံကိုသွားယူကာ မျက်နှာသစ်ခေါင်းလျှော်တာတွေလုပ်လိုက်ပြီး ဝတ်စုံပါလဲဝတ်လိုက်၏။ အခြောက်မတွေက ယုကို သူ့ဇနီးလို့ထင်နေတာတောင် ပွတ်သီးပွတ်သပ် လုပ်ချင်သေးသည်။

ဒီကြားထဲမှာ သူ နားကြားပြင်းအကတ်ဆုံးက ယုကို သူ့ဇနီးပါလို့ တွင်တွင်ပြောနေကြတာပင်။

"ဟယ် သူကလည်း ခန့်ချောကြီးတော့၊ တကယ် ဝါးစားချင်စရာကောင်းတယ် ဟင်း ဟင်း"

"ဟဲ့ သူ့မိန်းမက သဝန်တိုတတ်ရင် ပါးရိုက်ခံနေရဦးမယ်နော်"

အပြောင်အနောက်များနှင့် အခြောက်မတွေဝိုင်းနေကြသော်လည်း ယမင်းယုသွင်က အရယ်အပြုံးမဲ့စွာ အေးစက်လွန်းလှသည်။

သူနှင့်ပတ်သက်ပြီး စိတ်ခံစားမှုမရှိဘူးဆိုသည့် သဘောလား။

သူလည်း ဘာရှိစရာလိုလို့လဲ။ သူ့ကိုချန်ထားခဲ့သော မိန်းမတစ်ယောက်ကို ဘာမှလွမ်းလောက်စရာမရှိပါ။

ကားပေါ်ရောက်တော့ သူလည်း ယမင်းယုသွင်ကို ဘာစကားမှ မပြောဖြစ်။ ညှော်ခံပွဲထဲလည်း ဝင်လိုက်သည့်အချိန်မှာတော့ သူနှင့်ယမင်းယုသွင် ယှဉ်တွဲ၍ ဝင်လိုက်စဉ်မှာ လူအများက စိတ်ဝင်တစား ကြည့်ရှုခြင်း ခံလိုက်ရသည်။

www.burmeseclassic.com



"ကိုသွေးသစ် ခန့်လှချည်လားဗျား ခင်ဗျားရဲ့မဟေသီကလည်း အရမ်းချောတာပဲ"

"ကျွန်တော့်ရဲ့မဟေသီ မဟုတ်ပါဘူး၊ စက္ကူထရီပါ၊ ကျွန်တော် လူပျိုကြီးဆိုတာ မကြားမိဘူးလား"

"ဆောရီးပါ အရမ်းကိုလိုက်ဖက်ညီလွန်းလို့ပါ၊ ကျွန်တော် နိမိတ်ဖတ်သလိုဖြစ်သွားရင်လည်း စိတ်ကူးမလွဲနဲ့နော် ကိုသွေးသစ်"

တိုးတိုးကြိတ်ကြိတ် နားနားကပ်ပြောလိုက်သောစကားကြောင့် သူ ဘာမှန်းမသိဘဲ ရင်ခုန်သွားခဲ့ရသည်။ ထိုသို့အပြောခံလိုက်ရတာကို ဝီတိဖြစ်သွားသလိုလို ကြည်နူးမိသလိုလိုဖြင့် နှမြောတသခံပြင်းမိသလိုလည်း ဖြစ်သွားခဲ့သည်။

"ကိုသွေးသစ်"

"ဗြော် ရွှေဖင်"

စားပွဲတစ်ဝိုင်းကနေ ထလာသော ရွှေဖင်မိုးက ယမင်းယုသွင်ကို ခြေဆုံးခေါင်းဆုံးကြည့်၍ နှာခေါင်းရှုံ့သည်။

"ဘယ်လိုလဲ ဖေဖေ့ဆီက ငါတို့မသိအောင် အမွေတွေများများ ရလိုက်လို့ ဒါမျိုးတွေ ဝတ်စားနိုင်တာထင်တယ်၊ အဘိုးကြီးနား ဘယ်လို ကပ်ချွဲပြီးတောင်းလိုက်တာလဲ"

"ရွှေဖင် ဒီလိုပွဲမျိုးမှာ ဒီလိုစကားတွေ မပြောသင့်ဘူး၊ ရွှေဖင့်သိက္ခာ ကိုယ့်သိက္ခာရှိတယ်လေ"

"ကိုသွေးသစ်က သူနဲ့မသက်ဆိုင်တဲ့ ဒီလိုပွဲမျိုးကို ဘာလို့ခေါ်လာရတာလဲ၊ အားလုံးက သူ့ကို ကိုသွေးသစ်မဟေသီလို့ ထင်နေကြပြီ"

"ကိုယ့်ရဲ့မဟေသီမဟုတ်တာ ရွှေဖင်လည်းသိနေတာပဲ၊ စက္ကူထရီ



ဆိုတော့ ဒီလိုပဲမျိုးမှာ သူ့ကိုမခေါ်လို့ မရဘူး၊ လုပ်ငန်းရှင်တွေအများဆုံး လာမယ်၊ နိုင်ငံခြားသားလုပ်ငန်းရှင်တွေလည်း ပါမယ်၊ အထက်တန်းကျတဲ့ ညှိခံပွဲက စီးပွားရေးအရ အရမ်းစမတ်ဖြစ်ရမယ်လေ"

"အို သူမပါလည်း ဘာဖြစ်လဲ၊ ရွှေဖင်တစ်ယောက်လုံး ရှိတာပဲ၊ ကိုသွေးသစ်လိုတဲ့အကူအညီ အထောက်အပံ့မှန်သမျှ ရွှေဖင်ပေးနိုင်ပါတယ်"

"တကယ်လား၊ ဒါဆိုလည်း ကောင်းတာပေါ့၊ ပွဲဆူလာရင် အတူ တွဲကြတာပေါ့"

"အိုကေ"

ရွှေဖင်မိုး အခုမှ အူမြူးသွားသည်။ မြူးကြွလာသော တီးလုံးသံ နှင့်အတူ ဝိုင်ခွက်တွေ လိုက်ကမ်းနေတာမို့ ရွှေဖင်မိုးက လက်လှမ်းယူရင်း သွေးသစ်ဥာဏ်လက်ထဲကိုလည်း ထည့်ပေးသည်။ ဝိုင်တစ်ခွက်စီဖြင့် သူတို့ နှစ်ယောက်တွဲကချိန်မှာတော့ ယမင်းယုသွင် ယောင်လည်လည်ဖြင့် နောက်မှာ ကျန်နေရသည်။

ထိုင်သည့်သူတွေက ထိုင်နေကြပေမယ့် ယမင်းယုသွင် ဘယ်နေရာဝင်ထိုင်ရမှန်း မသိပါ။ လုပ်ငန်းရှင်အသိုက်အဝန်းရဲ့ပွဲကို သူမကိုသိသူက ရှားလှသည်။

သွေးသစ်ဥာဏ်ကတော့ စားပွဲပေါ်က ဟိုဟာဒီဟာ စားလိုက်၊ ဝိုင်တွေတစ်ခွက်ပြီးတစ်ခွက်ယူသောက်လိုက်၊ ဧည့်သည်တွေနှင့်စကားတွေ ပြောလိုက်၊ ရွှေဖင်မိုးနှင့်တွဲကလိုက်ဖြင့် သူမကိုတော့ ဘယ်လိုပုံစံမျိုးနှင့် ရှိနေသည်ဆိုတာတောင် သတိမထားတော့ပေ။

တဖြည်းဖြည်း ညဉ့်နက်လာသည့်အခါမှာတော့ ရက်စက်သေးနည်း ဖြတ်များဖြင့် သူမ ရင်တစ်ခုလုံး နာကျင်အောင့်မျက်လာခဲ့သည်။ ဒီလို

www.burmeseclassic.com

www.burmeseclassic.com



အရေးတယူ ဂရုမစိုက်နိုင်ဘူးဆိုလျှင် အစတည်းက မခေါ်ဘဲနေလိုက်ပါတော့လား။

အခုတော့ တစ်ချိန်လုံး ကြောင်တောင်တောင်နှင့်ရပ်နေရရင်း သူ့အရေးတယူ ဂရုမစိုက်သော သူမကို ဘယ်သူကမှလည်း အရေးတယူလာမလုပ်ကြပေ။ ထိုင်ရမလို ထရမလို ဒီအတိုင်းရပ်နေရင်းကလည်း ညောင်းလာသည်မို့ သူမမျက်ရည်တွေပင်ကျချင်လာသည်။

ဒီလိုပွဲတက်ဝတ်စုံ လက်ကိုင်အိတ်နှင့်ပြင်ဆင်ထားပုံကတော့ သူမတစ်ယောက်တည်း ဘယ်လိုမှ လှည့်ပြန်သွားလို့ မဖြစ်နိုင်။

ထိုအချိန်မှာပဲ သွေးသစ်ဉာဏ်က ရွှေဖင်မိုးနှင့်တွဲကနေရင်းက သူမဆီလျှောက်လာခဲ့သည်။

"ယမင်းယုသွင် မင်းပြန်ချင်ပြန်လိုက်တော့၊ ငါတော့ မင်းကိုလိုက်မပို့နိုင်တော့ဘူး။ မူးနေလို့ ကားမောင်းလို့မဖြစ်တော့ဘူးဆိုတော့ ဒီဟိုတယ်မှာပဲ အခန်းငှားပြီး အိပ်လိုက်တော့မယ်"

"ရှင် ကျွန်မတစ်ယောက်တည်း ပြန်ရမှာ"

"မင်းတစ်ယောက်တည်း မပြန်ချင်ရင် မင်းစည်းစိမ်ဥစ္စာတွေမက်ပြီး ယူခဲ့တဲ့ယောကျ်ားကိုခေါ်ပြီး ပြန်ပေါ့၊ ဒါမှမဟုတ် တစ်ယောက်ယောက်ကိုခေါ်ပြီးတော့သာပြန်၊ ငါကတော့ လိုက်မပို့နိုင်တာသေချာတယ်"

"ဟုတ်သားပဲ ယမင်းယုသွင် နင်က ဘယ်ယောကျ်ားကိုခေါ်အပိုင်ပေါင်းတတ်တာပဲ၊ ယောကျ်ားတွေကို ဘယ်လိုဖမ်းစားရမလဲဆိုတဲ့ပညာတွေရှိနေမှတော့ ဟိုနားဒီနားလိုက်ပို့ဖို့ ခေါ်တာလောက်တော့ မခက်လောက်ပါဘူး။ ဟုတ်တယ်မဟုတ်လား။ ငါ့အစ်ကိုတော့ မရှိဘူးနော်၊ ခရီးသွားတယ်၊ ညမှပြန်ရောက်ရင်ရောက်မှာ၊ ငါ့အစ်ကိုဘာကိစ္စနဲ့သွားတယ်





ဘယ်နေ့ပြန်ရောက်မယ်ဆိုတာ နင်တော့သိနေမှာပါ ဟင်း ဟင်း"

"တောက်"

အသံထွက်သွားအောင် နာကျင်စွာ တက်ခေါက်ပစ်လိုက်၏။ နှစ်ယောက်ပေါင်းပြီး သူမကိုအထင်သေး စော်ကားနေကြတာ။

သူမရဲ့သိက္ခာနှင့်ကိုယ်ကျင့်တရားက ဒီလောက်တောင် အထင်သေးစရာကောင်းနေလို့လား။ ရင်ထဲမှာ တဆစ်ဆစ်နာလျက် နေရာကချာခနဲ လှည့်ထွက်လာခဲ့သည်။ လမ်းမှာလူသွားလူလာပြတ်လျက် တက္ကစီကားတွေတောင် ကျိုးတိုးကျဲတဲ။

သွေးသစ်ဉာဏ် နင့်ရဲ့အထင်သေးစော်ကားမှုတွေ ငါမမေ့ဘူး။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"ကိုမိုး"

"ယု ကိုယ့်ကိုမြင်လို့ ထွက်လာတာလား"

ညက ညဉ့်နက်မှတစ်ယောက်တည်း တက္ကစီစီးကာ အိမ်ပြန်ရောက်လာသော သူမကို ဖေဖေနှင့်မေမေက စိတ်ပူစွာနှင့် မအိပ်ဘဲစောင့်နေခဲ့ကြသည်။ ညေ့ခံပွဲကနေ ဘာမှစားမလာခဲ့ရလို့ ဗိုက်ဆာနေပေမယ့် စားချင်စိတ်လည်း မရှိဘဲ ပင်ပန်းလို့ပါဆိုပြီး မေမေတို့ကို ဂါရဝပြုကာ အိပ်ရာဝင်ခဲ့သည်။

ဒါပေမဲ့ နာကျင်နေသော ဒေါသများကြောင့် အိပ်ရာထဲမှာ တလူးလူး ကလိမ့်လိမ့်ဖြင့် သူမ တစ်ညလုံး အိပ်လို့မရခဲ့ပါ။ ဒါပေမဲ့ မိုးလင်းခါနီးအချိန်မှာ နှစ်ခြိုက်စွာ အိပ်ပျော်သွားခဲ့ပြီး ကုမ္ပဏီသွားရမည့်အချိန်ထိ မနိုးတော့ပေ။

အိပ်ရာနိုးချိန်မှာတော့ ကုမ္ပဏီသွားဖို့ နောက်ကျနေပြီဖြစ်သော်လည်း နေမကောင်းလို့ပါဟု အကြောင်းပြချက်နှင့် ခွင့်တိုင်မနေတော့ဘဲ



ကိုဖေယျာဆီကိုသာ ဒီနေ့အလုပ်မဆင်းဖြစ်တော့ကြောင်း ဖုန်းဆက်၍ အသိပေးရုံသာ ပေးဖြစ်ခဲ့သည်။

ပြီးမှ ရေမိုးချိုး အဝတ်အစားလဲပြီး ဝရန်တာကနေ ခြံအပြင်ဘက်ကို ထွက်ကြည့်လိုက်မှ ကိုမိုးကို ကားနားမှာရပ်နေတာ မြင်တွေ့လိုက်ရခြင်းဖြစ်သည်။ အံ့ခုမှ အခန်းထဲပြန်ဝင်ကာ ဖုန်းကိုကြည့်လိုက်တော့ အသံနှင့်မက်ဆေ့တွေ ကိုမိုးပို့ထားတာတွေ့လိုက်ရသည်။

ဒါကြောင့် ကိုမိုးရှိရာ ခြံပြင်ကိုထွက်လာခဲ့တာပါ။

"ကိုမိုး ဘယ်နေ့က ရောက်တာလဲ"

"ညဖလိုက်နဲ့ပြန်ရောက်တာ၊ လက်ဆောင်တွေလည်းပါလာတယ်၊ ပြောစရာတွေ မေးစရာတွေလည်းရှိလို့ ယု ကုမ္ပဏီသွားမယ့်အချိန်လာစောင့်နေတာ၊ ဘာဖြစ်လို့လဲ ယု နေမကောင်းလို့ ကုမ္ပဏီမသွားတာလား"

"မဟုတ်ပါဘူး နေကောင်းပါတယ်၊ ညက ညေ့ခံပွဲကပြန်တာနောက်ကျလို့ အိပ်ရာကမထနိုင်တာနဲ့ မသွားတော့တာ၊ သားတောင် ကျောင်းသွားပြီထင်တယ်"

"ကျွန်တော်တွေ့လိုက်တယ်၊ နာနီက ကျောင်းဖယ်ရီပေါ်လိုက်ပို့တာ၊ ကျောင်းသွားတာမို့ သူ့အတွက် လက်ဆောင်တွေတောင် မပေးလိုက်ရဘူး"

"သားကတော့ မနှုတ်ဆက်လိုက်ရလို့ စိတ်မကောင်းဖြစ်နေတော့မှာပဲ"

"ယု သားကို အဲဒီလောက်တောင် မြတ်မြတ်နိုးနိုး ချစ်သလား"

"ချစ်တာပေါ့ သားကိုဂရုတစိုက်နဲ့ပိုးမွေးသလိုမွေးလာခဲ့တာ"

"ရင်ကနေ လွယ်မွေးခဲ့တာတော့ မဟုတ်ဘူးမဟုတ်လား ယု"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"မေးစရာမေးခွန်းတွေက များနေတယ်၊ ယု အမှန်အတိုင်းဖြေမှ လည်း ဖြစ်မယ်၊ ဒီမှာ ယုမိဘတွေအတွက် လက်ဆောင်လည်းပါပါတယ်၊ အဲဒါတွေ ထားပြီး ပြန်ထွက်လာခဲ့ပါ"

"ဟို ယု"

"ဒီမေးခွန်းတွေအတွက် ယု ရင်မဆိုင်ချင်ဘူးဆိုရင် ယုမိဘတွေ ရှေ့မှာ ဖြေရှင်းခိုင်းရပါလိမ့်မယ်၊ ဒီကိစ္စနဲ့ပတ်သက်သမျှတွေ ယု မိဘတွေ တောင်မသိဘူးထင်တယ်၊ ယု ဘာကြောင့် ဒီလိုလုပ်ခဲ့ရတာလဲဆိုတာ ကျွန်တော် နည်းနည်းနားလည်သလိုရှိပေမယ့် ယုဆီက တိကျတဲ့အဖြေက နိုင်လုံတဲ့သက်သေဖြစ်မှာမို့ ယု လိုက်လာခဲ့ပါ၊ အသွားတုန်းက ကျွန်တော် ညွှန်ခဲ့တဲ့ဆိုင်ကို သွားကြမယ်၊ မနက်စာနဲ့နေ့လယ်စာအချိန်တောင် နီးနေပြီ"

"အင်း ဟုတ်ကဲ့ သွားကြတာပေါ့"

ငြင်းလို့လည်း မရတော့တာမို့ ကိုမိုးပေးသောလက်ဆောင်တွေကို အိမ်ထဲပြန်ပို့လျက် ကိုမိုးနှင့်အပြင်ခဏလိုက်သွားဦးမည်ဟု မေမေ့ဆီမှာ ခွင့်တောင်းလိုက်ရသည်။

ကိုမိုးက ကားပေါ်မှာ ကားကိုသာ ဂရုစိုက်မောင်းလျက် အရင်လို မဟုတ်ဘဲ အသံတိတ်နေခဲ့သည်။ နိုင်ငံခြားကိုသွားတာ ဘာတွေသိလာခဲ့ လို့လဲ။ အဓိကအကြောင်းအရာ မေးခွန်းကို စမေးလာခဲ့ပြီဆိုရင်တော့ ကျွန် တာတွေဟာ သိချင်စိတ်များလောက်အောင် စိတ်ဝင်စားမှုတွေ ရှိနေပေလိမ့် မည်။ ဒါပေမဲ့ သူမ ရင်မဆိုင်ရဲလောက်အောင် အပြစ်လုပ်ထားတာမရှိပါ။

"ယု ဆင်းတော့လေ"

"ဟုတ်ကဲ့"



စိတ်တွေကို စုစည်းကာ တည်ငြိမ်စွာပင် ကားပေါ်ကဆင်းလိုက် သည်။ ဆိုင်ထဲကိုရောက်တော့ ကျော်ဇင်မိုးက ထိုင်ခုံကိုသူကိုယ်တိုင် ဆွဲ ထုတ်ပေးသည်။ ဝိတ်တာလေးတွေလာတော့ စားစရာတွေကို ဖွယ်ဖွယ်ရာ ရာမှာပေးသည်။ ဂရုစိုက် ကြင်နာမှုများက ဟိုအရင်ကထက်တောင် ပိုနေ သည်ဟု ထင်မိသည်။

သေချာချင်သော မေးခွန်းတွေကတော့ မျက်လုံးထဲမှာ အထင်အ ရှား

"ညီလေးက ကျွန်တော့်အပေသွေးသားဆိုပေမယ့် ယု ဝမ်းနဲ့ လွယ်မွေးခဲ့တာတော့ မဟုတ်ဘူးမဟုတ်လား ယု"

"ဒါကိုသိနေမှတော့ ယုက ဘာကို"

"မဟုတ်ဘူး ယု နှုတ်က သေချာဖြေဖို့လိုအပ်တယ်၊ မာမွတ်ပြော လိုက်တာတွေ ကျွန်တော် ယုံဖို့ခက်နေတာ၊ ဒါကြောင့် စုံစမ်းနိုင်သလောက် စုံစမ်းဖြစ်ခဲ့တယ်"

"ဘာတွေထပ်သိခဲ့ရလို့လဲ"

"ယုနဲ့ဖေဖေနဲ့ လက်ထပ်တယ်ဆိုပေမယ့် အိမ်ထောင်သည်လို အတူ ပေါင်းသင်းလိုမယားလို မနေခဲ့ကြဘူးမဟုတ်လား။ အဲဒါ ကျွန်တော်သိချင်တယ်"

"အဲဒီလိုနေဖို့ လက်ထပ်ခဲ့ကြတာမှ မဟုတ်ဘဲ"

"ဒါဆိုရင်"

"အပေးအယူနဲ့ လက်ထပ်ခဲ့တာဆိုရင် ကိုမိုး ယုကို အထင်သေး သွားမလား။ ဒါပေမဲ့ အထင်ကြီးစရာကိစ္စလည်း မဟုတ်လို့ ယုကို ဘယ်လိုပဲ ထင်ထင် ဂရုစိုက်မနေတော့ပါဘူး"

"ဘယ်လိုအပေးအယူမျိုးလဲ ယု၊ ဖေဖေနဲ့ဘာကြောင့် ဒီလိုလုပ်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာလဲ၊ ဖေဖေ ဘာလို့ ဒီလိုမျိုး''

''စိတ်မလောပါနဲ့ ကိုမိုး၊ ယု အေးအေးဆေးဆေး ရှင်းပြပါမယ် ယု အပြစ်ကင်းချင်လို့တော့ မဟုတ်ဘူးနော်၊ ကိုမိုး သိသင့်သလောက် သိခဲ့ပြီဆိုတော့ သံသယအဝင်မခံချင်လို့ပါ''

''ပြောပါ ယု၊ ကျွန်တော်နားထောင်နေပါတယ်''

နားထောင်နေပါသည်ဆိုမှ ဝိတ်တာလေး စားစရာတွေ လာချပေး နေသည့်အတွက် စကားသံတွေ ခဏရပ်တန့်လိုက်ရသည်။ ပြီးမှ ဖန်ခွက်ထဲ ကို ရေတစ်ခွက်ထည့်သောက်လိုက်ပြီး

''ဒီကိစ္စရဲ့ဇစ်မြစ်ဟာ ယုတို့မိသားစု စီးပွားရေးအဆင်မပြေမှုကြောင့် ပါ၊ အစပိုင်းမှာ ဦးထွန်းအောင်မိုးရဲ့အခြေအနေတွေ ဘာမှမသိရသေးဘူး ယုအဖေရဲ့အဆင်မပြေမှုတွေကိုသာ ကိုမိုးအဖေက စိတ်သန့်သန့်နဲ့ ကူညီနေ တာ၊ နောက်တော့ ယုကို ကိုမိုးနဲ့လက်ထပ်ပေးချင်တယ်လို့ ဖေဖေ့ကို တိုင်ပင်သေးတယ်တဲ့၊ နောက်ပိုင်း ကိုမိုးက လက်မထပ်ချင်ဘူးဆိုတာနဲ့ အဲဒီကိစ္စက ဒီအတိုင်းပြီးသွားတယ်''

''ကျွန်တော်က ကိုယ်မမြင်ဘူး၊ မသိကျွမ်းတဲ့ အစိမ်းသက်သက် မိန်းကလေးကို မိဘတွေဆန္ဒအလျောက်ဆိုပြီး အချစ်မပါဘဲ လက်မထပ်ချင် တာကြောင့် ငြင်းလိုက်တာပါ''

''ယု နားလည်ပါတယ်၊ ကိုမိုးကို စိတ်ဆိုးစရာအကြောင်းလည်း မရှိဘူးလေ၊ အဲဒီလိုကနေ ဖေဖေ အိမ်ဂရန်တွေ ကားတွေ လုပ်ငန်းတွေ ရောင်းလိုက်ရတာတောင် ထောင်ကျတော့မယ့်အခြေအနေတွေ ဖြစ်လာတယ် သိန်းလေးငါးထောင်မက ဖြစ်လာတဲ့အခါမှာ ဦးထွန်းအောင်မိုးလည်း အထ ကားသက်သက် မျှော်လင့်ချက်မရှိဘဲ ဘယ်ကူညီနိုင်တော့မလဲ၊ ဖေဖေက





...ားအက်သီးခင့်ကြောင့် အောက်ပိုင်းသေသွားတဲ့အတွက် ဆေးဖိုးဝါးကုန်ကျ ...လည်း နည်းတာမဟုတ်ဘူး၊ ဒါကြောင့်ပဲ''

ယု စကားကိုခဏရပ်သည်။ လက်ကျန်ရေလေးနှင့် လည်ချောင်း ...ရှင်းပြီးမှ

''မိသားစုမှာ ဒီလိုပြဿနာတွေဖြစ်တော့ ယု မျက်နှာလွှဲနေလို့ ...ယ်ရတော့မှာလဲ၊ အဲဒါကြောင့် ဦးထွန်းအောင်မိုးကို ယု သွားတွေ့ခဲ့တယ်၊ ...ခက်အခဲတွေကို ဘယ်လိုဖြေရှင်းပေးနိုင်မလဲ၊ ယု ဘာလုပ်ပေးရင် အဆင် ...နိုင်မလဲလို့ အကူအညီတောင်းခဲ့တာပေါ့၊ အဲဒီအချိန်မှာ ဦးထွန်းအောင်မိုး ...လည်း အခက်အခဲတွေဖြစ်နေတယ်''

''ဘယ်လိုအခက်အခဲတွေလဲ''

သားတစ်ယောက် မသိရသော အခက်အခဲဆိုတာကြောင့် ကျော် ...ိုး ဘာမှမစားနိုင်ဘဲ စိတ်လောကြီးစွာပင် မေးခွန်းထုတ်လိုက်သည်။ ...င်းယုသွင်က သက်ပြင်းသဲ့သဲ့ချလျက်

''ဟိုနိုင်ငံမှာတွေ့တဲ့ အမျိုးသမီးနဲ့ အမှားအယွင်းဖြစ်ပြီး ကလေး ...တဲ့၊ အဲဒီအမျိုးသမီးက ဦးထွန်းအောင်မိုးနဲ့ ငယ်စဉ်က ချစ်သူတွေဖြစ်ခဲ့ ...ယ်လို့လည်း ပြောတယ်၊ စီးပွားရေးလောကမှာ ပြန်တွေ့ပြီး ငြိစွန်းခဲ့ ...တာ၊ ဒါပေမဲ့ ကိုယ်ဝန်ရပြီးမှ သိလိုက်ရတာက အဲဒီမိန်းမမှာ ကလေး ...ွဲ့လိုက်ခဲ့တဲ့ နှလုံးရောဂါရှိနေတယ်၊ ကလေးကို မယူပါနဲ့လို့ တားလို့လည်း ...တော့ဘူး၊ ကံတရားကို အပြစ်ပုံချရင်း သူသေသွားရင် သူ့ရင်သွေးကို ... စောင့်ရှောက်ပေးပါလို့ မှာခဲ့တယ်၊ ပြောရရင်တော့ လက်မထပ်ခဲ့ ...ှင်းစွာနေထိုင်ရင်းနဲ့ပဲ ကလေးကိုမွေးဖွားတဲ့နေ့မှာ အဲဒီမိန်းမ သေဆုံး ...ခဲ့တယ်''

www.burmeseclassic.com

www.burmeseclassic.com



"ညီလေးက အဲဒီမိန်းမရဲ့ ရင်သွေးပေါ့"

"ဟုတ်တယ်"

"ဒါဆို ယုနဲ့က"

"ဦးထွန်းအောင်မိုးနဲ့ အမေအယုကိစ္စဆိုတာ အဲဒါပဲ၊ ယုကို ခံ
ခွင့်ရအောင် တရားဝင်လက်ထပ်တယ်၊ တရားမဝင်ရခဲ့တဲ့ကလေးကို စော
ရှောက်ဖို့အတွက် ယုရဲ့ကလေးဖြစ်အောင် အသိအမှတ်ပြုလိုက်တယ်၊ အဲ
အကျိုးခံစားခွင့်ကတော့ ယုတို့ ဒီနေ့ဒီအချိန်ထိ အဆင့်အတန်းရှိရှိ ရပ်တ
နေနိုင်တာပါပဲ"

"ညီလေးကို ကိုယ့်သွေးသားအရင်းလို စောင့်ရှောက်နိုင်တာ
တော့ ယုကို တကယ်ကိုကျေးဇူးတင်မိပါတယ်၊ ပြီးတော့ တကယ့်လင်မယ
လို ပေါင်းသင်းနေထိုင်တာမျိုးမဟုတ်ဘဲနဲ့ ဖေဖေ့ကိုပြုစုစောင့်ရှောက်ပေး
တာလည်း ကျေးဇူးတင်မိတယ်၊ လင်ယောကျ်ားတော်စပ်လို့ သံယောဇဉ်
ငြိတွယ်မှုတွေနဲ့ ဂရုစိုက်ပြုစုတာက သဘာဝကျတယ်လေ၊ ယုနဲ့လက်
ပြီးတစ်နှစ်ကျော်လောက်ရှိမှ ကျွန်တော့်ကိုခေါ်တွေ့တဲ့အချိန်မှာ ယုဘက်
ပေးဆပ်မှုလေးတွေကို ကျွန်တော် မြင်တွေ့လိုက်ရလို့ပါ"

"ကျန်းမာရေးမကောင်းတဲ့လူတစ်ယောက်ကို ယု ဒီလောက်
လုပ်ပေးသင့်တာပေါ့၊ ကျေးဇူးရှင်လည်းဖြစ်လို့ ဖခင်တစ်ယောက်လို ပြ
စောင့်ရှောက်ပေးမိတာပါ"

"ဖေဖေက အဲဒီအချိန်တည်းက"

ကျော်ဇင်မိုး တအံ့တဩဖြစ်လျက် ခါးပါမတ်သွား၏၊ အသည်း
ဆာရောဂါဆိုတာ ရောဂါပြင်းလျှင် အချိန်တိုအတွင်းမှာ သေနိုင်တာမဟု
ပါလား။ ယု မျက်နှာလေးက ညှိုးမှောင်ညှိုးနွမ်းသွားကာ





"ယု ဒီကိစ္စကို လက်ခံဖြစ်တာ ဦးထွန်းအောင်မိုးမှာ ဒီရောဂါ
ဖြစ်နေတာကြောင့်လည်း ပါပါတယ်"

"ဗျာ ဒါဆို ဖေဖေက ယုနဲ့လက်မထပ်ခင်တည်းက ဒီရောဂါဖြစ်နေ
တာပေါ့"

"ဟုတ်တယ် သူ့မှာ ဒီရောဂါဖြစ်နေပြီဆိုတာ ယုကိုပြောပြတယ်၊
သူ တကယ်လို့ သေသွားရင် သူ့သားလေးက အမေမရှိ အဖေမရှိနဲ့ ဒုက္ခ
ရောက်မှာ သူ အရမ်းကိုစိုးရိမ်နေခဲ့တယ်၊ ယု ဘက်ကလိုအပ်ချက်တွေ
ဖြည့်ဆည်းပေးဖို့အတွက် သူ့ဘက်က အဲဒီကိစ္စကို အလေးအနက်တောင်းဆို
အကူအညီတောင်းခဲ့တယ်"

"ဘာ ဘာလို့ ဖေဖေက သူ့မှာဒီရောဂါရှိနေတာ မိသားစုကို
ပြောမပြခဲ့တာလဲ"

"သူပြောတော့ ပြောချင်နေခဲ့မှာပေါ့၊ ကိုမိုး အဖေက အိမ်ထောင်
ရေးဖောက်ပြန်ချင်တိုင်း အိမ်ကမိန်းမယားကို အပြစ်ရှာတတ်တဲ့လူမျိုးတော့
မဟုတ်လောက်ဘူးထင်တယ်၊ ကိုမိုးအမေက သားသမီးနဲ့လင်ယောကျ်ားကို
ဂရုမစိုက်တတ်ဘဲ လစဉ်အသုံးစရိတ်တောင်းပြီး ဖဲရိုက်တယ်ဆို၊ ပေးတဲ့ငွေ
ကုန်ရင် သူ့ကိုဆင်ထားတဲ့ရတနာပစ္စည်းတွေ ရောင်းချပြီး ဖြုန်းပစ်တာတဲ့
အဲဒါဟုတ်လား"

"ဟုတ်တယ် အဲဒါအမှန်ပါပဲ၊ မေမေက ဖဲရိုက်တာ တော်တော်
ဝါသနာကြီးတယ်၊ တခြားအိမ်တွေမှာ ချိန်းရိုက်တာမျိုးရှိသလို တစ်ခါတလေ
အိမ်မှာအပေါင်းအသင်းမိတ်ဆွေတွေဖိတ်ပြီး ကစားတယ်၊ သားသမီးအိမ်ပြန်
လာချိန် ဖေဖေ ကုမ္ပဏီကပြန်လာချိန်တွေမှာ ကြိုဆိုမှု နွေးထွေးမှုဆိုတာ
မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုမိုးကလည်း ပညာသင်သွားနေပြီး အမေတူသမီး ရွှေဖင်နိုကလည်း အပြင်မှာပဲ အချိန်ကုန်နေတဲ့အတွက် မိသားစုမေတ္တာဆိုတာ ဘာမှန်းကိုမသိရတဲ့အတွက် ကိုမိုးအဖေ အပျော်ရှာတာ အပြစ်မတင်သင့်ဘူး ထင်တယ်"

"ကျွန်တော်လည်း အဲဒီလိုပဲ တွေးပါတယ်၊ ယုနဲ့လက်ထပ်တုန်းက တရားဝင်ဖြစ်သွားတဲ့အတွက် စိတ်မကောင်းတော့ဖြစ်မိသေးတယ်၊ ဖေဖေက အပြင်မှာပျော်အောင်နေပြီး ဟိုကိစ္စဒီကိစ္စ ခဏခဏလိုကြားရပေမယ့် တရားဝင်လက်ထပ်လိုက်တာကတော့ ယုတစ်ယောက်ပဲရှိပါတယ်၊ အဲ အပေါ်မှာ မေမေနဲ့ရွှေဖင်က ဒေါသဖြစ်နေကြတာ"

ယမင်းယုသွင် ခပ်မဲ့မဲ့ ပြုံးဖြစ်လိုက်သည်။ ရေတစ်ခွက် ထပ်ထည့် သောက်ဖြစ်ပြီးမှ

"မေတ္တာဆိုတာ အလျားအနံနဲ့တိုင်းတာလို့ မရပေမယ့် အသွား အပြန်ဆိုတာတော့ ရှိဦးမှပေါ့၊ ကိုယ်ကတော့ မပေးချင်မပေးတတ်ဘဲ ရယူ တာတစ်မျိုးတည်းနဲ့ဆိုရင် တစ်ဖက်လူအပေါ် မတရားရာကျမှာပေါ့၊ မိသား နွေးထွေးမှုတွေသာ ရခဲ့မယ်ဆိုရင် ဦးထွန်းအောင်မိုးမှာ ဒီလိုကိစ္စတွေ ရှိလာ မဟုတ်ဘူးလို့ ယု ယုံကြည်တယ်"

"ကျွန်တော်လည်း ဖေဖေ့ကိုနားလည်ပါတယ်၊ ယောကျ်ားချင်း ကိုယ်ချင်းလည်းစာမိတယ်၊ ဒါပေမဲ့ ဖေဖေ့မှာရောဂါရှိတာတော့ ဘာပဲဖြစ်ဖြစ် မိသားစုကို အသိပေးသင့်တယ်လို့ ထင်တာပဲ"

"အဲဒီလို အသိပေးပြီးမှ ဂရုစိုက်မခံရရင် မိသားစုအပေါ် နာကြည်း မိတာမျိုးတွေ ဖြစ်လာမှာစိုးလို့ ယုကို တိုင်ပင်တာပါ၊ ယုသာ ဒီကိစ္စလက် ခဲ့ရင် ဦးထွန်းအောင်မိုး အခြေအနေက တစ်မျိုးပြောင်းချင်လည်း ပြောင်း



မယ်၊ အခုတော့ ယုရဲ့ဂရုစိုက်မှုတွေကြောင့် အသည်းကင်ဆာရောဂါသည် တစ်ယောက်ဆိုပေမယ့် သူ့သားလေးနဲ့ လေးနှစ်ကျော်ငါးနှစ်နီးပါး သက်တမ်း ရှည်ရှည်နေသွားရသေးတယ်"

"အဲဒီအတွက် ယုကိုထပ်ပြီး ကျေးဇူးတင်ပါတယ် ယုရယ်၊ ဖေဖေ့ အနားမှာ မငြိုမငြင် ပြုစုစောင့်ရှောက်ပေးလို့ပါ၊ ကျွန်တော်လည်း ဖေဖေ့မှာ ဒီရောဂါရှိတယ်ဆိုတာ အစောတည်းက သိခဲ့ရင် ဖေဖေ့နားမှာကြာရှည်နေ ပေးဖြစ်မှာပါ၊ အခုတော့ ဖေဖေ့ကိုလည်း မပြုစုရနဲ့ တော်တော်လေးစိတ် မကောင်းဖြစ်မိတယ်"

"ကိုမိုးအမေနဲ့ ရွှေဖင်ကတော့ ကိုမိုးလိုစိတ်မျိုး ဟုတ်မယ်မထင် ဘူးနော်၊ သေခါမှရောက်လာပြီး ယုကိုပေးခဲ့တာတွေတောင် သူတို့ရပိုင်ခွင့် တွေပဲဆိုပြီး အကုန်လုယူသွားတယ်"

"အဲဒီအတွက်လည်း ကျွန်တော် စိတ်မကောင်းဖြစ်ရပါတယ်၊ မေမေကမရှိတော့ဘူးဆိုပေမယ့် ရွှေဖင်ကလည်း အထက်အောက်၊ ဒီမောင်နှမ နှစ်ယောက်ပဲရှိတော့ ကျွန်တော့်ကိုလေးစားရမှန်းမသိဘူး၊ အခုဟိုအိမ်ကြီးကို ကျွန်တော်ရောင်းလာခဲ့ပြီ၊ ယု တစ်ဝက်ပိုင်ဆိုင်သင့်တယ်လို့ ထင်တယ်၊ ယု သူများကုမ္ပဏီမှာ စိတ်အဆင်းရဲခံ အပင်ပန်းခံပြီး မလုပ်ပါနဲ့တော့၊ အဲဒီငွေနဲ့ အောင်မြင်နေတဲ့ကုမ္ပဏီတစ်ခုမှာ ရှယ်ယာထည့်တာဖြစ်ဖြစ် ကိုယ်ပိုင် လုပ်ငန်းလေးဖြစ်ဖြစ် ထူထောင်ပြီး သက်သောင့်သက်သာနေပါ"

"ဟို ယုက"

"ကျွန်တော်ပြောတာကို ယု အလေးအနက်စဉ်းစားသင့်တယ်၊ ကိုသွေးသစ်ကုမ္ပဏီမှာ လုပ်နေသရွေ့ ရွှေဖင်နဲ့တွေ့နေဦးမှာ၊ တွေ့နေသရွေ့ လည်း ယု တိုက်ခိုက်ခံနေရဦးမှာပဲ ယု၊ ဘာလို့လဲဆိုတော့ ရွှေဖင်က

www.burmeseclassic.com

www.burmeseclassic.com



ကိုသွေးသစ်ကိုစိတ်ဝင်စားနေတဲ့အတွက် အဲဒီကုမ္ပဏီကို အခြံလို အကြောင်း
မရှိအကြောင်းရှာလာနေမှာပဲ"

"အဲဒါဆိုပေမယ့်လည်း ပိုင်ဆိုင်မှုတစ်ဝက် ယုကိုပေးတာ၊ ရွှေ
ကျေနပ်မှာမဟုတ်ဘူးလေ၊ ဦးထွန်းအောင်မိုး ပေးခဲ့တာကို ရွှေဇင်နဲ့သူ့အ
မရမက ပြန်ယူသွားခဲ့တာပဲ"

"ရွှေဇင်ကို ကျွန်တော် နားလည်အောင် ပြောပါမယ်၊ မိသား
အခက်အခဲကြောင့် ဖေဖေနဲ့အပေးအယူလုပ်ခဲ့ရတာအားလုံးပေါ့၊ ပြီးတော့
ညီလေးကိုလည်း ကျွန်တော်တို့ပဲ တာဝန်ယူပါမယ်"

"ရှင် ဘာ ဘာလို့"

ယမင်းယုသွင် ထိတ်လန့်တကြား ဖြစ်သွား၏။ သားကို ဝမ်း
လွယ်မမွေးခဲ့ရပေမယ့် မိခင်တစ်ယောက်လို ရင်ငွေ့ပေးကာ ပြုစုစောင့်ရှော
လာခဲ့ရတာပါ။ ကျော်ဇင်မိုးက လေးနက်စွာပြုံးပြီး

"ယုရဲ့သွေးသားမဟုတ်တဲ့ ဖေဖေနဲ့အပေးအယူအပေါ်မှာ ယု
လောက်ထိသစ္စာရှိလာတာ တာဝန်ကျေနေပါပြီ၊ ဒီကလေးဟာ ယုနဲ့ ဘာ
မပတ်သက်တဲ့ ဖေဖေ့ရဲ့သွေးသားဆိုတာ ရွှေဇင်ကို နားလည်အောင်ပြော
မယ်၊ ဖေဖေ ပေးသင့်လို့ပေးခဲ့တာကို ယု သင့်တယ်ဆိုတာလည်း ရွှေ
ကိုပြောပြမယ်၊ အဲဒါမှ နားမလည်ရင် ညီလေးကို ကျွန်တော်တစ်ယော
တည်း တာဝန်ယူမယ် ယု"

"ဟို အဲဒီလိုတော့"

"ကလေးကို ယု သံယောဇဉ်ရှိနေမယ်၊ သူ့ဘဝသူရပ်တည်နိုင်
အထိ သစ္စာတရားတွေနဲ့ တာဝန်ကျေချင်တာကိုလည်း ကျွန်တော် သ
ပေါက်နားလည်တယ် ယု၊ ဒါပေမဲ့ ယုအတွက် ဘဝရှေ့ရေးဆိုတာလည်





ရှိသေးတယ်လေ၊ ယု တစ်သက်လုံး တစ်ယောက်တည်းနေသွားမှာလား။
ဘဝအဖော်မှန်ရှာတဲ့နေရာမှာ ကျွန်တော့်ညီလေးကြောင့် အနှောင့်အယှက်
မဖြစ်စေချင်ဘူး။ ကျွန်တော်က ယုကို ဖေဖေ လက်ထပ်စေချင်တုန်းက
လက်မထပ်မိခဲ့တာ နှောင်တရလို့မဆုံးဘူး"

ယု အသံတိတ်ကျသွားခဲ့သည်။ သူမအတွက် ကျော်ဇင်မိုး တွေး
ပေးတာ ကျေးဇူးတင်ပေမယ့် သားကိုတော့ သူမ မခွဲနိုင်ပေ၊ ဖေဖေနှင့်မေမေ
အတွက်လည်း သားလေးက အားဆေးပါပဲ၊ သူမ ပင်ပန်းတာကို စိတ်မချမ်း
သာကြပေမယ့် မြေးလေးရှိနေသည့်အတွက်တော့ သူတို့စိတ်ပြေပျောက်
စိတ်ချမ်းသာနေကြတာပါပဲ။

ဒီအတွက်တော့ သူမ ဆုံးဖြတ်ချက်မချနိုင်သေးပေ။ ကျော်ဇင်မိုး
ရဲ့သံယောဇဉ်နှောင်တမျက်ဝန်းများကို ရှောင်ရှားရင်း သက်ပြင်းငွေ့တွေကို
ပူလောင်စွာ မှုတ်ထုတ်ပစ်လိုက်မိ၏။

သို့အောင်းထားခဲ့ရသမျှ ပွင့်အံထုတ်လိုက်ရသော်လည်း ရင်ထဲမှာ
ပေါ့ပါးမသွား။ ဒီစကားသံတွေကို တစ်ယောက်ယောက် ချောင်းနားထောင်
ရင်း ကြားသိသွားခဲ့သည်ဆိုတာ သူမ သိခဲ့ရလျှင်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ဟုတ်ရော ဟုတ်ရဲ့လား ဉာဏ်ကြီးရာ၊ မင်းထင်ရာမြင်ရာတွေ လျှောက်ပြောနေတာမဟုတ်လား"

"အာ ဟုတ်ပါတယ်ဆိုကွာ၊ ငါက ဘာလို့လျှောက်ပြောရမှာလဲ၊ ယု ဒီနေ့ ရုံးမတက်ဘူး။ ဖုန်းဆက်တော့ ဖုန်းကပိတ်ထားတယ်၊ မလာလို့ စိတ်မရှည်ဖြစ်ပြီး ငါ အိမ်ကိုလိုက်သွားတာ"

"မင်းက ဘာလို့အသည်းအသန်ဖြစ်ရတာလဲ၊ ရုံးမတက်တာဆိုရင် နေမကောင်းတာရှိမယ် လူမှုရေးအကြောင်းကိစ္စရှိချင်ရှိမယ်၊ သူမလာတော့ဘူးဆိုတာ ငါ့ကိုဖုန်းဆက်အကြောင်းကြားသားပဲ၊ ဘာဖြစ်လို့လဲလို့မေးတာတော့ ယု မဖြေဘူး။ ဒီလိုပဲ ပင်ပန်းလို့ပါတဲ့၊ ဝန်ထမ်းဆိုတာ ခွင့်ယူချင်ယူမှာပေါ့ကွ၊ အလုပ်ရှင်က အိမ်အထိလိုက်သွားတယ်ဆိုတာ ထုံးစံကိုမရှိဘူး"

အမြင်ကတ်စွာ ကိုဖေယျာ၍ပြောနေတာကို သွေးသစ်ဉာဏ် ဂရုမစိုက်နိုင်။ ကြားခဲ့ရတာတွေအတွက် မယုံနိုင်ဖြစ်ရင်း ကိုဖေယျာတို့ကို ချက်ချင်းလိုပင် ပြန်ပြောနေခြင်းဖြစ်၏။





"အဲဒီထုံးစံမရှိတာကို အခုပြောမနေနဲ့၊ ဒါကြောင့်ပဲ သိသင့်တာတွေ အကုန်သိခဲ့ရတာ၊ ကျွန်တော် ရောက်သွားတော့ ကျော်ဇင်မိုးကားပေါ် ယု ပါသွားတယ်၊ အလုပ်တော့မတက်ဘဲ ကျော်ဇင်မိုးကားပေါ် ပါသွားရမလားလို့ ကျွန်တော်ဒေါသဖြစ်ဖြစ်နဲ့ လိုက်သွားတာ၊ တကယ်ဆို ညကကိစ္စ ကျွန်တော် လွန်သွားလို့ စိတ်ဆိုးပြီး ယု ကုမ္ပဏီကိုမလာတာလို့ ထင်တာ၊ အဲဒါကြောင့် ကိုယ့်ဘက်က နည်းနည်းလိုက်လျောသင့်တယ်ထင်ပြီး သူ့အိမ်ကို လိုက်ခေါ်ဖို့လုပ်လိုက်တာပဲ"

"ဖြစ်ရမယ် မပြောလိုက်ချင်ဘူး ဟွန်း"

ကိုဖေယျာက အခြောက်မလိုနှုတ်ခမ်းစူချိတ် မျက်စောင်းဝင့်ပြီး စနောက်နေလည်း သွေးသစ်ဉာဏ် မရယ်နိုင်။ စိတ်တွေက ကြည်နူးဝမ်းမြောက်ခြင်းလား။ မကျေမနပ်ဖြစ်နေမိဆဲပဲလား မရေမရာနှင့် ဂနာမငြိမ် ခံစားမှုများ ဖြစ်နေခဲ့သည်။

"ကိုဖေယျာ ကျွန်တော့်ကိုမနောက်နဲ့ဗျာ၊ ကြားရတဲ့စကားတွေကြောင့် ဒီရင်ထဲမှာ ဝုန်းနေတယ်"

"မင်းက ဘာကြောင့် ဝုန်းတာလဲ၊ မင်းနဲ့ယုကိစ္စက ဘယ်လိုဖြစ်ဖြစ် ပြီးပြီးသားပဲ"

"မဟုတ်သေးဘူး။ သူ ကျွန်တော့်ကိုထားခဲ့တာက ဒီလိုအကြောင်းတွေကြောင့် ဖြစ်နေလိမ့်မယ်ဆိုတာ ကျွန်တော် မသိဘူး။ ပြည့်စုံစွာနေရပါလျက် ဒီထက်ချမ်းသာချင်လို့ ကျွန်တော့်လိုကောင်ကို စွန့်ပစ်ပြီး အသက်ကြီးကြီးသူဌေးကို ယူလိုက်တာလို့ ထင်ထားတာ၊ တကယ်က အဲဒီလိုပြည့်စုံတဲ့ သူတွေမှာ ဒီလိုမျိုး ချွတ်ခြုံကျဒုက္ခရောက်လောက်တဲ့ အခက်အခဲတွေ ရှိတတ်တယ်ဆိုတာ ကျွန်တော် မတွေးမိခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်အရာတွေက တည်မြဲလို့လဲကွာ၊ ယု ဒီလိုရပ်တည်နေနိုင်တာ သူ့ဘဝကိုရင်းခဲ့လို့ပါလို့ ငါတို့မပြောခဲ့ဘူးလား။ မင်းက နားမဝင်ခဲ့တာ၊ သူ့အဖေဒုက္ခိတဘဝရောက်နေပါတယ်ဆိုတာလည်း ဘာကြောင့်လဲလို့ မင်းမစဉ်းစားဘူး။ တကယ်ဆို ယုက အရမ်းသနားစရာကောင်းပါတယ်"

"သူတို့ပြောနေသလို ဦးထွန်းအောင်မိုးနဲ့ယုက တကယ်လင်မယားလို မနေထိုင်ခဲ့ဘူးဆိုတာရောဟုတ်ပါ့မလား"

"အဲဒါ မင်းကိုယ်တိုင် ကြားခဲ့တဲ့စကားလေ၊ မဟုတ်ဘဲနဲ့ သူ့သားရော ယုရော ပြောပါ့မလား၊ ကျော်ဇင်မိုးက ကလေးကိုခေါ်ထားမယ်လို့ ပြောတယ်ဆိုရင် အဲဒီကလေးက ယုနဲ့ဘယ်လိုမှမပတ်သက်ဘူးဆိုတာ သေချာနေတာပဲ"

"အခုပြောနေတာတွေသာ သေချာရင် ဦးထွန်းအောင်မိုးလည်း သနားစရာပဲကွ၊ အသည်းကင်ဆာရောဂါနဲ့ သေတာတောင် မိသားစုရဲ့ပြုစုမခံရဘဲ ကြေးစားငှားထားသလိုဖြစ်နေတဲ့ ယုလက်ပေါ်မှာ သေသွားရတယ်၊ ဒါကြောင့် တချို့သူဌေးတွေလည်း မိသားစုအတွက် ဇနီးမယား သားသမီးအတွက် ဘယ်လိုပဲငွေတွေရှာရှာ လမ်းဆုံးမှာ သွားသေရတဲ့အဖြစ်မျိုးလည်း ကြုံချင်ကြုံရနိုင်တာပဲ"

စိုးကျော်က သံဝေဂစကားများ ပြောတော့ ကိုဇေယျာက ခေါင်းတညိတ်ညိတ်ဖြင့်

"ဒါကြောင့် မိသားစု ဇနီးမယား သားသမီးဆိုတာလည်း မှန်မကောင်း ရှိမကောင်းလို့ ပြောကြတာ၊ ငါတောင် အိမ်ထောင်ပြုရမှာ ကြောက်တောင်ကြောက်လာပြီ"

"ဒီလောက်တရားရနေရင်လည်း ဘုန်းကြီးသွားဝတ်ကြပါလား"





"ဘုန်းကြီးက ငါတို့ဝတ်ရမှာမဟုတ်ဘူး။ မင်းဝတ်ရမှာ၊ ငါတို့က နောက်မှာ မိသားစုရှိသေးတယ်၊ မင်းက မိသားစုလည်းမရှိ အနှောင်အဖွဲ့ အတွယ်အတာလည်းမရှိနဲ့ ပိုင်ဆိုင်သမျှတွေရောင်းပြီး ကျောင်းဆောက်ကျောင်းထိုင်ကိုယ်တော်လုပ်ပြီးသာ တရားအားထုတ်"

"ချီး"

စိုးကျော်တို့နှစ်ယောက်ကို သွေးသစ်ဥာဏ် ဖျစ်နှစ်စွာဆဲပစ်လိုက်သည်။ သူ့ကိုတစ်ယောက်မှ အကောင်းမပြောကြ။ ဘယ်လိုအကြောင်းမျိုးဖြစ်ဖြစ် သူ့ကိုသာအပြစ်တင်ကြသည်။

အခု သူ့ခါတော့လည်း ဂရုမစိုက်သလို ခပ်ပြုံးပြုံးပါ။ ကိုဇေယျာ မိန်းကလေးလို နှုတ်ခမ်းကိုမဲ့လိုက်ပြီး

"မင်းအခု ဘာဖြစ်နေတာလဲ။ ယုက လက်ထပ်ခဲ့တယ်ဆိုပေမယ့် အပျိုစင်ပဲလို့ သိလိုက်ရတော့ မင်းရင်ခုန်သွားတယ်ပေါ့၊ မင်းကိုထားချင်လို့ထားခဲ့တာမဟုတ်ဘူး။ သူ့မိသားစုအတွက် သူ့ဘဝကိုရင်းလိုက်ရတာဆိုတော့ စွန့်ပစ်ခံခဲ့ရတာကို ဖြေသာသွားပြီပေါ့လေ"

"ကျွန်တော်မှားတော့ မမှားခဲ့ဘူး ကိုဇေယျာ၊ အစကသာ အကျိုးအကြောင်းပြောပြခဲ့ရင် ကျွန်တော် ဒီလောက်ထိ ခံစားခဲ့ရမှာမဟုတ်ဘူး။ သူ ဒီလိုလုပ်သွားတာဟာ ကျွန်တော်ကို နာကျင်စေခဲ့တာတော့ အမှန်ပဲ"

"သူ့မိဘကိုတောင် ပြောလို့မဖြစ်တဲ့ကိစ္စကို မင်းကိုဘာလို့ပြောနေမှာလဲ၊ အပေးအယူဆိုပေမယ့် သူသာ သစ္စာမရှိရင် အကျိုးခံစားခွင့်ဆိုတာလည်းရမှာမဟုတ်ဘူး။ သူ့နှလုံးသားကို အနာကျင်ခံပြီး သစ္စာရှိတဲ့မိန်းကလေးမျိုး ဘယ်လောက်တောင်တန်ဖိုးရှိလိုက်သလဲ၊ ကိုယ်ကျင့်တရားနဲ့ သိက္ခာက မြင့်မြတ်လိုက်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကလေးကလည်း သူ့ကလေးမဟုတ်ဘူး လက်ထပ်ခဲ့တာက လည်း တရားဝင်ပေါင်းသင်းဖို့မဟုတ်ဘူး၊ ဘဝကိုရင်းခဲ့တာလည်း မင်းကို မုန်းလို့မဟုတ်ဘူး အခု မင်းဘာလုပ်မှာလဲ ဦးထက်ကြီး"

အဖြေပေးဖို့ တွေဝေနေခြင်းမဟုတ်၊ စက္ကန့်တိုင်း မမေ့ခဲ့တာ ဝန်ခံ ဖို့ဆိုတာတော့ မဖြစ်ပေ။ မာနတွေ မခံချင်စိတ်တွေနှင့် ကိုယ့်ကိုကိုယ် အားတင်းထူထောင်ခဲ့ရတာမဟုတ်ပါလား။

"မင်းဘာလို့ မဖြေတာလဲ ဦးထက်ကြီး၊ မင်းရင်ထဲမှာ ယုနဲ့ပတ်သက် တာတွေ ရှိနေတယ်ဆိုတာ ငါတို့သိတယ်၊ အခုကိစ္စတွေသိပြီး မင်း ဟက်ထိ သွားတယ် အကြီးကြီးထိနေတယ်ဆိုလည်း ငါတို့ခံစားလို့ရတယ်၊ မင်း မပြော နိုင်ဖြစ်နေတာတွေက မင်းလုပ်ခဲ့တာတွေအတွက် နောင်တရနေတာလား"

"ဘယ်လိုပြောရမလဲ တောင်းပန်ရလောက်အောင် ကျွန်တော် အမှားမလုပ်ခဲ့ဘူးလို့ ထင်တာပဲ၊ နာကြည်းခဲ့ရတဲ့အချိန်က နည်းမှမနည်းတာ၊ အဲဒီအတွက် လက်တုံ့ပြန်မိတာတော့ ဝန်ခံပါတယ်၊ ဒါပေမဲ့ လက်တုံ့ပြန် သင့်တဲ့အခြေအနေမျိုးဆိုတာလည်း ခင်ဗျားတို့ နားလည်မှာပါ"

"အားတော့မပေးခဲ့ဘူးနော်၊ အကြောင်းပြချက်ရှိမှာပဲလို့ ဖြေသိမ့် ခဲ့တာကို မင်း လက်မခံတာ"

ဒါတော့လည်း ဟုတ်တာပဲ။ ကိုဇေယျာတို့ ဘယ်လိုပဲဖျောင်းဖျ ဖျောင်းဖျ သူကနာကြည်းမှုတွေ ခံပြင်းမှုတွေဖြင့် လက်တုံ့ပြန်ဖို့ပဲ ကြိုးစား နေခဲ့တာ။

ယုရဲ့အားခဲမှုတွေကို မကျေမချမ်းတွေဖြစ်ရင်း အရှုံးတိုက်ချင်စိတ် တွေ အုံကြွလာခဲ့တာ။ သူ့ဘက်က ဘာတွေမှားခဲ့ပါသလဲ။

"ကျွန်တော် အပြစ်လုပ်ခဲ့ရင်တောင် သူ ဖန်တီးတဲ့အရာတွေအပေါ်





မှာ အပြစ်လုပ်မိတာမျိုးပဲ၊ ကျွန်တော် သူ့ကိုတောင်းပန်စရာအကြောင်းတော့ မရှိဘူးထင်တယ်"

"ငါတို့ မင်းကိုမေးနေတာ အဲဒီကိစ္စမဟုတ်ဘူး၊ မင်းအခု ယုကို ဘယ်လိုသဘောထားမှာလဲ၊ ပေါင်းသင်းခြင်း၊ မပေါင်းသင်းခြင်းနဲ့မဆိုင်ဘဲ လက်ထပ်ခဲ့ဖူးတဲ့မိန်းကလေးကို မသတိဘူးလား"

"မဆိုင်ဘူး အခု ကျွန်တော့်စိတ်ထဲမှာ အဲဒါတွေရှိနေတာ မဟုတ် ဘူး"

"ဘာတွေရှိနေတာလဲ"

"ဒီအကြောင်းတွေ ကျော်ဇင်မိုးလည်း သိသွားပြီ၊ အစတည်းက ယုနဲ့လက်ထပ်ဖို့ထိကိစ္စတွေလည်းရှိခဲ့ဖူးတယ်၊ အခုချိန်ထိလည်း သံယောဇဉ် မပြတ်ဘဲ ကူညီနေတယ်၊ စိတ်ဝင်စားမှုရှိတာလည်း သိသာတယ်"

"အဲဒီတော့"

"ယုအပေါ်မှာ စိတ်ယိုင်ပြီး ကလေးနဲ့သံယောဇဉ်မပြတ်အောင်ဆို တဲ့စိတ်နဲ့ သူတို့ချင်း"

"အဲဒါကို စိုးရိမ်နေတာလား၊ ဒါဆို မင်းက ကျော်ဇင်မိုးကို တားဆီး မလား၊ ယုကိုတားဆီးမလို့လား၊ မင်းစိတ်က ဘာကိုဖြစ်ချင်တာလဲဆိုတာ ရော ကိုယ့်ကိုကိုယ် ဆုံးဖြတ်ချက်ချပြီးပြီလား၊ တကယ်ဆို မင်းကိုယ်မင်း မပြတ်သားဘဲနဲ့"

"ကျွတ်"

အပြစ်တင်စကားက သူ့အတွက်ချည်းပဲထင်သည်။ ကိုဇေယျာနှင့် ကျော်ကို သူ အမြင်ပင်ကတ်လာ၏။ သူ့ကို ဘာလုပ်ပါလို့ အကြံပေးတ တာမျိုးဆို တော်သေးသည်။ သူ အတက်ချိုကျော့စ်ကိုဆွဲကာ ဖွာရှိုက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့

"ဒါက ဘယ်လဲ"

"ကျွန်တော် ရှုံးဆင်းတော့မယ်"

"ဟ ဘယ်အချိန်ရှိသေးလို့လဲ၊ ဒီကောင် ဝေါက်သွားပြီထင်တယ်"

"ခင်ဗျားတို့နဲ့စကားပြောရတာ အဆင်မှမပြေတာ"

"ဩော် ငါတို့ကပဲ အပြစ်ဖြစ်ရသေးတယ်၊ အခု မင်းစိတ်နဲ့ကိုယ် မကပ်ဖြစ်နေတာ ငါတို့နားလည်ပါတယ်၊ အခု ဘယ်သူနဲ့တွေ့ပြီး စကားတွေ ပြောချင်နေတယ်၊ မေးခွန်းတွေမေးချင်နေတယ်ဆိုတာလည်း ငါတို့သိတယ်၊ ငါတို့နဲ့ပေါင်းသင်းလာတာ ကြာပြီပဲကွာ၊ မင်းကိုယ်မင်း ညာလို့ရပေမယ့် ငါတို့ကိုတော့ ညာလို့မရပါဘူး"

"သိပြီးရောဗျာ ဘာအကူအညီမှလည်းမရဘူး၊ အလကားပဲ"

"ဟောဗျာ ဘလိုင်းကြီး"

"အေးကွာ ဒီကောင်ရူးသွားပြီလား မသိပါဘူး"

"ကြောင်တော့ ကြောင်သွားတာ သေချာတယ်"

"ယုကြောင်လေ ယုကြောင်"

"ဟိတ်ကောင် ကောင်းကောင်းသွား ခွေးချေးပုံဟက်နင်းမိနေဦး မယ်၊ ကားတွေဘာတွေလည်း ကြည့်မောင်း၊ ထော်လာဂျိုင်အတိုက်ခံနေ ရဦးမယ်"

ကိုဖေယျာနှင့်စိုးကျော် ဘယ်လိုပဲစနောက်နောက် သူရယ်မော သတိမရ၊ အသိစိတ်လွတ်နေတာတော့ မဟုတ်။

အသိစိတ်ထဲမှာ ယုတစ်ယောက်တည်းသာ ရှိသည်။ သူ ဘာလုပ် ရမလဲ။ အခုချိန်မှာ ယုနှင့်တွေ့လျှင်ဘာတွေပြောရမလဲ။





အရင်တုန်းကလို ချစ်သေးရဲ့လားလို့လား။ ဟင့်အင်း ဒီအသက် အရွယ်မှာ ကလေးကလားစကားတွေ ယု နားထောင်ချင်မှာမဟုတ်။

ပြောစရာတွေရော မေးစရာတွေရော ရင်ထဲမှာပြည့်နေသည်။ ဒါဆိုလျှင် ယု မင်းနေကောင်းရဲ့လား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"မေမေကြီး ညွှန့်သည်ပါ"

"သြော် ဘယ်သူလဲကွဲ၊ ညွှန့်ခန်းထဲခေါ်လာခဲ့ပါကွယ်"

နာနီလာပြောတာကြောင့် ဦးမျိုးနိုင်နှင့်ဒေါ်ယုယုသွင် အံ့သြသွားရသည်။ အိမ်မှာ ဒီအချိန် ဘယ်ညွှန့်သည်မှ မလာဘူးပါ။ လာမည့်ညွှန့်သည်ဆိုလည်း ဖုန်းဆက်ကာအကြောင်းကြားကြသည်။

"အန်ကယ်နဲ့အန်တီ"

"သြော် ဘယ်သူလဲကွဲ့"

"ကျွန်တော် ယမင်းယုသွင်ရဲ့အလုပ်ရှင် သွေးသစ်ဉာဏ်လို့ ခေါ်ပါတယ်"

"သြော် သမီးရဲ့အလုပ်ရှင်လား။ လုပ်ငန်းရှင်ဆိုတော့ အသက်ကြီးကြီးလို့ထင်တာ၊ သမီးနဲ့သက်တူရွယ်တူလောက်ရှိဦးမယ်၊ အတော်ငယ်သေးတာပဲ၊ ထိုင်ပါကွယ် ဘာကိစ္စများရှိလို့ပါလဲ"

မဝံ့မရဲလာခဲ့ရပေမယ့် ယုမိဘများရဲ့ဖော်ရွေမှုကြောင့် အားတက်မိကာ လက်ထဲမှာပါလာသော လက်ဆောင်ပစ္စည်းများကို လက်ကမ်း၍





"အဆင်ပြေပါ့မလားတော့ မသိဘူး။ အသီးအနှံနဲ့အားဆေးပုလင်းတွေတာတင်းတွေပါပါတယ်၊ ကျွန်တော်က ဒီနေ့ ယု ရုံးမတက်တာ ကျန်းမာရေးများမကောင်းလို့လားလို့"

"မဟုတ်ပါဘူးကွယ် ကောင်းပါတယ်၊ ပင်ပန်းတယ်လို့တော့ပြောတယ်၊ သူ နားချင်တယ်ဆိုတော့ နားခိုင်းလိုက်ရတာပါ၊ သမီးက ကုမ္ပဏီကိုခွင့်မတိုင်ဘူးလားကွဲ့"

"ဟုတ်ကဲ့ မန်နေဂျာတွေဆီ ခွင့်တိုင်သလားတော့မသိဘူး။ ကျွန်တော့်ကိုတော့ ဘာမှမပြောပါဘူး။ အဲဒါကြောင့် ဘာဖြစ်လို့လဲဆိုပြီး လိုက်လာတာပါ"

သူ့အပေါ် တစ်မျိုးမထင်အောင် သူ မှသာဝါဒတွေ သုံးလိုက်မိသည်။ ဒီလိုတွေပြောဖို့ ကြိုတင်ကြံစည်ထားခြင်းမရှိပါဘဲ ပါးစပ်ထဲက အလွယ်တကူပင် ထွက်သွားခြင်းဖြစ်၏။

ကိုဖေယျာတို့သိလျှင်တော့ သူ့ကိုကောင်းကောင်းဆဲပေလိမ့်မည်။ အမေက အားနာစွာနှင့်ပင် နာနီလာချပေးသော ကော်ဖီခွက်ကို သူ့ရှေ့ပေး၍

"သုံးဆောင်ပါဦးကွယ်၊ အလုပ်ရှင်ကတောင် အိမ်လိုက်လာရတယ်ဆိုတော့ အားနာလိုက်တာ၊ သမီးက အလုပ်ရှင်ဆီမှာ သေချာခွင့်တောင်းပြီးမှ နားသင့်တာပေါ့"

"ရပါတယ်ခင်ဗျာ၊ ဘာဖြစ်လို့လဲဆိုတာ အကျိုးအကြောင်းသိရရင် တော်ပါပြီ၊ လုပ်ငန်းမှာအဆင်မပြေတာများ ညည်းညူဖူးတာများရှိသလားခင်ဗျ"

"အဲဒီလိုတော့ မဟုတ်ပါဘူး။ ပင်ပန်းတယ်လို့တော့ ပြောတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ညက ညည်းခံပွဲကအပြန်မှာတော့ တော်တော်လေးမျက်နှာမကောင်းဖြစ်လ တယ်၊ ညဦးနက်တော့ အန်တီတို့လည်း စိတ်ပူရတယ်၊ အန်ကယ်ဆိုရင် ကျန်းမာရေးအတွက် ဆေးသောက်ထားတာတောင် မအိပ်နိုင်ဘဲထိုင်စော နေတာ၊ သမီးက အိမ်ထောင်သည်မုဆိုးမ ကလေးတစ်ယောက်အမေဆို မယ့် အန်တီတို့အတွက်တော့ လူမမယ်အရွယ်လေးလို စိုးရိမ်နေရတုန်းပါ ပြီးတော့ ကျန်းမာရေး စားဝတ်နေရေး လူမှုရေးတွေအားလုံးအတွက် သမီ အားကိုးနေရတာလေ၊ သမီးတစ်ခုခုဖြစ်သွားရင် အန်တီတို့အားလုံး ငိုကို မဲ့ဘဝရောက်သွားကြမှာလေ"

"အန်ကယ်သာ ထူထူထောင်ထောင်နဲ့ကျန်းမာရေးကောင်းနေ သမီးကို ဒီလိုမျိုးစိတ်ရောလူရော အပင်ပန်းမခံနိုင်းပါဘူးကွယ်၊ အခု အန်ကယ် က ဒီလိုဒုက္ခိတဖြစ်နေတော့ မိသားစုအတွက် သမီးလေး ရုန်းကန်နေရ တယ်၊ ပြောရရင် အခုမှလည်း မဟုတ်ပါဘူး အန်ကယ်မိုက်ခဲ့တာတွေကြော သမီးလေးက မိသားစုဒုက္ခကိုခံနေရတာပါ"

"ကိုနိုင်ကလည်း ညည်းသည်ကို မိသားစုအပူတွေ ပြောပြမနေပါ အားနာစရာကောင်းပါတယ်'

"ရပါတယ်ခင်ဗျ၊ ယုနဲ့က အလုပ်ရှင်နဲ့ဝန်ထမ်းပတ်သက်မှုဆို မယ့် မိသားစုလိုပါပဲ၊ ယုရဲ့အိမ်တွင်းရေးကိစ္စတွေကို ကျွန်တော်တို့လည် သိတန်သလောက် သိပါတယ်"

"ဟင် သမီးက ပြောပြတာလားကွဲ့"

"ဗျာ ဟို"

သူ ဘယ်လိုဖြေရမှန်းမသိ ဖြစ်သွား၏။ ယု ရင်ဖွင့်ထားတာ လျှင် ဘယ်လိုထင်သွားမည်လဲ။ တခြားနေရာက သိတာဆိုလျှင်လည်





တ်သက်မှုတွေကို သံသယဝင်နိုင်သည်။

ယုအမေက နားလည်သည့်ဟန်ဖြင့်

"အေးပေါ့လေ လူတစ်ယောက်အကြောင်းဆိုတာလည်း ပုပ်ရင် ပေါ် ဟုတ်ရင်ကျော်တာပါပဲ၊ သမီးလေးက ဒီအမေကြောင့် သူ့ချစ်သူကို နှင့်လွှတ်ပြီး အသက်ကြီးကြီး အဘိုးကြီးကိုယူလိုက်ရတယ်၊ အခု ကလေး တစ်ယောက်မွေးပြီး မုဆိုးမလေးဖြစ်နေရှာတယ်၊ အငယ်အနှောင်းဖြစ်ခဲ့ရတော့ အားခွင့်လည်း ရသင့်သလောက် မရဘူး၊ မြေးလေးကို သူ့အဖေက သပ်သပ် ခဲ့တာမျိုးရှိပေမယ့် သမီးက သူဘယ်လောက်ပင်ပန်းပင်ပန်း သစ္စာရှိရှိနဲ့ ကို မထိမတို့ဘဲနေတယ်၊ သားလေးကြီးလာရင် သူ့သားအတွက် ဘာမှ ထုပ်ပေးနိုင်မှာစိုးလို့ သူ့အဖေဆန္ဒအတိုင်း ဘဏ်မှာပဲထားတယ်"

"ခြေဉ်"

ယုက မိဘတွေကိုတောင် ဘာမှပြောပြမထားသေးပါလားဆိုတာ ချာသွားသည်။ ယု ဒီလောက်တောင် ရိုးသားခဲ့ သစ္စာရှိခဲ့သည်တဲ့လား။ သားစုအတွက်ပေးဆပ်ဖို့ ချစ်သူကိုစွန့်လွှတ်ခဲ့ပေမယ့် အပျိုစင်ဘဝကို မစွန်း င်အောင်စောင့်ရှောက်နိုင်ခဲ့တာလည်း လေးစားစရာပင်။

သူကပဲ တစ်ဖက်သတ်နာကြည်းမုန်းတီး ရှိရှာ အထင်သေးခဲ့မိသလို ပါလား။

"အခု သူဘယ်သွားသလဲခင်ဗျာ၊ ပင်ပန်းလို့အိပ်ရာထဲလှဲနေတာ လား"

"မဟုတ်ဘူးကွဲ့ မနက်က သူ့ယောကျ်ားဘက်က သားကြီးလေး င်ကျော်ဇင်မိုးနဲ့ကိစ္စရှိလို့ဆိုပြီး အပြင်သွားတယ်"

"ဗျာ အခုထိ ပြန်မရောက်သေးတာလား"



www.burmeseclassic.com

"မဟုတ်ဘူးကွဲ့၊ နေ့လယ်က ပြန်လာသေးတယ်၊ ခုနကမှ ထ
ခါမြေးလေးကိုကျောင်းသွားကြိုပြီး ကျော်ဇင်မိုးနဲ့တစ်ခေါက်တွေ့ရဦးမယ် ကိ
ရှိသေးတယ်ထင်တယ်"

"ဟို အခု ကျော်ဇင်မိုးဆီ သွားတာလား"

"အင်း အဲဒီလိုပဲ ပြောရမယ်၊ မြေးလေးကို ကျော်ဇင်မိုးက သူ
အိမ်ခေါ်သွားချင်လို့ ကျူရှင်ကနေ သွားကြိုပြီး ပို့ပေးတာလားပဲ၊ အဲဒီဘ
မိသားစုထဲမှာ မောင်ကျော်ဇင်မိုးကတော့ သမီးအပေါ်ရော မြေးလေးအ
ရော အတော်သံယောဇဉ်ကြီးပြီးကောင်းရှာပါတယ်၊ ပေးသလောက် စေတ
ကို သားသမီးဘက်က အပြည့်အဝလက်မခံခဲ့တာ"

"လင်ပါသားက ရှယ်တူဖြစ်နေတဲ့အတွက် အဲဒီလောက် ရင်း
ရှိတာတော့ မကောင်းဘူးထင်တယ်၊ ပတ်ဝန်းကျင်ဆိုတာ ဝေဖန်မှုအ
ရောက်တတ်တာ မမွှတာပဲ"

မနာလိုစွာ သူ့နှုတ်က လွှတ်ခနဲ ထွက်သွားသည့်အတွက် 
အမေလည်း အံ့အားသင့်သွားသည် ထင်သည်။ ဒါပေမဲ့ လေးနက်စွာ
ခေါင်းကိုညိတ်ကာ

"ဒီလိုဆိုပေမယ့် မြေးလေးနဲ့သွေးသားရင်း ဖြစ်နေတော့လ
မပတ်သက်လို့က မဖြစ်ဘူးမဟုတ်လား၊ သမီးလေးရသင့်သလောက်မ
ဆိုပေမယ့် အနည်းအကျဉ်းပိုင်ဆိုင်မှုလေးတွေက သူ့ကြောင့်ပဲ ရလိုက်
သူ့အမေ သူ့ညီမရဲ့ရန်လိုမှုတွေကိုလည်း ကာကွယ်ပေးတယ်လေ၊ ကျေ
ရှိတယ်ပဲ ပြောရတော့မှာပေါ့ကွယ်"

"အခုတစ်ခုခုအကြောင်းရှိလို့သာ သမီးကိုတွေ့ဖို့ခေါ်တာ ဖြ
မယ်၊ သမီးပြန်လာတော့ ဘာမှတော့မပြောပြဘူး၊ မြေးလေးကိုသွားပို့





ယ်လို့ပဲ ပြောတယ်၊ ရွှေဇင်မိုးဆိုတဲ့မိန်းကလေးနဲ့ အဆင်ပြေပြီမလားတော့
သိပါဘူးကွယ်"

ယု မိဘတွေလည်း စိတ်ရှုပ်ထွေးနေဟန်တော့တူသည်။ အ
ကြောင်းစုံသေချာသိရလျှင်တော့ ဝမ်းသာချင်လည်း ဝမ်းသာကြမှာပါ။

သမီးက အပျိုစင်ဘဝလေးအတိုင်း ရှိသေးသလို ကလေးတစ်
ယောက်အမေလည်းမဟုတ်တာကြောင့် သူတို့ကိုယ်သူတို့ ဖြေသာနိုင်ပေလိမ့်
ည်။

"ဒါဆို ကျွန်တော့်ကို သွားခွင့်ပြုပါဦးခင်ဗျာ၊ ကျွန်တော်လာတယ်
ဆိုတာလည်း ပြောမနေပါနဲ့တော့၊ သူ စိတ်ဖိစီးမှုတွေများသွားမှာစိုးလို့ပါ"

စကားလုံးလှအောင်ပဲပြောပြီး သူ ပြန်ထွက်လာခဲ့သည်။ ဘာ
ကြောင့် ဒီလောက်တောင် ကျော်ဇင်မိုးနှင့်ယုက ရင်းနှီးပတ်သက်နေရတာလဲ။
နေ့လယ်က ကြားခဲ့သလို ကျော်ဇင်မိုး အလုပ်ထွက်နိုင်းသလို အလုပ်ထွက်
လိုက်တော့မှာလား။

ဘာလို့ ကျော်ဇင်မိုးက ဆုံးဖြတ်ပိုင်ခွင့်တွေရှိနေတာလဲ။ ယုက
ရော နာခံမှာလား။ သူ့ဆီက တကယ်အလုပ်ထွက်တော့မည်ဆိုလျှင် သူ
ဘယ်လိုတားပိုင်ခွင့်ရှိမှာလဲ။

"ဟား"

သူ တကယ်ကိုမွန်းကျပ်လာမိပါသည်။ ဘာကြောင့်အခုချိန်မှာ
သူကို အရမ်းတွေ့ချင်နေမိရတာလဲ။ သူ့အနားမှာ ယု မနေတော့မှာ စိုးရိမ်
နေမိရတာလဲ။

"ဟင်"

"ကျွီ"



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



လမ်းတစ်နေရာမှာ ယု ကားစောင့်နေတာကို တွေ့လိုက်ရသည်။ တက္ကစီတစ်စီးကိုလက်လှမ်းတားတော့ လူပါလာတာမို့ ရပ်မပေးဘဲ ဆက်မောင်းသွား၏။

သူ ထိုနေရာကို ကားလေးအမြန်မောင်းသွားလိုက်သည်။ ယု တက္ကစီပေါ်တက်လိုက်သွားလျှင် ယုနှင့်တွေ့လိုက်ရတော့မှာမဟုတ်။

"ယု"

"ယု"

"ဟင် ရှင်"

ကားပေါ်က ဆင်းလာသည့်သူ့ကိုမြင်လိုက်သည်နှင့် ယုက ချက်ချင်းမျက်နှာလွှဲသွား၏။ သူ ယုရှေ့တည့်တည့်ရပ်လိုက်သည်။

"ယု ဘယ်သွားမှာလဲ၊ ကိုယ့်ကားပေါ်တက် ကိုယ်လိုက်ပို့မယ်"

"နေပါစေ ကျွန်မဘာသာ တက္ကစီနဲ့သွားပါမယ်၊ ရှင့်လမ်းရှင်သွားပါ"

"မဟုတ်တာ မင်းဘာကြောင့် အလုပ်မဆင်းတာလဲဆိုတာ ရှင်းပြတာကို နားထောင်ချင်သေးတယ် တခြားပြောစရာလည်း"

"အလုပ်နားတာ ကိစ္စရှိလို့ပေါ့၊ ဘာကြောင့်ပါဆိုတာ ရှင်းပြစရာလိုလို့လား"

"စည်းမျဉ်းစည်းကမ်းထဲမှာ အဲဒီလိုလုပ်ရမယ်ဆိုတာ မပါပေမယ့် ခွင့်ယူရတဲ့ကိစ္စက ဘယ်လောက်တောင် ကြီးကျယ်လို့လဲ၊ ကိုယ်က ညက ကိစ္စကြောင့် မင်း"

"အဲဒီအကြောင်းမပြောနဲ့တော့၊ ပြောရင် ကျွန်မ ဒေါသထွက်လာလိမ့်မယ်"





"ဘာ"

"ကလေးတစ်ယောက်အမေ မုဆိုးမမို့ ဘယ်အချိန်တစ်ယောက်တည်းပြန်ပြန် ကိစ္စမရှိဘူးဆိုပြီး အထင်သေးစော်ကားလိုက်တာကို ကျွန်မသိပါတယ်၊ ဒါပေမဲ့ ဒီကိစ္စမျိုး နောက်တစ်ခါ ထပ်စော်ကားလို့တော့ မဖြစ်ဘူး"

"နီး နီး ကိုယ်မင်းကို အထင်သေးစော်ကားလိုက်တာမျိုး မဟုတ်ပါဘူး ယု"

"ဒါဆို ရွှေဖင်နဲ့ညအတူအိပ်ဖို့အတွက် ကျွန်မကို ပထုတ်လိုက်တာလား"

"ဟာ မင်းဘာတွေပြော ဘာတွေစွပ်စွဲလိုက်တာလဲ၊ ကိုယ် အဲဒီလိုမျိုးကောင်မဟုတ်ဘူး။ ဘာလို့ ရွှေဖင်နဲ့အိပ်ရမှာလဲ"

"ကားမမောင်းနိုင်လို့ ဟိုတယ်မှာပဲ အိပ်မယ်လို့ ပြောတယ်မဟုတ်လား"

"အေးလေ ကားမောင်းရင် အန္တရာယ်ဖြစ်မှာစိုးလို့ ဟိုတယ်မှာအခန်းငှားအိပ်တာ ဘာဖြစ်လို့လဲ၊ ရွှေဖင်က သူ့ဘာသာပြန်သွားတာ"

"ဘာဖြစ်ဖြစ်ပါ ကျွန်မ စိတ်မဝင်စားပါဘူး"

"မင်း စိတ်တော့ဆိုးသွားတယ်မဟုတ်လား"

သူမ ငြိမ်နေလိုက်သည့်အခါမှာ ဝန်ခံရာတော့ ရောက်ပေလိမ့်မည်။ ဘာကြောင့် အခုမှ သွေးသစ်ဉာဏ်အသည်းတွေ နူးညံ့နေသလဲဆိုတာ သူမ နားမလည်နိုင်ဖြစ်နေတာပါ။ သူ လွှန်သွားတာပဲ သဘောပေါက်လို့လား။ ဘာဖြစ်ဖြစ် သူမကို အထင်သေးစော်ကားမှုတွေအတွက် မကျေအေးနိုင်သေး။

"ဖယ်ပါ ကျွန်မ အိမ်ပြန်ဖို့ နောက်ကျနေလိမ့်မယ်"

"နေပါဦး ကိုယ်လိုက်ပို့မယ်လို့ ပြောနေတယ်မဟုတ်လား မင်းအခု



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကပြန်လာတာလဲ၊ ဘယ်သူနဲ့တွေ့ပြီး ပြန်လာတာလဲ"

"အဲဒါ ရှင့်ကိစ္စမဟုတ်ပါဘူး။ ဘယ်သူနဲ့တွေ့တွေ့ ဘယ်ကပြန်လာလာ"

"ဟိတ် မင်းကိုယ့်ကို စကားကောင်းမပြောပါလား၊ ဘာဖြစ်လို့လဲ ညကကိစ္စကို မကျေအေးနိုင်တာလား"

"ညကကိစ္စတစ်ခုတည်းကြောင့်လို့ ရှင်ထင်နေလား။ ရှင့်ရဲ့အထင်သေး စော်ကားမှုတွေ နှိမ့်ချအနိုင်ကျင့်မှုတွေကို စိတ်ကုန်သွားတာ၊ စိတ်ပျက်သွားတာ"

"ဆောရီး ကိုယ်အမှန်အတိုင်းတွေ ဘာမှမသိခဲ့ရလို့ပါ"

"ဘာ"

"မင်း အပျိုစင်တစ်ယောက်ပဲ မဟုတ်လား ယု"

"ဟင်"

"ဦးထွန်းအောင်မိုးနဲ့လက်ထပ်ခဲ့ပေမယ့် မင်းအိမ်ထောင်သည်ဘဝ မရောက်ခဲ့ဘူး။ အခု မင်းရဲ့သားလို့ပြောနေတဲ့ကလေးကလည်း မင်းရဲ့သွေးသား မဟုတ်ဘူး"

"ဒါ ဒါတွေ ရှင်ဘယ်လိုလုပ်သိတာလဲ၊ ဟင် ရှင့်ကိုဘယ်သူပြောတာလဲ"

"အဲဒါက ဟို"

မင်းနဲ့ကျော်ဇင်မိုး ပြောတာ ချောင်းနားထောင်ခဲ့တာလို့ ပြောလို့ဖြစ်ပါ့မလား။ ရှင်ဘယ်လိုလူစားလဲလို့ ပြန်ရန်တွေ့ခံနေရဦးမည်။

"ဘယ်လိုပဲသိသိ အဲဒါအမှန်ပဲဆိုတာတော့ မင်းဝန်ခံတယ်မဟုတ် လား"





"အဲဒါသိတော့ရော ဘာထူးမှာလဲ၊ ဒါဘယ်လိုတွေပဲဖြစ်ဖြစ် ကျွန်မ အကြောင်းနဲ့ကျွန်မပါ"

"မင်းဘာလို့ အစတည်းက ဒီအကြောင်းတွေ ကိုယ့်ကိုမပြောခဲ့ တာလဲ ယု၊ ချစ်သူတစ်ယောက်ကို ဘာမှရှင်းမပြဘဲ မင်း သစ်စိမ်းချိုးချိုး ရက်ရက်စက်စက် စွန့်ပစ်သွားခဲ့တာ"

"ချစ်သူဆိုတာ လက်မထပ်ရသေးရင် သူစိမ်းပဲ၊ မိဘကိုတောင် ဖွင့်ပြောလို့မဖြစ်တဲ့ကိစ္စတစ်ခုကို ဘာလို့ ရှင့်ကိုရှင်းပြနေရဦးမှာလဲ၊ ရှင်ကရော ချစ်သူတစ်ယောက်ဆိုပြီး နားလည်မှုပေးခဲ့လို့လား၊ ဘာကြောင့်ဖြစ်မှာပါလို့ ကိုယ်ချင်းစာပေးမှုရော ရှိလို့လား၊ အငြိုးတွေ အမုန်းတွေနဲ့လက်စားချေခဲ့ တယ်၊ အထင်သေးစော်ကားမှုတွေနဲ့ တိုက်ခိုက်ခဲ့တယ်"

"အဲဒါက"

"ရှုံ့ရှာသလို နာခေါင်းရှုံ့ခဲ့တာတွေအားလုံး ဒီရင်က မနာကျင်ဘူး၊ မရှက်တတ်ဘူးလို့ ရှင်ထင်နေလား။ မိသားစုအတွက်မို့ ရှင့်လိုလူဆီမှာ သည်းခံ ပြီးအလုပ်လုပ်နေခဲ့တာ သွေးသစ်ဥာဏ်"

"ဆောရီး ကိုယ်"

"ကျွန်မ လုပ်ခဲ့တာတွေအတွက် အဲဒီဆောရီတစ်လုံးနဲ့ ရှင်ကျေနပ် မှာလား။ နှလုံးသားဆိုတာ ဒဏ်ရာရပြီးရင် အနာမကျက်တော့ဘူး၊ ရှင် ကျွန်မကို တောင်းပန်စရာလည်းမလိုပါဘူး။ ရှင်နဲ့ကျွန်မ ဘာမှ မပတ်သက် တော့တာ"

"မဟုတ်သေးဘူး ကိုယ်က"

"တော်ပြီ သွေးသစ်ဥာဏ် ကျွန်မတို့ရဲ့ပတ်သက်မှုတွေ ပြီးဆုံးခဲ့ တာကြာပါပြီ၊ အခု ကျွန်မမှာသားလေးရှိတယ်၊ မိဘတွေရှိတယ်၊ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လုံး သူတို့တွေအတွက်ပဲ ပေးဆပ်သွားမှာ၊ ရှင့်ဆီကတောင်းပန် တိုးလျှိုးမှုတွေမလိုဘူး။ ဂရုစိုက်နားလည်မှုတွေမလိုဘူး၊ အရင်အတိုင်းပဲ ကျွန်မကို အထင်သေးရွတ်ချပြီးပဲ နေသွားပါ''

''ယု''

သူမ နောက်လှည့်မကြည့်။ သူ့ကိုတွန်းဖယ်ကာ ဖြတ်မောင်းလာသည့်တက္ကစီကိုတား၍ တက်လိုက်သွားသည်။ သူ ဘာမှပြောခွင့်မရလိုက်။ သူ ဘာတွေမှားသွားလို့လဲ။ စွန့်ပစ်ခံရလို့ အသည်းကွဲခံရလို့ လက်တုံ့ပြန်ခဲ့ခြင်းအပေါ်မှာ ဘာတွေအလွန်အကျွံဖြစ်သွားခဲ့လို့လဲ။

ဘယ်အားကိုးနဲ့များ သူ့နှလုံးသားကို နောက်ထပ်နင်းချေဖို့ စဉ်းစားနေရတာပါလဲ။ ယု မင်းအရမ်းလွန်တယ်။

■ ■ ■



## အခန်း (၂၄)

''ကိုကို့သဘောနဲ့ကိုကို လုပ်လာတာ အရမ်းလွန်တယ်၊ ဒီကလေး ကိုဘာလို့ ခေါ်လာရတာလဲ၊ ရွှေဖင်တို့အသိုက်အဝန်းထဲ ဒီကလေးကို ခေါ် မသွင်းသင့်ဘူး''

''ဒီကို ခေါ်မလာရင် ဘယ်ကိုသွားပို့ထားရမှာလဲ ရွှေဖင်၊ ဒါ ဖေဖေ တခြားမိန်းမနဲ့ရထားတဲ့ကလေး။ ယု သွေးသားမဟုတ်ဘဲနဲ့ ယုက တစ်သက်လုံး ဒုက္ခခံမွေးရမယ်ဆိုတာ တန်လို့လား။ ယု ဒီကလေးကို ဘာကြောင့်သစ္စာရှိရှိ မိခင်မေတ္တာအပြည့်နဲ့ မွေးမြူထားတယ်ဆိုတာ နင့်ကို ရှင်းပြပြီးပြီပဲ နားလည်မှုပေါ့''

''နားလည်တယ် နားလည်လို့ ကလေးကို ရွှေဖင်တို့မွေးစရာမလို ဘူးလို့ပြောတာ၊ ဖေဖေက သူ့ကို ဒီကလေးစောင့်ရှောက်ဖို့ တန်ရာတန်ကြေး ပေးထားခဲ့တာပဲ၊ သူမွေးပေါ့ စောင့်ရှောက်ပေါ့''

''နင်ကို အဲဒီလိုလုပ်ခံရရင်ရော နင်တစ်သက်လုံး အပျိုဂုဏ်ကို ချပြီး ကလေးအမေအဖြစ်နဲ့နေသွားနိုင်မှာလား၊ အဲဒီလိုလုပ်နိုင်လား ရွှေဖင်''

''ဘာ''



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ချင်းစာစမ်းပါ၊ စာနာကြည့်စမ်းပါ၊ မိန်းမသားချင်း ညှာညှာတာတာတွေးစမ်းပါ၊ အရင်က ယုကို ဖေဖေ့ရဲ့တကယ်တရားဝင် အငယ်အနှောင်း။ ဖေဖေ့ဆီက ပိုင်ဆိုင်မှုတွေမက်လို့ ကလေးပါ မြန်မြန်မွေးလိုက်တယ်၊ သေ ါ်နီးစည်းစိမ်ဥစ္စာတွေ အကုန်လိုချင်လို့ အပိုင်စီးထားတယ်၊ အဲဒီလိုတွေထင်ပြီး ယုကိုမုန်းတာ ရှုတ်ချိုက်ခိုက်တာ ငါလက်ခံတယ်၊ အခုက အဲဒီလိုမဟုတ်ဘူး။ ငါ သေချာစုံစမ်းလို့ရသမျှက ယုဘက်က မရိုးသားတာမရှိဘူး၊ လောဘနဲ့ဖေဖေ့သွေးသားကို စောင့်ရှောက်တာမဟုတ်ဘူး။ မိခင်စိတ်နဲ့မွေးခဲ့တာ၊ ဖေဖေ့ကိုတကယ့်စေတနာသန့်သန့်နဲ့ သမီးတစ်ယောက်ရဲ့မေတ္တာမျိုးနဲ့ ဂရုစိုက်ပြုစုခဲ့တာ၊ မိသားစုကမပေးတဲ့နွေးထွေးမှုတွေ ပေးခဲ့တာ ဖေဖေပေးသင့်လို့ ပေးခဲ့တာတွေရော နင်နဲ့မေမေပဲ ယုဆီကလုယူခဲ့ကြတာ မဟုတ်ဘူးလား"

ရွှေဇင်မိုး ငြိမ်ငြိမ်သက်သက်ကလေးတော့ ဖြစ်သွား၏။ ယုဆီက နေ ကလေးကို အိမ်ခေါ်လာခဲ့တာ ရွှေဇင်မိုး မကျေမနပ်ဖြစ်နေတာပါ။ ကလေးကို အပေါ်ထပ်အခန်းထဲမှာ ကစားစရာတွေ ဂိမ်းနှင့်ဆော့ဖို့တွေ ထားပြီးမှ ကျော်ဇင်မိုး ရှင်းပြနေခြင်းဖြစ်သည်။

သွေးသားအရင်းတွေဖြစ်ပြီး ကလေးရှေ့မှာ ပြဿနာမဖြစ်ချင်လို့ ပင်။ ကျော်ဇင်မိုးက အသက်ပြင်းပြင်းရှိုက်ထုတ်ပစ်ပြီးမှ

"အေး အဲဒီလိုတွေဆိုပေမယ့် ယုက ဒီကလေးကို ငါတို့ကိုပေးမယ်ထင်လား။ သံယောဇဉ်ဖြစ်နေပြီဖြစ်လို့ သူပဲဆက်ပြီး တာဝန်ယူမယ်တဲ့"

"ဟင်"

"ဟုတ်တယ် နင့်စိတ်ကိုသိချင်လို့ ငါ ခေါ်ခေါ်လာတာ၊ ယုက ထည့်ချင်တာမဟုတ်ဘူး၊ ဘာကိုမှ မျှော်လင့်လို့လည်းမဟုတ်ဘူး။ ဖေဖေ့ကို သစ္စာရှိချင်တာထက် ကလေးအပေါ်မှာ သံယောဇဉ်ဖြစ်နေတာ၊ ဒီကလေး





ကြောင့် အိမ်ထောင်ပြုလို့မရရင်လည်း ဒီအတိုင်းတစ်သက်လုံးနေသွားမယ်တဲ့၊ ဘာသွေးသားမှမတော်စပ်တဲ့ယုက ဒီလိုမေတ္တာမျိုးထားနိုင်သေးတာ၊ ငါတို့က အဖေတူ အမေကွဲ သွေးသားရင်း ဒီကလေးအပေါ်မှာ စေတနာ မေတ္တာမထားနိုင်ဘူးလား ပြောပါဦး ရွှေဇင်"

"ဒါကတော့ အခုချက်ချင်း လက်ခံလိုက်ဖို့ဆိုတာ"

"ဘာဖြစ်လဲ ဒီကလေးကို အစတည်းက ဖေဖေ့သွေးသားဆိုတာ သိနေတာပဲ၊ အခုငါတို့ဒီလိုအဆင့်အတန်း စည်းစိမ်ဥစ္စာအပြည့်အဝနဲ့ လုပ်ငန်းကြီးတွေ ပိုင်ဆိုင်ပြီး နေနိုင်တာ ဖေဖေ့ကျေးဇူးတွေနော်၊ ဖေဖေ့ကျေးဇူး ဖေဖေ့မေတ္တာကိုထောက်ထားပြီးတော့ပဲဖြစ်ဖြစ် ငါတို့ဖေဖေသွေးသားကို ဂရုစိုက်စောင့်ရှောက်သင့်တယ်လို့ ထင်တာပဲ၊ တကယ်ဆို ညီလေးက ယုနဲ့ ဘာသွေးသားမှတော်စပ်တာမဟုတ်ပါဘူး"

"ဒါကတော့ သူ ယူထားတဲ့အတိုင်းအတာနဲ့ ဒီလောက်တော့ သုပ်ပေးသင့်တာပဲလေ"

"ရွှေဇင် နင်ဘာလို့ ဒီလောက်တောင် ပြောရဆိုရ လက်ပေါက် ကပ်နေတာလဲ၊ ဒီကလေးအပေါ်မှာ နင်နည်းနည်းမှ သွေးသားသံယောဇဉ် ဖြစ်မိတာမျိုး မရှိဘူးလား"

စိတ်မရှည်စွာ အော်ငေါက်မေးလိုက်သည့်အချိန်မှာ ရွှေဇင်တွေဝေ နေလေးတော့ ဖြစ်သွားခဲ့သည်။ သံယောဇဉ်တော့မရှိဘဲနေပါ့မလား။ ဖေဖေ့ သွေးသားရင်းပဲဥစ္စာ။

ဒါပေမဲ့ ယမင်းယုသွင်ကို အမြင်ကတ်မုန်းကျိုးနေတာကြောင့် ကလေးကိုပါ အလိုလို မုန်းတီးချင်ဟန်ဆောင်နေခဲ့မိခြင်းဖြစ်သည်။ အခုတော့ ယမင်းယုသွင်ရဲ့သွေးသားမဟုတ်တဲ့၊ ဖေဖေ တခြားမိန်းမနှင့်ရသည့်ကလေး ကို အပေးအယူတစ်ခုနှင့် စောင့်ရှောက်နေခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စေတနာမေတ္တာတကယ်မပါခဲ့လျှင် ဖေဖေ သေဆုံးသွားသည်နှင့် ဒီကိစ္စတွေလည်း အဆုံးသတ်သွားနိုင်သည်။ အခုတော့

"ယမင်းယုသွင်က တကယ် ကလေးကိုမပေးဘူး၊ သူမွေးမှာတဲ့လား"

"ဟုတ်တယ် သူမွေးမှာတဲ့၊ ဟိုက အိမ်ကိုရောင်းလို့ရတဲ့ငွေထဲက တစ်ဝက်ပေးမယ်ဆိုတာလည်း လက်မခံဘူး၊ သူ့မှာအခက်အခဲဖြစ်နေတာကို ဖေဖေက ညီလေးအတွက် ဘဏ်မှာအပ်ထားတဲ့ငွေလည်း ထုတ်မသုံးဘူး၊ သွေးသစ်ဉာဏ်ဆီမှာ အပင်ပန်းခံပြီး အလုပ်လုပ်နေတယ်၊ ကိုကိုကတော့ ဟိုကရတဲ့ငွေတစ်ဝက်ကို ယုကိုရအောင်ပေးမယ်၊ ဖေဖေကျန်းမာရေးမကောင်းတဲ့အချိန်မှာ မိသားစုကိုယ်စားပြုစုစောင့်ရှောက်ပေးတာနဲ့တင် တန်ပါတယ်"

ရွှေဖင်မိုး ငြင်းဆန်ခြင်းမပြု။ ယမင်းယုသွင် လောဘမရှိတာ လက်ခံမိလို့ပင်။ ဖေဖေသေဆုံးစဉ်က ဖေဖေပေးခဲ့သော ထိုအိမ်ကြီးပေါ်က သားအမိနှစ်ယောက်ဆွဲထုတ် နှင်ချမတတ်လုပ်ခဲ့တာတောင် ဘာမှစောဒက မတက် ဆင်ခြင်မပေးဘဲ ဆင်းသွားခဲ့သေးတာ။ တကယ်ဆို ဖေဖေ့အပေါ် မိမိတို့သားအမိနှစ်ယောက်လုံး ဝတ္တရားမကျေ တာဝန်မကျေခဲ့ကြပါ။

ကျန်းမာရေးမကောင်းတာ မပြောခဲ့ဘူးဆိုတာထက် ပြောခဲ့လျှင်လည်း ဖေဖေ့အပေါ် ကိုယ်ဖိရင်ဖိ ဂရုစိုက်စောင့်ရှောက်ဖြစ်ခဲ့ကြမှာ မဟုတ်ပေ ယမင်းယုသွင်ကို ဖေဖေ ရွေးချယ်လိုက်တာ မှန်သွားပါသည်။

"ငါဆုံးဖြတ်တာ ဘယ်လိုသဘောရလဲ ရွှေဖင်"

"ကိုကိုကောင်းသလိုသာ စီစဉ်ပါ၊ ဒါပေမဲ့ ကလေးကိစ္စ ဘယ်လိုလုပ်မှာလဲ၊ ကလေးက ယုကိုပဲခင်တွယ်တာတော့ အမှန်ပဲ"

"အမေရင်းမဟုတ်ဘူးဆိုတာ ပြောရင်တော့ နားလည်မှာပါ၊ ငါ





နဲ့ဘယ်လိုပတ်သက်မှုရှိတယ်ဆိုတာ ပြောတာကိုတောင် နားလည်သေးတာပဲ၊ ယုကတော့ သူကအမေရင်းမဟုတ်ဘူးဆိုတာ ကလေးကိုအသိမပေးစေချင်သေးဘူး၊ ငယ်သေးတဲ့အတွက် စိတ်ဒဏ်ရာတွေအဆင့်ဆင့် ရသွားမှာစိုးရိမ်နေတယ်"

"အခုခေတ်ကလေးတွေက အသိဉာဏ်တွေဖွံ့ဖြိုးနေပါပြီ တကယ်လို့ ကလေးက ဒီမှာနေချင်တယ်ဆိုလည်း နေပစေပေါ့"

ရွှေဖင်မိုး အများကြီးအလျှော့ပေးလိုက်တာ ကျေးဇူးတင်ရသေးသည်။ တစ်ခုခု စဉ်းစားနေသည့်ပုံဖြစ်နေခြင်းကိုတော့ စိတ်ထဲကသိက အောက်ဖြစ်ရ၏။

"နင်ဘာတွေစဉ်းစားပြီး ကြိတ်စည်နေတာလဲ ရွှေဖင်"

"ကြိတ်စည်တာမဟုတ်ပါဘူး စဉ်းစားနေတာ"

"ဘာစဉ်းစားတာလဲ"

"ယုနဲ့သွေးသစ်ဉာဏ်ရဲ့ပတ်သက်မှု"

"ဘာ"

"အလုပ်ရှင်အလုပ်သမား ဆက်ဆံမှုမျိုးမဟုတ်ဘူး၊ ယုအပေါ်ကို သွေးသစ်အမှန်းအငြိုးတစ်ခုခု ရှိနေသလိုပဲ၊ အဲဒီတစ်ခုခုကြောင့်ပဲ ယု ဘယ်လောက်ကောင်းအောင်လုပ်လုပ် အကောင်းမမြင်နိုင်တာလို့ ထင်မိတယ်"

"ရွှေဖင်က ဘယ်လိုခံစားမိလို့လဲ"

"ဝန်ခံရရင် သွေးသစ်ဉာဏ်ကို ရွှေဖင် စိတ်ဝင်စားမိတာ အမှန်ပါပဲ၊ သွေးသစ်ဉာဏ်ကလည်း ရွှေဖင်အပေါ်လိုက်လျောသလိုလိုပဲ၊ ဒါပေမဲ့ အဲ ဒီတ်လျှောမှုဟာ တကယ်မဟုတ်ဘူး၊ ဟန်ဆောင်တာဆိုတာ ရွှေဖင် ခံစားမိတယ်၊ ယောကျ်ားလေးတစ်ယောက်ရဲ့စိတ်ကို မိန်းကလေးကပဲခံစား



www.burmeseclassic.com

www.burmeseclassic.com



တတ်တာ၊ သူတို့ကိုယ်သူတို့ ဘယ်လိုပဲဟန်ဆောင်ကောင်းကောင်း မိန်းကလေးကတော့ အပေါ်ယံလား။ လေးနက်မှုရှိသလား။ တခြားအပေါ်စိတ်ရောက်နေတာလားဆိုတာ ပိုခံစားမိကြတယ်"

"နင်ဆိုလိုတဲ့သဘောက"

"ဒီမတိုင်ခင်က ယောကျ်ားလေး မိန်းကလေးပတ်သက်မှုမျိုး ရှိလိမ့်မယ်လို့ ထင်ပါတယ်"

"ဪ"

"ဘယ်လောက်ထိ ပတ်သက်ခဲ့ဖူးလဲဆိုတာတော့ ရွှေဖင်မသိပါဘူး။ ဒါပေမဲ့ ရွှေဖင်ခန့်မှန်းမိသလောက် သေချာတာက သာမန်ပတ်သက်ခဲ့မှုမျိုး မဟုတ်ဘူး။ ရင်းနှီးတဲ့ဆက်ဆံရေးဆိုတာထက် အဲဒီထက်နက်ရှိုင်းမှုမျိုးလည်း ရှိချင်ရှိခဲ့လိမ့်မယ်"

"အဲဒီလိုလား"

ကိုယ်ကတော့ အဲဒီလိုဖြစ်နေလိမ့်မည်ဟု သံသယတောင်မဝင်မိပေ။ ကြုံဆုံလိုက်တိုင်းလည်း ယုအပေါ် သွေးသစ်ဥာဏ် ညာတာမှုမရှိခဲ့တာ။ လုပ်ငန်းရှင်မို့ အမိန့်အာဏာတွေနှင့် အထက်စီးက ဆက်ဆံသည်ဟု ပင် ထင်ခဲ့သည်။

ယု ပင်ပန်းရတာကို စိတ်မကောင်းဖြစ်နေမိတာပါ။ ဒါကြောင့်လည်း သွေးသစ်ဥာဏ်ဆီမှာ အလုပ်မလုပ်စေချင်တော့တာ သွေးသစ်ဥာဏ်က လုပ်ငန်းဘက်မှာ အရည်အချင်းအစွမ်းအစရှိကာ အောင်မြင်ပေမယ့် အဲ့ကောင်းတစ်ခုရှိလို့ ဒီလောကမှာအချိန်တိုအတွင်း ဝင်ဆံ့ခြင်းဖြစ်သည်ဆိုတာ ကောလဟာလဟုတ်ဟန်မတူ။

ဘယ်အချိန်တုန်းက ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ အခုလက်ရှိအချိန်မှာ တိုး





ဘက်အောင်မြင်နေဖို့က အဓိကပဲမဟုတ်ပါလား။

"နင့်ကိုတစ်ခုလောက် မေးချင်တယ် ရွှေဖင်၊ နင်နဲ့သွေးသစ်ဥာဏ် အခြေအနေကရော"

"ဘာအခြေအနေရမှာလဲ၊ ရေလာမြောင်းဖောက်ပေးနေတာတောင် ရေကစီးမလာဘူး။ အဲဒါကြောင့် ပြောတာပေါ့၊ ယုရှေ့မှာဆို ရွှေဖင်ကို ချစိုက်သလိုလို လိုက်လျှောမှုရှိသလိုလိုနဲ့ ယု ကွယ်ရာမှာဆို အတည်အတံ့ အထာကြီးနဲ့ သူမဟုတ်တော့သလိုပဲ"

"ဒါဆို နက်ရှိုင်းတဲ့ပတ်သက်မှုရှိလိမ့်မယ်လို့ နင်ခန့်မှန်းတာ မှန်နိုင်တယ်ပေါ့"

"ဪ မိန်းကလေးတွေကပဲ လူကဲပိုခတ်တက်ပါတယ်ဆို"

ကျော်ဖင်မိုးရင်ထဲ ဘာကြောင့်မှန်းကျုပ်သွားခဲ့မှန်း မသိပေ။ ယုရဲ့ နှီးသားဖြူစင်မှုလေးတွေကြောင့် ယုကိုစိတ်မဝင်စားခဲ့မိတာတော့ အမှန်ပါ။ ဖေဖေနှင့်ပတ်သက်ခဲ့တာဆိုတော့လည်း မဖြစ်သင့်တာတွေစဉ်းစားရင်း ညီမလေးတစ်ယောက်လိုသာ ရိုးသားစွာဆက်ဆံခဲ့သည်။ အခု ဒီစကားတွေ ကြားလိုက်ရတော့ ရင်မှာတုန်လှုပ်သလို ဖြစ်သွား၏။

"ကိုကိုကရော"

"ဘာလဲ"

"ယုအပေါ်ကိုပြောတာ ယုကိုဆို ကိုကို ဂရုစိုက်လွန်းတယ်၊ ယုတာထက်ပိုလွန်းတယ်လို့ပြောတာ၊ ဖေဖေသေပြီးနေသာသလိုနေလို့ရတဲ့ ကိစ္စတွေမှာလည်း မနေခဲ့ဘူး။ အခုထိ အဆုံးမသတ်သေးတဲ့ငြိတွယ်မှုတွေအပေါ် ဖေဖေ လက်ထပ်ပေးမယ်ဆိုတုန်းက လက်မထပ်ခဲ့မိတာကိုတောင် နောင်တ ရနေသလိုပဲ ဟုတ်တယ်မဟုတ်လား ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီစကားကို မဟုတ်ပါဘူးလို့တော့ ငါ မငြင်းချင်ပါဘူး။ ဒါပေမဲ့ ဖြစ်သင့်တာမဖြစ်သင့်တာကိုတော့ ငါနားလည်ပါတယ်၊ ယု ဘယ်လိုပဲ ရိုးသားတယ်ပြောပြော ဖေဖေနဲ့အိမ်ထောင်သည်တစ်ယောက်လို ပတ်သက်မှု မရှိဘူးပဲဆိုဆို တရားဝင်လက်ထပ်စာချုပ်နဲ့ လက်ထပ်ခဲ့တဲ့ချုပ်နှောင်မှုတွေ ရှိခဲ့တယ်၊ မောင်နှမလိုစိတ်ဓာတ်နဲ့ စောင့်ရှောက်တာပဲ သင့်တော်ပါလိမ့်မယ်"

"ဒီစကားကြားရတဲ့အတွက်တော့ ဝမ်းသာပါတယ်၊ ကျေးဇူးလည်း တင်ပါတယ်ကိုကို၊ ကိုကိုက အရမ်းကို ဂရုစိုက်လွန်းတော့ အဲဒီအတွက် စိုးရိမ်မိခဲ့တာအမှန်ပဲ၊ မဖြစ်သင့်တာ ကိုကို မတွေးမိမှာစိုးလို့ပါ"

"အဲဒီလောက် ကိုကို ဦးနှောက်မမဲ့ပါဘူး ရွှေဖင်ရယ်၊ မျိုသိပ်ရမယ့်အရာကို မျိုသိပ်နိုင်တဲ့ရင့်ကျက်မှုတွေလည်း ရှိနေပါပြီ၊ တစ်ခုပဲ ယု အခက်အခဲဖြစ်မှာ"

"ကလေးကိုခေါ်ထားမယ်ပြောလို့လား။ သူတစ်သက်လုံး အိမ်ထောင်မပြုဘဲတော့ နေမှာမဟုတ်ဘူး။ ကလေးကို သံယောဇဉ်မပြတ်လို့ဆိုရင်လည်း ယုတို့မတရားရာရောက်ဦးမယ်၊ ယုတို့ကို ကလေးသံယောဇဉ်ဖြစ်အောင် ဒီလိုမျိုး ခဏခဏ ခေါ်ထားမှဖြစ်မယ်ထင်တယ်"

ရွှေဖင်ဆီက ထိုစကားကြားတော့ ကျော်ဇင်မိုး ငိုတိတိဖြစ်သွားမိလေသည်။ ဒီလောက်ဆိုလျှင်ဖြင့် နောက်ဆံတင်းစိုးရိမ်ရမည့်ကိစ္စတွေလည်း ရှိတော့မည်မထင်ပါ။

ဒါပေမဲ့ ယုကိုစိတ်မချခြင်း နှောင်တွယ်မှုလေးတွေတော့ ရှိနေသေးကာ။

■ ■ ■



## အခန်း (၂၅)

"ဘာ ယုက အလုပ်ထွက်စာတင်တယ်၊ ဘယ်ချိန်တုန်းကလဲ၊ သူကိုယ်တိုင်လာသွားတာလား။ လူကြုံနဲ့ပေးလိုက်တာလား"

အလုပ်ထွက်စာတင်သည့်စာအိတ်ကို ဖွတ်ခွဲဖြဲကာ ဖတ်ကြည့်ပြီး သွေးသစ်ဉာဏ် ဖွတ်အတင်းမေးသည်။ ကိုဖေယျာက မျက်နှာမကောင်းစွာ နှင့်ပင်

"ကုမ္ပဏီမဖွင့်ခင် ငါတို့ရောက်တဲ့အချိန်လေးမှာပဲ ယုကိုယ်တိုင် လာပေးသွားတာ၊ ငါတို့ကိုလည်း နှုတ်ဆက်သွားတယ်"

"ဘာသဘောလဲ အဲဒါ ဘာသဘောလဲ၊ သူ့ကိုဘယ်သူကထွက်ခွင့်ပေးလို့လဲ၊ ကုမ္ပဏီက သူဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်းထွက်လို့ရတဲ့ သလာယံဇရပ်လား"

"မင်းကလည်း ဘာဖြစ်တာလဲ၊ အလုပ်သမားဆိုတာ သူမလုပ်ချင်ရင် ထွက်မှာပေါ့ကွ၊ ဘယ်နှလ ဘယ်နှနှစ်လုပ်ရမယ်လို့ စာချုပ်ချုပ်ထားတဲ့ မှမဟုတ်တာ"

"ကျွန်တော် ချုပ်ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

ကိုဇေယျာ အံ့သြသွားသည်။ ဘယ်ချိန်တုန်းကများ ချုပ်လိုက်တာလဲ။ တခြားကုမ္ပဏီတွေလို ဝန်ထမ်းလုပ်ချင်ချင် မလုပ်ချင်ချင်သက်တမ်းနှင့်ဗိအားပေးပြီး စာချုပ်မချုပ်ရဘူးလို့ ဒီကောင်ပဲပြောထားတာ။ ဝန်ထမ်းတွေကိုပျော်အောင် စိတ်ချမ်းသာအောင်ထားရမည်။

နောက်ကြောင်းအခြေအနေကြည့်ကာ လိုအပ်တာကူညီပေး၍ ဦးစားပေးစေတနာထားရမည်လို့ သူပဲစည်းကမ်းတွေသတ်မှတ်ထားတာပြော် တခြားသူဌေးတွေနှင့်မတူသည့်ကောင်ပါလို့တောင် ချီးကျူးနေမိခဲ့တာပါ။

"မင်းဘယ်အချိန် ဘယ်လိုပုံစံမျိုးနဲ့ စာချုပ်ချုပ်လိုက်တာလဲ ပြောစမ်းပါဦး၊ ငါတို့တောင် မသိတဲ့မင်းနဲ့ယုကြားမှာ ရှိလိုက်သေးလား"

"ခင်ဗျားတို့ သူ့ကိုသတ်မှတ်ပေးတဲ့လစာက နည်းတာမဟုတ်ဘူးလေ၊ အဲဒီထက်ကို ငါးသိန်းပိုပေးပြီး အဲဒီစာချုပ်ကို ချုပ်ခဲ့တာ၊ ခင်ဗျားတို့ယုက မိသားစုအတွက် ရုန်းကန်နေတာ အဆင်မပြေဘူးလို့ပြောခဲ့တယ်မဟုတ်လား။ ကျွန်တော်က စေတနာနဲ့ပါ"

"အေး ဟုတ်ပါပြီ မင်းရဲ့စေတနာ ဒါနဲ့ စာချုပ်ထဲ ဘယ်လိုအကြောင်းအရာတွေထည့်ချုပ်ခဲ့တာလဲ ပြောပြစမ်းပါဦး"

"သုံးနှစ်အပြည့် ကုမ္ပဏီကနေ ဘယ်လိုအကြောင်းနဲ့မှ ထွက်ခွင့်ပြောင်းခွင့် ရွှေ့ခွင့်မရှိဘူး။ ထွက်ခဲ့ရင် ကျန်တဲ့လအရေအတွက် နှစ်အစေအတွက်အတိုင်း လစာငွေလျော်ကြေးပေးရမယ်"

"ဘာ ဟာ သွေးသစ်ဉာဏ် ကြားတောင်မကြားဘူးတာဗျာ





မင်းကိုငါတို့က သူတော်ကောင်းထင်နေတာ၊ မင်းက သူယုတ်မာပဲကွ။ မင်းပြောသလိုဆိုရင် ယုကမင်းကို သိန်းလေးငါးရာမကတောင် လျော်ကြေးပေးရတော့မှာပေါ့။ ယု ဒီကုမ္ပဏီကိုလုပ်တာ ငါးလလောက်ပဲရှိသေးတယ်၊ လပေါင်းသုံးဆယ်တစ်လစာလျော်ကြေးပေးရမယ်၊ အဲဒီစာချုပ်ကို ယုက သေချာဖတ်ပြီး လက်မှတ်ထိုးတာရော ဟုတ်ရဲ့လား"

"အဲဒါတော့ မသိဘူး"

"ဘာ"

သွေးသစ်ဉာဏ် ကလိမ်ကကျစ် အကောက်ကြံလိုက်ပြီဆိုတာကိုဇေယျာ သဘောပေါက်လိုက်သည်။ ဟိုလိုလိုဒီလိုလိုနှင့် ဒီအကြောင်းအရာတွေ ရေးထားသော စာချုပ်ပေးမှာ လက်မှတ်ထိုးခိုင်းခဲ့တာပဲဖြစ်မည်။ သွေးသစ်ဉာဏ်ကို အရမ်းကိုစိတ်ပျက်သွားမိသည်။

"မင်းဘာကြောင့် အဲဒီလို လုပ်ခဲ့တာလဲ သွေးသစ်ဉာဏ်၊ မင်းအရင်က အဲဒီလိုအောက်တန်းကျသူမျိုး မဟုတ်ပါဘူး"

"ကျွန်တော် အမှန်အတိုင်းဝန်ခံလို့ရမလား ကိုဇေယျာ"

"ပြောစမ်းပါဦး"

ကိုယ်ပြောတာ စိတ်မဆိုးဘဲ မေးခွန်းထုတ်လာတော့ မေးဇော်ကာတောင်းဆိုရ၏။ သွေးသစ်ဉာဏ် မျက်နှာက အလေးအနက်ဖြစ်နေလျက်

"ကျွန်တော် အသည်းကွဲခဲ့ရတယ်၊ စွန့်ပစ်ခံခဲ့ရတယ်ဆိုပြီး ယုကိုကျွန်တော် မုန်းတီးနေခဲ့တာ၊ နာကြည်းနေခဲ့တာမှန်ပါတယ်၊ အဲဒီအမုန်းတွေနာကြည်းမှုတွေကြောင့်ပဲ ကျွန်တော် သူ့အပေါ်အနိုင်ကျင့်ခဲ့တာ ဖိနှိပ်လေးဆံခဲ့တာ၊ အထင်သေးပြီး ဖိအားတွေပေးခဲ့တာ ဒါပေမဲ့"

"ဘာဖြစ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သူ့ကို တကယ်မုန်းနေခဲ့တာမဟုတ်ဘူး ကိုဖေယျာ"

"ဘယ်ယောကျ်ားနဲ့မှ မအိပ်ဘူးတဲ့၊ အပျိုစင်ဖြစ်နေလို့ ဒီစကား ပြောင်းပြောတာလား"

"ခင်ဗျား အဲဒီလိုပြန်မေးတော့မယ်ဆိုတာ ကျွန်တော်သိတယ်၊ တကယ်လည်း ခင်ဗျားပြောသလို သူ အပျိုစင်ဘဝအတိုင်းပဲရှိသေးတယ် ဆိုလို့ ကျွန်တော့်ကိုယ်ကျွန်တော် ပြန်သုံးသပ်မိတာ ဝန်ခံရမှာပဲ"

"ထင်သားပဲ"

ကိုဖေယျာအကောင်းမမြင်နိုင်ဘဲ ငေါ့ပြောနေတာ သူသိသည်။ ဒါပေမဲ့ ကိုဖေယျာကို စိတ်မဆိုးမိ။ အစတည်းက သူ့ကိုသာ အပြစ်ပြော ပြီး ယုဘက်က ကာကွယ်ခဲ့သူတွေ မဟုတ်ပါလား။

"ခင်ဗျားတို့ကျွန်တော့်ကို အပြစ်ပြောလို့ရပါတယ် ဆဲလို့လည်း ရတယ်၊ အမှန်အတိုင်း ဝန်ခံလို့ မသနားရင်လည်းနေပါ၊ ဒါပေမဲ့ ကျွန်တော် အမှန်အတိုင်းပဲပြောပါရစေ၊ ကျွန်တော်အရင်တည်းက အခုထိ ချစ်နေတုန်းပဲ ကိုဖေယျာ၊ မုန်းတယ်လို့ထင်နေခဲ့တာမဟုတ်ဘူး၊ နာကြည်းပြီး အထင်သေး ရွံ့ရှာနေခဲ့တာမဟုတ်ဘူး။ သူ့ကိုချစ်တဲ့စိတ်နဲ့ သူအထင်ကြီးတဲ့ယောကျ်ား တစ်ယောက်ဖြစ်အောင် ကြိုးစားခဲ့တာ ကျွန်တော် သူ့ကို သိပ်ချစ်နေလို့ပဲ၊ ဒါပေမဲ့ ယုက ကျွန်တော်နိုင်းတာလုပ်ပြီး ကျွန်တော့်ကို အေးစက်စက် ဆက်ဆံခဲ့တယ်၊ အထင်ကြီးတာ ဂုဏ်ယူတာ၊ သူမ ထားရစ်ခဲ့သေးအချိန် ကနဲ့ စွန့်ပစ်သွားပြီးနောက်ပိုင်း ကျွန်တော့်ရဲ့ကြိုးစားမှု ပြောင်းလဲမှု တိုးတက် မှုတွေအားလုံး သူ့အတွက်ဘာမှမထူးဆန်းသလိုပဲ၊ ဘာဆိုဘာမှ မဟုတ် သလိုပဲ"

"ဪ မင်းကလည်း"





"အဲဒါကို ကျွန်တော် ခံစားရတာ အဲဒါကို ဗိုနာကျင်တာ သူများ တွေ ပါးစပ်ဖျားမှာ ကျွန်တော်က လူတော်တစ်ယောက်ဖြစ်နေပေမယ့် သူ့ အတွက်တော့ ကျွန်တော်က တိရစ္ဆာန်တစ်ကောင်လောက်တောင် တန်ဖိုး မရှိသလိုပဲ၊ အဲဒါကြောင့် ကျွန်တော် သူ့ကို ဗိုလုပ်ပြနေတာ၊ သဝန်တိုမလား ဟုတ်ထိမလားလို့ ရွဲ့ဖင်နဲ့တွဲပြနေတာ၊ ဒါပေမဲ့ သူတုန်လှုပ်မသွားဘူး၊ သွေးမျက်မသွားဘူး၊ နည်းနည်းပါးပါး ခံစားလိုက်ရတဲ့အရိပ်အရောင်တောင် မရှိဘူး၊ ဒါကြောင့် ကျွန်တော့်မျက်စိအောက်က ပျောက်မသွားအောင် မဖြစ် နိုင်တဲ့စာချုပ်ကို သူမသိအောင်ချုပ်လိုက်တာ"

"အဲဒါ မင်းလွန်တယ်"

"ဗျာ"

ကိုဖေယျာ ခပ်တည်တည်ပြောခြင်းဖြစ်၏။ တကယ်ကို သူ့ကို စိတ်ပျက်နေသည့်ပုံစံပင်။ ထိုင်ရာကပင် ထရပ်လိုက်ပြီး

"ယုကို အလုပ်ခန့်စကလည်း အစမ်းခန့်ကာလကို သုံးလမဟုတ် ဘဲ တစ်နှစ်လို့ သတ်မှတ်တယ်၊ အခုလည်း လစာငါးသိန်းထပ်တိုးပေးသလို လိုနဲ့ မပေးနိုင်မယ့်လျော်ကြေးတွေနဲ့ ချုပ်ကိုင်လိုက်တယ်"

"အဲဒါ ကျွန်တော်နားမှာ ရှိစေချင်လို့လေ ကိုဖေယျာ"

"အဲဒါ မင်းရဲ့ယူဆချက်လေ၊ ယုကတော့ အဲဒီလိုပါလို့ သဘော ပေါက်မှာလား၊ သူမသိအောင်လုပ်ထားတဲ့ကိစ္စအတွက် မသင့်တော်တာ တွေးချင်တွေးဦးမယ်၊ အခုက ယု ဘာဆိုတာသိထားတဲ့အတွက် ယုကို သူ အပိုင်မကြံဘူး၊ မက်လုံးပေး မစည်းရုံးဘူးလို့ ပြောနိုင်မလား"

"အဲဒီလိုလုပ်တော့ရော ကလေးအတွေးနဲ့အလွယ်လက်ခံမလား စဉ်းစားဆင်ခြင်တတ်တဲ့အရွယ်၊ ယုမှာ ဦးနှောက်ရှိတယ်၊ ရင့်ကျက်တဲ့အသိ



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်တွေရှိတယ်၊ ဖြစ်သင့်လား သင့်တော်လား ယု စဉ်းစားမှာပေါ့''

''ဒီကောင်က အပိုဖယားတွေခင်းလွန်းတယ်၊ ကြင်နာပြ ဂရုစိုက်ပြနဲ့၊ အဲဒါတွေကို ယု မသာယာဘူးပြောနိုင်မလား ကိုဖေယျာ၊ မိန်းမသားဆိုတာ စိတ်ကပိုပြီးနူးညံ့လွယ်တယ်၊ ယိမ်းယိုင်လွယ်တယ်''

''ငါ့အထင်တော့ မင်းကပိုပြီး ယိမ်းယိုင်နူးညံ့နေတာ၊ ပျော့ညံ့လွန်းတယ်ပဲပြောရမလား။ မကြံ့ခိုင်ဘူးပဲပြောရမလား။ ကိုယ့်စိတ်ခံစားမှုကိုပဲ ဦးစားပေးလွန်းတယ် ပြောရမလား''

''ကိုဖေယျာ ခင်ဗျားဘာလို့ ကျွန်တော့်ကို အဲဒီလိုဝေဖန်ရတာလဲ အေးအေးဆေးဆေး ထိုင်ပြောစမ်းပါ''

စကားပြောဖော် လူလိုနေသလို ကိုဖေယျာလက်ကိုဆွဲကာ ထိုင်ခိုင်း၍ သွေးသစ်ဉာဏ် မေးသည်။ ကိုဖေယျာက ခပ်မဲ့မဲ့ပြုံးလျက်

''ယုအပေါ် မင်းလုပ်ခဲ့တာတွေအားလုံး စိတ်ဓာတ်မပြည့်ဝလို့ပေါ့ကွာ၊ ယုအပေါ် နားလည်ပေးတာ စာနာပေးတာမျိုးရှိလို့လား။ မင်းခံခဲ့ရသလောက် ယုကိုလက်တုံ့ပြန်ဖို့ပဲ စဉ်းစားနေတာ၊ အခုစာချုပ်ကိစ္စ မင်းမတရားဘူးဆိုတာ မင်းကိုယ်မင်း သိမှာပါ''

''သူကလည်း ငွေငါးသိန်းကို မက်ပြီးစာချုပ်ကို မကြည့်ဘဲ လက်မှတ်ထိုးခဲ့တာပဲလေ''

''ဟုတ်ပြီ ယု ငွေမက်တယ်ပဲထားပါ၊ မင်းက ဘယ်လိုပြောပြီး လက်မှတ်ထိုးခိုင်းလို့ ယုက သုံးရတာလဲ''

''ကုမ္ပဏီမှာ မင်းလုပ်တာ သုံးလကျော်သွားတဲ့အတွက် လစာငါးသိန်းထိုးပေးမယ်၊ အဲဒီအတွက် စည်းကမ်းချက်နည်းနည်းတိုးတဲ့အပေါ်မှာ မင်းလက်မှတ်ထိုးပေးရမယ်လို့ ပြောလိုက်တယ်၊ အစက သူ စာချုပ်ကို





ဖတ်မယ်လုပ်သေးတယ်၊ ကျွန်တော်က မီတင်ကိစ္စအရေးကြီးသလိုလိုနဲ့ ဖတ်မနေနဲ့ မြန်မြန်ထိုးလို့ ပြောလိုက်တာ''

''အကြံကတော့ ပိုင်ပါပေ့ကွာ၊ အေးလေ အခု ယုက အလုပ်ထွက်သွားပြီဆိုတော့ မင်းဘာဆက်လုပ်မှာလဲ''

''စာချုပ်ကို ပြပြီး လျော်ကြေးတောင်းရမှာပေါ့''

''ဘာ''

''မလျော်နိုင်ရင်တော့ အလုပ်မထွက်ဘဲ ဒီမှာဆက်လုပ်ရုံပဲ ရှိတာပဲ၊ အလကားလည်းမဟုတ်ဘူး။ လစာနဲ့လုပ်ရမှာ ကျွန်တော် ဘာမတရားတာရှိလို့လဲ''

''အေး ငါဘာမှမပြောတော့ဘူး။ မင်းလုပ်ချင်သလိုသာ လုပ်တော့''

သွေးသစ်ဉာဏ်ကို ကိုဖေယျာ အတော်လေး စိတ်ပျက်စိတ်ကုန်သွားသည်။ ယုနှင့်ပတ်သက်လျှင် သွေးသစ်ဉာဏ် တစ်ဖက်စွန်းရောက်လွန်းတာတော့ ငြင်းလို့မရပေ။

ဒါဟာ အချစ်ကြောင့်ပဲလား။ တကယ်အချစ်ကြောင့်ဆိုလျှင် ဒီထက်နည်းနည်း နူးညံ့သိမ်မွေ့သင့်သည်ဟု ထင်မိသည်။

မင်းအချစ်တွေ နည်းလမ်းမှန်လိုက်မည်ဆိုလျှင်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

"အဲဒီကိစ္စ ဘယ်လိုဖြစ်တာလဲ သမီး၊ သမီးအလုပ်ထွက်ရင် ကုမ္ပဏီ မှာလျော်ကြေးပေးရမယ်ဆို၊ အစက အဲဒီစာချုပ်မျိုး မပါဘူးမဟုတ်လား"

"ဟုတ်တယ် မပါဘူး၊ ယုလည်း အဲဒါကိုစဉ်းစားမရဘူးဖြစ်နေတာ၊ ဒါကြောင့် မန်နေဂျာ ကိုဖေယျာတို့ ဖုန်းဆက်ပြီးပြောပြမှပဲ ယုလည်းသိရတယ်၊ ယု လက်မှတ်ထိုးမိလိုက်တဲ့စာချုပ်မှာရေးထားတာက အဲဒီအကြောင်းအရာတွေတဲ့"

"အဲဒါမသိအောင် လိမ်ညာအကွက်ဆင်တာ မတရားမှုပဲ၊ သူ့ဘက်က ငွေမလျော်လို့ တရားစွဲရင်စွဲပစေ၊ သမီးလည်းရှေ့နေငှားပြီး ရင်ဆိုင်လိုက်ပေါ့ သမီး၊ မတရားတာလုပ်လို့တော့ ဘယ်ရမလဲ"

"အဲဒီလိုတွေ ရုံးရောက်ဂတ်ရောက်တွေတော့ မဖြစ်ချင်တော့ပါဘူး၊ သူခေါ်ထားတာကို ယု ညှိကြည့်ဖို့သွားလိုက်မယ်၊ အဆင်မပြေရင်လည်း ကုမ္ပဏီမှာပဲ ဆက်လုပ်ရုံပေါ့"



"ရုပ်ကလေး သနားကမားနဲ့ အဲဒီလိုလုပ်မယ့်သူလို့ မထင်ရဘူး၊ မေမေကတော့ ဒီလို အနိုင်ကျင့်တာ မကျေနပ်နိုင်ဘူးကွယ်"

ယုလည်း မကျေနပ်ပါဘူးလို့ ပြောထွက်ချင်ပေမယ့် မိဘတွေ စိတ်ဆင်းရဲမှာစိုး၍ ငြိမ်သက်နေလိုက်ရသည်။ ဒီသတင်းကိုကြားတော့ ရင်ထဲမှာ တဆစ်ဆစ် တဖျစ်ဖျစ်မြည်အောင် နာ၏။

သူမအပေါ် အထင်သေးစွာ ကလိကကျစ် ယုတ်မာလိုက်တာဆိုသည့် အတွေးတွေလည်း ခဏခဏဝင်၏။ ဘာကြောင့်များ ဒီလိုလုပ်ရက်ရတာလဲ။ သူ့အပေါ် သူမမှားယွင်းခဲ့တာ မှန်ပါသည်။

အပြစ်ရှိတာလည်း ဝန်ခံပါသည်။ ဒါပေမဲ့ ဒီနေ့ထိ သူ့ကို သူမ မမေ့ခဲ့။ အမုန်းတွေနှင့်လမ်းခွဲခဲ့ရတာမဟုတ်၍ ရင်မှာတမြေ့မြေ့လောင်ကျွမ်းနာကျင်စွာ ခံစားခဲ့ရသည်။

ရင်မဖွင့်သာသောဝေဒနာတွေ မွေ့ပိုက်လွယ်ပိုးထားရင်း သူ့ဘဝအဆင်ပြေပါစေ၊ နေစဉ်လို ဆုတောင်းမေတ္တာပို့ခဲ့သည်။ သူ့ကိုချစ်သည့်စိတ်ကြောင့် မျက်ရည်တွေနှင့် ကျော်ဖြတ်ခဲ့ရသည့်နေ့ရက်တွေချည်းပဲ သူ သိခဲ့မှာမဟုတ်။

"သမီးလေး"

"ရှင် ရှင် မေမေ"

"ဘာတွေတွေးမိသွားလို့လဲ သမီး၊ သမီးမှာအခက်အခဲရှိရင် အဲဒီသူဌေးကို မေမေ ကိုယ်တိုင်သွားပြောမယ်၊ အိမ်ကိုလာတုန်းက ဒီလိုစိတ်ဓာတ်ရှိမယ့်လူလို့ မထင်ရဘူး"

"ရှင် အိမ်ကိုလာတယ် သူက"

"အင်းလေ သူက သမီးကိုပြောမနေပါနဲ့ဆိုလို့ မေမေတို့မပြော

www.burmeseclassic.com



တာ၊ သမီးအပြင်ကပြန်လာတော့ သစ်သီးတွေမြင်လို့တောင် ဘယ်သူလက်ဆောင်ပေးတာလဲလို့မေးသေးတယ်လေ၊ အဲဒါ သမီးအလုပ်မဆင်းတာနေမကောင်းလို့လားဆိုပြီး သတင်းလာမေးရင်းနဲ့ ဝယ်လာတာ''

ဒါကျတော့ အံ့ဩစရာပင်။ သွေးသစ်ဉာဏ်က အထင်သေးရှုံ့ရှာကာ မုန်းတီးနေသူမို့ ဒီလိုလုပ်မည့်လူစားမျိုး မဟုတ်ပါ။ ဘယ်လိုအကြံအစည်နှင့် လာရတာတဲ့လဲ။ တစ်ခုခုအကြောင်းမရှိဘဲ သူရောက်လာမှာမဟုတ်ပေ။

''အဲဒီနေ့က သူဘာပြောသွားသေးလဲ မေမေ''

''တခြားတော့ သူ ထွေထွေထူးထူးမေးမြန်းတာမရှိပါဘူး။ မေမေတို့ကပဲ သမီးရဲ့ပေးဆပ်မှုတွေကို ပြောပြလိုက်တာ၊ ဒီမိသားစုကို ပေးဆပ်ဖို့အတွက် သမီးချစ်သူကိုတောင် စွန့်လွှတ်ခဲ့ရတယ်ဆိုတဲ့အကြောင်းလေ''

''အို မေမေကလည်း ဘာတွေလျှောက်ပြောလိုက်တာလဲ''

''မေမေတို့လည်း မေမေတို့ကြောင့် သမီးလေး ဒုက္ခခံခဲ့ရတာကို ရင်ဖွင့်ပြောပြချင်တာပေါ့ကွယ်၊ သမီးအလုပ်ရှင်ဆိုတော့လည်း တခြားသူလည်းမဟုတ်ဘူးလေ၊ ကြုံကြိုက်တုန်းပြောတာဆိုပေမယ့် သမီးကို ဖိအားတွေပေးပြီး စိတ်ဆင်းရဲအောင်မလုပ်စေချင်လို့ပါ''

ဒါကြောင့်ပဲ သွေးသစ်ဉာဏ် ပြောင်းလဲသလိုဖြစ်လာခဲ့ခြင်းလား။ သားလေးက သူ့ကလေးမဟုတ်ဘူး၊ ဦးထွန်းအောင်မိုးနှင့် အိမ်ထောင်သည်လို နေခဲ့တာမဟုတ်ဘူးဆိုတာရော သူ မေမေတို့ဆီက သိတာများလား။ ဟင့်အင်း ဒါက မေမေတို့တောင် မသိသေးသည့်ကိစ္စမို့ မေမေတို့ဆီက သိရတာတော့မဖြစ်နိုင်ပါ။ ဒါဆို ကျော်ဇင်မိုး ပြောပြလိုက်တာလား။

ဟင့်အင်း ကျော်ဇင်မိုးလည်း အလကားသက်သက် စကားလျှောက်ပြောတတ်သည့်သူမဟုတ်ပါ။ ဒါဆို ဘယ်ကနေဘယ်လိုတွေ





ပြီး ညင်သာသွားခဲ့ရတာလဲ။

ဒါဆို အခုကိစ္စကရော အလုပ်ထွက်စာကို လက်မခံဘဲ အလုပ်ထွက်မည်ဆိုပါက စာချုပ်ပါအတိုင်း လက်ကျန်ရက်လနှစ်များအတွက် လစာခွင်းအတိုင်း လျော်ကြေးပြန်ပေးရမည်။

မပေးနိုင်ပါက ကုမ္ပဏီမှာအလုပ်ပြန်ဆင်းလျှင်ဆင်း၊ မဆင်းလျှင် ဥပဒေအကြောင်းအရ တရားစွဲရမည်တဲ့။ ဘယ်လောက်တောင် အနိုင်ကျင့်ယုတ်မာလိုက်သည့်လုပ်ရပ်မျိုးလဲ။

သွေးသစ်ဉာဏ်ကို ဘယ်လိုနားလည်ရမှန်းမသိတော့ဘဲ ရင်ဆိုင်ကြည့်ဖို့သာ ဆုံးဖြတ်ရတော့သည်။

''သမီး ဘယ်သွားမလို့လဲ''

သူမ ထရပ်လိုက်တော့ မေမေက ကပျာကယာမေး၏။ သူမ စလင်းဘက်အိတ်လေးကို ကောက်လွယ်လိုက်ကာ

''သူ့ဆွေးနွေးသွားတွေ့လိုက်ဦးမယ် မေမေ၊ အတတ်နိုင်ဆုံး ညှိနှိုင်းကြည့်လိုက်ပါမယ်၊ ပြဿနာတော့ မတက်ချင်ဘူး''

''အေးလေ မေမေတို့ကတော့ သမီးဘာကြောင့် အလုပ်ထွက်ချင်တာလဲမသိပေမယ့် သမီးမလုပ်ချင်ရင် ဖိအားမပေးပါဘူး၊ သမီးစိတ်ပင်ပန်းရတယ်ဆိုရင် မလုပ်စေချင်တာအမှန်ပဲ''

''ယု မလုပ်တော့တာက စိတ်ပင်ပန်းတာလည်း ပါပေမယ့် ဒီဘက်မှာ ကိုမိုးက စီစဉ်ပေးတာလေးတွေလည်းရှိလို့ပါ၊ ကိုမိုးကို အားကိုးလို့မဟုတ်ဘူးဆိုပေမယ့် လက်ခံဖို့ ကိုမိုးကလည်း တိုက်တွန်းတယ်၊ ဖြစ်သင့်တာကိုရွေးချယ်တဲ့သဘောပါ''

''အေးပါ မေမေတို့က ဘာပြောတတ်မှာလဲ၊ သမီးကောင်းသလို



www.burmeseclassic.com

www.burmeseclassic.com



သာလုပ်ပါ။ နောက်ဆုံး သမီး၊ မဖြစ်မနေ အလုပ်ထွက်ချင်တယ်ဆိုရင်လည်း ဒီအိမ်ကြီးကိုသာရောင်းပြီး လျော်လိုက် သမီး။ မေမေတို့အသက်ကြီးပါပြီ ဘယ်နေရာနေရနေရ ဖြစ်ပါတယ်၊ ပကာသနတွေ ဖိမ်ခံဖို့တွေ မလိုတော့ပါဘူး။ သမီးအတွက် မေမေတို့ ဒီလောက်တော့ ပြန်ဖြည့်ဆည်းပါရစေ"

"မေမေရယ်"

မေမေ့စကားတွေအတွက် သူမ စိတ်မကောင်းဖြစ်ရသည်။ သူမအတွက် မေမေတို့လည်း စိတ်ပင်ပန်းနေကြမှာပါပဲ။ ဒါတွေဟာ သွေးသစ်ဉာဏ်ကြောင့်ဖြစ်ရတာ။

သူသာ ညာတာတတ်မည်ဆိုလျှင် ဒီလိုပြဿနာတွေရှိလာမည် မဟုတ်။ ဘာကြောင့်များ သူမအပေါ် အငြိုးတကြီးတွေဖြစ်နေရတာလဲ။

တကယ်ဆို တစ်ချိန်က ချစ်သူတွေ၊ ရင်ထဲမှာလှိုက်လှဲနက်နဲစွာ ချစ်ခဲ့ကြသူတွေ။ ကံအကြောင်းတရား မတိုက်ဆိုင်လို့ ကွဲခဲ့ကြတာ ဒီလောက်ထိ မျက်မုန်းအငြိုးထားနေစရာလား။

သူမအပြစ်တွေက ခွင့်လွှတ်လို့မရနိုင်ဘူးဆိုလျှင်လည်း။

■ ■ ■

အခန်း (၂၇)

"ကိုသွေးသစ်ဉာဏ်"

"ဪ ကျွန်တော့်ကုမ္ပဏီကို ဘာကိစ္စနဲ့ရောက်လာတာလဲ ကိုကျော်ဇင်မိုး"

"ယုကိစ္စ ပြောစရာလေးရှိလို့ လာခဲ့တာပါ၊ နည်းနည်းလောက် အချိန်ပေးနိုင်တယ်မဟုတ်လား"

ဟင့်အင်းလို့ ချာခနဲ ခေါင်းရမ်းပစ်လိုက်ချင်သည်။ မျှော်နေမိသူက ယောက်ပါ။ ရောက်လာသူက ဒီအချိန်မှာ မျက်နှာချင်းတောင်မဆိုင်ချင်သူ။ စိတ်ထဲ ကသိကအောက်နိုင်လှသော်လည်း မကောင်းတတ်လွန်း၍ ထိုင်ခုံဘက်ပြောင်းရွှေ့ထိုင်လိုက်ရသည်။

"ထိုင်ပါ"

သူ့ရဲ့ဖော်ရွေမှုမရှိခြင်းအပေါ် ကျော်ဇင်မိုးလည်း အားနာပုံမပေါ်ပါ။ ဆက်သောင့်သက်သာမရှိ ထိုင်ချလိုက်ပြီး မျက်နှာထားက တင်းတန်နေခဲ့သည်။

"ခင်ဗျားယုကို အလုပ်ထွက်ခွင့်မပေးဘူးဆို"



www.burmeseclassic.com

www.burmeseclassic.com



"ယုက ပြောလိုက်တာလား"

"ဘယ်သူပြောတယ်ဆိုတာက ဒီအချိန်မှာအရေးကြီးလို့လာ
ဟုတ်လားမဟုတ်ဘူးလား။ ကျွန်တော်မေးတာပဲ ဖြေပေးပါ"

"ကျွန်တော့်အတွက်တော့ ခင်ဗျားမေးတာ ဖြေဖို့က အရေးမကြီ
ဘူး။ ယုနဲ့ပတ်သက်တာ ယုနဲ့ပဲပြောမယ်၊ အဲဒါကြောင့် ယုအလာကိုစော
နေတာ"

"ယုရဲ့အားနည်းချက်ကိုကိုင်ပြီး ခင်ဗျားကြီးမှာချမ်းသာချင်တာလာ
ကိုသွေးသစ်ဉာဏ်၊ ဝန်ထမ်းတစ်ယောက်အစမ်းခန့်ကာလအတွင်းမှာ မကြို
ရင် အလုပ်ရှင် ဖြုတ်ချနိုင်သလို ဝန်ထမ်းက အဆင်မပြေလို့ထွက်မယ်ဆိုရ
လည်း ထွက်ခွင့်ပေးမှ တရားမှာပေါ့"

"ယုရဲ့အစမ်းခန့်ကာလက တစ်နှစ်ပါ"

"ဘာ"

"အဲဒါတော့ ယုက မပြောလိုက်ဘူးထင်တယ်၊ အခုနောက်ထ
လစာ ငါးသိန်းတိုးပြီး စာချုပ်ထပ်ချုပ်တာလည်း သူ့သဘောတူညီချ
လက်မှတ်ထိုးထားပါတယ်၊ ဘယ်သူ့ငွေက လစာငွေတွေအလကားတိုးပေ
မှာလဲဗျာ၊ တန်ရာတန်ကြေး စည်းကမ်းချက်ဆိုတာ ရှိဦးမှပေါ့"

"ဒါ ခင်ဗျားသက်သက်မဲ့ ညစ်ပတ်တာပဲ၊ နှစ်ဦးသဘောတူစာချ
ဆိုတာ တရားဝင်တယ်လို့ ခင်ဗျားထင်နေလား"

"ဒါဆို စာရွက်ပေါ်က လက်မှတ်တွေမှန်သမျှက တရားမဝင်
လို့ခင်ဗျားပြောချင်တာလား။ ခင်ဗျားရော ခင်ဗျားဝန်ထမ်းတွေနဲ့စာချုပ်ဆို
မျိုးမရှိဘဲ အလုပ်ခန့်ခဲ့ လစာပေးခဲ့တာလား ကိုကျော်ဇင်မိုး။ ရှေ့နေ
တရားသူကြီးတွေ အစိုးရရဲ့သမ္မတရှေ့မှာ သဘောတူကြောင်းလက်မှတ်
တာလား။ အားလုံးက နှစ်ဦးနှစ်ဖက်သဘောတူစာချုပ်တွေနဲ့ပဲ စည်းကမ်း





တွေသတ်မှတ်နေကြတာချည်းပါ"

"ထားပါတော့ ထားပါတော့ ညစ်ပတ်မှုတွေပြောနေတော့ရော ဘာထူးမှာလဲ၊ ဒါပေမဲ့ ကျွန်တော်ကတော့ ခင်ဗျားလိုစိတ်ဓာတ်ရေးရော ညစ်ညမ်းစုတ်ပြတ်တဲ့သူဆီမှာ ဆက်ပြီးအလုပ်မလုပ်နိုင်းပါဘူး"

"ဘာ"

"ခင်ဗျားကိုပေးရမယ့်လျော်ကြေးအပြည့်အဝ ကျွန်တော် ပြန်ပေးမယ်"

"ဘာ"

သွေးသစ်ဉာဏ် ဒေါသဖြစ်စွာနှင့် ကျော်ဇင်မိုးပြောသမျှ ထပ်ဆင့်အော်ပစ်လိုက်သည်။ ယုဘက်က ဘာကြောင့်ရက်ရောစွာ ကာကွယ်နေရတာလဲ။ လင်ပါသားက ယုအပေါ် ဒီလောက်ထိမကောင်းသင့်။

"ယုအပေါ် ခင်ဗျားဘာကြောင့် ဒီလောက်ကောင်းပြနေတာလဲ ကိုကျော်ဇင်မိုး။ ယုနဲ့ခင်ဗျားရဲ့တော်စပ်မှုက"

"လင်ပါသားလို့ပြောချင်တာမဟုတ်လား။ အဲဒါ ဘာဖြစ်လို့လဲ ကိုသွေးသစ်ဉာဏ်၊ ကျွန်တော့်အဖေမိန်းမမို့ ယုကိုဂရုစိုက်တော့ရော ဘာဖြစ်လဲ၊ သက်တူရွယ်တူလောက်ဖြစ်နေလို့ မသင့်တော်ဘူးလို့ ဝေဖန်ချင်တာလား။ ဒါနဲ့ ကျွန်တော့်အဖေနဲ့ယု တရားဝင်မပေါင်းသင်းခဲ့ဘူးဆိုတာ ခင်ဗျားသိသွားပြီလို့ ပြောပါတယ်"

"ယုကလား၊ ယုက ခင်ဗျားကိုအသေးစိတ်တင်ပြနေတာလား။ အဲဒါတွေက ဘာကြောင့်"

"ဘာကြောင့်ပဲဖြစ်ဖြစ် ခင်ဗျားနဲ့မသက်ဆိုင်ဘူး ထင်တယ်၊ ဒါက ယုနဲ့ကျွန်တော်တို့ရဲ့အတွင်းရေးကိစ္စတွေပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်နဲ့မဆိုင်ဘူးဆိုတာရော ယုက ပြောလိုက်တာလား"

"ဟင်"

"မဆိုင်လား ဆိုင်လား ယုကိုသေချာမေးခဲ့သင့်တယ်"

"ဘာ"

ပြောပုံက ပိုင်စိုးပိုင်နင်း။ တစ်ခုခုကို သေချာတပ်အပ်ပိုင်နိုင်ထား သလိုပုံစံမျိုးမို့ ကျော်ဇင်မိုး အနည်းငယ် အံ့ဩသွားမိတာတော့ အမှန်ပင်။ ဒါပေမဲ့ ရွှေဇင်မိုးပြောထားသည့် စကားတွေကလည်း ရှိသေးသည်။

"ဘယ်လိုသက်ဆိုင်မှုရှိတယ်ဆိုတာ ယုက ပြောမပြလို့ ကျွန်တော် မသိရဘူး။ ခင်ဗျားကတော့ အရမ်းပြောပြချင်နေတယ်ထင်တယ်၊ သိရတာပေါ့ ပြောပါဦး"

ဘာမှအရေးမပါသလို သက်သောင့်သက်သာ ဆိုဖာခုံကိုမှီ၍ ကျော်ဇင်မိုး မေးလိုက်၏။ သွေးသစ်ဉာဏ် မျက်နှာကနီသွားလိုက် ဖြူသွား လိုက် ညိုမှောင်သွားလိုက် လင်းလက်လာလိုက်ဖြင့် အရောင်အမျိုးမျိုးပြောင်း ကာ စကားလုံးတွေကို စုစည်းနေဟန်ရှိသည်။ ခဏနေမှ

"ကျွန်တော်နဲ့ယုနဲ့က အရမ်းကိုချစ်ခဲ့ကြတဲ့ချစ်သူတွေပါ"

"ဘာ ဘာ"

အံ့ဩလွန်းစွာနှင့် ဘာနှစ်လုံးဆင့်ကာ ကျောပါမတ်သွားသည်။ သွေးသစ်ဉာဏ် လိမ်ညာပြောနေသလားလို့ မသက်ာစွာနှင့် မျက်လုံးအပြူး သားနှင့်လည်း ကြည့်နေမိသည်။ သွေးသစ်ဉာဏ်က ဆွေးမြေ့စွာနှင့်ပင်

"ခင်ဗျားအဖေနဲ့သာ မပတ်သက်ခဲ့ဘူးဆိုရင် ကျွန်တော်နဲ့ယု လက်ထပ်ပြီးနေလောက်ပြီ"

"ဒါဆို မိသားစုအတွက် ပေးဆပ်ဖို့ ယုချစ်သူကို စွန့်လွှတ်ခဲ့





တယ်ဆိုတာ ခင်ဗျားလား သွေးသစ်ဉာဏ်"

"ဟုတ်တယ်"

ခေါင်းညိတ်ပြလိုက်သည့်အခါမှာတော့ အရာရာကို ဆုံးရှုံးလိုက်ရ သလို ကျော်ဇင်မိုး ခံစားလိုက်ရသည်။ ဘယ်အရာတွေက ဒီလောက်တောင် တိုက်ဆိုင်မှုရှိနေရတာပါလဲ။

အခုချိန်မှာတော့ သွေးသစ်ဉာဏ်ပုံစံက နောင်တတွေကင်းမဲ့နေစွာ နှင့်

"သိပ်ချစ်ခဲ့ကြတဲ့ချစ်သူတွေပါ၊ ဒါပေမဲ့ အကျိုးအကြောင်းမဲ့စွာနဲ့ သူ ကျွန်တော့်ကို ထားရစ်ခဲ့တယ်၊ ဘာကြောင့်ပါဆိုတဲ့အကြောင်းပြချက် မပေးဘဲ အစိမ်းလတ်လတ် အသည်းခွဲသွားခဲ့တာ"

"ဩော်"

"ကျွန်တော် သူ့ကို ဒူးထောက်ပြီးတောင်းပန်တယ်၊ ငိုယိုပြီး ခွဲ မသွားပါနဲ့လို့ ကလေးတစ်ယောက်လို ပူဆာတောင်းဆိုခဲ့တယ်၊ ဒါပေမဲ့လည်း"

သွေးသစ်ဉာဏ် စကားမဆက်နိုင်ဘဲ မျက်ရည်လည်စွာ ဆို့နင့်နေ သည်မို့ ကျော်ဇင်မိုး ကိုယ်ချင်းစာကာ စိတ်မကောင်းဖြစ်သွား၏။ ယောက်ျား တစ်ယောက်အနေနှင့် ချစ်သူစွန့်ပစ်တာ ခံရလျှင်လည်း ဒီလိုမျိုး ခံစားရနိုင် သည်ပဲမဟုတ်လား။

ဒါပေမဲ့ ယုနှင့် ဒီလိုပုံစံမျိုးပတ်သက်ခဲ့လိမ့်မည်ဟုတော့ မထင်ခဲ့ မိပါ။

"အဲဒီအချိန်က ခင်ဗျားအခြေအနေက"

"ဘုန်းကြီးကျောင်းမှာကပ်နေရတဲ့ မိဘမဲ့တစ်ယောက်ပေါ့၊ ငယ်ငယ် သည်းက မိဘတွေဆုံးပါးသွားလို့ ကိုယ့်ဝမ်းစာကိုယ်ရှာစား၊ ကိုယ့်ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



စရိတ်ကိုယ်ရှာပြီး ပညာသင်ခဲ့ရတယ်"

"အခုအခြေအနေက"

"ယုကြောင့်ပဲ"

"ဗျာ"

"သူစွန့်ပစ်ခံရတဲ့ဘဝမှာ မခံစားနိုင်လို့ နိုင်ငံခြားအလုပ်လုပ်ဖို့ခေါ်တဲ့အခါမှာ ကျွန်တော်လိုက်သွားခဲ့တယ်၊ သူ့ကိုသတိရပြီး နာကြည်းတိုင်း အလုပ်တွေကြိုးစားလုပ်ခဲ့တယ်၊ ငါ့ဘဝမပြည့်စုံလို့ ဒီလိုချစ်သူတစ်ယောက်က ယုံကြည်အားကိုးမှုမရှိ စွန့်ပစ်ခံရတာလို့ တွေးပြီး တိုးတက်အောင်မြင်အောင် ရှေ့တာစုဆောင်းခဲ့တယ်၊ ကံကောင်းချင်တော့ ကိုယ့်ရဲ့ကြိုးစားမှုတွေကို အသိအမှတ်ပြုတဲ့ကယ်တင်ရှင်နဲ့ တွေ့ခဲ့တယ်"

"ဒါဆို ခင်ဗျားဒီလို အခြေအနေမျိုးနဲ့ ရပ်တည်နိုင်တာ ဒီလိုဘဝမျိုးနဲ့နေနိုင်တာ ယုကြောင့်ပေါ့"

"ဟာ"

"ဒါဆို ခင်ဗျား ယုကိုကျေးဇူးတင်သင့်တာပဲ"

ကျော်ဇင်မိုး စကားများက လေးနက်လှသည်။ တည်ငြိမ်စွာနှင့် ပြောနေခြင်းက အခြေအနေတစ်ခုကို သုံးသပ်မိပြီး သွေးသစ်ဥာဏ်သဘော ပေါက်အောင် ထောက်ပြခြင်းဖြစ်သည်။

သွေးသစ်ဥာဏ်လည်း နားလည်သွားသလို ခေါင်းညိတ်လျက်

"ခင်ဗျားပြောမှ ကျွန်တော်လည်း တွေးမိတယ်၊ ယောကျ်ားမာန ကြောင့် စွန့်ပစ်ခံရတာကိုရှက်ပြီး တစ်နေ့ချမ်းသာရမယ်၊ ငါ့ကိုစွန့်ပစ်တဲ့ မိန်းကလေးအားကိုးလာအောင် ယုံကြည်လာအောင် နောင်တရလောက် အောင်ထိ ငါချမ်းသာရမယ်၊ အောင်မြင်ရမယ်ဆိုတဲ့စိတ်တွေနဲ့ ကျွန်တော်





ကြိုးစားခဲ့တာ၊ ဟုတ်တယ် ကျွန်တော် ဒီလိုခွန်အားတွေရှိလာတာ ယုကြောင့် ယုထားရစ်ခဲ့တာကြောင့်ပဲ"

"အဆိုးထဲက အကောင်းလို့တွေးတတ်ခဲ့ရင် ခင်ဗျား ယုကို ကျေးဇူး တင်မိမှာပဲ၊ ကျွန်တော့်အထင် ခင်ဗျားကိုမုန်းလို့ထားခဲ့တာမဟုတ်တဲ့အတွက် အခုချိန်ထိ ယုစိတ်ထဲမှာ ခင်ဗျားရှိနေနိုင်ပါတယ်"

"ဟင် ခင်ဗျားက အဲဒီလိုပြောတော့ ယုအပေါ်မှာခင်ဗျား"

"ကျွန်တော် ယုကို မျှော်လင့်လို့မသင့်တော်ဘူးဆိုတာ ကိုယ့်ကို ကိုယ်နားလည်ပါတယ်၊ ဖေဖေလက်ထပ်ပေးဖို့ပြောတဲ့အချိန်က ယုလိုမိန်း ကလေးကိုမမြင်ဘူး၊ မတွေ့ဖူးဘဲ ငြင်းခဲ့မိတာ နောင်တရနေမိတယ်ဆိုတာ တော့ ဝန်ခံပါတယ်၊ ယုက ဖြူစင်တယ် ရိုးသားတယ်၊ နှလုံးသားရင့်ပြီး သစ္စာရှိတယ်၊ ဘဝကိုရင်းပြီး မိသားစုကို ပေးဆပ်တယ် ပြီးတော့"

ကျော်ဇင်မိုး စကားခဏရပ်သွားပြီး ဟွန်းခနဲ လည်ချောင်းရှင်း၏။ ပြီးမှ တည်ငြိမ်သောလေသံဖြင့်

"သူ ယူထားတဲ့တန်ရာတန်ကြေးဆိုတာထက် ဖေဖေ့ရဲ့နောက်ဆုံး အချိန်တွေမှာ ဖေဖေ့ကိုဖခင်တစ်ယောက်လို ပြုစုစောင့်ရှောက်တယ်၊ ဒုက္ခိတ ဖြစ်သွားတဲ့သူ့အဖေရဲ့ကျန်းမာရေးကို ငွေကြေးထောက်ပံ့ကူညီပေးလို့ စေ တနာမေတ္တာတွေ ပြန်ပေးခဲ့တာတဲ့၊ နောက်ပြီး ယုမှာ လောဘမရှိဘူး၊ [illegible]တွေကို သူ့ရဲ့စိတ်နှလုံးသာ ပင်ပန်းမှုတွေနဲ့ပဲ ရင်းခဲ့တယ်၊ ဒီခေတ်မှာ ဒီလိုမိန်းကလေးမျိုး ခင်ဗျားကမ္ဘာမွှေပြီး ရှာကြည့်စမ်းပါ"

"ကျွန်တော်နားလည်ပြီ၊ ဒါပေမဲ့ နောက်ကျသွားပြီထင်တယ်၊ ကျွန်တော် ယုအပေါ်မှာတဲ့ပြစ်မှုတွေ လွန်ကဲသွားခဲ့တယ်"

"ခင်ဗျားမှာ ယောကျ်ားမာနတော့ရှိပြီး ယုအပေါ် လုပ်ရပ်တွေက



www.burmeseclassic.com

www.burmeseclassic.com



တော့ယောက်ျားမပီသခဲ့ဘူး။ အဆင့်အတန်းလည်းမဲ့တယ်၊ ကလေးကလား ဆန်တယ်''

ရုပ်တည်နှင့်မျက်နှာတည့်တည့်ကြည့်ပြီး ပြောနေသော ကျော်ဖင်မိုး စကားတွေအတွက် အရင်ချိန်ကဆိုလျှင် သူ စိတ်ဆိုးဒေါသဖြစ်ကာ ထထိုးမိမှာအမှန်ပင်။ အခုတော့ အမှန်တရားတွေလို့ဖြစ်နေကာ ဝေဖန်တိုက်ခိုက်မှုတွေအတွက် စိတ်မဆိုးဖြစ်တော့။

''ခင်များ ယုဘက်ကနာလို့ပြောတဲ့စကားတွေအတွက် ကျွန်တော် စိတ်မဆိုးတော့ပါဘူး။ အရင်ကဆို ယုဘက်က ကာကွယ်တဲ့သူတွေကို ကျွန်တော်အရမ်းဒေါသဖြစ်ခဲ့တယ်''

''အခု နားလည်ပြီဆိုတော့ ယုအလုပ်ထွက်စာအတွက် ခင်များ ဘာလုပ်မှာလဲ''

''ကျွန်တော် ယုကိုအလုပ်အထွက်မခံပါဘူး''

''ဘာ သွေးသစ်ဥာဏ် ခင်များ''

''ခင်များဆီက လျှော်ကြေးပေးတာကိုလည်း ကျွန်တော် လက်မခံနိုင်ဘူး''

''ဟား အဲဒါတော့ ခင်များသက်သက်မဲ့ညစ်ပတ်''

''ခင်များ ကျွန်တော့်ကိုပြောချင်သလို ပြောပါ၊ ခုနကထက်ပိုပြီးတော့လည်း ဝေဖန်ဆဲဆိုနိုင်ပါတယ်၊ ဒါပေမဲ့ ယုကိုတော့ ကျွန်တော့်အနားမှာထားမှဖြစ်မယ်၊ ယုနဲ့ထပ်မဝေးရဲတော့လို့ပါ ကိုကျော်ဖင်မိုး''

''အာ''

နားလည်ပေးဖို့တောင် စဉ်းစားရခက်သွားသည်၊ အတ္တကြီးတယ်လို့ပဲပြောရမလား။ ဒီလိုနည်းကို ယု လက်မခံလောက်ဘူးဆိုတာ သွေးသစ်ဥာဏ်





မတွေးမိဘူးထင်သည်။

''ခင်များဒီကိစ္စ အတည်ပြောနေတာလား။ ယုဘက်က သဘောထားဘယ်လိုဖြစ်မလဲဆိုတာ ထည့်မတွေးတော့ဘူးလား ကိုသွေးသစ်ဥာဏ်''

''ယုဘက်ကတွေးရင် ယုကို ဒီအတိုင်းစွန့်လွှတ်လိုက်ရရုံရှိတော့မှာပေါ့၊ ကျွန်တော်အဲဒီလို ထပ်အဖြစ်မခံနိုင်တော့လို့ပါ''

''အတ္တဆန်တဲ့ခင်များလုပ်ရပ်တွေအတွက် ယု ပိုမုန်းသွားမှာကြောက်ဘူးလား ကိုသွေးသစ်ဥာဏ်''

''ကျွန်တော့်နည်းလမ်းမှန်ချင်မှ မှန်လိမ့်မယ်၊ အတ္တကြီးတယ်လို့လည်း ထင်ချင်ထင်နိုင်ပါတယ်၊ ဒါပေမဲ့ ယု ကျွန်တော့်အနားမှာ ရှိမှဖြစ်မယ်၊ ကျွန်တော် ယုအချစ်ကိုရအောင် ပြန်ကြိုးစားမယ်၊ တစ်ခုတော့ ခင်များကို ကြိုပြီးတောင်းပန်ထားပါရစေ၊ ယုကို ညီမလေးတစ်ယောက်လို စောင့်ရှောက်တာကလွဲရင် ခင်များ စိတ်ကူးတောင်မယဉ်လိုက်ပါနဲ့ဗျာ''

''ဟာ ခင်များပြောတဲ့ပုံစံကဗျာ''

ကျော်ဖင်မိုး တော်တော် ကသိကအောက်နိုင်သွား၏။ သွေးသစ်ဥာဏ်ပြောပုံက ကိုယ်ကပဲ ယုကိုကြိတ်ပုန်းခုတ်သွားတော့မှာလိုလို။

သိက္ခာတရားကိုထိပါးခံရတယ်ဆိုပြီး စိတ်ဆိုးနေလို့လည်း မဖြစ်တော့။ ကိုယ်လည်း ပြောသင့်သလောက် ပြောပြီးပြီမဟုတ်လား။ ဆတ်ဆတ်ထိမခံတတ်သော သွေးသစ်ဥာဏ်က အချစ်စိတ်မွှန်ပြီး ဒါတောင်စိတ်မှမဆိုးတာ။

နောက်ဆုံး ယု စိတ်ချမ်းသာပါစေလို့ပဲ ဆုတောင်းရမည်လား။ ယုကို တွန်းအားပေးဖို့ရော လိုအပ်သေးလား။

အချစ်မဲ့စွာသေွ့ခြောက်ခဲ့သော ယုဘဝလေးကိုတော့ ပြည့်လန်း



www.burmeseclassic.com

www.burmeseclassic.com



ဆန်းစေချင်ပါသေးသည်။ လင်မယားအဖြစ် မပေါင်းသင်းဘူးဆိုသော်လည်း တရားဝင်လက်ထပ်ခဲ့ဖူးသူမို့ တခြားသူဆိုလျှင် ယုအပေါ် သွေးသစ်ဥာဏ်လို နားလည်ပေးမှာမဟုတ်ပေ။

ကိုယ်လည်း ယုကို ဘာအပြစ်မှမမြင်ဘဲ တန်ဖိုးထားနိုင်ပါသည်။ ဒါပေမဲ့ ဖအေနှင့်ပတ်သက်ခဲ့မှုတွေရှိခဲ့သည်မို့ ပတ်ဝန်းကျင်ကြားလို့မှမသင့်တော်တာ။ တမလွန်က ဖေဖေနှင့်မေမေသိလျှင်လည်း စိတ်ချမ်းသာမည်မဟုတ်ပေ။

ညီမလေး ရွှေဖင်ကိုလည်း ကတိပေးပြီးပြီမို့ ရှိပါစေတော့။ နောင်ဘဝကျမှ ဆုံရအောင် ဆုတောင်းတော့မယ် ယုရေ။

ယု စိတ်ချမ်းသာမည်ဆိုလျှင်ပဲ။

■ ■ ■



## အခန်း (၂၈)

"ယု"

သွေးသစ်ဥာဏ်ရုံးခန်းက ထွက်လာပြီး ကုမ္ပဏီရှေ့အရောက်မှာပဲ လေင်းဘတ်အိတ်လေးလွယ်ကာ တက်လာသော ယုကိုတွေ့လိုက်ရ၍ ကျော်ဇင်မိုး အံ့ဩသွားသည်။ ယုကလည်း ကိုယ့်ကိုမြင်လိုက်၍ အတော်အံ့အားသင့်နေ၏။

"ကိုမိုး ဒီကိုဘယ်လိုရောက်နေတာလဲ၊ အလုပ်ကိစ္စရှိလို့လား၊ အို ယုမေးလိုက်တာကြောင့်"

"ဟုတ်တယ် ယု၊ အဲဒီကိစ္စ ကျွန်တော်လာညှိနှိုင်းကြည့်တာ၊ ယုကို အလုပ်ထွက်ခွင့်ပေးလိုက်ပါ လျော်ကြေးကိစ္စ ကျွန်တော်စီစဉ်ပေးမယ် ဆိုပြီးတော့"

"အို ကိုမိုးက လာလို့အဲဒီလိုလုပ်ပေးရမှာလဲ၊ ယုကိစ္စ ယုဘာသာ ရှင်းပါမယ်"

"ယု လျော်ကြေးပေးပြီး အလုပ်ထွက်မလို့လား"

"မေမေတို့က အိမ်ကိုရောင်းပြီး အဲဒီလိုစီစဉ်လိုက်လို့ ပြောပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ မတရားမှန်းသိသိကြီးနဲ့ ဘာလို့ လျှော်ကြေးပေးရမှာလဲ၊ သူ့ဆီ အလုပ်လုပ်ခဲ့တာတောင် အဲဒီလောက် လစာမရသေးဘဲနဲ့"

"ဒါဆို သွေးသစ်ဉာဏ်ဘက်က တရားစွဲရင် ယုက ရှေ့နေငှား ပြီး ထုချေလွှာတင်မလို့လား။ ပြန်တုံ့ပြန်မလို့လား"

"ယု အဲဒီလိုမျိုး တရားတဘောင်တွေလည်း ရင်မဆိုင်ချင်ပါဘူး။ ယုက လစာငါးသိန်းပိုပေးတာကိုမက်မောပြီး ဘာတွေရေးထားမှန်းမသိဘဲ လက်မှတ်ထိုးလိုက်တဲ့အတွက် နည်းနည်းတာဝန်ယူကြည့်ဖို့တော့ စဉ်းစား ထားပါတယ်"

"ဒါဆို သွေးသစ်ဉာဏ်ဆီမှာ အလုပ်ပြန်လုပ်မှာပေ့ါ"

"ညှိမရရင်တော့လည်း"

ယုလေသံပျော့ပျော့လေးနှင့် မျက်နှာလေးညှိုးငယ်သွားတော့ ရင် ထဲမကောင်းဖြစ်ရသည်။ အဲဒီလို စိတ်ပင်ပန်းမှုတွေတော့ မဖြစ်စေချင်။

"ကျွန်တော်လည်း ဒီကအပြန် ယုကိုဖုန်းဆက်ချိန်းပြီး ပြောစရာ ရှိတာပြောပြမလို့ပါ၊ ယုနဲ့တွေ့လိုက်ရတာတော့ အတော်ဖြစ်သွားတယ်၊ ဒီ ကန်တင်းမှာခဏလောက်စကားပြောရအောင် ယု၊ ဒီမှာမတ်တတ်ကြီး စကား ပြောနေရတာ မကောင်းပါဘူး၊ သွေးသစ်ဉာဏ်လည်း အောက်ကိုဆင်းလာ နိုင်တယ်"

"ထမင်းစားချိန်ဆိုရင် ကန်တင်းကို သူ ဆင်းလာတတ်တယ်"

"သူ့ပုံစံကြည့်ရတာ ယုကိုစောင့်နေသလိုပဲ၊ ဘာပဲဖြစ်ဖြစ်ပါ၊ ကန် တင်းထဲမှာဆို တော်သေးတာပေ့ါ"

"သားလေးရော ကိုမိုးနဲ့ ပါမလာဘူးလား"

"ရွှေဖင်ကုမ္ပဏီခေါ်သွားတယ်၊ ညီလေးက စကားတတ်တော့





ကုမ္ပဏီလိုက်ချင်တယ်ဆိုတာနဲ့ ဆရာမဆီခွင့်တောင်းပြီး ခေါ်သွားတာ"

"ဟိုလေ ညနေကျရင်တော့ သားကိုပြန်ပို့ပေးပါ၊ ဖေဖေနဲ့မေမေ က သူတို့မြေးမရှိတော့ မနေတတ်ဘူးဖြစ်နေတာ"

"ယုလည်း မနေတတ်လို့မဟုတ်လား။ ကိုယ်ချင်းတော့စာပါတယ် ယု၊ ဒါပေမဲ့ ယုလည်း ကိုယ့်ဘဝအတွက်ပဲ စဉ်းစားသင့်ပါပြီ၊ ယု ပင်ပန်း ခဲ့ရတဲ့အချိန်တွေက အရမ်းများနေပြီလေ၊ အပူအပင်ကင်းကင်းနဲ့ စိတ်ချမ်း သာသာနေသင့်ပြီ"

ယု ဘာမှမပြော။ ကန်တင်းထဲအထိ တိတ်တဆိတ်စွာလိုက်လာ ခဲ့သည်။ ယုအတွက် အအေးတစ်ခွက်မှာပေးပြီး ကိုယ်ကတော့ ကော်ဖီတစ် ခွက်မှာသောက်သည်။ ယုရဲ့တိတ်ဆိတ်ခြင်းတွေမှာ သောကတွေမကင်းပေ။

"ယု သွေးသစ်ဉာဏ်ဆီက ဘာလို့အလုပ်ထွက်ဖို့ ဆုံးဖြတ်လိုက် တာလဲ"

"ရှင်"

"ကိုယ်ပေးတဲ့ငွေတွေလည်း မယူသေးဘဲနဲ့ ဘာလုပ်ငန်းလုပ်ဖို့ စိတ်ကူးထားလို့လဲ ယု၊ တခြားကုမ္ပဏီမှာ အလုပ်ဝင်လုပ်မလို့လား"

"အဲဒါ ယု မဆုံးဖြတ်ရသေးပါဘူး။ သူ့ဆီမှာလုပ်တာ အရမ်း ငြီးငွေ့ကျုပ်တယ်၊ အနိုင်ကျင့်မှုတွေ ဖိနှိပ်မှုတွေ အထင်သေးမှုတွေကြောင့် စိတ်တွေအရမ်းပင်ပန်းရတယ်"

"အဲဒါ ဘာကြောင့် သူဒီလိုလုပ်နေတာလဲ"

"ရှင် ဟို"

"တစ်ချိန်က အတိတ်မှာ ယုနဲ့ချစ်သူတွေဖြစ်ခဲ့ကြတယ်ဆို"

"သူ သူပြောလိုက်တာလား"

"ဟုတ်သလားပဲဝန်ခံပါ၊ တခြားအကြောင်းအရာတွေတောင် တိုင်

www.burmeseclassic.com

www.burmeseclassic.com



ပင်အသိပေးသေးတာပဲ"

"ဟုတ် ဟုတ်ပါတယ် ဒါပေမဲ့"

"ယု လမ်းခွဲခဲ့တယ်၊ မိသားစုကိုပေးဆပ်ဖို့ ချစ်သူကိုစွန့်ပစ်ခဲ့တယ် အဲဒီအချိန်က ဘာမှမရှိခဲ့တဲ့သွေးသစ်ဥာဏ်စိတ်ထဲမှာလည်း အထင်သေးခံရတယ်၊ ချစ်သူက ယုံကြည်အားကိုးမှုမရှိလို့ ထားခဲ့တယ်ဆိုပြီး နာကြည်းနိုင်တာပဲလေ၊ ယုက သူ့ဒုးထောက်တောင်းပန်တာ ငိုယိုခယခဲ့တာတောင် ဂရုမစိုက်ခဲ့ဘူးမဟုတ်လား"

ယု ငြိမ်သက်စွာနှင့်ခေါင်းညိတ်ပြ၏။ ကျော်ဇင်မိုး ကော်ဖီကို တစ်ငုံငုံသောက်လိုက်သည်။ ယု ခေါင်းလေးကို ညီမလေးတစ်ယောက်အပေါ် ကြင်နာမှုမျိုးဖြင့် ခပ်သာသာလေးပုတ်လိုက်ပြီး

"ယု ဟန်မဆောင်ပါနဲ့ အပင်ပန်းမခံပါနဲ့တော့၊ ယု သွေးသစ်ဥာဏ်ကိုချစ်နေသေးတယ်မဟုတ်လား၊ သူလည်း ကိုယ်ပေးတဲ့ဒဏ်ရာတွေနဲ့ နာနာကျင်ကျင်ရှိနေခဲ့မှာ ကိုယ်ချင်းစာလိုက်ပါ၊ ယုကိုစာချုပ်နဲ့ကိုင်ထားတာ ယုကို အနားမှာရှိစေချင်လို့တဲ့"

"ဟင် ဘာ"

"ကျွန်တော် လျော်ကြေးကိစ္စဖြေရှင်းမယ်ဆိုတာ ညှိလို့မရခဲ့ဘူး ယု၊ ယုနဲ့ထပ်အဝေးမခံနိုင်လို့ သူ ဒီစာချုပ်ကို ယုမသိနိုးနားဖြစ်အောင် လက်မှတ်ထိုးခိုင်းခဲ့တာတဲ့"

"အို သူလုပ်ချင်တိုင်းလုပ်လို့ရမလား၊ သူ ဒီစကားပြောတာ ဦးထွန်းအောင်မိုးနဲ့အတူ မပေါင်းသင်းဘူးဆိုမှ"

"သူသိတာ ဘယ်နှရက်ရှိသေးလို့လဲ၊ ယု ဒီလက်မှတ်ထိုးထားတာ နှစ်လကျော်ပြီမဟုတ်လား၊ ပြန်စဉ်းစားကြည့်ပါဦး"

ယု တွေတွေဝေဝေလေး ဖြစ်သွား၏။ ဒါကတော့ အမှန်ပင်





လစာတိုးပေးမည့်ကိစ္စပြောရင်း စည်းကမ်းချက်အနည်းငယ်ထပ်တိုးရမည်ပြောကာ လက်မှတ်ထိုးခိုင်းခဲ့တာ။

သူမစာချုပ်ကို ဖတ်မည်ဆိုတော့ မိတင်ကိစ္စ အရေးကြီးသည်ဆိုပြီး စာချုပ်ကို ဖတ်ချိန်ကြည့်ချိန်မရဘဲ သူကိုင်ထားသော စာချုပ်ထဲမှာ လက်မှတ်ထိုးပေးခဲ့ရသည်။

"သူ့ရဲ့လုပ်ကြံမှုတွေက ယုအတွက်မဟုတ်ဘူး၊ သူ့အတွက်ပဲ ယု သည်းခံနိုင်သလောက် သည်းခံပြီးပါပြီ၊ အခု သူဘယ်လိုစာချုပ်မျိုး ထပ်ချုပ်မလဲ ယုလုပ်ပေးလိုက်မယ်၊ ဒါပေမဲ့ အဲဒါအချစ်တွေကြောင့်မဟုတ်ဘူး၊ အမုန်းတွေကြောင့်ပဲ၊ ယုကိုအသက်ကြီးကြီးယောကျ်ားကို ပစ္စည်းဥစ္စာမက်ပြီး လက်ထပ်ခဲ့တယ်ဆိုပြီး သူ အထင်တသေးဆက်ဆံခဲ့တာ အနိုင်ကျင့် စော်ကားခဲ့တာ ယု နာတယ်၊ ဒီကိစ္စတွေပြီးရင် အားလုံးပြီးပြီးသားဖြစ်သွားမှာပါပဲ၊ အဲဒီအခါကျရင် ယု သားလေးနဲ့ပဲ နေမှာ"

"တကယ်ပဲ သွေးသစ်ဥာဏ်အပေါ် အချစ်တွေမရှိတော့ဘူးလား ယု"

"ဟုတ်တယ် ယု ခံစားရတာ ယုပဲသိတယ်၊ သူလုပ်ခဲ့တာတွေက ယုအတွက် ဘာမှမပါဘဲ ယုကိုချစ်လို့ဆိုတာ ဘယ်လိုလုပ်ယုံရမှာလဲ၊ တကယ်ဆို ယုတော်တော်လေးကိုနားလည်သည်းခံပေးခဲ့တာပါ ကိုမိုး၊ ငွေရေးကြေးရေး အခက်အခဲ ပြေလည်ဖို့ဆိုတာထက် သူ ခံစားခဲ့ရတဲ့အတွက် ဒီလောက်တော့ တုံ့ပြန်သင့်တာပဲလို့ ဖြေတွေးပေးခဲ့တယ်"

"အဲဒီအတွက် သူ နောင်တရနေပါတယ်၊ သူ့လုပ်ရပ်တွေ အတော်ကြီးမှန်း သူသိတယ်၊ ဒါပေမဲ့ သူ့စိတ်ဓာတ်တွေ မာကျောအောင် တေ့ကျင့်ထားခဲ့ရတဲ့အတွက် သူ ဒီလိုဖြစ်နေတာလို့ ကျွန်တော်ထင်တယ်၊ အခုဘာပဲဖြစ်ဖြစ် ယုဘက်ကလည်း အရမ်းကြီးမတင်းမာပါနဲ့၊ ယု အပြစ်လုပ်ခဲ့သလို

www.burmeseclassic.com

www.burmeseclassic.com



သူလည်းအပြစ်လုပ်မိသွားတယ်လို့ သဘောထားလိုက်ပါ”

ယု အအေးခွက်ကို တစ်ကျိုက်ရှိက်လိုက်၏။ ဒါပေမဲ့ ရင်ထဲမှာ အေးချမ်းမသွား။ သွေးသစ်ဥာဏ်နှင့်ပတ်သက်ပြီး ပူလောင်မှုတွေက ရင်ထဲမှာ အပြည့်ပါ။

“ကိုမိုး ယုသွားလိုက်ဦးမယ်”

“စိတ်ရှည်ရှည်သည်းခံပြီး”

“ယု ရန်ဖြစ်ဖို့သွားတာ မဟုတ်ပါဘူး။ သူ့ဘက်က စကားအသွား အလာအပေါ်မှာ ယု တုံ့ပြန်ရုံပဲရှိမှာပါ”

“အင်း ဒီဘက်ကကိစ္စ ကျွန်တော် စီစဉ်ထားတယ်နော်ယု၊ ယု လုပ်ငန်းတွေထဲ ရှုပ်ယှက်ဝင်ပြီး အလုပ်မလုပ်ချင်သေးဘူးဆိုရင် ဘဏ်မှာ ငွေထည့်ထားလိုက်တော့မယ်၊ သွေးသစ်ဥာဏ်နဲ့ပတ်သက်ပြီး ယု သိမ်ငယ် စရာမလိုဘူး၊ ယုမှာအားကိုးလို့ရမယ့် အစ်ကိုတစ်ယောက်ရှိတယ်ဆိုတာ မမေ့ပါနဲ့”

“ကျေးဇူးပါပဲ ကိုမိုး”

ကိုမိုးကိုနှုတ်ဆက်ပြီး သွေးသစ်ဥာဏ်ရှိမည့် ကုမ္ပဏီအပေါ်ထပ်ကို တက်လာခဲ့သည်။ တကယ်ဆို ဒီလိုဥာဏ်များသည့် သွေးသစ်ဥာဏ်နှင့် မျက်နှာချင်းကိုမဆိုင်ချင်တော့တာပါ။

“မင်းဘာလို့ နှောက်ကျနေတာလဲ”

ရုံးခန်းထဲအဝင်မှာပင် သွေးသစ်ဥာဏ် စီးကြိုကာ ပေါက်၏။ စောင့် နေရတာ စိတ်မရှည်တော့သည့်သဘောပင်၊ သူ့ရှေ့က ထိုင်ခုံမှာ ဝင်မထိုင်ဘဲ သူ့မ မတ်တပ်ပဲရပ်နေလိုက်သည်။

“စာချုပ်ကိစ္စနဲ့ပတ်သက်ပြီးပဲ ရောက်လာတာပါ၊ အဲဒီကိစ္စ ရှင်



မတရားဘူးဆိုတာလောက်တော့ သိနေလိမ့်မယ်လို့ ထင်ပါတယ်”

“အဲဒီလို ဘာကြောင့်လုပ်ခဲ့ရတယ်ဆိုတာ”

“ရှင်းမပြပါနဲ့၊ ကျွန်မ လျော်ကြေးမပေးနိုင်ဘူး။ အဲဒီအတွက် ဘာလုပ်ပေးရမလဲ”

“မင်းကုမ္ပဏီမှာပဲ အလုပ်ဆက်လုပ်ပေးရုံပေါ့”

“မလုပ်ပေးဘူးဆိုရင် ကျွန်မကို တရားစွဲထောင်ချမှာလား”

“ဘာ”

“ကျွန်မကို စာချုပ်ဖောက်ဖျက်မှုနဲ့ တရားစွဲပြီး ထောင်ချလိုက်ပါ လို့ လာပြောတာ”

“ဘာ”

ယုရဲ့ပြတ်သားသောဆုံးဖြတ်ချက်များနှင့် စကားပြောရဲတင်းမှုများ ကြောင့် သွေးသစ်ဥာဏ် တုန်လှုပ်သွားရသည်။ယု ဒီလိုပြောလိမ့်မည်ဟု ထင်မထားမိ။

သူ ထိုင်ခုံကနေ ဆတ်ခနဲ ထရပ်မိသွားလျက်

“ယု မင်းဘာပြောတာလဲ”

“ထောင်ချပါလို့ပြောတာလေ၊ ရှင် မကြားလိုက်ဘူးလား”

“ယု မင်းအဲဒီလို ကန့်လန့်တိုက်ပြောလို့ မဖြစ်ဘူးလေ၊ ငါက မင်းကို အဲဒီလိုဖြစ်စေချင်တာမဟုတ်ဘူး။ ငါလျော်ကြေးကိစ္စလုပ်ထားတယ်ဆို တာ မင်းမလျော်နိုင်ရင် ဒီကုမ္ပဏီမှာပဲ ဆက်လုပ်စေချင်လို့ မင်းကို ငါ့မျက်စိ အောက်မှာ မြင်ချင်လို့ ငါ့မျက်စိအောက်မှာထားချင်လို့”

“အဲဒါ ဘာဖြစ်လို့လဲ”

“မင်းကိုချစ်လို့လေ ယု၊ အဲဒါ မင်းမသိဘူးလား”

ဈူးတာဝေ

www.burmeseclassic.com

www.burmeseclassic.com



"ချစ်တဲ့သူတစ်ယောက်က ချစ်သူကိုအထင်မသေးဘူး၊ မနှိမ်ချဘူး၊ မဖိနှိပ်ဘူး၊ အနိုင်မကျင့်ဘူး သွေးသစ်ဉာဏ်၊ ချစ်သူရဲ့ကိုယ်ကျင့်တရားနဲ့ ဂုဏ်သိက္ခာကိုမစော်ကားဘူး မရှုတ်ချဘူး ရှင်နားလည်လား"

"မင်းရော ငါ့ကို အဲဒီလို မလုပ်ခဲ့ဖူးဘူးလား ယု၊ မင်းထားရစ်ခဲ့တာ စွန့်ပစ်ခဲ့တာ ငါ မနာကြည်းရဘူးလား၊ မခံစားရဘူးလား၊ မကြေကွဲရဘူးလား၊ အဲဒီအတွက် လက်တုံ့ပြန်ခွင့်ရော မရှိဘူးလား၊ အဲဒီလို မခံစားရရင် မင်းကိုစိတ်ထဲမှာတောင် မထားဖြစ်ဘူး၊ အခု ငါ့ရင်ထဲမှာ ယုဆိုတဲ့မင်း တစ်ချိန်လုံးရှိနေတယ်၊ တစ်ရက်မှ တစ်စက္ကန့်မှမေ့လို့မရလို့ ငါဒီလိုအခြေအနေ ထိရောက်လာခဲ့တာ၊ ငါ့ဘဝလို့ဒီလိုဖြစ်တာ မင်းကိုသတိရတဲ့စိတ်တွေကြောင့်"

"အမုန်းတွေ အငြိုးတွေနဲ့ လက်စားချေဖို့အတွက် သတိရနေခဲ့တာမဟုတ်လား၊ ဘယ်လိုလက်တုံ့ပြန်ရမလဲလို့ တစ်ချိန်လုံးတွေးနေခဲ့တာ မဟုတ်လား၊ အသက်ကြီးကြီး ယောကျ်ားတစ်ယောက်ကို ပစ္စည်းဉစ္စာအတွက် ပိုင်းလုံးလုပ်ခဲ့တဲ့မိန်းမလို့ အထင်သေးနေခဲ့တာ မဟုတ်လား၊ ဘာတွေကများ အချစ်အတွက်ဖြစ်လို့လဲ၊ ချစ်သူကို တစ်ချိန်လုံးအထင်သေးရင်းနဲ့ ရှင့်ရဲ့အာဃာတတွေ အသာဖြေဖို့စဉ်းစားနေခဲ့တာ"

"ယု မင်းအဲဒီလို ထင်နေခဲ့တာလား၊ ငါ့ကိုယ်ငါလည်း အဲဒီလိုပဲလို့ ထင်အောင်ဖြစ်အောင် နေခဲ့တာပဲ၊ ဒါပေမဲ့ ဆန့်ကျင်ဘက်အနေနဲ့ မင်းကိုချစ်လို့ မမေ့နိုင်လို့ အဲဒီလိုတွေဖြစ်နေခဲ့တယ်ဆိုတာ ငါ့ကိုယ်ငါသိလိုက်ရတယ်၊ ငါတောင်းပန်တယ်၊ ဖြစ်ခဲ့သမျှတွေအတွက် ဆောရီးပဲ ယု၊ ငါအခု မင်းကိုဒူးထောက်ဆိုလည်း ထောက်မယ်၊ ငိုပြီးတောင်းပန်ဆိုလည်း တောင်းပန်မယ် ယု၊ ကိုယ်လုပ်ပေးနိုင်တာမှန်သမျှ မင်းကို ကိုယ်လုပ်ပေးပါမယ် ကျေအေးပေးပါ နားလည်ပေးပါ"





ယု နှုတ်ခမ်းလေးမဲ့ကာ ခေါင်းခါလိုက်၏။ ရင်ထဲကို စိုက်ဝင်လာတာ နည်းနည်းနောနော ဒဏ်ရာဒဏ်ချက်မှမဟုတ်တာ။ ကိုယ်ကျင့်တရားကိုစော်ကားအထင်သေးခံရတာလောက် နာကျင်စရာကောင်းတာ ရှိပါ့မလား။

"ရှင် ကျွန်မကို ထောင်ချမှာလား၊ အလုပ်ထွက်ခွင့်ပေးမှာလား၊ ခုထဲက တစ်ခုကိုရွေးပါ သွေးသစ်ဉာဏ်၊ ကျန်တဲ့အပိုစကားတွေ ကျွန်မကိုမပြောပါနဲ့"

"ယု မင်း ငါ့ကိုဘာလို့အကျပ်ပြန်ကိုင်နေတာလဲ၊ ငါ မင်းကို အဲဒီလိုတွေဖြစ်စေချင်လို့ လုပ်နေတာမဟုတ်ဘူး ငါ့အနားမှာ"

"တော်ပါတော့ သွေးသစ်ဉာဏ်ရယ်၊ ရှင်ဘာကြောင့် ဒီလိုပြောင်းလဲသွားသလဲဆိုတာ ကျွန်မ မသိဘဲနေပါ့မလား၊ အပျိုစင်အတိုင်းရှိသေးတယ်ဆိုလို့ လက်စားချေခြင်းတွေကိုရပ်တန့်ပြီး"

"အဲဒီလိုဆိုရင်ရော အချစ်မပါဘဲနဲ့ဖြစ်မှာလား ယု၊ ကိုယ့်အနားမှာ သက်ချောတဲ့လှတဲ့အပျိုစင်တွေ ပိုင်းဝိုင်းလည်နေတာပါ၊ ကိုယ်သာမင်းကို မချစ်ရင် အဲဒီအပျိုစင်တွေကို ခေါင်းခေါက်ရွေးချယ်လို့ရတယ်ဆိုတာ မင်းသိပါတယ် အခုက"

"ရွေးလေ ဘာနာကျင်မှုမှမပေးခဲ့တဲ့ အဲဒီမိန်းကလေးတွေကိုပဲ ရွေးလိုက်ပါ၊ ကျွန်မက ရှင့်ကို နာကျင်မှုတွေပေးခဲ့တယ်၊ ဒဏ်ရာတွေပေးခဲ့တဲ့သူ၊ အဲဒီလိုတွေလုပ်ခဲ့တဲ့ကျွန်မကို ဘာကြောင့် ရှင်"

"ချစ်လို့ ချစ်လို့ ယု၊ ချစ်လို့ပါ ယုရယ်"

"အို ရှင်ဘာလုပ်တာလဲ"

သူ့ရင်ခွင်ထဲ ဆွဲသွင်းကာ ဖက်လိုက်တာကြောင့် သူမတစ်ကိုယ်လုံး ရှိန်းဖိန်းပူထူသွားရသည်။ ဖွတ်အတင်းရှောင်ဖယ်ရန်းထွက်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



လွှတ်မပေးတာကြောင့် သူမ အသက်ရှူပင်ကြပ်လာသည်။

"ဖယ်စမ်းပါ"

"ကိုယ့်ကို အာဃာတတွေ ငြိမ်းအေးပေးလို့မရဘူးလား ယုရယ်၊ ကိုယ့်အလွန်ကိုယ့်အမှားတွေအတွက် ကိုယ်တောင်းပန်ပါတယ်၊ ယုအပေါ် ချစ်လွန်းလို့ အာဃာတတွေထားမိခဲ့တာပါ၊ ယုရဲ့အေးခဲမှုတွေအတွက် ကိုယ်အားမလိုအားမရဖြစ်ပြီး တုံ့ပြန်မှုတွေပြင်းထန်ခဲ့တာပါ ယုရယ်၊ အဲဒီအတွက် ကိုယ် ဘယ်လိုပြန်ပေးဆပ်ရမလဲပြောပါ"

"ရှင် လွှတ် လွှတ်ပြီးမှပြောမယ် ကဲ"

ပြောဆိုပြီး တွန်းကန်ပြီးထွက် သွေးသစ်ဉာဏ် လွှတ်ပေးတော့သည်။ သူမ ရှက်စိတ်များဖြင့် မျက်ရည်များပင်ဝဲနေကာ

"ရှင်နောက်တစ်ခါ အဲဒီလို အခွင့်အရေးမျိုးယူမယ်ဆိုရင် ကျွန်မ လုံးဝခွင့်မလွှတ်ဘူး သွေးသစ်ဉာဏ်၊ ရှင့်ကုမ္ပဏီမှာလည်း ကျွန်မ လုံးဝ မလုပ်တော့ဘူး"

"ဒါဆို မင်းလုပ်မယ်လို့ပြောတာလား"

"ကျွန်မကို ရှင့်ဆီမှာလုပ်ဖို့တစ်နှစ်ပဲသတ်မှတ်ပေးရမယ် သွေးသစ်ဉာဏ်၊ အဲဒီတစ်နှစ်တော့ ရှုံးရှောက်ဂတ်ရှောက် ကျွန်မ ပြဿနာမတက်ချင်လို့ ပြန်လုပ်ပေးလိုက်တာ၊ ဖေဖေမေမေတို့ကိုလည်း အသက်ကြီးမှ ကျွန်မကြောင့် စိတ်မဆင်းရဲစေချင်လို့ပဲ"

"ကိုယ်က ယုကို ဘာတွေအပြစ်များအောင်လုပ်မှာမို့လဲ ယုရယ်"

"ဘာပဲဖြစ်ဖြစ်ပါ ကျွန်မ တောင်းဆိုတာကို ရှင်လိုက်လျောနိုင်လား၊ မလိုက်လျောနိုင်ဘူးလားဆိုတာပဲ ပြောပါ"

"အင်း တစ်နှစ်ဆိုလည်း မဆိုးပါဘူး"





တစ်နှစ်အတွင်း သူမအချစ်ကိုရအောင် ပြန်ယူမည်ဆိုတာတော့ သူမသိအောင် မကြွေးဝါးဖြစ်၊ စိတ်ဆိုးစရာပိုဖြစ်သွားမှာစိုးလို့ပါ။ ချစ်လို့လိုက်လျောတာကိုပဲ သူမနားလည်စေချင်သည်။ သူမက မျက်မှောင်ကို ချစ်မြတ်နိုးလောက်အောင်ကျုံ့လျက်

"ရှင် ကတိတည်ပါစေနော်၊ အဲဒီတစ်နှစ်ပြီးရင် ရှင်နဲ့ကျွန်မ အလုပ်ရှင်အလုပ်သမားကိစ္စရော ကျန်တဲ့ကိစ္စရော အားလုံးပြီးပြတ်ပြီအောက်မေ့ပါ"

"မင်းဘာလို့ အဲဒီလောက်တောင် ပြတ်ပြတ်သားသားတွေ ပြောနိုင်နေရတာလဲ ယု"

"ရှင့်ကိုမုန်းလို့ မုန်းလို့ သွေးသစ်ဉာဏ်၊ ကျွန်မကိုရှင်အထင်သေးပြီး စော်ကားခဲ့တာတွေ ကျွန်မ ဘယ်တော့မှ မမေ့ဘူး၊ ရှင့်ကိုလက်တုံ့ပြန်လောက်အောင်တော့ အပြုံးမရှိပါဘူး၊ ရှင်နဲ့ပြတ်ပြတ်သားသားပဲနေချင်တယ် တစ်သက်လုံးအတွက်ပြောတာ"

အဲဒီအပြုံးကမှ သွေးပျက်လောက်အောင် ကြောက်စရာကောင်းတာပါ ယုရယ်ဟု ရင်ထဲကပြောဖြစ်သည်။ မုန်းမျက်နေသော သူမမျက်လုံးထဲမှာ အစိမ်းရောင်လဲ့နေတာ မြင်တွေ့လိုက်ရတော့ သူ တကယ်ပင် ထိတ်လန့်သွားမိသည်။ ယုကိုယ့်ကို မမုန်းလိုက်ပါနဲ့။

ချစ်လို့ဖြစ်ခဲ့ရတဲ့အကြောင်းအရာတွေအတွက် ကိုယ်အနူးအညွတ်တောင်းပန်ပါတယ် ယုရယ်။ တကယ်ဝေးမှာစိုးလို့ပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

"ရွှေဖင်"

ကလေးလေးနှင့်အတူ မြင်တွေ့လိုက်ရသော ရွှေဖင့်ကို သူ တအံ့ တသြပင်ခေါ်လိုက်မိသည်။ ရွှေဖင် သူ့ကုမ္ပဏီရဲ့ထမင်းစားဆောင်ထဲ ဒီကလေးကို ဘာကြောင့်ခေါ်လာရတာလဲ။ သူ့ကိုမြင်တော့ ရွှေဖင်မျက်နှာ လေး ပြုံးသွားလျက်

"ကိုသွေးသစ် အခုမှ ထမင်းလာစားတာလား။ ဘယ်အချိန်တော ရှိနေပြီလဲ၊ ရွှေဖင်က ဒီကနေမှ ကိုသွေးသစ်ဆီလာမလို့"

"ကလေးက"

"ယုကလေးလေ၊ အဲမဟုတ်ဘူး ဘယ်လိုလဲဆိုတာသိအော သိနေပြီမဟုတ်လား။ ကိုသွေးသစ်ဆီလာမှာကို အအေးသောက်ချင်တယ် ဆိုတာနဲ့ ဒီဘက်ဝင်လိုက်တာ"

"ကလေးကိုကြိုက်တဲ့အအေး မှာတိုက်လိုက်ပါ။ ကိုယ်ရှင်းလိုက် မယ်"

ရွှေဖင်က ကလေးအတွက် နို့အေးဘူးမှာပေးပြီး စားပွဲဝိုင်းမှာ





ထိုင်ဖြစ်ကြသည်။ ကလေးက သူ့မျက်နှာကိုသေချာကြည့်နေ၍

"ဦးဦးကို မြင်ဖူးတယ်"

"ဟုတ်လား သား။ သားဘာစားချင်လဲ ဦးဦးဘက်ကို လာပါဦး"

ကလေးက ချက်ချင်းဆိုသလိုပင် ရွှေဖင်လက်ပေါ်ကနေ သူ့ကိုယ် ပေါ်ကို ခုန်တက်လာသည်။

"သား ဘာစားဦးမလဲ"

"မစားတော့ဘူး။ မမက လမ်းမှာကျွေးခဲ့သေးတယ်"

"ဟုတ်လား ရွှေဖင်က အရင်တုန်းက ဒီကလေးအပေါ် ဂရုမစိုက် ဘူးလားလို့"

"အင်း ဘယ်လိုပြောရမလဲ ကလေးက"

"ယုနဲ့မပတ်သက်ဘူးဆိုလို့ စိတ်ပြောင်းသွားတာလား"

"အင်း ဘယ်လိုပြောရမလဲ၊ ယုရဲ့မျိုးသိပ်မှုတွေအတွက် ကျေးဇူး ပဲတင်ရမလား။ သူ့လိုမျိုး ရွှေဖင်တော့ နေနိုင်မယ်မထင်ဘူး။ ကလေးအမေ လည်းမရှိ အဖေလည်းမရှိဖြစ်ပြီဆိုတော့ သနားစရာကောင်းပါတယ်၊ ဒါပေမဲ့ ရွှေဖင်တို့က မွေးချင်ပေမယ့်လည်း ယု မပေးဘူးလုပ်နေတယ်"

"သူလည်း ကလေးကို သံယောဇဉ်ရှိမှာပေါ့။ ရွှေဖင်တို့က ကလေး ကိုအခမ္ပတ တောင်းနေကြတာလား"

"အဲဒီလိုလည်း မဟုတ်ပါဘူး။ ကလေးကျောင်းပိတ်ရက်တွေမှာ အိမ်လည်ခေါ်ရုံပါပဲ၊ ဒီနေ့တော့ သူ့ကိုကုမ္ပဏီအလည်ခေါ်ချင်တာနဲ့ ကျောင်း ကနေခွင့်ယူပြီးခေါ်လာခဲ့တာ"

"ဘဝတွေ အခြေအနေတွေက ဘယ်လိုတွေဖြစ်သွားတာလဲ၊ မထင်မှတ်ဟာတွေက အခြေအနေတွေပါ ပြောင်းလဲကုန်တယ်"



www.burmeseclassic.com

"ကိုသွေးသစ်က ဘာတွေဖြစ်နေလို့လဲ"

"ယု ကိုယ့်ကိုမုန်းသွားပြီ"

"ရှင်"

"ချစ်သူတွေဖြစ်ခဲ့ကြတယ်ဆိုတာ ရွှေဇင့်အစ်ကို စောစောလေးက သိသွားတာဆိုတော့ ရွှေဇင်ကို ပြောမပြရသေးလောက်ဘူးထင်တယ်၊ ယုနဲ့ ကိုယ်က ဟိုအရင်ချိန်က ချစ်သူတွေပါ၊ ရွှေဇင်အဖေနဲ့မပတ်သက်သေးရတဲ့ အချိန်ကပေါ့"

"ပြော်"

ရွှေဇင်မိုးက သဘောပေါက်သွားသလို မျက်နှာလေးညှိုးနွမ်းသွား၏။ သူက ကလေးရဲ့ဆံစလေးတွေကို နမ်းမွှေးလိုက်ပြီး

"ဒီကလေးကို ရွှေဇင့်အဖေနဲ့မွေးခဲ့တဲ့ကလေးလို့ ကိုယ်ထင်နေခဲ့တာ၊ ကိုယ်အခုအားလုံးသိလိုက်ရတဲ့အချိန်မှာတော့ ကိုယ့်ဘက်က လွန်တာတွေ နည်းနည်းများသွားတယ်၊ ယုလည်း ကိုယ့်လိုပဲခံစားလိုက်ရတာ ထင်ပါတယ်"

"ကိုသွေးသစ်က မရှင်းပြဘူးလား"

"သူလက်မခံဘူးလေ၊ အထင်သေးစော်ကားခံရတယ်လို့ နာကြည်းသွားမှာပေါ့"

"အဲဒီလို ကိုယ့်ကိုနာကြည်းမုန်းတီးနေတဲ့သူအတွက် ဘာလို့ အချိန် တွေအကုန်ခံနေမှာလဲ"

"ဟင်"

"ရွှေဇင်ကို ကိုသွေးသစ် ဘယ်လိုသဘောထားလဲ"

"အဲဒါက ဟို"





"လိုက်လျောမှုတွေရှိလို့ ရွှေဇင့်ကိုစိတ်ဝင်စားတယ်လို့ ထင်ခဲ့တာ၊ အတိတ်မှာ ယုနဲ့ချစ်သူတွေဖြစ်ခဲ့ကြတယ်ဆိုတာ သိလိုက်ရတော့ တော်တော်လေး စိတ်မကောင်းဖြစ်မိတယ်၊ ထင်တော့ထင်ပါတယ်လေ၊ ယုကို ကိုသွေးသစ်ဆက်ဆံတာ တစ်မျိုးပါပဲလို့ ကိုကို့ကိုတောင် ပြောမိသေးတယ်"

"အဲဒါကြောင့် ကိုကျော်ဇင်မိုးက မြန်မြန်သဘောပေါက်သွားတာ ထင်တယ်"

"ရွှေဇင်မေးတာ ကိုသွေးသစ် မဖြေရသေးဘူးနော်"

ရွှေဇင်က ခန့်မှန်းမိလောက်ပါရဲ့ မျှော်လင့်ချက်နှင့်သိချင်နေသေးတာဖြစ်မည်။ သူ ရွှေဇင့်ကိုအားနာနေလို့မဖြစ်။

ယုနှင့်ပတ်သက်ပြီး တွေဝေတာမျိုးတွေ မလုပ်ချင်။

"ကိုယ်အားနာပါတယ် ရွှေဇင်၊ ဟိုအရင်ကနေ အခုချိန်ထိ ကိုယ့်ရင်ထဲက နှစ်နှစ်ကာကာချစ်တာ ယုတစ်ယောက်တည်းပါပဲ၊ ယု ခွဲထားရက်ခဲ့ပေမယ့် ဒီကြားထဲမှာ ကိုယ် ဘယ်မိန်းကလေးကိုမှ မချစ်ခဲ့ဖူးပါဘူး။ ဒါ ကိုယ့်ရဲ့သစ္စာတရားပါ၊ ရွှေဇင်ကိုလည်း"

"ရွှေဇင်နားလည်ပါတယ်၊ ကိုသွေးသစ်ရဲ့စိတ်ခံစားမှုတစ်ခုကြောင့် ရွှေဇင်ကို အသုံးချနေတယ်ဆိုတာ ဒါပေမဲ့ ရွှေဇင်စိတ်က"

"ဆောရီးပါ ရွှေဇင်၊ ရွှေဇင်စိတ်ထဲမှာ အဲဒီလိုဖြစ်သွားတယ်ဆိုရင် ကိုယ်တောင်းပန်ပါတယ်၊ နားလည်လက်စနဲ့ပဲ ကိုယ်တစ်ခုလောက် အကူအညီတောင်းလို့ရမလား"

"ပြောကြည့်လေ ရွှေဇင် တတ်နိုင်တာဆို ကူညီရမှာပေါ့"

"ကလေးကို ယုဆီပို့ရမှာမဟုတ်လား၊ ကိုယ်သွားပို့ပေးလို့ရလား"

"ဟင် အဲဒါကတော့ ယုလက်ခံမှာမဟုတ်ဘူးထင်တယ်၊ ယုက



www.burmeseclassic.com

ကိုသွေးသစ်ကို စိတ်ဆိုးပြီး မုန်းနေတာဆို''

''ဒီအတိုင်း အမုန်းခံနေရတာထက်စာရင် ကြိုးစားကြည့်ချင်လို့ပါ ရွှေဖင်ရယ်၊ ကိုယ်ခံနိုင်ရည်တကယ်မရှိလို့ပါ၊ တစ်နေ့ကျရင်တော့ ကိုယ့်ကြိုးစားမှုတွေ အလဟဿမဖြစ်လောက်ဘူး ထင်ပါတယ်''

''ခြော်''

ယုကို ကိုသွေးသစ် တကယ်ချစ်တာပါလားလို့ ရင်ထဲနင့်ခနဲဖြစ်ရသည်။ ဒါပေမဲ့ မိမိဘက်ကပဲ တစ်ဖက်သတ်ခံစားနေလို့ ဖြစ်ပါ့မလား။ ယုအပေါ်မှာ မတရားတာတွေရှိခဲ့တာမို့ ကိုယ့်ခံစားချက်ကို ရှုပ်သိမ်းပြီး ကိုသွေးသစ်နှင့်အဆင်ပြေပါစေလို့ပဲ ဆုတောင်းရတော့မည်ထင်သည်။

''သားလေး ဒီဦးဦးက မေမေ့ဆီလိုက်ပို့မယ်တဲ့၊ သားလေး လိုက်သွားမယ်မဟုတ်လား''

''မေမေ့ဆီ''

''အင်းလေ သားရဲ့၊ ဦးဦးက ကစားကွင်းတွေလည်း လိုက်ပို့မယ်လေ၊ သားဦးဦးကိုမြင်ဖူးတယ်ဆို၊ ဦးဦးကမွေးဆီကို ရောက်ဖူးတယ်လေ သားမှတ်မိလား။ မေမေ့ကိုတွေ့ဖို့ ကိုကျော်ဇင်မိုး လိုက်ပို့တာ''

''ခြော် ဟုတ်တယ် ကိုကြီးလိုက်ပို့တာ''

''အေး ဟုတ်တယ် အဲဒီတော့ သားနဲ့ဦးဦးနဲ့သိတယ်နော်၊ ဟုတ်ပြီလား။ အခု ဦးဦးက သားကိုကစားကွင်းတွေလိုက်ပို့မယ်၊ စားချင်တာတွေလည်းဝယ်ကျွေးမယ်၊ ပြီးရင် မေမေ့ဆီလိုက်ပို့မယ် ဘယ်လိုလဲ သား''

''သား လိုက်သွားရမလား မမ''

''အံမယ် လူလည်လေး လူကိုတရားခံရှာနေသေးတယ်၊ အဖေ ကြီးထဲက မေမေ့ဆီပြန်ချင်နေတယ်မဟုတ်လား''





''အဟဲ ဟဲ ဘိုးဘိုးနဲ့ဘွားဘွားကလည်း မျှော်နေမှာ၊ မေမေက လည်း မျှော်နေမှာစိုးလို့ပါ။ မေမေက သားမရှိရင် ထမင်းမစားဘူး အဲဒါကြောင့် မေမေ့ကိုသနားလို့''

ကလေးက စကားတတ်လွန်းလှသည်။ ပြန်လည်းပို့ချင်အောင် မုန်းလည်းမမုန်းအောင် စကားလှလှလေးသုံးသွား၏။ ရွှေဖင်က မျက်နှာမကောင်းစွာနှင့်

''ယုက ကလေးကို သံယောဇဉ်ကြီးသလို ကလေးကလည်း ယုအပေါ် သံယောဇဉ်ကြီးလွန်းတယ်၊ အဲဒီကိစ္စ ယုကိုနားလည်ပေးနိုင်ပါ့ မလား ကိုသွေးသစ်''

''ယုကိုယ်တိုင်မွေးခဲ့တဲ့ ကလေးဆိုရင်တောင် ကိုယ်နားလည်ပေး မှာပဲဗျာ၊ ဘာလို့ဆိုတော့ ယုကို ကိုယ်ချစ်တာမို့ပါ၊ အမုန်းနဲ့တိုက်ခိုက်မိခဲ့ တဲ့အချိန်တွေက ကုန်ဆုံးသွားပါပြီ၊ အချစ်တွေနဲ့ပဲ ယုကိုသိမ်းသွင်းတော့မယ်''

''ကဲပါလေ ရွှေဖင် စိတ်မကောင်း မဖြစ်တော့ပါဘူး ယုအပေါ်မှာ ရွှေဖင်လည်း မကောင်းခဲ့ပါဘူး။ အခုတော့ သူနဲ့သွေးမတော်သားမစပ်တဲ့ ကလေးအပေါ်မှာတော့ ပေးဆပ်နိုင်တဲ့သူ့စိတ်က လေးစားစရာကောင်းပါ တယ်၊ သားလေးက ဖေဖေ့သားဖြစ်တဲ့အတွက် ယုတို့ရဲ့သွေးသားအရင်းပါပဲ၊ ဒါကို ယုက ဂရုစိုက်ပေးတော့ ဖေဖေနဲ့အပေးအယူကိစ္စတွေကိုလည်း အထင် မသေးတော့ပါဘူး။ ယုဆိုရင်တော့ မိသားစုအတွက် ဒီလိုမျိုးပေးဆပ်ရမှာ မဟုတ်ဘူး''

''ကိုယ်အမှားကြီးမှားခဲ့မိတယ် ရွှေဖင်ရယ်၊ ယုအပေါ်မှာ အထင် သေးမိရုံမကဘဲ မတူမတန်သလိုကို ဆက်ဆံမိခဲ့ပါတယ်၊ ချစ်နေပါလျက်နဲ့ ခပ်ကြောင်ကြောင် မာနတွေနဲ့တိုက်ခိုက်ခဲ့မိတာ တကယ်နောင်တရတယ်''

www.burmeseclassic.com

www.burmeseclassic.com



"ယုရဲ့အချစ်တွေရဖို့ နည်းဖို့တော့ လိုလိမ့်မယ်ထင်တယ်နော် ကိုသွေးသစ်၊ ယုက သိမ်မွေ့တဲ့မိန်းကလေးမို့ပါ"

"အင်း အခုလိုသတိပေးတာ ကျေးဇူးပဲ ရွှေဖင်"

ကလေးကိုပွေ့ချီကာ ရွှေဖင်ကိုနှုတ်ဆက်ရသည်။ ကလေးအကြိုက် ကစားကွင်းတွေလိုက်ပို့ စားစရာတွေကျွေးပြီးလျှင် ယုမျက်နှာလေးကိုတွေ့ဖို့ ယုဆီသွားရမည်။

မျက်နှာလေးကို တစ်ခဏလေးဖြစ်ဖြစ် မြင်ပါရစေ ယုရယ်။

■ ■ ■



## အခန်း (၃၀)

"ရှင် ရှင်ဘာလာလုပ်တာလဲ၊ ကျွန်မအိမ်ထဲကိုမဝင်နဲ့ သွား ခု ထွက်သွား"

"မေမေ"

"ဟင် သား"

သွေးသစ်ဉာဏ်နောက်မှာ သားကိုမြင်လိုက်ရတော့ အံ့ဩသွားသည်။ သားက သွေးသစ်ဉာဏ်နှင့်ဘယ်လိုလုပ်ပြီး ပါလာရတာလဲ။ သားက ပျော်ရွှင်နေပုံဖြင့် သူမကိုပြေးဖက်ကာ သွေးသစ်ဉာဏ်လက်ကိုလည်း ဆွဲထားသည်။

"ဦးဦး လာလေ၊ အိမ်ထဲကို ဝင်ပါဦး"

"သား ဘာလို့ခေါ်တာလဲ မခေါ်နဲ့"

"အားနာဖို့ကောင်းပါတယ်မေမေရဲ့၊ ဦးဦးကိုကော်ဖီလေးဖြစ်ဖြစ် တိုက်လိုက်ပါဦး"

"အံမယ် ဘာလို့ဧည့်ခံရမှာလဲ"

"ကြော် ဦးဦးက သားကိုကစားကွင်းလည်း လိုက်ပို့တယ် သား



www.burmeseclassic.com

www.burmeseclassic.com



စားချင်တာတွေလည်း အများကြီးကျွေးတယ်၊ မေမေနဲ့ဘိုးဘိုးဘွားဘွားတို့ အတွက်ပါ ဝယ်လာသေးတယ်"

"ရှင် သားကိုဘယ်ကနေခေါ်လာပြီး စည်းရုံးသိမ်းသွင်းနေတာလဲ ပြော ကိုမိုးက သားကိုရွှေဖင်ခေါ်သွားတယ်လို့ပြောတယ်၊ ရွှေဖင်နဲ့တွေ့ ကြပြီးမှ သားကိုတစ်ဖက်လှည့်နဲ့ခေါ်လာတာပေါ့လေ၊ အချိတ်အဆက် တော် တော်မိနေကြပါလား"

"ရွှေဖင်က သားကိုခေါ်ပြီး ကိုယ်တို့ကုမ္ပဏီကို ရောက်လာတာပါ၊ ကိုယ်က မင်းကိုတွေ့ချင်လို့ သားကိုလိုက်ပို့တာ"

"ရှင်သားရှေ့မှာ ဘာတွေအရှိအသေတန်အောင် ပြောနေတာလဲ၊ ရှင်အခုပြန်တော့ သား အိမ်ထဲဝင်"

"ကိုယ်ပြန်ဖို့လာတာမဟုတ်ဘူး ယု၊ သားရှေ့မှာ အရှိအသေတန် မယ့်စကားတွေပြောနေတာလည်းမဟုတ်ဘူး။ သားကိုမေးကြည့်ပါဦး၊ ကိုယ်နဲ့ မင်းနဲ့လက်ထပ်ရင် သဘောတူလား မတူလားဆိုတာ"

"ကြည့်စမ်း"

သားကိုငုံ့ကြည့်လိုက်တော့ သားက အရယ်အပြုံးများဖြင့် လက်မ လေးထောင်ကာ ခေါင်းညိတ်ပြ၏။ သားကိုအချိန်ကြာကြာခေါ်ထားပြီး စည်းရုံး သိမ်းသွင်းထားတာဖြစ်မည်။ သားလက်ကိုဆွဲကာ ခေါင့်ခနဲ သူ့ရှေ့က ထွက်လာပြီး အပေါ်ထပ်အခန်းထိ ဝင်နေလိုက်သည်။

"ယု ယု"

အသံကုန်ခေါ်ရင်း အိမ်ထဲထိ လိုက်လာမိသည်။ ဧည့်ခန်းမှာရှိနေ သော ယုမိဘနှစ်ပါးက တအံ့တဩ။

"သမီးလေးရဲ့အလုပ်ရှင်ထင်တယ်၊ ဘာကိစ္စရောက်လာပြန်တာ





လဲကွဲ့၊ သမီးကို ဘာစာချုပ်တွေနဲ့များ ချုပ်နှောင်ချင်သေးလို့လဲ"

"ဟို အန်တီ ကျွန်တော်ရှင်းပြပါရစေ၊ ကျွန်တော့်ကို ခဏလောက် စကားပြောခွင့်ပေးပါခင်ဗျာ"

"ထိုင်ပါဦးစေဦး သွင်၊ အကြောင်းရှိလို့ဖြစ်မှာပါ၊ ထိုင်ပါ မောင်သွေး သစ်"

"ဟုတ်ကဲ့"

ယုအဖေရဲ့သဘောကောင်းမှုကြောင့် ဆိုဖာခုံမှာ မဝံ့မရဲဝင်ထိုင်ရင်း ယုနှင့်သူ့အကြောင်း ပွင့်လင်းစွာဝန်ခံဖို့ ဆုံးဖြတ်လိုက်သည်။ ဒီအချိန်မှာတော့ စကားပြောလို့ဖြစ်အောင် အပေါ်ထပ်ကနေ ယု ဆင်းမလာပါစေနှင့်ဟု ဆု တောင်းမိသည်။

"ဒီလိုပါခင်ဗျား နားနဲ့မနာ ဖဝါးနဲ့နာပေးပါ၊ ကျွန်တော်နဲ့ယုက ဦးထွန်းအောင်မိုးနဲ့ယု မပတ်သက်ခင်က ချစ်သူတွေဖြစ်ခဲ့ကြပါတယ်"

"ဟင်"

"ဘာ"

"ကျွန်တော့်ကိုစွန့်ပစ်ခဲ့ပြီး ထားရစ်ခဲ့ပြီး ဦးထွန်းအောင်မိုးကို ယု လက်ထပ်သွားခဲ့တာပါ၊ အဲဒီအချိန်က ကျွန်တော်က အခြေအနေမဲ့ မိဘမဲ့ ဘုန်းကြီးကျောင်းမှာခိုကပ်နေခဲ့ရတဲ့ကောင်ပါ၊ အဲဒီလိုကောင်မျိုးက သူ့မိဘ တွေရဲ့ဒုက္ခကို ကယ်တင်နိုင်မှာမဟုတ်ဘူးဆိုပြီး အရာရာပြည့်စုံချမ်းသာပြီး ဖြည့်ဆည်းနိုင်တဲ့ ဦးထွန်းအောင်မိုးကို လက်ထပ်သွားတဲ့အခါမှာ ကျွန်တော့် ကို မနှုတ်ဆက်ဘူး၊ အားမနာဘူး မငဲ့ညှာခဲ့ဘူး"

"မောင်သွေးသစ်ဥာဏ် ဒါဆို"

"ကျွန်တော် သူ့ကိုနာကြည်းစိတ်တွေနဲ့ ကြိုးစားခဲ့လို့ ဒီအခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



ထိအောင်မြင်လာခဲ့တာပါ၊ အမှတ်မထင်ဘဲ သူက ကျွန်တော့်ရဲ့ဝန်ထမ်းဖြစ်နေခဲ့တယ်၊ အဲဒီအချိန်မှာ စွန့်ပစ်ခံခဲ့ရတဲ့ဘဝကိုနာကြည်းပြီး သူစိတ်ပင်ပန်းအောင် လက်တုံ့ပြန်ခဲ့မိပါတယ်''

''ခြော်''

ယုမိဘတွေ သဘောပေါက်သွားဟန်ရှိသည်။ သူ ဒီလောက်နှင့်ရပ်နေလို့မဖြစ်သေးပေ၊ အားလုံးကိုရှင်းပြပြီးမှ သူ့ကိုနားလည်သွားပေလိမ့်မည်။

''တကယ်တော့ ယု ကျွန်တော့်ကိုဘာကြောင့် စွန့်ပစ်သွားတယ်ဆိုတာ နောက်မှသိခဲ့ရပါတယ်၊ မိဘတွေရဲ့အခက်အခဲကြောင့် ဦးထွန်းအောင်မိုးနဲ့အပေးအယူလုပ်ခဲ့ရတယ်ဆိုတဲ့အကြောင်းပါ''

''ဟင် အပေးအယူ၊ အဲဒါက ဘာကိုပြောတာလဲကွဲ့၊ ဦးထွန်းအောင်မိုးက အန်တီတို့ကို ငွေရေးကြေးရေး ပြန်မဆပ်နိုင်လောက်အောင် ထောက်ပံ့ခဲ့လို့ သမီးကလက်ထပ်''

''အဲဒီတစ်ခုတည်းမဟုတ်ပါဘူး၊ တခြားမိန်းမနဲ့မွေးခဲ့တဲ့ကလေးကို ယုက တစ်သက်လုံးစောင့်ရှောက်ပေးဖို့ အပေးအယူတွေလည်း ရှိခဲ့ပါတယ်''

''ဟင် တခြားကလေး ဒါ ဒါဆို''

''ဟုတ်ပါတယ် ကိုဖြိုးလေးက ယုမွေးထားတဲ့ကလေး မဟုတ်ပါဘူး၊ ဦးထွန်းအောင်မိုးရဲ့တခြားမိန်းမက နှလုံးရောဂါနဲ့ကလေးမွေးပြီးပြီးချင်းသေသွားခဲ့ပါတယ်၊ ဦးထွန်းအောင်မိုးနဲ့ယုက လင်မယားလို အိမ်ထောင်သည်လိုပေါင်းသင်းနေထိုင်ခဲ့ကြတာမဟုတ်ပါဘူး၊ ဒီကလေးကိုစောင့်ရှောက်လို့ရအောင် အမွေပေးလို့ရအောင် ဟန်ဆောင်လက်ထပ်ခဲ့ကြတာပါ''

''အို သမီးရယ်''





ဦးမင်းနိုင်တို့လင်မယား အံ့သြပြီးရင်း အံ့သြရင်းနှင့် သမီးကို ကံကောင်းသည်ဟု ဝမ်းသာပေးရမည်လားမသိဘဲ သွေးသစ်ဥာဏ်ဆက်ပြောမည့်စကားတွေကိုလည်း နားစွင့်နေခဲ့ကြသည်။ သွေးသစ်ဥာဏ်က အပေါ်ထပ်ကို မသိမသာ စောင်းငဲ့ကြည့်ပြီးမှ

''ယုက အပျိုစင်လေးတစ်ယောက်ပါပဲ အန်တီ၊ အန်တီတို့ဒီအကြောင်းသိပြီး ကိုဖြိုးလေးက မြေးအရင်းမဟုတ်ဘူးဆိုရင် စိတ်ဝမ်းကွဲတာမျိုး သွေးမသက်တာမျိုးဖြစ်မှာစိုးလို့ အန်တီတို့ကို ပြောမပြတာပါ၊ ပြောရရင် ဦးထွန်းအောင်မိုးအပေါ် ကတိစကားတွေ သစ္စာတွေ ဖောက်ဖျက်မိသလိုဖြစ်မှာစိုးရိမ်တာပေါ့''

''အို မိဘပဲကွယ် ဒီလိုဖြစ်စရာလား''

''ကိုယ်ကကျူးကိုယ့်ဒူးတောင်မယုံနဲ့ဆိုတဲ့စကားလည်း ရှိတယ်မဟုတ်လားအန်တီ၊ ယုက ချစ်သူဖြစ်တဲ့ကျွန်တော့်ကိုတောင် ဘာတစ်ခုမှရှင်းမပြဘဲ အစိမ်းလတ်လတ် အသည်းခွဲသွားတဲ့သူပါ၊ မိဘတွေအတွက် ဒီလိုပေးဆပ်မှုဖြစ်မယ်ဆိုပြီး သူ့နှလုံးသားကိုတောင် အသေသတ်ရက်ခဲ့တယ်''

''အေးကွာ အဲဒီအတွက်တော့ အန်ကယ်စိတ်မကောင်းပါဘူး၊ သမီးမှာ အဲဒီအချိန်တုန်းက ချစ်သူတစ်ယောက်ရှိခဲ့တယ်ဆိုတာ အန်ကယ်တို့လည်းသိပါတယ်၊ ဒါပေမဲ့ ကိုယ့်ဒုက္ခနဲ့ကိုယ် သမီးကိုမသက်ညှာနိုင်ဘူး၊ သမီးအပေါ်မစာနိုင်ခဲ့ဘူးပဲပြောရမလား၊ ကိုယ့်အတွက်ကိုယ်ကလွဲပြီး မတွေးနိုင်ခဲ့ဘူး၊ တကယ်တမ်းက အန်ကယ့်အပြစ်တွေပါ၊ သမီး ဒီလိုလုပ်ချင်လို့လုပ်သွားတာ မဟုတ်ပါဘူး''

''ကျွန်တော် ယုကိုနားလည်ပါပြီ အန်ကယ်၊ ဒါပေမဲ့ ယုက



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို နားမလည်ဘူး"

"ဟင် အေး အဲဒါက"

"ခုနက ကျွန်တော်ပြောခဲ့သလိုပါပဲ၊ ယု ကျွန်တော့်ကုမ္ပဏီမှာ လုပ်တော့ သူ့ကိုစိတ်ညစ်အောင် စိတ်ဆင်းရဲအောင် အနိုင်ကျင့်မိတယ်၊ ဖိအားတွေပေးမိတယ်၊ မတူမတန်ဆက်ဆံသလိုတွေ လုပ်ခဲ့မိပါတယ်၊ ကျွန်တော့်ရဲ့မျက်ရည်တွေအတွက် ဒုက္ခပေးခဲ့ရတာတွေအတွက် လက်တုံ့ပြန်လိုက်မိတဲ့သဘောပါ။ အခုအကြောင်းစုံသိရပြီး ယုကိုနားလည်တဲ့အချိန် နောင်တရတဲ့အချိန်မှာတော့ ယုက ကျွန်တော့်ကိုနာကြည်းသွားပြီ၊ ကျွန်တော် ဘာဆက်လုပ်ရမှန်း မသိတော့ဘူး အန်ကယ်"

သွေးသစ်ဥာဏ်စကားကြောင့် ဦးမင်းနိုင်တို့လင်မယား သက်ပြင်းချမိကြသည်။ တကယ်ဆို သမီးကတော်တန်ရုံ စိတ်ကြီးတတ်သူမဟုတ်ပါ။ ချစ်နေသူတစ်ယောက်က ဒီလိုလုပ်ခဲ့လို့သာ စိတ်နာသွားခဲ့တာ ဖြစ်မည်။

"ဒီလိုတော့ ရှိပါတယ် မောင်သွေးသစ်၊ သမီးကို အန်ကယ်တို့ ဖျောင်းဖျကြည့်ပါမယ်၊ တကယ်မုန်းနေတာဆိုရင်တော့ မင်းအပေါ် ဒီလိုလုပ်နေမှာမဟုတ်ဘူးထင်တယ်၊ အခုက သမီးအလုပ်ပြန်ဆင်းမယ်လို့ မင်းနဲ့ညှိနှိုင်းခဲ့တယ်ဆို"

"ဟုတ်ကဲ့ တစ်နှစ်ပဲတဲ့၊ တစ်နှစ်ပြီးရင်တော့ စာချုပ်ကိစ္စရော ကျွန်တော်နဲ့ပတ်သက်မှုရော အားလုံးပြီးပြတ်ပြီတဲ့"

"အဲဒါပဲ မကြည့်ချင်မမြင်ချင်လောက်အောင် မုန်းတီးနာကြည်းသွားပြီဆိုရင် မင်းမျက်နှာကိုမြင်ရဖို့ ကုမ္ပဏီကိုအလုပ်လာဆင်းပါ့မလား"

"ဗျာ ဩော် ဟုတ်ကဲ့"

ဦးမင်းနိုင်စကားကို ကြောင်တောင်တောင်ဖြစ်သွားပြီးမှ နားလည်





သလိုလို ရှိသွားသည်။ သူ ဝမ်းပဲသာရမှာလား။

"ဒါဆို ကျွန်တော် မျှော်လင့်ချက်ရှိနိုင်တာပေါ့နော်"

"အတိအကျဆိုတာတော့ အန်တီတို့လည်း လူငယ်တွေရဲ့စိတ်ကို အလုံးစုံ မခန့်မှန်းတတ်ပါဘူး။ ဒါပေမဲ့ သမီးကို အတတ်နိုင်ဆုံးဖျောင်းဖျပါမယ်၊ တစ်ခုပဲ မြေးလေးနဲ့ပတ်သက်ရင် မင်းထပ်ပြီးနားလည်ပေးရလိမ့်မယ် ထင်တယ်"

"ဟုတ်ကဲ့ ကျွန်တော်နားလည်ပါတယ်၊ ကျော်ဇင်မိုးနဲ့ရွှေဇင်မိုးက တောင်းတာလည်း ကလေးကိုမပေးဘူး။ မွေးကင်းစအရွယ်တည်းက မိခင်မေတ္တာတွေနဲ့ မွေးမြူလာခဲ့ရတာဆိုတော့ ဘယ်သံယောဇဉ်ကိုအလွယ်ဖြတ်နိုင်ပါ့မလဲ"

"အေးပါ အန်တီတို့လည်း မြေးအရင်းလိုပဲ နေလာခဲ့တာ သံယောဇဉ်မဖြတ်နိုင်ပါဘူး။ မြေးလေးက ဖြူဖြူစင်စင်လေးပါ၊ ဖြစ်နိုင်ရင် တစ်သက်လုံးပဲ မွေးထားချင်တယ်"

"ကျွန်တော်လည်း ကလေးကိုမြင်မြင်ချင်းပဲ ချစ်သွားမိပါတယ်၊ ကျွန်တော်လည်း အတွယ်အတာ အနှောင်အဖွဲ့ကင်းပြီး တစ်ယောက်တည်း နေလာခဲ့ရတာမဟုတ်လား။ ယုနဲ့အတူတူ မိသားစုဘဝလေးနဲ့သာ နေခွင့်ရမယ်ဆိုရင် ကျွန်တော်ကြိုးစားရှာဖွေထားသမျှတွေက ယုအတွက်ချည်းပါပဲ"

"ဟုတ်ပါပြီ မင်းဆန္ဒပြည့်ရမှာပါ"

"အန်ကယ်နဲ့အန်တီရဲ့နားလည်မှုကြောင့် ကျွန်တော် အားရှိသွားပါပြီ၊ ကျွန်တော့်ကိုစိတ်ချယုံကြည်ပါ၊ ယု စိတ်ဆင်းရဲ စိတ်ညစ်အောင် နောက်ဘယ်တော့မှ ကျွန်တော်မလုပ်တော့ပါဘူး ကတိပေးပါတယ်"

"အေးပါကွာ ကျေးဇူးတင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ယုမိဘတွေရဲ့နားလည်မှုကြောင့် သူ တကယ်ပျော်ရွှင်ဝမ်းသာသွားမိတာ အမှန်ပင်။ သူ့ဘက်မှာ ကျော်ဇင်မိုးနှင့်ရွှေဇင်မိုးလည်း ရှိနေပြီမို့ အင်အားတောင့်တင်းနေပြီမဟုတ်လား။

ကိုဖေယျာနှင့်စိုးကျော်ရော ဒီနှစ်ယောက်ကတော့ ပေကာ်ကပ်နှင့် ယှဉ်ဘက်ကသော ရှိသေးသည်။ ယုကို ပိုင်ဆိုင်ရမှ ဒင်းတို့နှစ်ယောက်ကို အလုပ်ကိုဖြုတ်ပစ်ဦးမည်။

အခုတော့ ရင်မောစွာနှင့်ပင်။

■ ■ ■



## အခန်း (၃၁)

"သမီး လာပါဦး ထိုင်ပါဦးကွယ်"

ရေမိုးချိုးပြီး အောက်ထပ်ဆင်းလာချိန်မှာ ဧည့်ခန်းမှာရှိနေသော ဖေဖေနှင့် မေမေက သူမကို လှမ်းခေါ်သည်။ ဖေဖေတို့ရဲ့မျက်နှာချင်းဆိုင်ခုံမှာ သူမ ဝင်ထိုင်လိုက်၏။

"မြေးလေးရော သမီး"

"တစ်နေ့ကုန် ကစားလာတာ ညစ်ပတ်နေလို့ နာနီကိုရေချိုးခိုင်းထားတယ်"

"မောင်သွေးသစ် ခေါ်သွားတာတဲ့လား"

"ရွှေဇင်တို့ဆီကနေမှ ခေါ်သွားတာပါ"

"မြေးလေးက မောင်သွေးသစ်နဲ့အဆင်ပြေသားပဲ"

"ရှင်"

"ဖေဖေတို့ကို ဘာလို့အကျိုးအကြောင်း အစုံအလင်ရှင်းမပြခဲ့တာလဲ သမီး။ ဦးထွန်းအောင်မိုးကိုရော မြေးလေးကိုရော မောင်သွေးသစ်ကိုရောအားလုံး ဖေဖေတို့ကို အသိမပေးသင့်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဟို ဖေဖေ"

"အခု မောင်သွေးသစ်အားလုံး ရှင်းပြသွားလို့ သိလိုက်ရပါပြီ။ မိဘတွေကိုတောင် မယုံကြည်လို့ သမီးသစ္စာရှိရှိ ဖုံးကွယ်ထားတာ ဖေဖေတို့ စိတ်မကောင်းဘူး သမီး"

"ဟို အဲဒီလိုမဟုတ်ပါဘူး ဖေဖေ၊ အမှန်တရားဆိုပေမယ့်လည်း လူတိုင်းသိလို့မဖြစ်တဲ့အကြောင်းအရာတွေ ရှိပါတယ်၊ မြေးအရင်းမဟုတ်တိုင်း သိလို့မဖြစ်တဲ့အကြောင်းအရာတွေ ရှိပါတယ်၊ မြေးအရင်းမဟုတ်မှန်းသိရင် ဖေဖေတို့အနေနဲ့ သွေးမသက်မှာ စိတ်ဝမ်းကွဲမှာ၊ ဦးထွန်းအောင်မိုးက စိုးရိမ်ခဲ့တယ်၊ သူ သေသွားရင် ယုကို လက်ထပ်ဖို့တွေ တိုက်တွန်းမှာကြောက်တယ်၊ အဲဒီလိုဆိုရင် သူ့သားလေး ခိုကိုးရာမဲ့သွားမှာစိုးလို့ ယုဆီက ကတိစကားတွေတောင်းခဲ့လို့ပါ။ တကယ်သာ သားလေးက ယုသားလေး မဟုတ်ဘူးဆိုရင် ဖေဖေတို့ အဲဒီလိုဆန္ဒမျိုး ရှိနိုင်တာပဲလေ၊ ယုလည်း အဲဒီလိုမဖြစ်စေချင်လို့ အသိမပေးခဲ့တာပါ"

"ထားပါတော့ မောင်သွေးသစ်ကိစ္စကရော သမီး။ သမီးနဲ့ချစ်သူတွေ ဖြစ်ခဲ့ကြတယ်၊ ထွန်းအောင်မိုးကိစ္စကြောင့် သမီးစွန့်ပစ်ထားခဲ့တယ်ဆိုတာ အမှန်ပဲလား"

"သူပြောသွားပြီးပြီမဟုတ်လား။ ဖေဖေတို့သိထားတဲ့အတိုင်းပါပဲ"

သူမ ခပ်ငေါ့ငေါ့လေးရွဲ့ကာ ပြောမိသည်။ သူမသားနှင့်အတူတူ အပေါ်ထပ်တက်နေတုန်း ဖေဖေတို့ကို အကြောင်းစုံဖောက်သည်ချသွားခဲ့တာ ဖြစ်မည်။ သူနှင့်ကျမှ သူမ လျှို့ဝှက်ဖုံးကွယ်ထားသမျှတွေအားလုံး ဘူးပေါ် သလိုပေါ်တော့၏။ မေမေက ခပ်ပြုံးပြုံးနှင့်

"အေး မေမေတို့လည်း သူ့ကြောင့်မို့သာ အကြောင်းစုံသိရတယ်



အမေတို့သမီးလေး အပျိုစင်ဘဝလေးအတိုင်း ရှိသေးတာတော့ မေမေ ဝမ်းသာပါတယ်ကွယ်၊ ဒီကိစ္စ ဦးထွန်းအောင်မိုးကိုလည်း ကျေးဇူးတင်ရမယ်၊ သူ့သွေးသားအတွက်ရပိုင်လိုခွင့်အတ္တတွေလျှော့နိုင်တာ ဖခင်ကောင်းတစ်ယောက်ပါပဲ၊ ဒီကိစ္စကျော်ဇင်မိုးကိုလည်း သိသွားပြီမဟုတ်လား သမီး"

"ဟုတ်ကဲ့"

"သူတို့ကတော့ သူတို့အသွေးအသားအတွက် အတ္တကြီးပြီး မေမေ တို့ကိုပြောမပြခဲ့ဘူး။ သူတို့သွေးသားကို မေမေတို့သူစိမ်းလိုဆက်ဆံမှာစိုးလို့လေ"

"မဟုတ်ပါဘူး မေမေ၊ ကိုမိုးက မေမေတို့ကို အသိပေးနိုင်းပါတယ်၊ ယု လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင်နေလို့ရအောင် လက်ထပ်လို့ရအောင် သားလေးကို သူတို့ခေါ်ထားတော့မယ်လို့ ပြောပါတယ်၊ ရပိုင်ခွင့်တွေကိုလည်း ကိုမိုးက ယုနာမည်နဲ့ဘဏ်မှာထည့်ထားပေးပါတယ်၊ ရွှေဇင်မိုးလည်း နားလည် သင့်သလောက် နားလည်သွားပါပြီ"

"ဒါဆိုရင်တော့ တော်သေးတာပေါ့၊ အေးလေ သမီးလည်း သမီး ဘဝအတွက်စဉ်းစားသင့်ပါပြီ၊ ကိုယ့်ချစ်သူကိုယ့်အိမ်ထောင်နဲ့ကိုယ် အေးအေး ချမ်းချမ်းနေရမယ့်အချိန်တွေလည်း လွန်နေပါပြီ၊ မေမေတို့ကိုနောက်ဆံမတင်းဘဲ သမီးဘဝအတွက်စဉ်းစားပါတော့ သမီး"

"ဟုတ်တယ် သမီး၊ မောင်သွေးသစ်က အစစအရာရာအားလုံး အတွက် တောင်းပန်သွားတယ်၊ သမီးအပေါ်ပြုမှုတဲ့အပြစ်အတွက် နောင်တရ ကြောင်းလည်း ပြောသွားတယ်၊ ဖြစ်ခဲ့သမျှတွေက အမှန်းကြောင့်မှမဟုတ်ဘဲ သမီးကျေအေးနိုင်သလောက် ကျေအေးပေးလိုက်ပါ"

ဒါကိုတော့ ဟုတ်ကဲ့ပါလို့ မေမေတို့စိတ်ချမ်းသာအောင် ကတိမပေး

www.burmeseclassic.com

www.burmeseclassic.com



နိုင်ပေ။ သူမကိုအထင်သေးစွာ ဆက်ဆံခဲ့တာ ခွင့်လွှတ်လိုက်စရာလား။ သူမ ငြိမ်သက်နေသည့်အခါမှာ ဖေဖေကမကြိုက်သလိုဖြင့်

"ပြန်တွေးကြည့်ရင် မောင်သွေးသစ်အပေါ် အပြစ်လုပ်ခဲ့တာပဲလေ သမီး၊ အဲဒီအချိန်က သူဘယ်လောက်ခံစားသွားရနိုင်သလဲလို့ သူ့ဘက်က ကိုယ်ချင်းစာပေးခဲ့လို့လား။ မိဘအပေါ်ပေးဆပ်နိုင်တာကောင်းပါတယ်၊ ချစ်သူအပေါ်သစ္စာမဲ့တာတော့ အပြစ်ရှိတာပဲသမီး။ နောက်တစ်ခုကိုလည်း သေချာစဉ်းစားပါ၊ မြေးလေးကို သမီးမခွဲနိုင်ဘူးမဟုတ်လား"

"ဘာဆိုင်လို့လဲ မေမေ"

"ဘဝအဖော်မွန်ရွေးရမယ်ဆိုရင် အကြောင်းသိဓာတ်သိ ကိုယ့်အကြောင်း အစအဆုံးသိပြီး သမီးအပေါ်ချစ်ခင်ကြင်နာနိုင်မယ့်သူကသာ မြေးလေးကိုလည်း လက်သင့်ခံနိုင်မှာပေါ့ သမီးရယ်၊ မောင်သွေးသစ်က မြေးလေးကိုချစ်ရှာပါတယ်၊ သမီးနဲ့မြေးလေးအပေါ် ချစ်ခင်ကြင်နာဖို့ သူ ကတိတွေပေးသွားခဲ့ပါတယ်ကွယ်"

ဒီတစ်ခါတော့ ငြိမ်သက်စွာနှင့်သူမစဉ်းစားဖြစ်သွားသည်။ မေမေတို့ ပြောသလို သားနှင့်ပတ်သက်ပြီး နားလည်ပေးနိုင်တာကတော့ သွေးသစ် ဉာဏ်တစ်ယောက်သာရှိလိမ့်မည်။ သားကိုတော့ သူမ ဘယ်လိုမှမခွဲနိုင်ပါ။

"သူကတိပေးတယ်ဆိုတာ ဟုတ်ချင်မှဟုတ်မှာ မေမေ၊ ယောကျ်ား တွေဆိုတာမရခင် ဖျာလိပ်ထိပ်ပေါ်တင်ထားတယ်ကြပေမယ့် ရရင်ဖျာလို ခင်းနင်းတတ်ကြတာ သဘာဝပဲ၊ ယုနဲ့ပတ်သက်ပြီး သားကိုအခွံ့ရှာတာခံရ ဆိုတာ"

"သမီးသူ့ကိုချစ်သေးသလားဆိုတာပဲ မေမေတို့ကို အမှန်အတိုင်း ဖြေပါ၊ ချစ်ရင်သူ့အပြစ်လုပ်ခဲ့ရင်တောင် ခွင့်လွှတ်နားလည်ပေးရမှာပဲ သမီး





မောင်သွေးသစ်က သမီးသူ့အပေါ်အပြစ်လုပ်ခဲ့တာတောင် အငြိုးတွေနဲ့ အခဲ့ ထိလက်စားချေသွားခဲ့တာမဟုတ်ဘူး၊ အချစ်နဲ့အချိန်မီ ခွင့်လွှတ်နားလည်နိုင် ခဲ့တယ်၊ သမီးကလည်း သူ့ကိုတကယ်မမေ့သေးဘူး ချစ်သေးတယ်ဆိုရင် ခွင့်လွှတ်နားလည်ပေးလိုက်ပါကွယ်၊ မေမေတို့ သမီးလေးကို စိတ်ချမ်းသာ ပျော်ရွှင်တာ မေမေတို့မြင်ချင်လှပါပြီ၊ မေမေတို့အတွက်ပဲတွေးပြီးတော့ပဲဖြစ် ဖြစ် မောင်သွေးသစ်ကို ခွင့်လွှတ်နားလည်ပြီး လက်ခံလိုက်ပါကွယ်"

မေမေတို့ကို သွေးသစ်ဉာဏ် ဘယ်လိုစည်းရုံးသိမ်းသွင်းသွားသည် မသိပေ။ သူမကိုဖွင့်အတင်းဖျောင်းဖျနားချနေတော့တာမို့ သူ့ကိုစိတ်ပဲဆိုး ရတော့မလိုလို ခွင့်လွှတ်နားလည်ပေးလိုက်ရတော့မလိုလိုပါ။ ရင်ထဲမှာလည်း တလှိုက်လှိုက်ဆူဝေလာသလိုဖြင့် ငယ်စဉ်အတိတ်ကလို ရင်ခုန်သံတွေလည်း မြန်လာခဲ့သည်။

အမုန်းတွေနှင့်လမ်းခွဲကြတာမဟုတ်ဘဲ နာကြည်းမှုတွေနှင့်သာ တုံ့ပြန်ခဲ့ကြတာ။ သံယောဇဉ်ပြန်ဆက်စပ်မိသွားလျှင် အိုဟောင်းသွားသော အချိန်တွေဖြင့် မနုပျိုဘဲနေပါ့မလား။

အချစ်ဟာ အိုဟောင်းမသွားဘူးဆိုလျှင်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

"မင်း အဲဒီလိုတွေ ပြောပစ်ခဲ့တာ၊ ဟာ သွေးသစ်ဥာဏ်ရာ မင်းက ယုတစ်သက်လုံး ဖုံးကွယ်လျှို့ဝှက်လာသမျှ တစ်ခါတည်းအစဖော်ပစ်လိုက်တာပဲ သူတို့မိသားစုတွေ ပြဿနာမတက်နိုင်ဘူးလားကွာ"

"ယုက သမီးလိမ္မာဆိုတာ သူ့မိဘတွေသိနေတာပဲ၊ ဘာပြဿနာတက်စရာလိုလို့လဲ၊ သူတို့အတွက်ပဲ ယုတစ်သက်လုံး ပေးဆပ်လာခဲ့တာ၊ ချစ်သူကိုစွန့်တယ်၊ နှလုံးသားကိုနာကျင်ခံတယ်၊ ဒါတွေကို ယု မိဘတွေ နားမလည်လို့ရမလား။ အခုနားလည်လို့ပဲ ငါနဲ့သဘောတူတဲ့အနေအထားမျိုးနဲ့ သူတို့သမီးကိုဖျောင်းဖျနားချမယ်တဲ့၊ ငါနဲ့လက်ထပ်ဖို့ သဘောတူတယ်၊ တစ်ခု ပဲတောင်းဆိုလိုက်တယ်"

"ဘာလဲ"

"သွေးမတော်သားမစပ်ပေမယ့် သူတို့မြေးလေးကို သမီးက ခွဲမှာမဟုတ်တဲ့အတွက် နားလည်ပေးဖို့တဲ့"

"ကောင်းလှချည်လား။ ဒါဆို မင်းအခြေအနေတော်တော်ကောင်းတာပဲ၊ မင်းကလည်းရပါတယ်လို့ ကတိတွေပေးခဲ့တယ်မဟုတ်လား။ ယုကို အသေရရ အရှင်ရရ အငမ်းမရဖြစ်နေပြီဆိုတော့လေ"





"သေနာတွေ မဦးမချွတ်"

သွေးသစ်ဥာဏ် မခံမရပ်နိုင်ဖြစ်သွားတာကို ကိုဖေယျာတို့သဘောကျသွားကြသည်။ ကိုဖေယျာက အပြုံးအရယ်များဖြင့် သွေးသစ်ဥာဏ်ပခုံးကိုပုတ်လိုက်ပြီး

"မင်း ယုကိုတကယ်ချစ်တာ ငါတို့သိပါပြီကွာ၊ ယုမိဘတွေကို သွားတွေ့ပြီး အကြောင်းစုံပြောပြတောင်းပန်ခဲ့ပြီဆိုတော့ ယုလည်း ကျေနပ်မှာပါ၊ တစ်ခုပဲ ယုမှာ ကလေးပါလာမှာဆိုတော့ မင်းတစ်သက်စာအတွက် နားလည်ပေးနိုင်မှာလား"

"ယုကို ကျွန်တော်တစ်သက်လုံး ချစ်သွားမှာပဲ၊ ဒီကလေးအပေါ်လည်း တစ်သက်လုံးနားလည်ပေးနိုင်မှာပါ၊ ဒါ ကျွန်တော်အပေါ်ယံပြောတဲ့စကားမဟုတ်ဘူး။ ကျွန်တော့်မှာမိဘဆွေမျိုး အသိုက်အဝန်း မိသားစုအနှောင်အဖွဲ့ဆိုတာမရှိဘူး၊ ကိုဖေယျာ၊ အဲဒီအတွက် ယုမှာမိသားစု ဘယ်လောက်ပါလာလာ ကျွန်တော်ကြည်ဖြူနိုင်လိမ့်မယ်လို့ ကတိပေးတာပါ"

ဒီလိုပြောလိုက်တော့ ကိုဖေယျာနှင့်စိုးကျော်မျက်နှာ ပြုံးယောင်သမ်းသွားသည်။ စိုးကျော်က သွေးသစ်ဥာဏ်ပခုံးကိုပုတ်ပြီး

"မင်း၊ အဲဒီလောက် စေတနာကောင်းရင်တော့ ကံကောင်းလာမှာပါ၊ ဒီနေ့ ယုကမ္ဘောဇကို ရုံးတက်လာရင် ပိုသေချာတာပေါ့"

"အေး ဟုတ်တယ်ကွ၊ ယုမိဘတွေကလည်း ယုကိုဖျောင်းဖျပြီးနေလောက်ပြီ၊ ယု စိတ်မပါရင် ရုံးတောင်တက်မှာမဟုတ်ဘူး။ အဲဒါသေချာတယ်၊ ယုလာရင်သာ မင်းအပိုင်ချည်နိုင်ဖို့ ကြိုးစား"

"ဘယ်လိုအပိုင်ချည်ရမှာလဲ"

"ယောကျ်ားလေးဖြစ်ပြီး ဒါလေးတောင် နားမလည်ဘူးလား။ မိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေက အတွေ့အထိကို မက်မောသာယာတတ်ကြတယ်၊ ဖလိုင်းကစ်တွေဘာတွေ ခြေသွက်လက်သွက် လှုပ်ရှားလိုက်ပေါ့ကွာ၊ အချိန်ဆွဲနေရင် မင်းပဲနောင်တရ ကျန်ခဲ့ရမှာ''

''အာ အဲဒီလိုကြီးတော့''

''မင်းမလုပ်ဘူးလား၊ ဒါ ညစ်ညမ်းတဲ့ကိစ္စမှမဟုတ်တာ၊ နှလုံးသားရဲ့တောင့်တမှုတွေလို့ခေါ်တယ်၊ မင်း ယုကိုသိမ်းသွင်းနိုင်ဖို့တစ်ခုခုတော့ အပိုင်ချည်နိုင်အောင်ကြိုးစားရမှာပဲ၊ ငါတို့ပြောတာ နားလည်လား''

''ဟုတ် နား နားလည်တယ်၊ ဒါပေမဲ့ တော်ပါတော့ဗျာ၊ နားထောင်ရတာ နားရှက်တယ်၊ နှလုံးသားကအလိုဆန္ဒအတိုင်း သူ့ဟာသူတော့ အဆင် ပြေသွားမှာပါ၊ ယုလက်မခံရင် ကျွန်တော် စိတ်ရှည်ရှည်နဲ့ကြိုးစားမယ်၊ ဒါ ကျွန်တော်ဆုံးဖြတ်ထားတဲ့ကိစ္စပါ''

''လိမ္မာလုချည်လား ကောင်လေးရယ်၊ မွေးရကျိုးနပ်လိုက်တာ၊ လိမ္မာလိုက်တဲ့ ဖေ့သားလေး''

''ခွေးကောင်''

စိုးကျော်ကို လက်သီးနှင့်ပြန်ထိုးလိုက်ပြီး ရင်မှာပေါ့ပေါ့ပါးပါးနှင့် ကြည်ကြည်နူးနူးလေးဖြစ်သွား၏။ ဒီလိုပေါ့ပါးစွာ မရယ်မောနိုင်ခဲ့တာ ဘယ်လောက်တောင်ကြာသွားပြီလဲ။

ဆယ်နှစ်ကျော်ဆိုသော အချိန်ကာလဟာ အချစ်မရှိလျှင် နှလုံးသားတွေသေဆုံးခြောက်သွေ့သွားနိုင်ပါသည်။ အခုတော့ အချစ်ကြောင့် သူ့နှလုံးသားတွေက ရှင်သန်ကာလလတ်ဆတ်လန်းဆန်းနေ၏။

''ရှူး တံခါးခေါက်သံကြားတယ် ယုပဲဖြစ်မယ်၊ ခင်ဗျားတို့အမြန်ထွက်ကြတော့၊ ယုနဲ့ကျွန်တော် ဆွေးနွေးရမှာတွေ အများကြီး''

BURMESE CLASSIC



''ကောင်းစားရင် ငါတို့ကိုလည်း မမေ့နဲ့နော်''

''ခင်ဗျားတို့လေသံတွေပြောင်းသွားလို့ မဟုတ်ရင် အလုပ်ဖြုတ်ဖို့ ကျွန်တော် စဉ်းစားထားတာ''

''တော်တော်ကျေးဇူးတင်ဖို့ကောင်းတာပဲ၊ အလုပ်ဖြုတ်ရင် ငါတို့ကလည်း ဆန္ဒပြပစ်မှာပေါ့၊ ပုဒ်မတွေအများကြီးတပ်ပြီး လူ့အခွင့်အရေးချိုးဖောက်ပါတယ်လို့ နိုင်ငံတကာသိအောင်ကို အော်ပစ်လိုက်မယ်''

ကိုဇေယျာက အခြောက်သံနှင့်အခြောက်အမူအရာလုပ်ပြ၍ သွေးသစ်ဥာဏ်ရယ်ဖြစ်လိုက်သည်။ အရင်ချိန်တွေက ဒီလိုပင် မရယ်ဖြစ်ပါ။ ကိုဇေယျာတို့နှစ်ယောက် ထွက်သွားပြီး အချိန်အနည်းငယ်ကြာသည့်ထိ ယုက ဝင်မလာသေးပေ။ အခန်းအပြင်ဘက်မှာ ယုနှင့်တွေ့ပြီး ကိုဇေယျာတို့ ဘာတွေအရစ်ရှည် ပေရှည်နေကြသည်မသိ။ ခဏနေမှပဲ

''ယု''

ယုက မော့မကြည့်ပါ။ သူမနေရာမှာဝင်ထိုင်ပြီး အလုပ်လုပ်ရန်အတွက် ကွန်ပျူတာကို အရင်ဖွင့်နေသည်။ အရင်ရက်တွေလိုပင် တုံ့ဆိုဘာဝေ အေးတိအေးစက်စွာပင်။ အားလုံးကဖျောင်းဖျနားချပြီးမှ ဖြစ်ပေမယ့် သူ့ကိုဥပေက္ခာပြုလွန်းတာ စိတ်မရှည်ပါ။

''ယု''

''ယု''

သူထပ်ဆင့်ကာခေါ်ရင်း ထိုင်နေသော ယုလက်ကိုပါ ဆွဲခေါ်ထုတ်လိုက်သည်။ ယုက သူဆွဲထားသော သူမလက်လေးကို ကျွန်လက်တစ်ဖက် ငြင်းဆွဲဖြုတ်ရင်း

''ရှင် ဘာဖြစ်နေတာလဲ ဖယ်စမ်းပါ''

www.burmeseclassic.com

www.burmeseclassic.com



"မဖယ်ဘူး ယု၊ မင်းဘာဖြစ်လို့ ကိုယ့်အပေါ် ဒီလောက်အေးစက်နေတာလဲ"

"ဒီလိုပဲနေတတ်တာ ရှင်မသိဘူးလား"

"အချစ်တွေ တကယ်မရှိတော့လို့လား ယု၊ မင်းအချစ်တွေ ကိုယ်ခံစားခဲ့ရတဲ့အချိန်တွေက အရမ်းကိုနွေးထွေးခဲ့တယ်၊ သိမ်မွေ့နက်ရှိုင်းခဲ့တယ်၊ အရမ်းကိုပျော်ခဲ့ကြတဲ့အချိန်တွေ"

"ပြီးဆုံးသွားပြီမဟုတ်ဘူးလား"

"မပြီးဆုံးလို့ မင်းကို ကိုယ်တောင်းပန်ခဲ့တယ်၊ ရှင်းပြခဲ့တယ်၊ နောင်တရပါပြီ၊ နောက်မဖြစ်စေရပါဘူးလို့ ကိုယ်ပြောပြီးပြီ၊ မင်းအပြစ်တွေ လုပ်တုန်းက ကိုယ့်ကိုတောင်းပန်ဖူးလား။ ဖြေရှင်းဖူးလား။ ငိုညှာဖူးခဲ့သလား ယု၊ မင်းဒီအတိုင်း ပစ်စလက်ခတ်ထားခဲ့တာပဲမဟုတ်လား"

"မကျေနပ်ရင်ကျွန်မလုပ်သလိုပဲ ပြန်လုပ်ပေါ့"

"ကျွတ် ယုရာ၊ ကိုယ်မလုပ်နိုင်လို့ပေါ့၊ မနေနိုင်လို့ပေါ့"

"ဘာလို့မနေနိုင်ရတာလဲ"

"ချစ်လို့ ချစ်လို့လေ၊ မင်းမသိဘူးလား။ ကိုယ်မင်းကို အရမ်းလက်ထပ်ချင်လို့ အတူနေချင်လို့"

"ကျွန်မက လင်ရဖူးတယ်"

"ရရ"

"အခု မုဆိုးမ"

"ဖြစ်တယ်"

"ကလေးတစ်ယောက်အမေနော်"

"ဘာဖြစ်လဲကွာ ရပါတယ်ဆို၊ ပန်းတော်ကျမဟေသီလေးကို ငို



တောင်ချစ်သေးတယ်"

"ရှင်တကယ်ပြောတာနော်၊ ရင်ထဲကမပါဘဲ အပေါ်ယံပါးစပ်ဖျားက ပြောပြီး အပျော်ကြံမသွားပါဘူးလို့ ကတိပေးလား"

"ပေးတယ်"

"ကျိန်ရောကျိန်ရဲလား"

"ဘယ်လိုကျိန်ရမှာလဲ"

"ကျွန်မတို့သားအမိကို ငြိုငြင်ခဲ့ရင် အချစ်လျော့ရင် သစ္စာမဲ့ရင် ခြေတိုလက်တိုအကုန်တိုပါ ပြုတ်ပါစေ၊ အသက်ရှူစရာ နှာခေါင်းမရှိပါစေနဲ့ လေလည်စရာအပေါက်ပိတ်ပြီး သေပါစေ ပြီးတော့"

ကလေးကလား စကားဆန်သော ယုစကားတွေကြောင့် သူ ဟက်ခနဲ ရယ်ချလိုက်မိသည်။ တစ်ခွန်းချင်းစဉ်းစားပြောနေသော ယုက ဒီလိုအပြောင်အပျက်တွေ ပြောတတ်တာမဟုတ်ပါ။

"မင်းကိုဒီစကားတွေ ဘယ်သူသင်ပေးလိုက်တာလဲ"

"ဟို အဲဒါ"

"ကိုဧယျာတို့နဲ့ တံခါးပေါက်မှာတွေ့ပြီး ကိုယ့်ကိုဒီလိုတွေ ကျိန်လိုက်၊ ဒါမှ ဒီကောင်မှတ်မှာလို့ မင်းကိုသင်ပေးလိုက်တာ မဟုတ်လား"

"အဟင်း ဟင်း ရှင်ဘယ်လိုလုပ်သိလဲ"

"ဒီလူတွေနဲ့ပေါင်းလာတာကြာပြီပဲကွာ၊ မသိဘဲနေမလား။ မတည့်အတူနေဆိုတာ ဒါပဲ၊ ကိုယ့်ကိုအကောင်းမမြင်တဲ့လူတွေနဲ့အတူနေရတဲ့ ကိုယ့်ဝဋ်ကြွေးကွက ကြီးလွန်းပါတယ်၊ အဲဒါကြောင့်မိသားစုဘဝလေးနဲ့ အေးအေးချမ်းချမ်းနေချင်လို့ ယုနဲ့လက်ထပ်ချင်တယ်ပြောတာ"

"ဘာမှလည်းမဆိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်လိုက်ပါတော့ ယုရယ်၊ ကိုယ်အရမ်းပင်ပန်းနေပါပြီ၊ ယုကို ချစ်ခဲ့ရတဲ့အချိန်တွေရော ယုကိုမုန်းနေရတဲ့အချိန်တွေရော အခုပြန်ပြီး ယု ချစ်လာဖို့ကြိုးစားနေရတာရော တကယ်ကိုပင်ပန်းနေပါပြီ၊ ဖြစ်နိုင်ရင် ယု ရင်ခွင်ထဲမှာနားချင်ပြီ ယုရယ်နော်"

"ရှင်စကားတွေတတ်လွန်းတယ် သွေးသစ်ဉာဏ်၊ ရှင်မှမဟုတ်ဘူး ယုလည်း ပင်ပန်းတာပါပဲ၊ ရှင့်ကိုချစ်ခဲ့ရတဲ့အချိန်ရော ရှင့်ကိုထားခဲ့ရတဲ့အချိန် ရော ရှင့်အချစ်ကိုပြန်မျှော်လင့်နေရတဲ့အချိန်ရော"

"ဟာင် ယုက ကိုယ့်အချစ်ကိုမျှော်လင့်တယ်၊ ဘယ်အချိန်တုန်း ကလဲ"

"ရှင့်ကိုပြန်ပြီး စတွေ့တဲ့နေ့ကတည်းက"

"ခြော် အဲဒီကတည်းက ပြောရောပေါ့ ယုရယ်၊ ကိုယ်ကမသိလို့ မုန်းနေခဲ့တာ၊ ကိုယ့်ကိုပစ်ထားခဲ့တဲ့ မိန်းကလေးဆိုပြီး အခုကျမှ"

"တော်ပြီ ရှင်းမပြနဲ့ မတောင်းပန်နဲ့တော့၊ ရှင်အကြိမ်ကြိမ်ရှင်းပြ တောင်းပန်ပြီးပြီလေ၊ ယုတို့နားလည်မှုတွေ ရသွားပြီပဲ၊ နှလုံးသားချင်း နီးကပ် နေပါပြီ သွေးသစ်ရယ်"

ပရိသတ်အတွက်
အမြဲတမ်း
ဖျူး